www.burmeseclassic.com

မေတ္တာရှင်

(ရွှေပြည်သာ)

# အတွင်းရန်သူ



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရှင် (ရွှေပြည်သာ)

# အတွင်းရန်သူ

ဖြန့်ချိရေး
ရွှေပြည်သာစာပေ
မန္တလေးကျောင်း
(၆) ရပ်ကွက်၊ ရွှေပြည်သာမြို့၊
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - (၆၁၅/ ၂၀၀၂) (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၃၀၃/ ၂၀၀၃) (၅)
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ် ၂၀၀၃ ခု၊ ဇွန်လ
ထုတ်ဝေသူ - ဒေါ်မိုးကေခိုင် (ချိတေးသံစာပေ)
ရွှေနှံ့သာ ...ချူးရွှာ၊
ပုလဲမြို့သစ်၊ (၃)၊ မင်္ဂလာဒုံ
အတွင်းနှင့်အဖုံးပုံနှိပ်တိုက် - Color Zone ပုံနှိပ်တိုက်
မျက်နှာဖုံးပန်းချီ - ရွှေစိုးဟန်
အတွင်းဖလင် - မင်းဦး (ရွှေလမင်း) ရွှေပြည်သာ
☎ - ၆၁၀၀၂၆. ၆၁၀၆၅၀
ကွန်ပျူတာစာစီ
အုပ်ရေ - ၃၀၀၀
တန်ဖိုး - ၇၀၀ကျပ်
ဖြန့်ချိရေး - ရွှေပြည်သာစာပေ
မန္တလေးကျောင်း
(၆) ရပ်ကွက်၊ ရွှေပြည်သာမြို့၊
ရန်ကုန်၊

ဖုန်း - ၆၁၁၆၂၂    ဖုန်း-၀၉-၅၁၁၆၆၆၃

www.burmeseclassic.com

www.burmeseclassic.com

## . . . မာတိကာ . . .


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မြန်မာပြည်ကိုမီးရှို့သူ | ၁ |
| တော်စတွိုင်းကိုအရှက်ရစေသော | ၆ |
| ၁။ **အဝီစိမကျချင်ရင်** | ၈ |
| ကုသသာမစ္စရိယနှို့သောမီး | ၁၂ |
| ဆင်းရဲခြင်း၏အတိတ်အကြောင်းသုံးပါး | ၁၅ |
| သစ်ဆိမ့်ကြီးရွာမှ ဘီလူးဘုန်းကြီး | ၁၉ |
| ဘုန်းကြီးနှစ်ပါးနဲ့လမ်းနှစ်သွယ် | [illegible] |
| မျက်စေ့ခြင်းတူသော်လည်း အမြင်ခြင်းမတူ | ၂၂ |
| အသက်သေစေသောကြိမ်ဒဏ် | ၂၄ |
| ဂိုဏ်းမတူရင် ကျောင်းမဆောက်ရ | ၂၇ |
| ကိုယ်တွေ့သုံးမျိုး | ၃၂ |
| စိတ်ဆင်းရဲခြင်းအကြောင်းရင်း | ၃၅ |
| ရန်ကုန်မြို့က မစ္စရိယပြိတ္တာမ | ၃၇ |
| အတွင်းရန်သူ | ၃၉ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| | မ,လိုက်စားတဲ့ ဥပမိရုပ် | ၄၁ |
| | စိတ်သခင်နှင့်စိတ်ကျွန် | ၄၂ |
| | ချီးမွမ်းခြင်းနှင့်မြှောက်ပင့်ခြင်း | ၄၄ |
| | ချီးမွမ်းသည့်ဗုဒ္ဓရှင်တော် | ၄၅ |
| | ချီးမွမ်းနိုင်သောပုဂ္ဂိုလ်များ | ၄၆ |
| | တို့များထက်ညာဏ်သာတယ် | ၄၈ |
| | စကြာမင်းကြီးလာသလို | ၅၀ |
| | ရဟန္တာဆိုတာ | ၅၄ |
| | ဣဿာမစ္ဆရိယဆိုးကျိုးများ | ၅၆ |
| | ကုသိုလ်သာဖြစ်ပါစေ | ၅၈ |
| | ဇမ္ဗုကာ၏အတိတ်ဇာတ်ကြောင်း | ၆၁ |
| | ရဟန္တာစော်ကား ငရဲလား | ၆၃ |
| | အရှင်သုဓမ္မနှင့်စိတ္တသူကြွယ် | ၆၅ |
| ၂။ | **အဖြေတစ်ခုအကြောင်းပြု၍** | ၇၁ |
| | လူတိုင်းသိသင့်သောကံလေးမျိုး | ၇၆ |
| | နိယတ မိစ္ဆာဒိဋ္ဌိ (၃)မျိုး | ၇၇ |
| | ကုသိုလ်အစွမ်းနှင့်အကုသိုလ်အစွမ်း | ၇၈ |
| ၃။ | ညီမောင်ပြသောတရား | ၈၁ |
| ၄။ | ပြုနိုင်ခဲ့သည်ကိုပြုသူ | ၈၇ |


www.burmeseclassic.com

www.burmeseclassic.com


၅။ နတ်ကတော်တစ်ယောက်၏
ဖွင့်ဟဝန်ခံချက် ၉၃
မိစ္ဆာနွယ်ပင် ဝင်ဖျက်လျှင် ၉၇
၆။ ညောင်စေ့လောက်ပင်မလှူနိုင်ပါ ၉၉
၇။ သားထူးသားမြတ် ၁၁၁
ကြွယ်လို့လလို့ သားထိုထို ၁၁၈
အတတ်ပညာနှင့်အသိပညာ ၁၂၀
၈။ သရဏဂုံအစွမ်းအံ့မခန်း ၁၂၃
သရဏဂုံဆောက်တည်နည်း ၄-နည်း ၁၂၄
လက်တွေ့အထောက်အထားများ ၁၂၆
နတ်သားကိုရွှေလှ ၁၂၇
သရဏဂုံတန်ခိုး ဓားမတိုး ၁၂၉
သရဏဂုံအစစ်ရေမနစ် ၁၃၀
သမိုင်းအထောက်အထားများ ၁၃၁
မြစ်ရေထဲကဆင်းတုတော်များ ၁၃၂
မိဖုရားစောလုံနှင့် သရဏဂုံ ၁၃၅
ကျမ်းဂန်အထောက်အထားများ ၁၃၆
သရဏဂုံသဘော ၁၃၇


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၉။ | **သီလအစွမ်းအံ့မခန်း** | ၁၄၀ |
| | သီလသည်သာ လေးစားရာ | ၁၄၂ |
| | တကယ်လေးစားရာ | ၁၄၃ |
| | ငါးပါးသီလနှင့်ကွမ်းဆော်မင်း | ၁၄၄ |
| | သေခြင်းမရှိသောမြို့ | ၁၄၆ |
| ၁၀။ | **အလှူဒါနပြုကြလျှင်** | ၁၅၁ |
| | ဉာဏ်ကင်းသောလူ့ဘဝရခြင်း၏အကြောင်း | ၁၅၄ |
| | ထူးထူးခြားခြား ကြံပြီတကား | ၁၅၇ |
| | ငတ်သေရသောသူဌေး | ၁၆၀ |
| | အလှူဒါန၏ မျက်မှောက်အကျိုးငါးပါး | ၁၆၂ |
| ၁၁။ | **ဣဿာ၏အသွင်** | ၁၆၃ |
| | ပညာတတ်တို့၏ မထင်မရှားဣဿာ | ၁၆၆ |
| ၁၂။ | **ထူးတဲ့ဗုဒ္ဓ** | ၁၆၉ |
| | တုန့်နှိုင်းမရဝီရိယ | ၁၇၁ |
| | ခြေတော်ဦးခိုက်ရ ဝီရိယစွမ်းထာမ | ၁၇၄ |
| | ဆရာတော်နှင့်ဂါရဝတရား | ၁၇၇ |
| | ဆရာတော်နှင့်ခန္တီတရား | ၁၇၈ |
| | မစ္ဆရိယကင်းကွာ ထေရ်ဆရာ | ၁၈၃ |
| ၁၃။ | **ထူးတဲ့သား** | ၁၈၈ |
| | ကိုယ့်ထမင်း ကိုယ်မစားနိုင်သူများ | ၁၉၀ |


www.burmeseclassic.com

www.burmeseclassic.com



# မြန်မာပြည်ကို မီးရှို့သူ

၁၉၉၉ ခုနှစ်ခန့်က လှည်းကူးမြို့နယ်၊ ငွေလှဲကန်တောရကျောင်းလေးတွင် နားအေးပါးအေး စာရေးနေချိန်ပင်ဖြစ်ပါသည်။ တစ်နေ့တွင် စာရေးသူ၏ စာဖတ်ပရိသတ်ဖြစ်သော သီလရှင်နှစ်ပါးက ဘာသာရေးနှင့်ပတ်သက်သော ပုစ္ဆာများကို လာရောက်မေးမြန်း လျှောက်ထားကြသည်။

ထိုသို့လျှောက်ထားရင်းဖြင့် လောကီစာရေးဆရာတည်ကြည်ဘဝမှ ဝိဇ္ဇာထွက်ရပ်လမ်းကိုလိုက်ကာ ဘိုးတော်ဘဝရောက်သွားသူအကြောင်းကို စပ်မိရာမှ သီလရှင်က-

"အခု စာရေးဆရာတည်ကြည်ဟာ ဘိုးတော်မဟုတ်တော့ဘူးဘုရား၊ ရဟန်းဝတ်ပြီး ဝိပဿနာတရားကို ကြိုးစားအားထုတ်နေပါပြီ။ ကျင့်ကြံပွားများလိုသူများကိုလည်း ဝိပဿနာတရားကိုပြသလျက်ရှိပါတယ်ဘုရား"ဟု လျှောက်ထားလိုက်ရာ စာရေးသူအတိုင်းမသိ ဝမ်းသာမိပါသည်။ ဝမ်းသာရာ၌ စာရေးဆရာတည်ကြည်အတွက်ရော သူ့ပရိသတ်အတွက်ပါ ဝမ်းသာခြင်းဖြစ်ပါ၏။ အကြားအမြင် ရခြင်း၊ မြေလျှိုး၊ မိုးပျံနိုင်ခြင်း စသည်တို့မှာ သာသနာပမှာပင် ရနိုင်သည့် ကြေးလက်ကောက်များသာဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တည်းဟူသော ရွှေလက်ကောက်ကိုကား သာသနာတွင်းမှသာ ရနိုင်ပါသည်။ သာသနာပမှာ မရနိုင်ပါ။ သာသနာကွယ်သည်ဆိုခြင်းမှာ မဂ်ဖိုလ်ကို ရစေနိုင်သော ဝိပဿနာ တရားများ ကွယ်ပျောက်သွားခြင်းကို ဆိုလိုပေသည်။ ယခု စာရေး ဆရာတည်ကြည်ရော သူ့ပရိသတ်ပါ ကြေးလက်ကောက်ပိုင်ရှင် ဘဝမှ ရွှေလက်ကောက်ပိုင်ရှင်များဘဝသို့ ရောက်သွားရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းပင်။

ပတ္တမြား၊ စိန်၊ သန္တာ၊ ဥဿဖရား စသော ရတနာမျိုးစုံ ပေါကြွယ်သည့် ဝေဘာရတောင်ပေါ်ကို ရောက်ရပါလျက် အဖိုးတန် ကျောက်မျက်ရတနာတစ်ခုမှ မကောက်ယူဘဲ ကျောက်စရစ်ခဲ ကိုသာ ကောက်ယူပြီး ဆင်းလာခဲ့လျှင် ထိုသူအတွက် ဝမ်းနည်းစရာ သာပါ။ ထို့အတူ ဗုဒ္ဓသာသနာ နှစ် (၅၀၀၀) အတွင်းမှာသာ ရနိုင်သော ဝိပဿနာကျင့်စဉ်တရားသည် ပတ္တမြား၊ ရတနာနှင့် တူပါသည်။

"လောကီထွက်ရပ်လမ်းဝိဇ္ဇာအကျင့်ကား ကျောက်စရစ်ခဲ အဆင့်သာ ရှိပါသည်။ ယခု ဆရာတည်ကြည်နှင့် သူ့ပရိသတ်သည် ပတ္တမြားကို ကောက်ယူခဲ့ပြီဖြစ်၍ ဝမ်းသာခြင်းဖြစ်ပါသည်။

အစွမ်းထက်လှသော သိကြားမင်း၏ ဝရဇိန်လက်နက်ကို ရလာသူသည် မုဆိုးလိုက်ရုံသာ အသုံးပြုမည်ဆိုလျှင် သူ့အတွက် အလွန်နစ်နာပါသည်။ ထို့အတူ ဝရဇိန်လက်နက်လို အဖိုးတန် လှသည့် လူ့ဘဝကို သံသရာလည်စေသည့် ထွက်ရပ်လမ်းဝိဇ္ဇာ အကျင့်အတွက်သာ အသုံးချမည်ဆိုလျှင် ထိုသူ့အတွက် အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



မှ နစ်နာလှပါသည်။ ဝရဇိန်လက်နက်ကို မှဆိုးလိုက်ရုံ အသုံးချသည်နှင့်တူပေသည်။

ဝရဇိန်လက်နက်ကို တစ်ကမ္ဘာလုံး သိမ်းယူဖို့အတွက် အသုံးချမှသာ ပိုင်ဆိုင်ရကျိုးနပ်သကဲ့သို့ လူ့ဘဝကို မဂ်ဖိုလ်ရဖို့အတွက် အသုံးချမှသာလျှင် ပိုင်ဆိုင်ရကျိုးနပ်ပါသည်။ ယခုဆရာတည်ကြည်နှင့်သူ့ပရိသတ်သည် လူ့ဘဝကို မဂ်ဖိုလ်ရနိုင်သည်အထိ အသုံးချနေကြပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရခြင်းပင်။

ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်အားပေးလိုခြင်း၊ တရားဆွေးနွေးလိုခြင်းများကြောင့် ဆရာတည်ကြည်ထံအရောက် သွားခဲ့ပါသည်။ ရဟန်းဘွဲ့အနေဖြင့် နေမိန္ဒရဓမ္မဝိဇ္ဇာ ဟုခေါ်သည်။ ကြည်လင်ငြိမ်သက်နေသော မျက်နှာ . . . ။ ဆွေးနွေးသဖြင့် သိရသော ဘုရားဟောနှင့်ညီသည့် ဝိပဿနာတရား အကျင့်တို့ကြောင့် ကိလေသာတရားဆိုးများ လျော့ပါးတန်သလောက် လျော့ပါးနေသည်ကိုပါ မှန်းဆ၍သိရသဖြင့် ပို၍ဝမ်းမြောက်ရပြန်ပါသည်။ စာရေးသူနှင့်အရှင်နေမိန္ဒရတို့သည် သမထယာနိကနှင့် ဝိပဿနာ ယာနိကနည်းများအကြောင်း၊ စမ်းကလေးဆရာတော်အပေါ် ပိဋကတ်အမြင်နှင့်ကြည့်ခြင်း၊ ထွက်ရပ်ပေါက်ဝိဇ္ဇာတို့၏ သဘောထား၊ မာတ်စီးသောအရာရှိတစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်အပေါ် သုံးသပ်ချက်၊ မြန်မာပြည်ကိုမီးရှို့သူ စသည့်အကြောင်းအရာများကို နှစ်နာရီနီးပါး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။ အရှင်နေမိန္ဒရက ဆွေးနွေးချက်များကို အမှတ်တရဖြစ်အောင် ကက်ဆက်ခွေပင် ဖမ်းယူထားလိုက်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆွေးနွေးချက်များမှ မြန်မာပြည်ကို မီးရှို့သူ အကြောင်း ဆွေးနွေးချက်ကို ဤစာအုပ်၌ဖော်ပြလိုက်ပါသည်။ ကြွင်းအချက် အလက်များကို ဘဝနှင့်ရင်းရသော အတွေးအမြင်များစာအုပ်တွင် ဆက်လက်ရေးသားသွားမည်ဖြစ်သည်။

"တပည့်တော်ဟာ လူ့ဘဝတုန်းက အချစ်တို့၊ အပစ်အခတ် တို့ပါတဲ့ ဝတ္ထုတွေသာ အများဆုံးရေးခဲ့တာပေါ့ဘုရား၊ အခုတရား လည်း အားထုတ်လာအသက်လည်း ရလာတော့ အရင်ကရေးခဲ့တာ တွေဟာ မြန်မာပြည်ကို မီးရှို့ခဲ့တာနဲ့အတူ တူပါပဲလားလို့တွေးမိပြီး စိတ်မကောင်းဖြစ်ခဲ့ရပါတယ်"

"မြန်မာပြည်ကို မီးရှို့တယ်ဆိုတဲ့ အသုံးအနှုန်းက ဘယ်က ရလာတာပါလိမ့်"

"လယ်တီဆရာတော်ကြီးရဲ့ စကားပါဘုရား၊ လယ်တီ ဆရာ တော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် တစ်နေ့က မြန်မာ တစ်ပြည်လုံးမှာ ဟိုးဟိုးကျော်နေတဲ့ ဇာတ်မင်းသားကြီး ဦးဖိုးစိန်က လယ်တီဆရာတော်ကို လာဖူးပါတယ်"

"လယ်တီဆရာတော်က ကန်တော့တာ ဘယ်သူပါလိမ့်လို့ မေးလိုက်တဲ့အခါ ဦးဖိုးစိန်က တပည့်တော် ဇာတ်မင်းသားဖိုးစိန်ပါ ဘုရားလို့ လျှောက်လိုက်တဲ့အခါ ဆရာတော်က သြော် ဒါဖြင့် မြန်မာတစ်ပြည်လုံးကို မီးလှည့်ရှို့နေတာ ဒကာကြီးကိုးလို့ ပြော လိုက်သတဲ့"

"လောဘတို့၊ ဒေါသတို့ဆိုတာ ကိလေသာမီးတွေပေါ့ဘုရား၊ လူတွေရဲ့သန္တာန်မှာ လောဘမီး၊ ဒေါသမီးတောက်အောင် လုပ်

www.burmeseclassic.com

www.burmeseclassic.com



နေတာဆိုရင် မြန်မာပြည်ကို မီးရှို့တာနဲ့အတူတူပဲပေါ့ဘုရား၊ တပည့်တော်အရင်ကရေးခဲ့တဲ့စာတွေဟာ လူတွေကို လောဘမီး၊ ဒေါသမီး၊ မောဟမီးတစ်ခုခု တောက်စေခဲ့တာချည်းပါပဲ။"

"ဒါကြောင့် လယ်တီဆရာတော်ရဲ့စကားနဲ့ပြောရမယ်ဆိုရင် တပည့်တော်လည်း မြန်မာပြည်ကို မီးရှို့ခဲ့တာပဲပေါ့ဘုရား"

ဤကား စာရေးဆရာတည်ကြည်ခေါ် အရှင်နေမိန္ဒရ၏ ဖြောင့်ချက်ဖြစ်ပေသည်။ သူနည်းတူ ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦးဖြစ်သော တော်စတွိုင်းကလည်း ဖြောင့်ချက်တစ်ခု ပေးခဲ့ဘူးသေးသည်။ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အမြင်များ ပြောင်းလဲတတ်သည်မှာ လူသားအားလုံး၏ သဘာဝ တစ်ခုပင်။

တော်စတွိုင်းသည် စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထုကြီးကို ဇွဲကြီးကြီးဖြင့် နှစ်များစွာ၊ အကြိမ်များစွာ ရေးသားခဲ့ရသည်။ ယင်းဝတ္ထုကြီးသည် ကမ္ဘာကျော်ခဲ့သလို နိုဘယ်ဆုကြီးကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ တော်စတွိုင်း အသက်ငယ်ရွယ်စဉ်က ယင်းဝတ္ထုကြီးအတွက် အားတက်ဂုဏ်ယူနေမည်မှာ အမှန်ပင်ဖြစ်ပါ၏။ သို့သော် တော်စတွိုင်း အသက်ကြီးရင့် လာသောအခါတွင်ကား ယင်းဝတ္ထုကြီး ရေးမိသည့်အတွက် အရှက်ကြီးရှက်နေသည်ဟုဆိုလျှင် စာရှုသူ ယုံချင်မှယုံပေမည်။ တော်စတွိုင်းနာမည်လည်းကြီး၊ အသက်လည်းကြီး လာချိန်တစ်နေ့တွင် သူ၏ စာဖတ်ပရိသတ်တစ်ဦးက သူ့ထံ အရောက်လာပြီး -

www.burmeseclassic.com

www.burmeseclassic.com



## တော်စတွိုင်းကို အရှက်ရစေသောဝတ္ထု

ဆရာကြီးခင်ဗျား . . . ဆရာကြီးရေးခဲ့တဲ့ စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထုကြီးဟာ ကမ္ဘာမှာ အရှည်ဆုံးဝတ္ထုကြီးဖြစ်သလို အကောင်းဆုံးဝတ္ထုကြီးလည်းဖြစ်ပါတယ်။ ကျွန်တော် ဖတ်ခဲ့သမျှ ဝတ္ထုကြီးတွေထဲမှာ စစ်နဲ့ငြိမ်းချမ်းရေး ဝတ္ထုကြီးဟာ အကောင်းဆုံးပါပဲ"ဟု ချီးမွမ်းလိုက်ရာ တော်စတွိုင်းက -

"အဲဒီဝတ္ထုကြီးအကြောင်း ကျွန်တော့်ကို လာမပြောပါနဲ့၊ ဒီဝတ္ထုကြီးကို ရေးခဲ့မိတဲ့အတွက် ကျွန်တော့်ကို ကျွန် တော် ရှက်လို့မဆုံးပါဘူး။ ဒီဝတ္ထုကြီးတစ်ခုလုံးဟာ သမ္ဖပ္ပလာပ (အကျိုးမရှိ၊ ပြိန်ဖျင်းပြီး အနှစ်သာရမရှိတာတွေ)ချည်းပါဟု ပြန်ပြောခဲ့ပါသည်။ တော်စတွိုင်း၏ဖြစ်ရပ်မှ သင်ခန်းစာထုတ်ယူလျှင် မိမိရေးသောစာသည် -

လိုချင်တပ်မက်သော လောဘမီး၊

စိတ်ဆိုးအမျက်ထွက်သော ဒေါသမီး၊

တွေဝေမိုက်မှားသော မောဟမီး၊

ငါရှိ၊ ငါသိထောင်လွှားသော မာနမီး၊

ငါ၊ သူ၊ ပုဂ္ဂိုလ်၊ သတ္တဝါရှိသည်ဟု အယူမှားသော ဒိဋ္ဌိမီး၊ ငါသည် ဖြစ်ခဲ့သလား၊ ဖြစ်သလား စသည်ဖြင့် -

ယုံမှားသော ဝိစိကိစ္ဆာမီး၊

စိတ်ကို လေးလံထိုင်းမှိုင်းစေသော ထိနမီး၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျံ့လွင့်သော ဥဒ္ဓစ္စမီး၊

အကုသိုလ်ကိုမရှက်သော အဟိရိကမီး၊

အကုသိုလ်ကိုမကြောက်သော အနောတ္တပ္ပမီး၊

သူတစ်ပါးကို မနာလိုသော ဣဿာမီး၊

ကိုယ်ရသလို သူတစ်ပါးကို မရစေလိုသော မစ္ဆရိယမီး စသည်တို့ကို နည်းပါးအောင်၊ ကုန်အောင် ပြုလုပ်ပေးနိုင်ရပါမည်။ တိုးပွားအောင် များပြားအောင် ပြုလုပ်မပေးရပါ။

ထို့ပြင် ယင်းစာသည် အနှစ်သာရလည်း ရှိရပါမည်။ ကောင်းကျိုးလည်း ရှိရပါမည်။ စိတ်ဝင်စားဖွယ်လည်း ဖြစ်ရပါမည်။ သို့မှသာ စာရေးသူတို့အသက်ကြီးလာသောအချိန်တွင် တော်စတ္တိုင်းကဲ့သို့ အရှက်ရခြင်းဘေးမှ ကင်းဝေးရပါမည်။

**"လူမိုက်တစ်သောင်း၊ ချီးမွမ်းရှောင်းလည်း**

**လူကောင်းတစ်ယောက်၊ ပြစ်တင်ကြောက်လော့"**ဟူ သောစကားအတိုင်း အသိအလိမ္မာ ဉာဏ်ပညာနည်းသူတို့၏ ချီးမွမ်းထောမနာစကားတွင် သာယာနှစ်သက်မနေဘဲ ဉာဏ်ပညာပြည့်ဝသူ သူတော်ကောင်းများ အပြစ်တင် အကဲ့ရဲ့မခံရဖို့ရာကို ပိုပြီး ဂရုစိုက်ကြရပါမည်။

ဤနိဒါန်းတစ်ခုလုံးဖြင့် စာရှုသူအား ပြောချင်သောစကားမှာ တစ်ခွန်းတည်းသာ ယင်းကား

ယခုစာအုပ်သည် မီးငြိမ်းပေးသည့် စာအုပ်ဖြစ်သည် ဟူ၍ . . . ။

မေတ္တာရှင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com



## ၁။ အဝိစိမကျချင်ရင်

မောင်စန္ဒာသီရိ မင်း . . . ကြီးတဲ့အခါ ဘုန်းကြီးလုပ်မှာဖြင့် စာတတ်အောင်သင်၊ ဘုန်းကြီးလုပ်ပြီး စာမတတ်ရင် ငရဲကျမှာ သေချာတယ်။ ဘာပြုလို့လည်းဆိုတော့ ဒကာ၊ ဒကာမတွေဆိုတာ စာတတ်တဲ့ဘုန်းကြီးကိုသာ အားကိုးကြ၊ သွားကြ၊ လာကြ၊ လှူချင်ကြတာ။ စာမတတ်တဲ့ ဘုန်းကြီးကိုးကွယ်လို့ ဘာဗဟုသုတ ဘာအကျိုးမျှ ရမှာမဟုတ်ပဲ။

လူတွေက စာတတ်တဲ့ ဘုန်းကြီးဆီ သွားကြ၊ လှူကြ၊ ဝင်ကြ၊ ထွက်ကြတော့ ဟော . . . စာမတတ်တဲ့ ဘုန်းကြီးက အလကားနေမနာလိုတော့ဘူး။ သူ့မှာနေ့ရှိတိုင်း စိတ်ဆင်းရဲနေရပြီး ကြာလာတော့ မနာလိုရုံတင်မကဘူး။ ရန်သူလုပ်လာတယ်။ စာတတ်တဲ့ ဘုန်းကြီးကို ပျက်စီးရာပျက်စီးကြောင်း မကောင်းကြံပါလေရော။ အဲဒီဘုန်းကြီးမျိုး သေလို့ အဝီစိမရောက်ရင် ဘယ်ရောက်စရာရှိတော့မတုန်း။ အေး . . . ကိုရင်လဲ ဘုန်းကြီးလုပ်မယ်ဆိုရင် အဝီစိမကျချင်ရင် စာတတ်အောင်သင်။

(မှတ်ချက်) ရဟန္တာဟု သမုတ်ခံရသော မောင်းထောင်ညောင်ကန်နယ်ရှိ ကျောက်ဂူတောရ ဆရာတော်ကြီး ဦးဥက္ကံသက မုံရွာမြို့ သံယာ(၇၀၀)ကျော်ရှိ မဟာဇောတိကရာမစာသင်တိုက်ကြီး၏ နာယကလောင်းလျာ ဦးစန္ဒာသီရိအား ပေးသနားသော ဩဝါဒဖြစ်သည်။ ဦးစန္ဒာသီရိသည် ထိုအချိန်က သာမဏေဘဝသာ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတစ်ပါးဖြစ်နေပါလျက် မနာလိုခြင်း ဣဿာနှင့် ကိုယ်ရသလို မရစေလိုခြင်း၊ ဝန်တိုခြင်း မစ္ဆရိယကြောင့် မိမိကိုယ်မိမိ ငရဲကျလောက်အောင် မိုက်တွင်းနက်သော ရဟန်းများ ရှိနိုင်ပါမည်လောဟု မေးခဲ့ငြားအံ့။ ရှိခဲ့၍သာလျှင် အထက်ပါ ဩဝါဒကို ဆရာတော်ဘုရားကြီးက မိန့်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဗုဒ္ဓလက်ထက်ကလည်းရှိခဲ့၏။ ယခုလည်းရှိနေဆဲသာ ဖြစ်ပါ၏။ ဓမ္မပဒအဋ္ဌကထာ၌ ဗုဒ္ဓလက်ထက်က ဣဿာ မစ္ဆရိယကြောင့် ဆင်းရဲဒုက္ခရောက်ခဲ့ရသော မထေရ်တစ်ပါးအကြောင်းကို ဟောထားတော်မူခဲ့သည်။ သူ့အမည်ကား လောသကတိဿ၊ ကြားဖူးသူများသောကြောင့် အကျဉ်းချုပ်၍ ဖော်ပြပါမည်။

လောသကတိဿ မထေရ်အလောင်းသည် လွန်ခဲ့သော ဘဝတစ်ခုက ကဿပမြတ်စွာဘုရား သာသနာ၌ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးဖြစ်ခဲ့ဖူးသည်။ တစ်နေ့တွင် သူ့ကျောင်း၌ ရဟန္တာအရှင်မြတ်တစ်ပါး လာရောက်တည်းခိုသည်။ ရဟန္တာ၏ ကြွရောသမွတ္တိကြောင့် သူ၏ကျောင်းဒကာက အလွန်ကြည်ညိုပြီး လိုအပ်သောပစ္စည်းလေးပါးကို မွန်မွန်မြတ်မြတ် လှူဒါန်းခဲ့သည်။

ကျောင်းဒကာ၏အလှူကိုကြည့်ပြီး ဝမ်းမြောက်မည်ဆိုလျှင် သူ့အတွက် မုဒိတာဟူသော ကုသိုလ်တရားဖြစ်ပွားမည်ဖြစ်သည်။ မနာလိုဝန်တိုလိုက်လျှင် ဣဿာမစ္ဆရိယဟူသော အကုသိုလ်ဖြစ်မည်။ စာရှုသူအား မည်သည့်အဖြစ်ကို ရွေးမည်မသိ။ ကျောင်းထိုင်ဘုန်းကြီးကား ဒုတိယနည်းကိုရွေးလိုက်သည်။

ဒီငည့်သည်ဘုန်းကြီး ဒီမှာဆက်နေရင်တော့ ငါ့ထက်သာသွားတော့မှာဘဲဟုဖြစ်သော ဣဿာ၊ ငါရမယ့် ပစ္စည်းလေးပါးတွေ သူ့ကိုလှူတော့မှာဘဲဟုဖြစ်သော လာဘမစ္ဆရိယ၊ ငါ့ဒကာတွေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ဒကာဖြစ်တော့မှာဘဲဟု ဖြစ်သော ကုလမဿရိယတို့၏ အနှိပ်အစက်ကိုခံရသောအခါ ရဟန္တာအရှင်မြတ်ကြီးကိုပင် စကားမပြောတော့ဘဲ ရန်လုပ်တော့သည်။

နောက်တစ်နေ့မနက် ဒကာအိမ် ဆွမ်းစားကြွသောအခါ ရဟန္တာမထေရ်ကြီးကို အသိမပေးဘဲ တစ်ပါးတည်းကြွသွားသည်။ ကျောင်းထိုင်ဘုန်းကြီးသဘောထားကို အကဲခတ်မိသော ကျောင်းဒကာက ဘာမှမပြောဘဲ ရဟန္တာမထေရ်ကြီးအတွက် ဆွမ်းနှင့်ဟင်းများကို သပိတ်နှင့်ထည့်ပေးလိုက်သည်။ စိတ်နှင့်ရုပ်တွင် စိတ်ဓာတ်က တန်ခိုးရှိ၏။ ထက်မြက်၏။

ရုပ်ကား စိတ်၏နောက်လိုက်သာဖြစ်၏။ ထို့ကြောင့် စိတ်ဓာတ်က ဣဿာ၊ မစ္ဆရိယတည်းဟူသော သေးသိမ်ညှိုးမှိန်သော စိတ်ဖြစ်နေသောအခါ အဝတ်သင်္ကန်းတည်းဟူသော ရုပ်တရားသည် ထိုကျောင်းထိုင်ရဟန်းကို ဘယ်လိုမှ ကြည်ညိုဖွယ်ဖြစ်လာအောင် မစွမ်းနိုင်တော့ပေ။

**ဆရာ၊ ဒကာဟု ဆိုထားသော်လည်း သင်္ကန်းဝတ်တိုင်း ဆရာဖြစ်လာသည်မဟုတ်၊ ဒကာ၊ ဒကာမများက မိမိတို့ထက် သီလ၊ သမာဓိ၊ ပညာသာသောအခါတွင် ဆရာအဖြစ် သတ်မှတ်သော အခါမှ ဆရာနေရာရောက်ရခြင်းဖြစ်၏။** ဆရာပီသအောင်လည်း မနေနိုင်၊ တပည့်နေရာမှာ လည်း မရှိချင်သော လောသကတိဿအလောင်း ကျောင်းထိုင်ဘုန်းကြီးလို ရဟန်းမျိုးသည် သာသနာကို ဂုဏ်တက်စေသူမဟုတ်ဘဲ ဂုဏ်ပျက်စေသူသာဖြစ်၏။

သူသည် ရဟန္တာအတွက် လှူလိုက်သော ဆွမ်းနှင့်ဟင်းများကို မီးလောင်ပြင်လယ်တောထဲတွင် သွန်ပစ်ခဲ့လေသည်။ ဤသို့

www.burmeseclassic.com

www.burmeseclassic.com



လောက်ကောင်းသော ဆွမ်းနှင့် ဆွမ်းဟင်းများကို စားရလျှင် ငါ့ကျောင်းက မခွာနိုင်ဖြစ်မည်ဟူသော စိုးရိမ်မှုကြောင့် ရဟန္တာအတွက်ဖြစ်သော လာဘ်လာဘကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

ထိုအကုသိုလ်ကြောင့် သေသောအခါ ငရဲ၌ နှစ်ပေါင်းသိန်းချီ၍ခံခဲ့ရသည်။ ငရဲမှလွတ်သောအခါ ကဿပ၊ မဇ္ဈိရိယ၏ ကံကြွင်းအားဖြင့် ဘီလူးဘဝပေါင်း ငါးရာဖြစ်ရသည်။ ၄၉၉ ဘဝလုံး ငတ်ပြတ်ပြီးသာ သေခဲ့ရသည်။ စွန့်ပစ်ထားသော ကိုယ်ဝန်အညစ်အကြေးများကိုစားရ၍ တစ်ဘဝသာ ဝမ်းဝခဲ့သည်။

ထိုမှတစ်ဖန် ခွေးဘဝပေါင်း ငါးရာဖြစ်ရပြန်သည်။ ၄၉၉ ဘဝမှာ ငတ်ပြတ်သေခဲ့ရပြီး လူတစ်ယောက်၏ အန်ဖတ်များကို စားရသဖြင့် တစ်ဘဝသာ ဝမ်းဝခဲ့ရသည်။ ခွေးဘဝမှ စုတေသောအခါ ကာသိတိုင်း တစ်ခုသောရွာတွင် ပဋိသန္ဓေနေခဲ့ဖူးသည်။ သူပဋိသန္ဓေနေသောအခါမှစ၍ မိသားစုတစ်စုလုံး ဘာမှရှာဖွေမရတော့ဘဲ ဆင်းရဲငတ်ပြတ်ကာ ထမင်းရေကိုပင် မှန်မှန်မသောက်နိုင်ကြတော့ပေ။

သူ၏အမည်ကို မိတ္တဝိန္ဒကဟု ပေးထားကြသည်။ ငတ်လွန်းမက ငတ်သောအခါ အိမ်မှနှင်ထုတ်လိုက်ကြသဖြင့် ဗာရာဏသီပြည်သို့ ရောက်သွားခဲ့သည်။ ထိုပြည်မှ ဘုရားအလောင်း ဒိသာပါမောက္ခဆရာကြီးက ကျွေးမွေးစောင့်ရှောက်ပြီး ပညာသင်ပေးခဲ့သည်။ သူ၏အကုသိုလ်ကြောင့် ဆရာကြီးပင် လာဘ်လာဘရှားပါးခဲ့ရသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ကျွဲသာမစ္ဆရိယ ရှိသောမိး

ဆရာကြီးက စောင့်ရှောက်ဆုံးမသော်လည်း မနာခံဘဲ ပညာသင်လုလင်ငယ်တို့နှင့် ရန်ဖြစ်ပြီး ထွက်ပြေးပြန်ရာ ပစ္စန္တရာဇ် တစ်ခုသို့ရောက်ပြီး အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျခဲ့ သည်။ ဇနီးသည် ဆင်းရဲသူမနေထိုင်ရာ ရွာမှလူကြီးများကသနား သဖြင့် ရွာတံခါး၌ ကင်းစောင့်အလုပ်ကိုပေးကြသည်။ သူ့ကိုအစွဲပြု ၍ ဆင်းရဲသူမသည် ကလေးနှစ်ယောက်မွေးဖွားပြီးချိန်မှာပင် သူတို့ ရွာကြီးသည် ဘေးကြီးသုံးမျိုးနှင့် ရင်ဆိုင်ကြရသည်။

ထိုဘေးများကား မိးခုနစ်ကြိမ်လောင်၊ ရေခုနစ်ကြိမ် မျောပြီး မင်းဘေးမင်းဒဏ် ခုနစ်ကြိမ်သင့်ခြင်းတို့ပါတည်း။ မိတ္တဝိန္ဒကတွင် ပါလာသော အကုသိုလ်မိးများသည် ပတ်ဝန်းကျင်ကိုပါလောင်ခြင်း ဖြစ်ပါ၏။ ထိုအခါ ရွာသူရွာသားများက ဝိုင်းဝန်းရိုက်ထုတ်သဖြင့် ရွာမှထွက်ပြေးကြရင်း တောအုပ်တစ်ခုသို့ရောက်သွားရာ ဘီလူး များက ဖမ်းဆီးစားသောက်သဖြင့် ကလေးနှစ်ယောက်နှင့် မယားမှာ သေခဲ့ရပြန်လေသည်။

မိတ္တဝိန္ဒကသည် လက်လွတ်ထွက်ပြေးရင်းဖြင့် ဂမ္ဘီရမည် သော သင်္ဘောဆိပ်သို့ ရောက်သွားပြန်သည်။ သင်္ဘောမာလိန် မှူးကို တောင်းပန်၍ သမုဒ္ဒရာအတွင်းသို့ လိုက်သွားခဲ့သည်။ ခုနစ် ရက်ခန့်ရှိသောအခါမှာပင် သင်္ဘောသည် ဆက်၍သွားမရတော့ဘဲ ရေလည်တွင်ရပ်နေသဖြင့် သင်္ဘောပေါ် ပါသမျှလူများကို လူ ယုတ်မာမဲစာရင်းချရာ မိတ္တဝိန္ဒကချည်း သုံးခါပေါက်သဖြင့် ဝါး တစ်စည်းပေါ်တင်ပြီး သမုဒ္ဒရာထဲပစ်ချလိုက်လေသည်။

ထိုအခါကျမှ သင်္ဘောကြီးလည်း လေးညို့မှလွတ်သော မြား ကဲ့သို့ ပြေးထွက်သွားရာ မိတ္တဝိန္ဒကသည် ဝါးတစ်စီးဖြင့် သမုဒ္ဒရာ

www.burmeseclassic.com

www.burmeseclassic.com



တွင်းတစ်ယောက်ထီးတည်း ကျန်ခဲ့တော့သည်။ လှိုင်းပုတ်ရာ မျောရင်းဖြင့် ခုနစ်ရက်စံ၊ ခုနစ်ရက်ခံရသော ဝေမာနိက ပြိတ္တာမလေးယောက်နေထိုင်သည့် ဖလ်ဗိမာန်သို့ ရောက်ရှိသွားသည်။

ကဿပ မြတ်စွာဘုရားလက်ထက်က စောင့်ထိန်းခဲ့သော သီလတန်ခိုးကြောင့် ခုနစ်ရက်တိတိ နတ်ကဲ့သို့သော စည်းစိမ်မျိုးကို ခံစားရသည်။ ခုနစ်ရက်နတ်စည်းစိမ်ကို ခံစားပြီးသော ပြိတ္တာမများသည် ခုနစ်ရက်ငရဲခံဖို့ရန် ထွက်သွားကြရာ မိတ္တဝိန္ဒကသည် တစ်ယောက်တည်းပျင်း၍ ကျန်ခဲ့လေသည်။ ပြိတ္တာမတို့က သူတို့ပြန်လာသည်ထိစောင့်ဖို့ မှာခဲ့သော်လည်း မစောင့်နိုင်သဖြင့် ဝါးစည်းဖြင့် ဆက်မျောခဲ့ရာ . . .

ပြိတ္တာမရှစ်ယောက်ရှိသော ငွေဗိမာန်၊ ၁၆-ယောက်ရှိသော ပတ္တမြားဗိမာန်၊ ၃၂-ယောက်ရှိသော ရွှေဗိမာန်တို့သို့ ရောက်ရှိပြီး ခုနစ်ရက်စီ နတ်စည်းစိမ်ကို ခံစားခဲ့ရသည်။ ထိုမှတစ်ဖန်ဆက်၍ မျောခဲ့ရာ ဘီလူးမတစ်ကောင် မြို့ပြု၍နေသော ကျွန်းတစ်ကျွန်းသို့ ရောက်သွားခဲ့ပြန်သည်။ ဘီလူးမသည် ဆိတ်ယောင်ဖန်ဆင်းပြီး လှည့်လည်သွားလာလျက်ရှိရာ မိတ္တဝိန္ဒကက တကယ်။ ဆိတ်ထင်ပြီး သတ်စားရန် ခြေထောက်ကို သွားဆွဲလိုက်လေသည်။

ထိုအခါ ဘီလူးမက ချက်ချင်း ဘီလူးမအသွင်ဖန်ဆင်းပြီး မိတ္တဝိန္ဒက၏ ခြေထောက်နှစ်ချောင်းကိုကိုင်၍ ပစ်လွှတ် လိုက်ရာ ဗာရာဏသီမြို့ရှိ မင်းဥယျာဉ်အတွင်းမှ ချုံပုတ်ကြီးတစ်ခုပေါ် သွားတင်လေသည်။ မင်း၏ ဆိတ်ကျောင်းသားများက ဆိတ်များ မကြာခဏ အခိုးခံရသဖြင့် ဆိတ်သူခိုးကို လက်ရဖမ်းရန် ဆိတ်များကိုလွှတ်ထားပြီး ခိုးမည့်သူကို ချောင်းမြောင်းနေကြချိန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းပိုင်ဆိတ်များကို မြင်သည်နှင့် မိတ္တာဝိန္ဒကက 'ငါဟာ သမုဒ္ဒရာ အလယ်က ဆိတ်တစ်ကောင်ကို သွားဆွဲမိတာနဲ့ ခြေ နှစ်ချောင်းကိုင်ပြီး အပစ်ခံလိုက်ရတာ ဒီဗာရာဏသီပြည်က မင်း ဥယျာဉ်ထဲထိ ပြန်ရောက်လာခဲ့ရတယ်။ ခုတစ်ဖန် ဆိတ်တွေကို တွေ့ပြန်ပြီ။ ဒီဆိတ်တွေကို သွားဆွဲလိုက်ရင်လည်း နောက်တစ်ဖန် ငါ့ကိုပြန်ဆွဲပြီး အပစ်ခံရရင် သမုဒ္ဒရာအတွင်းက နတ်သမီးတွေဆီ ပြန်ရောက်လောက်တယ်' ဟု စဉ်းစားပြီး ဆိတ်တစ်ကောင်၏ခြေကို သွားဆွဲလိုက်သည်နှင့် ပုန်းနေသော ဆိတ်ကျောင်းသားများက ဆိတ်သူခိုးဟုအော်ကာ ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြလေသည်။ သို့သော် သူ၏ဆရာကြီးနှင့်တွေ့ရသဖြင့် မင်းဒဏ်မှလွတ်ကာ ဆရာကြီးနှင့်အတူ နေထိုင်သွားခဲ့ရသည်။ ထိုဘဝမှသေလွန်သော အခါ ဂေါတမမြတ်စွာဘုရားသာသနာ၌ ကောသလတိုင်းအနီး အိမ်ခြေတစ်ထောင်ရှိသောရွာကြီးတွင် ပဋိသန္ဓေသွားနေပြန်သည်။

သူ ပဋိသန္ဓေနေသည်နှင့် ထိုရွာကြီးသည် ဘာမှရှာဖွေစား သောက် လို့မရတော့ဘဲ မီး(၇)ကြိမ်လောင်ကာ မင်းဒဏ် (၇)ကြိမ် သင့်ကြရသည်။ ထိုအုပ်စုထဲတွင် ကြသာမဏ္ဍရိယအားကြီးခဲ့သော လူယုတ်မာတစ်ယောက်ရောက်လာ ပြီဟုသိကြသဖြင့် မိသားစု များကို ငါးရာစီခွဲလိုက်ကြသည်။ ထိုသူငယ်ပါသော မိသားစု ငါးရာမှာ ဆက်ငတ်နေသော်လည်း မပါသောငါးရာမှာ ပြေလည် သွားကြသည်။

မပြေလည်သောငါးရာကို ၂၅၀-စီ ထပ်ခွဲကြရာ သူပါသော ဖက်က ဆက်ငတ်လျက်သာရှိသဖြင့် အကြိမ်ကြိမ်ခွဲကြရာ နောက် ဆုံး လောသကတိဿမထေရ်အလောင်း သူငယ်လေးကို ဝမ်းမှာ လွယ်ထားသည့် မိသားစုတစ်စုတည်းသာ ကျန်တော့သည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်၏ဖခင်က ဒီလောက် အကုသိုလ်ကြီးသောကလေးကို မတွေ့လို့ဟုဆိုကာ နေ့စေ့လစေ့ကြီးနှင့်ဖြစ်နေသောမယားကို ပစ်ထားခဲ့လေသည်။

သူ၏မိခင်သည် ဆင်းရဲငြိုငြင်စွာဖြင့် သူ့ကို မွေးဖွားခဲ့လေသည်။ သူ၏အမည်ကိုလည်း လောသကတိဿဟုပေးခဲ့သည်။ လောသကတိဿမှာပါခဲ့သော ကဿာမစ္ဆရိယ အကုသိုလ်သည် အဘယ်မျှကြီးမားခဲ့သနည်းဆိုလျှင် သူ့ကိုပွေ့ပိုက်ပြီး စားစရာသောက်စရာ သွားတောင်းခဲ့လျှင် သူ့မိခင်မှာ ဘာတစ်ခုမျှ မရတော့ပေ။ သူ့ကို သင့်လျော်ရာတစ်နေရာချထားပြီး သွားတောင်းသောအခါတွင်မှ ပေးမည့် ကျွေးမည့်လူ ရှိလေသည်။

ကဿာမစ္ဆရိယ၏ ဆိုးကျိုးကား ကြောက်မက်ဖွယ်ကောင်းစွတကား။

× × × × ×

## ဆင်းရဲခြင်း၏ အတိတ်အကြောင်းသုံးပါး

ဗုဒ္ဓဒေသနာများ၏ ညွှန်ပြချက်အရ ဆင်းရဲမွဲတေခြင်း၏ အတိတ်အကြောင်းသုံးပါးကို တွေ့ရှိရသည်။ ယင်းတို့မှာ (၁) ဒါနမပြုခဲ့သောကြောင့် ဆင်းရဲမွဲတေခြင်း (၂) သူတစ်ပါး၏ဥစ္စာကို လိမ်လည်လှည့်ဖြားခိုးယူခဲ့သောကြောင့် ဆင်းရဲမွဲတေခြင်း (၃) ကဿာမစ္ဆရိယများခဲ့သောကြောင့် ဆင်းရဲမွဲတေခြင်းတို့ ဖြစ်ပေသည်။

ထိုသုံးမျိုးတွင် ဒါနမပြုခဲ့သောကြောင့် ဆင်းရဲမွဲတေရသူများသည် လုံ့လဝီရိယဖြင့် ရှာဖွေခဲ့လျှင် စားနိုင်သောက်နိုင်ဘဝသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သေးသည်။ သနားတတ်သော သူတစ်ပါး၏ အကူအညီကိုလည်း အနည်းငယ်ရနိုင်သေးသည်။ သူဥစ္စာခိုး၍ ဆင်းရဲမွဲတေသူများကား ရှာဖွေလို့လည်း မလွယ်ကူ။ အစစ အဆင်ပြေ၍ ရှာဖွေရခဲ့သော်လည်း မီး၊ မင်း၊ သူခိုး၊ ရေ၊ အမွေခံဆိုးဟူသော ရန်သူမျိုးငါးပါး၏ ဖျက်ဆီးခြင်းကို မကြာခဏခံရသဖြင့် ဘယ်သော အခါမှ နာလန်မထူပေ။

ဣဿာမစ္ဆရိယကြောင့် ဆင်းရဲမွဲတေသူများကား ထိုထက်ဆိုးပါသေး၏။ ရှာလို့ဖွေလို့ ဘယ်လိုမှမရသည့်အပြင် လူတိုင်းကို သနားညှာတာပြီး ကူညီတတ်သောသူများပင် ဣဿာမစ္ဆရိယ သမားများနှင့်တွေ့လျှင် ကူညီလိုစိတ်၊ သနားညှာတာစိတ်များ အလိုလို ကုန်ခန်းသွားတတ်သည်မှာ အံ့ဩစရာကောင်းလှပါ၏။ ထိုအကြောင်းကို ဗုဒ္ဓက သံယုတ်ပါဠိတော်၊ မစ္ဆရိသုတ်၌ အပြည့်အစုံဟောပြထားသည်။ အလျဉ်းသင့်သောနေရာတွင် ဖော်ပြပါဦးမည်။

လောသကတိဿကလေး သွားနိုင်လာနိုင် အရွယ်မှာပင် မိခင်ဖြစ်သူသည် သားလက်ထဲ တောင်းစားစရာ အိုးခြမ်းပဲ့လေး တစ်ခုထည့်ပေးပြီး ထွက်ပြေးရှာလေတော့သည်။ လောသကတိဿက အိုးခြမ်းပဲ့လေးကိုင်လျှက် တစ်လမ်းဝင်တစ်လမ်းထွက် တောင်းပါသော်လည်း ဣဿာမစ္ဆရိယအစွမ်းကြောင့် ပေးကမ်းမည့်သူ တစ်စုံတစ်ယောက်မှ မရှိချေ။

ထို့ကြောင့် အိမ်နောက်ဖေးလမ်းကြားတွင် အိမ်ရှင်မများ သွန်ပစ်သော လက်ဆေးရေ၊ ထမင်းအိုး၊ ဟင်းအိုးဆေးရေများမှ ကပ်သပ်ပါလာသည့် ထမင်းစေ့နှင့် ဟင်းဖတ်လေးများကို ချိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်လို တစ်စေ့ခြင်း လိုက်ကောက်စားရလေသည်။ မသေရုံ စားရရင်ဖြင့်ပင် (၇)နှစ်သားအရွယ်ထိ ရောက်လာခဲ့သည်။

တစ်နေ့တွင်အရှင်သာရိပုတ္တရာနှင့်တွေ့ပြီး သာမဏေဝတ်ခွင့် ရခဲ့သည်။ ထိုမှတစ်ဆင့် ရဟန်းဘဝသို့ရောက်ပြီး ဝိပဿနာ တရားကို ကျင့်ကြံအားထုတ်ရာ ကိလေသာအာသဝေါကုန်ခမ်း၍ ရဟန္တာအဖြစ်သို့ရောက်ရှိခဲ့သည်။ပို၍ထူးခြားသည်ကား လောသက တိဿမထေရ်သည် ရဟန္တာဖြစ် သည်အထိ ဆွမ်းတစ်နပ်မျှ ဝမ်းဝ အောင် မဘုဉ်းပေးရခြင်းပါတည်း။

ကဿာမဋ္ဌရိယ တရားဆိုးနှစ်ပါးက လှူချင်တန်းချင်သူများ ကိုပင် လှည့်စားထားပုံမှာ အံ့သြထိတ်လန့် သံဝေဂရဖွယ် ကောင်းလှ ပါသည်။ ဖြစ်ပုံမှာ လောသကတိဿမထေရ် ဆွမ်းရပ်လိုက်လျှင် လောင်းရန်အသင့်ပြင်ထားသော ဆွမ်း၊ ဆွမ်းဟင်းများသည် အလို အလျောက် ပျောက်သွားသဖြင့် လောင်းလှူချင်သော အလှူ့ရှင်မှာ အားနာနာဖြင့် ကန်တော့ဆွမ်းသာ လောင်းလိုက်ရတော့သည်။

တစ်ခါတစ်ရံတွင်ကား ဆွမ်းလောင်းကာနီးကျမှ ကဿာ မဋ္ဌရိယ လောသကတိဿမထေရ်၏သပိတ်ထဲတွင် ဆွမ်းများ၊ ဟင်း များက နောက်ထပ်လောင်းစရာနေရာ မရှိတော့ယောက်အောင် ပြည့်လျှံနေဟန်လုပ်ပြသဖြင့် ဆွမ်းလောင်းချင်သူမှာ မလောင်းနိုင် ဖြစ်ရပြန်သည်။ သို့ဖြင့်ပင် လောသကတိဿမထေရ်မှာ မသေရုံ တစ်လုပ်တစ်ဆုပ် ဆွမ်းလေးဖြင့်သာ အသက်ဆက်နေရရှာသည်။

ရဟန္တာဆိုသော်လည်း ပျက်စီးတတ်သော ခန္ဓာကား ပုထုဇဉ် နှင့် အတူတူသာဖြစ်သောကြောင့် အစာရေစာ မပြည့်စုံရှာသော လောသကတိဿမထေရ်မှာ သက်တော်ငယ်ငယ်မှာပင် ပရိနိဗ္ဗာန်

www.burmeseclassic.com

www.burmeseclassic.com



စံဖို့အချိန်သို့ ရောက်လာခဲ့ရသည်။ ယနေ့ လောသကတိဿမထေရ် ပရိနိဗ္ဗာန်စံမည်ကိုသိထားသော အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန် စံမည့်ရက်ကလေးတစ်ရက်တော့ ဆွမ်းကို ဝဝလင်လင် ဘုဉ်းပေး သွားရပါစေဟူသော စေတနာဖြင့် တပည့်ဖြစ်သူ လောသကတိဿ မထေရ်ကို နောက်ပါးကခေါ်ယူကာ အရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီး ဆွမ်းခံထွက်တော်မူသည်။

လောသကတိဿမထေရ်ပါနေသောကြောင့် ရင်းနှီးကျွမ်းဝင် သော ဒကာ၊ ဒကာမအိမ်များကပင် ဆွမ်းမလောင်းသည်ကို တွေ့ရ သောအခါ တပည့်ဖြစ်သူကို ကျောင်းသို့ပြန်ခိုင်းပြီး တစ်ပါးတည်း ဆွမ်းခံကြွရလေသည်။ ထိုအခါကျမှ ဒကာ၊ ဒကာမများက မွန်မြတ် သော ခဲဖွယ်ဘောဇဉ်တို့ကို လောင်းလှူကြသဖြင့် အားရဝမ်းသာဖြင့် ကျောင်းကို ပြန်ဖို့ပြင်ရာ ဒကာ၊ ဒကာမများက အိမ်မှာပင် ဘုဉ်း ပေးရန် လျှောက်ထားပြီး ကျောင်းရှိသံဃာအတွက်လည်း သပိတ် တွင်ထည့်လှူသဖြင့် စိတ်ချရသော ဒကာများကိုခေါ်ကာ ဆွမ်း၊ ဆွမ်းဟင်းအပြည့်ထည့်ထားသော သပိတ်ကို လောသကတိဿ မထေရ်ထံပို့ခိုင်းပြီး မထေရ်မြတ်ကြီးကား မြို့ထဲတွင် တရား ဟောရင်း ကျန်ခဲ့လေသည်။

တရားဟောပြီး၍ ကျောင်းသို့ပြန်ကြွပြီး လောသကတိဿ မထေရ် ဆွမ်းဘုဉ်းပေးပြီး၊ မပြီး မေးသောအခါ မဘုဉ်းပေးရသေး ကြောင်းကို သိရလေသည်။ အဘယ်ကြောင့်ဆိုသော် လောသက တိဿမထေရ်၏ အတိတ်က ဣဿာမစ္ဆရိယအစွမ်းကြောင့် သပိတ် ကိုယူသွားသော ဒကာများသည် မထေရ်အား ဆက်ကပ်ရမည်ကို မေ့လျော့ပြီး လမ်းမှာပင် စားသောက်ပစ်လိုက်ကြသောကြောင့်ပါ တည်း။

www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာသည် အချိန်ရှိသေး၊ မရှိသေး နေကို ကြည့်လိုက်သောအခါ မွန်းလွဲသွားပြီကို တွေ့ရသဖြင့် သပိတ်ပိုက်ကာ ကောသလမင်းထံတွင် ရပ်လေသည်။ မင်းကြီးကလည်း အလိုက်တသိပင် စတုမဓုများကို များစွာလောင်းလှူလိုက်သဖြင့် ကျောင်းသို့ယူခဲ့ပြီး လောသကတိဿမထေရ်ကို ဘုဉ်းပေးစေသည်။

လောသကတိဿမထေရ်လက်ထဲ သပိတ်ထည့်ပေးလိုက်လျှင် စတုမဓုများပျောက်သွားမှာ စိုးရိမ်ရသောကြောင့် အရှင်သာရိပုတ္တရာက သပိတ်ကိုလက်ထဲတွင်ပိုက်ထားပြီး လောသကတိဿမထေရ်က လက်ဖြင့်နှိုက်ကာ ဘုဉ်းပေးရလေသည်။ ယခုနောက်ဆုံးဘဝတွင်လည်း မွေးချိန်မှ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံမည့်အချိန်ထိ ဤတစ်နပ်သာ ဝလင်အောင်ဘုဉ်းပေးပြီး ပရိနိဗ္ဗာန်စံခဲ့ရလေသည်။

**မနောလိုကင်း**
**ဝန်တိုရှင်း**
**လက်ငင်းချမ်းသာကြရမည်။**

(မဟာစည်ဆရာတော်)

× × × × ×

## သစ်ဆိမ့်ကြီးရွာမ ဘီလူးဘုန်းကြီး

၁၁၉၃ မှ ၁၂၅၆ ခုနှစ်အတွင်းက ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၊ ဟန်လင်းကြီး ပျူမြို့တော်အနီး၊ သစ်ဆိမ့်ကြီးရွာမှ ဘုန်းကြီးတစ်ပါးလည်း ဣဿာမစ္ဆရိယကြောင့် ပျံတော်မူသောအခါ အောက်တန်းစား ဘီလူးတစ်ကောင် ဖြစ်သွားရပုံမှာလည်း သတိသံဝေဂရစရာကောင်းလှသဖြင့် အကျဉ်းဖော်ပြပါဦးမည်။ သစ်ဆိမ့်

www.burmeseclassic.com

www.burmeseclassic.com



ကြီးရွာသည် အညာပုဂံဟုဆိုရလောက်အောင် ကျောင်း-ကန်-ဘုရား-စေတီ ပေါများလှပါသည်။

ယခုအခါ နာမည်အတိအကျ ရထားသော ကျောင်းပေါင်း ၃၈၊ သိမ်ပေါင်း ၂၁၊ ဂူဘုရား ၃၀၊ စေတီ ၃၉ ဆူ ရှိသည်။ ဘွဲ့တော်အမည်နာမ မသိရသေးသော စေတီများကား ရာထောင်မက များပြားလှကြောင်းသိရသည်။ ၄င်းသစ်ဆိမ့်ကြီးရွာ အနောက်တောင်ထောင့် ဇေတဝန်ကျောင်းကြီး၌ အရှင်ဝိသုဒ္ဓါစာရ အမည်ရှိသော မထေရ်မြတ်ကြီးတစ်ပါး သီတင်းသုံးလျှက်ရှိသည်။

× × × × ×

## ဘုန်းကြီးနှစ်ပါးနဲ့ လမ်းနှစ်သွယ်

ဇေတဝန်ကျောင်းတော်ဘက်ခပ်လှမ်းလှမ်း၊ ပြာသာဒ်လှကျောင်း၌ ဦးခေမိန္ဒမထေရ် သီတင်းသုံးသည်။ ဘုန်းကြီးချင်းတူသော်လည်း စိတ်ဓာတ်ရော လုပ်ရပ်ရော ကွာလှသည်။ ဦးဝိသုဒ္ဓကနေရာတကာအနာခံပြီး အသာစံလေ့မရှိ။ ယူရသောအရသာထက် ပေးရသောအရသာကို ပိုမိုနှစ်သက်သည်။

ပစ္စည်းလေးပါး လာဘ်လာဘနောက်သို့ မလိုက်။ သီလ၊ သမာဓိ၊ ပညာ ကြီးပွားရေးနောက်ကိုသာ လိုက်သည်။ ဦးခေမိန္ဒကား နေရာတကာ အသာသာစံသည်။ အနာခံလေ့မရှိ။ ပေးရသော အရသာ၏တန်ဖိုးကို သူမသိ၊ ယူရသော အရသာကိုသာ နှစ်သက်သည်။ သီလ၊ သမာဓိ၊ ပညာ၊ ကြီးပွားရေးနောက်မလိုက်ပဲ ပစ္စည်းလေးပါးနောက်သို့သာ သဲကြီးမဲကြီးလိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလေးပါး လာဘ်လာဘကား လိုက်လေ ဝေးလေ၊ လိုချင်လေ မရလေသာဖြစ်ပါ၏။ သိက္ခာသုံးပါးကိုသာ ကြိုးစားအားထုတ်ပြီး လာဘ်လာဘနောက်သို့ မလိုက်လေရလေ၊ မလိုလေပေါများလေသာဖြစ်ကြောင်းကို သိက္ခာသုံးပါး ဖြည့်ဆည်းသောရဟန်းတော်များသာ သိနိုင်ပါ၏။ ဗုဒ္ဓ၏ သတ်မှတ်ချက်အရ ပစ္စည်းလေးပါး လာဘ်လာဘသည် သစ်ရွက်နှင့်တူ၏။

စတုပါရိသုဒ္ဓိသီလသည် သစ်ပင်၏ အပွေးနှင့် တူ၏။ သမာပတ် ၈ ပါးသည် သစ်ခေါက်နှင့်တူ၏။ အဘိညာဉ် ငါးပါးသည် အကာနှင့်တူ၏။ မဂ်ဖိုလ်သည်သာ အနှစ်အသားနှင့်တူ၏ ဟူ၍ ဟောကြားထားရာ အနှစ်အသားနှင့်တူသော မဂ်ဖိုလ်ကို ရရန် ကြိုးစားအားထုတ်နေသော ရဟန်းသည် သစ်ရွက်နှင့်တူသော ပစ္စည်းလေးပါးကို အဘယ်မှာ မက်မောပါတော့မည်နည်း။

ထို့ကြောင့် အနှစ်အသားကိုရှာနေသော ဦးဝိသုဒ္ဓထံတွင် ဒကာ၊ ဒကာမများ ပေါများလျက်ရှိရာ ဦးခေမိန္ဒအား ဣဿာမစ္ဆရိယက နှိပ်စက်ပါတော့သည်။ ပထမအနေဖြင့် ဦးဝိသုဒ္ဓကို လှူတန်းမည့်သူမရှိအောင် မဟုတ်မဟပ် လုပ်ဇာတ်တွေခင်းပြီး အပုပ်ချကဲ့ရဲ့စွပ်စွဲသည်။ သို့သော် ဦးဝိသုဒ္ဓကို မည်သူမျှ အကြည်ညိုမပျက်။ မဟုတ်တန်းတရားစွပ်စွဲသော ဦးခေမိန္ဒကိုသာ ပို၍အကြည်ညိုပျက်သွားကြသဖြင့် အနည်းအကျဉ်းသာရှိသော ဒကာအချို့ပင် ဦးဝိသုဒ္ဓဘက် ရောက်သွားလေသည်။

ပက်လက်လှန်ပြီး တံတွေးထွေးလျှင် ထိုတံတွေးသည် ထွေးသူထံသို့ ပြန်ကျသကဲ့သို့လည်းကောင်း၊ လေညာသို့ ဖွဲအမှိုက်ကို ပစ်လွှင့်ခဲ့လျှင် ထိုအမှိုက်သည် ပစ်လွှင့်သူထံ ပြန်လာသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ယခုလည်း ဦးဝိသုဒ္ဓအပေါ် စော်ကားသမျှသည် ဦးခေမိန္ဒဆီသို့သာ ပြန်ရောက်လျက် ရှိပေသည်။ ဘယ်လိုမှ မရတော့သည့်အဆုံး ဦးဝိသုဒ္ဓ ဆွမ်းခံကြွချိန်တွင် ဘုံ ၇-ဆင့် ရှိ သီလဝိသော ခနီသိမ်တော်ကြီးကို မီးတင်ရှို့လိုက်ပါတော့သည်။

ဦးဝိသုဒ္ဓသီတင်းသုံးသော ဇေတဝန်ကျောင်းမကြီးကား သီလဝိသောခနီသိမ်တော်ကြီးနှင့် ဆယ်တောင်ခန့်မျှသာကွာသည်။ ကံတရားကား အံ့ဩဖွယ်ကောင်းလေစွ။ သိမ်တော်ကြီး တစ်ဆောင်လုံး မီးလောင်သွားသော်လည်း ဇေတဝန်ကျောင်းတော်ကြီးသို့ မီးမကူးခဲ့ပေ။ ဦးခေမိန္ဒ ရှို့ မှန်းသိသော်လည်း ဦးဝိသုဒ္ဓကား အပြစ်မပြော၊ ဘာမှ မဖြစ်သလိုပင်နေသည်။ တကယ့်သူတော်စင်များသည် သတ္တဝါများကောင်းကျိုးကို အချိန်ပြည့်ဆောင်ရွက်နေကြရသည်ဖြစ်၍ မိမိကိုစော်ကားသူအပေါ်၌ပင် အပြစ်မြင်ရန် အပြစ်ပြောရန် အချိန်ရှိကြသည် မဟုတ်ပေ။

× × × × ×

## မျက်စိခြင်းတူသော်လည်း အမြင်ခြင်းမတူ

သူတော်စင်တို့၏အမြင်ကား သာမန်သူလို ကိုယ်လိုလူများအတွက်အံ့ဩစရာသာဖြစ်ပါ၏။ စိတ်ချင်းမတူရာ အမြင်ချင်းလည်း မတူနိုင်တော့ပေ။ သာမန်လူများသည် မြင်းမိုရ်တောင်လောက်ရှိသော မိမိအပြစ်ကိုမမြင်သော်လည်း သူတစ်ပါး၏ ဈီးစေ့လောက်ရှိသောအပြစ်ကိုကား ဆီလိုအပေါက်ရှာပြီး မြင်တတ်ကြသည်။

သူတော်စင်များကား မိမိ၏ ဈီးစေ့လောက်ရှိသော အပြစ်ကို မြင်အောင်ကြည့်နိုင်ကြသော်လည်း သူတစ်ပါး၏ မြင်းမိုရ်တောင်

www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိသော အပြစ်ကိုကား မမြင်တတ်ကြပေ။ စင်စစ် မိမိအပြစ်ကိုမြင်ပြီး ပြုပြင်မှသာလျှင် ပစ္စက္ခသံသရာနှစ်ဖြာလုံး ကောင်းကျိုးရနိုင်၍ သူတစ်ပါးအပြစ်ကို မြင်ခြင်းကား အကုသိုလ်တိုးပွားရုံမှတစ်ပါး ဘာမျှမရှိပေ။

ယခုလည်းကြည့်ပါ။ မိမိ၏ကျောင်းကို မီးရှို့သည်အထိစော်ကားလာသော ဦးခေမိန္ဒ၏ အပြစ်ကြီးကိုကားမမြင်။ ပစ္စည်းလေးပါး ဒကာ၊ ဒကာမပေါပေါများများနဲ့နေလို့သာ ငါဟာ ဒီလိုအစော်ကားခံရတာ ပစ္စည်းလေးပါး ဒကာ၊ ဒကာမ ပေါပေါများများနှင့်နေမိသော ငါ့အပြစ်သာဖြစ်သည်ဟူ၍ မိမိ၏ မပြောပလောက်သောအပြစ်ကလေးကိုမြင်ကာ ရွာကျောင်းကြီးကိုစွန့်ပြီး သပိတ်တစ်လုံး သင်္ကန်းသုံးထည်နှင့် တောထွက်တော်မူခဲ့သည်။

သို့သော် မလိုချင်မှသာ ရလေ့ရှိသော ဒကာ၊ ဒကာမများနှင့် လာဘ်လာဘများသည် ဦးခေမိန္ဒ၏ ပြာသဒ်လှကျောင်းကိုကျော်ပြီး ဦးဝိသုဒ္ဓရှိရာတောထဲထိ လိုက်ကြပြန်လေသည်။ ဦးဝိသုဒ္ဓမရှိရင် ငါ့ဘုန်းကြီးမှာပဲ ထင်ထားသော ဦးခေမိန္ဒ၏အထင်ကား တက်တက်စင်အောင်လွဲလေပြီ။

**သဘောထားသေးသိမ်သောသူသည်**
**သူတစ်ပါး၏အပြစ်ကိုသာ မြင်လေ့ရှိသည်။**
**သဘောထားပြည့်ဝသော သူကား**
**မိမိကိုယ်ကိုသာ အပြစ်မြင်တော့သည်။**
**သဘောထားအပြည့်အဝဆုံးသော သူသည်ကား**
**မည်သူ့အပေါ်မှ အပြစ်မမြင်တော့ပေ . . .။**

ဟူသော တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်၏ စကားအရ ဦးခေမိန္ဒကား သဘောထားသေးသိမ်သောသူ ဖြစ်ပါ၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပင် ဦးဝိသုဒ္ဓသူကြောင့် တောထွက်သွားသည်အထိ သူ့အပြစ်ကို မမြင်သေးပဲ ဦးဝိသုဒ္ဓ၏ မရှိသောအပြစ်ကိုသာ လုပ်ကြံ၍ မြင်လျက် ရှိသည်။ ဒီကိုယ်တော်ဟာ လူကြည်ညိုများအောင် ဟန်ဆောင် တောထွက်တာ၊ ဒါ့ကြောင့် ဒကာ၊ ဒကာမတွေလိုက်လာတာကို လက်ခံသာယာ နေတာပဲ၊ ဒီကိုယ်တော်ဟာ လူ့လောကမှာ မရှိမှ ဖြစ်မှာဟုတွေးပြီး တစ်ညတွင် ဦးဝိသုဒ္ဓကို လုပ်ကြံသတ်ဖြတ်ရန် တောကျောင်းသို့ လိုက်လာပါတော့သည်။

× × × × ×

## အသက်သေစေသော ကြိမ်ဒဏ်

တောကျောင်းမရောက်ခင် လမ်းခုလတ်မှာပင် လူမမြင်ရဘဲ ကြိမ်လုံးတစ်လုံး အမှောင်ထဲမှပေါ်လာပြီး ဦးခေမိန္ဒကျောကို အားကုန်ရိုက်ပါတော့သည်။ ဦးခေမိန္ဒကား ကိုယ့်အပြစ်နှင့်ကိုယ်မို့ ကြောက်လန့်တကြားဖြင့် သူ့ကျောင်း အရောက်ပြန်ပြေးပါသည်။ ထူးခြားသည်ကား ဦးခေမိန္ဒတစ်ပါး ထိတ်လန့်တကြား အားကုန် ပြေးပါသော်လည်း ကြိမ်လုံးကား နောက်မှာကျန်မနေရစ်ပဲ ကျောကို တဖြန်းဖြန်း ရိုက်လျက်ပါလာရာ သူ့ကျောင်းပေါက်ဝရောက်၍ ဟပ်ထိုးလဲကျ သတိလစ်သွားမှသာလျှင် အရိုက်ရပ်ပါတော့သည်။

၁၂၈၃ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပြီး ကြသာမဏ္ဍာရိယ အကုသိုလ်ကံကြီးကြောင့် ဘီလူးကြီးတစ်ကောင် ဖြစ်သွားခဲ့ရသည်။ ဘီလူးဘဝရောက်မှ မိမိအမှားကိုသိမြင်ပြီး ဆရာတော် ဦးဝိသုဒ္ဓ ဆီသွား၍ ကန်တော့ခဲ့ပါသည်။ သို့သော် သူ၏ နောင်တ,ကား လွန်ခဲ့ပြီမဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကြ္တသာမစ္ဆရိယတရားသည် လူပုဂ္ဂိုလ်တို့နှင့်စာလျှင် ရဟန်းပုဂ္ဂိုလ်တို့၌ ပိုဖြစ်လေသလောမသိ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဟောကြားသော ကြ္တသာမစ္ဆရိယနှင့် ပတ်သက်သော ဇာတ်တော်သုံးပုဒ်လုံးတွင် ကြ္တသာမစ္ဆရိယသမား ဇာတ်ကောင်သည် ရဟန်းတော်တွေချည်း ဖြစ်နေသောကြောင့်ပင်။ နောက်စာမျက်နှာများတွင် ဖော်ပြလတ္တံ့သော ဓမ္မရံသီမဂ္ဂဇင်း၌ ကျွန်ုပ်ရေးသားခဲ့သည့် ဆောင်းပါးသုံးပုဒ်တွင် ကြ္တသာမစ္ဆရိယသမား ရဟန်းတော်အချို့ကို ထပ်မံ တွေ့ရှိရပါလိမ့်ဦးမည်။

ဗုဒ္ဓသာသနာတော်ကြီး တိုးတက်ကြီးပွားဖို့အတွက် ကျွန်ုပ်တို့ ရဟန်းတော်များသည် ကြ္တသာမစ္ဆရိယ တိမ်သလာဝင်ပြီး အမြင်ကျဉ်းမနေသင့်ကြတော့ပြီ။ ၎င်းတိမ်သလာကို အသိဉာဏ်ဖြင့် ခွာချပြီး အမြင်ကျယ်ကာ သဘောထားကြီးသင့်ကြပါပြီ။ ဘုရားသားတော် ရဟန်းတော်ချင်းဖြစ်ပါလျက် ဂိုဏ်းစွဲ၊ လူမျိုးစွဲများ၊ ဆရာစွဲများ မထားသင့်ကြတော့ပါ။

ဂိုဏ်းစွဲထားသည့်အတွက် သာသနာဆုတ်ယုတ်ရပုံ ကိုယ်တွေ့တစ်ခုကို တင်ပြပါမည်။ ၁၃၆၁ ခုနှစ်က ကျွန်ုပ်သည် သာယာဝတီနယ်ထဲသို့ ဓမ္မဒေသနာခရီးထွက်ခဲ့သည်။ ထိုနယ်ထဲမှ ရွာတစ်ရွာသည် အိမ်ခြေ ၆၀ ခန့်ရှိပြီး အိမ်ခြေ ၄၀ ခန့်က ခရစ်ယာန်ဘာသာဖြစ်ပြီး ကျန်အိမ်ခြေ ၂၀ ခန့်သာ ဗုဒ္ဓဘာသာဖြစ်သည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းရှိသော်လည်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းမရှိ။

ထိုရွာနှင့် မလှမ်းမကမ်းမှ ရွာတစ်ရွာတွင်လည်း ထို့အတူ ခရစ်ယာန်ဘာသာကများပြီး ဗုဒ္ဓဘာသာကနည်းသည်။ ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမရှိတာချင်းလည်း တူသည်။ ညတရားပွဲ တစ်ခါမှ မနေဖူးကြပါ။ ဆရာတော်တတ်နိုင်သမျှကူညီပါဟု အကူအညီတောင်းသဖြင့် ကျွန်ုပ်မှာရှိသော အသံချဲ့စက်၊ မီးစက်၊ မီးချောင်းများပါ ရန်ကုန်မှ ကားငှားတင်လာပြီး နှစ်ညတိတိ ကျင်းပပေးခဲ့ပါသည်။ ဆင်းရဲသော ရွာ လေးမို့ ကျွန်ုပ်ငှားလာသော ကားခပင်ကြေအောင် မလှူနိုင်ကြပါ။

သို့သော် ဘာသာခြားများပင် စိတ်ဝင်တစား လာနာကြသဖြင့် အောင်မြင်သောတရားပွဲကြီးဖြစ်ခဲ့သည်။ ကာယကံမြောက် ဗုဒ္ဓဘာသာမဝင်ကြသော်လည်း သူတို့စိတ်ထဲတွင် ဗုဒ္ဓတရားတော်ကို နှစ်သက်သွားခြင်းသည်ပင်လျှင် သာသနာ၏မျိုးစေ့ ဖြစ်သွားပြီ မဟုတ်ပါလား။ တရားပွဲတွင် ဘုန်းကြီးကျောင်း တစ်ကျောင်းဖြစ်အောင် ကြိုးစားသင့်ကြောင်းကိုပါ ထည့်သွင်းဟောကြားပေးခဲ့သည်။

တစ်ရက်တွင် ထိုရွာနှစ်ရွာကြားတွင် ဘုန်းကြီးကျောင်း တစ်ကျောင်း ပေါ်ပေါက်တော့မည်ဟု သတင်းကြားသဖြင့် ကျွန်ုပ်ဝမ်းသာအားရ ဖြစ်မိသည်။ ဝမ်းသာအားရသတင်းနှင့်အတူ ဝမ်းနည်းစရာသတင်းက ကပ်၍ပါလာပြန်သည်။ ကန့်ကွက်သူရှိ၍ သာသနာ့မြေကျရန် ကြာဦးမည်ဟူသော သတင်းတစ်ခုပင်။ ကန့်ကွက်သူကား ဘာသာခြားကလည်းမဟုတ်၊ ဒကာ၊ ဒကာမလည်းမဟုတ်၊ အနီးအနားရွာကျောင်းမှ ဗုဒ္ဓဘာသာခေါင်းဆောင် ရဟန်းတော်များပါတည်း။

× × × × ×

www.burmeseclassic.com



## ဂိုဏ်းမတူရင် ကျောင်းမဆောက်ရ

ဘာသာခြား ဗလီများ၊ ဘုရားရှိခိုးကျောင်းများ ဟော တစ်လုံး၊ ဟောတစ်လုံး ပေါ်နေသောအခါတွင် ကိုယ်နှင့် မဆိုင် သလို လက်ပိုက်ကြည့်နေခဲ့ကြသော ဗုဒ္ဓဘာသာ ဘုန်းကြီးအများစု တို့သည် မိမိတို့ ဗုဒ္ဓဘာသာဘုန်းကြီး ကျောင်းတစ်ကျောင်း ပေါ် ပေါက်ရေးကျမှ အဘယ်ကြောင့် ထ၍ ကန့်ကွက်နေကြသနည်း။ ကန့်ကွက်သော ဘုန်းကြီးများ၏ အကြောင်းပြချက်ကား ဂိုဏ်း မတူသောကြောင့်ဟူ၏။

ထို့ကြောင့် ဂိုဏ်းစွဲ၊ လူမျိုးစွဲ အကျင့်ဆိုးများသည် သာသနာ ကို ဆုတ်ယုတ်စေသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။ ဂိုဏ်းစွဲ၊ လူမျိုးစွဲကို နောက်ကကြိုးကိုင်ပေးသောတရားကား နာမည်ကျော် ဣဿာ မစ္ဆရိယပင် ဖြစ်ပါ၏။ ၂၀၀၀ ခုနှစ် ထဲတွင်ကား ကျွန်ုပ်ကိုယ်တိုင် ဆရာစွဲဒဏ်ကို ခံခဲ့ရပါသည်။ ကျွန်ုပ်ရေးသားသော ထေရဝါဒ ဒဿနကိုတွန်းပြရာ မျက်ရည်မကျခင်သိစေချင် အမည်ရှိ စာအုပ် လေးမှာ လူကြိုက်များသွားပြီး (၁)နှစ်အတွင်း သုံးကြိမ်တိတိ ပြန်လည်ရိုက်နှိပ် ခဲ့ရသည်။

ထင်ရှားသော မြို့နယ်တစ်ခုမှ စာပေသမားများကလည်း စာအုပ်ကိုဖတ်ခါ စာရေးသူကိုပါကြည်ညိုပြီး လေယာဉ်ခလှမ်းပို့ကာ တရားဟောပင့်ကြသဖြင့် ကျွန်ုပ်သွား ရောက်ခဲ့ရသည်။ ဒကာများ စီစဉ်ပေးသော နာမည်ကြီး ရိပ်သာကြီးတစ်ခုမှာပင် ချမ်းချမ်း သာသာတည်းခိုပြီး ထေရဝါဒတရားတော်များ ဟောကြားခဲ့ရာ သဘောကျပြီး မြို့ပေါ်ရှိ ရပ်ကွက်တိုင်းနီးပါးက ပင့်ကြသဖြင့် ...င်းမြို့ပေါ်မှာပင် (၄၄)ည ဟောကြားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းမြို့နယ်မှ ကျေးရွာများတွင် (၄၄)ည စုစုပေါင်း (၈၈)ည တိတိ တရားမိုးကြီး ရွာသွန်းဖြိုးခဲ့သည်။ ကျွန်ုပ်သည် အရွယ်သုံးပါးလုံး နာ၍ရအောင် သုတ္တန်၊ အတွေးအခေါ်နှင့် ဉာဏ်လမ်း ဝိပဿနာတို့ကို အလျဉ်းသင့်သလို ဟောကြားပေးခဲ့ရာ ပရိသတ်များမှာ အထူးများပြားပြီး တစ်ညလျှင် အနည်းဆုံး ပရိသတ်သုံးထောင်မှ ခြောက်ထောင်ထိရှိသည်။

ပရမတ်ပေါက်၊ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားကို ဟောရာတွင်ကား ကျွန်ုပ်ဉာဏ်တွင် ရှင်းလင်းခဲ့သော ဆရာကြီးဦးကြင်ရွှေ၏ ပဋိက္ကူဝိပဿနာသင်တန်းတရားကို အဓိကထားပြီး ဟောကြားခဲ့ပါသည်။ ဟောသော ကျွန်ုပ်နှင့် နာသောပရိသတ်တွင် အမြင်တွေရှင်း၍ ဉာဏ်တွေလင်းနေကြသော်လည်း ကျွန်ုပ်တည်းခိုရာရိပ်သာမှ ကျောင်းထိုင်တရားပြဆရာတော်ကြီးကား အမြင်တွေရှုပ်ပြီး ဉာဏ်တွေ အမှောင်ကျလျက်ရှိသည်။

ရောက်စက ရယ်ရယ်မောမော ပြောပြောဆိုဆိုရှိခဲ့ရ သော ဆရာတော်ကြီးသည် ကျွန်ုပ်တရားပွဲတွေ ယင်းမြို့တွင် စံချိန်တင်လောက်အောင် များပြားလာပြီး လူကြိုက်များလာသည်နှင့် ကျွန်ုပ်ကိုလုံးဝ စကားမပြောတော့ပါ။ သူ့ကို သွားဦးချလျှင်ပင် ဒကာများနှင့် ရယ်ရယ်မောမော ပြောနေသောစကားကို ချက်ချင်းဖြတ်လိုက်ပြီး ညိုမဲနေသော မျက်နှာကြီးဖြင့် ငြိုးသူရန်ဘက်တစ်ယောက်ပမာ ကျွန်ုပ်ကို ကြည့်နေခြင်းမှာ မင်း ငါ့ကျောင်းမှာမတည်းနဲ့ ခုထွက်သွားဟု အသံတိတ်ပြောနေသလို ဖြစ်နေပါတော့သည်။

ကျွန်ုပ်ကား အသက် (၇၀)အရွယ် ဆရာတော်ကြီးတစ်ပါးကို ဘာများလျှောက်ထားဝံ့ပါမည်နည်း။ မျက်နှာသေလေးနှင့် သူ့ရှေ့မှ ထွက်ခွာလာခဲ့ရပါတော့သည်။ ကျွန်ုပ်တရားပွဲများ နာမည်ကြီးလေ

www.burmeseclassic.com

www.burmeseclassic.com



ဌင်းဆရာတော်ကြီးသည် ကျွန်ုပ်သူ့ကျောင်းမှာ နေလို့မရအောင် လုပ်လေပင်။ နည်းမျိုးကလည်း စုံလှ၏။

ကျွန်ုပ်တည်းသော ကျောင်းလေးနားတွင် ကိုရင်လေးများကို ခွေးရိုက်နွားရိုက်ရိုက်ပြီး မကြားဝံ့မနာသာ ဆဲရေးသည်။ ကျွန်ုပ်နှင့် ပါလာသော ဦးပဥ္စင်းတစ်ပါးနှင့် ဒကာမှာ ထိုဆရာတော်ကြီးကို ကြောက်လှသဖြင့် အဆောင်တံခါးမကြီးကို အမြဲပင်ပိတ်၍ထားကြသည်။ တရားပွဲတွေ မြန်မြန်ပြီးပါတော့ဟုပင် ကျွန်ုပ်ဆုတောင်းမိသည်။

ကျွန်ုပ်ဆုတောင်းအတိုင်း ယင်းမြို့ပေါ်မှ တရားပွဲများ ပြီးသွားသဖြင့် ကျေးရွာများသို့ ဆင်းကြရသည်။ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်ထိ၊ မြို့တစ်မြို့ရှိ တောင်တစ်တောင် တွင် တရားစခန်းဖွင့်သည်။ ဒုလ္လဘရဟန်း၊ ယောဂီ (၆၀)ကျော်ရှိသည်။ ထိုတောင်ပေါ်၌ရှိစဉ်မှာပင် ကျွန်ုပ်၏တရားပွဲများဖြစ်မြောက်အောင် ကြိုးစားကြသည့် ဒကာများအား

"ဒကာကြီးတို့ နောက်နှစ်ဦးပဥ္စင်းကို တရားဟောပင့်ကြရင် အခုတည်းတဲ့ကျောင်းမှာ မတည်းပါရစေနဲ့တော့။ ဦးပဥ္စင်းကို အကြောင်းပြုပြီး ဆရာတော်ကြီးမှာ အကုသိုလ်တွေ တော်တော်ဖြစ်နေတယ်။ သူ့ရဲ့ အမူအရာတွေ၊ အပြောအဆိုတွေက ဦးပဥ္စင်းကို သူ့ကျောင်းမှာ မတည်းစေချင်မှန်း သိသာပါတယ်။ မင်း ငါ့ကျောင်းမှာမတည်းနဲ့လို့ မပြောသေးရုံပဲရှိတော့တာပါ။ အဲဒီလိုဖွင့်ပြောတဲ့အထိဖြစ်လာရင် နှစ်ဖက်စလုံးမှာ မကောင်းတော့ပါဘူး"

"ဦးပဥ္စင်းကြွလာကာစက ဆရာတော်ကြီး ခရီးဝေးကြွနေ ...ယ်။ မရှိဘူး။ လက်ထောက်ဆရာတော်လေးက ဦးပဥ္စင်းတရားပွဲ ...စ်ပွဲ သူ့ရိပ်သာကျောင်းထဲမှာ ကျင်းပတယ်။ အဲဒီလိုကျင်းပဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး လက်ထောက်ဆရာတော် လေးလဲ တော်တော်အဆူခံရတယ် လို့ ကြားရတယ်။ သူတို့ရဲ့ (-------)နည်းမဟုတ်ရင် ကျောင်းထဲမှာ တရားမဟောရဘူးလို့ ပြောသတဲ့။ တကယ်တော့ ဆရာစွဲပေါ့လေ။ အမှန် တော့ သူတို့ဆရာလည်း ဘုရားဟောတဲ့တရားပဲ။ ဦးပဥ္စင်းတို့ ဟောတာလည်း ဘုရားဟောတဲ့တရားပါပဲ"ဟု ရှင်းပြ အသိပေး လိုက်သည်။ အခါတွင်း(သကြ္ဂန်) တနင်္သာရီတရားပွဲပြီးသည်နှင့် ထိုမြို့၌ ယခုနှစ်အတွက် နှုတ်ဆက်တရားပွဲဟောရန် ၄င်းဆရာ တော်ကြီးကျောင်းသို့ မျက်နှာပူပူနှင့် ကြွရပြန်ပါသည်။ သုံးရက်တော့ ကြိတ်မှိတ်နေရပေဦးမည်။ ကံကောင်းသည်ကား ယင်းအချိန်က ထိုဆရာတော်ကြီးမရှိ။ ကံဆိုးသည်ကား ထိုဆရာတော်ကြီး ခရီး မထွက်မီ ကျွန်ုပ်အတွက်မှာသွားသောစကားကို ဒကာတစ်ယောက် က ဝမ်းနည်းစိတ်မကောင်းစွာ လာလျှောက်ခြင်းပါတည်း။

ထိုဒကာသည် သူတို့ရပ်ကွက်၌ ကျွန်ုပ်တရားပွဲများ ဖြစ် မြောက်အောင် အပင်ပန်းခံကြိုးစားသူပါတည်း။ သူသည် မျက်နှာ မကောင်းစွာဖြင့် အရေးတကြီးရောက်လာပြီး

"ဒီစကားကို ဆရာတော်ကို ပြန်လျှောက်သင့်၊ မလျှောက် သင့် တပည့်တော် အကြိမ်ကြိမ်အခါခါ စဉ်းစားပါတယ်ဘုရား။ စိတ်မကောင်းစရာစကား ဖြစ်သော်လည်း ခုအချိန်မှာတော့ မလျှောက်ရင်မဖြစ်တော့တဲ့အတွက်ကြောင့် လျှောက်ထားရတာပါ ဘုရား"

'ဆရာတော်ကြီးက ဦးပဥ္စင်းနဲ့ပတ်သက်ပြီး ပြောခဲ့တဲ့ စကား ထင်တယ် ဟုတ်လား ဒကာကြီး'

'ဟုတ်ပါတယ်ဘုရား'

'ဟုတ်ရင် ပြောသာပြောပါ'

www.burmeseclassic.com

www.burmeseclassic.com



'အရှင်ဘုရားတို့ တနင်္သာရီဘက်ကြွသွားတဲ့ အချိန်မှာပဲ၊ ကိစ္စတစ်ခုနဲ့ကျောင်းကိုရောက်သွားတဲ့ အချိန် ဆရာတော်ကြီးက တပည့်တော်ကို ခဏဆိုပြီး အခေါ်ခိုင်းလိုက်ပါတယ်။ ရောက်သွားတာနဲ့ မင်းတို့ ဓမ္မကထိကကိုယ်တော် ဘယ်ရောက်သွားပြီလဲလို့ မေးပါတယ်။ တပည့်တော်က ရိုးရိုးသားသား မေးတာမှတ်လို့ တနင်္သာရီဘက်ကြွသွားပါတယ် ဘုရားလို့ လျှောက်လိုက်တော့'

'မင်းတို့ဆရာတော်တရားက ဘာတရားလဲကွ။ ဒါမျိုးတွေ တို့ကျောင်းက လက်မခံဘူး။ အခုကျောင်းမှာ အတည်း ခံတာတောင် ငါမရှိတုန်း လက်ထောက်ကိုယ်တော်က လက်ခံလိုက်လို့၊ ငါ့အလိုသာဆိုရင် ကျောင်းမှာ ဘယ်လိုမှ လက်မခံဘူးလို့ ပြောပါတယ်ဘုရား။ အဲဒီစကားကို အရှင်ဘုရားမပြောရင်လဲ လာမည့်နှစ်တွေဆက်တည်းနေရင်းနဲ့ ပြဿနာတက်မှာ စိုးရပါတယ်ဘုရား'

'ပြောရင်လဲ အရှင်ဘုရား စိတ်ဆင်းရဲဖြစ်မှာ စိုးရိမ်ရပြန်ပါတယ်ဘုရား။ ဒါ့ကြောင့် အရှင်ဘုရား တနင်္သာရီ မြို့မှာ ရှိတုန်းက မလျှောက်ထားဖြစ်သေးပဲ အခုမှ လျှောက်ရတာပါဘုရား'

ထိုဆရာတော်ကြီးကား ဆရာစွဲကြီးလှ၏။ သူတို့တရားနည်းကို ဟောမှ သူတို့ရိပ်သာထဲ၌ ဟောခွင့်ရမည်။ သူတို့ တရားနည်းမျိုး ဟောသူမဟုတ်လျှင် သူတို့ရိပ်သာ၌တည်းပင် မတည်းရဟူသော အဓိပ္ပာယ်ပင်။ ထိုဆရာစွဲဖြစ်လာအောင် ကြသာမစ္ဆရိယက ဖန်တီးပေးနေခြင်းဖြစ်ကြောင်း သတိထားကြည့်လျှင် မြင်နိုင်ပါသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်တွေ့သုံးမျိုး

ဝိပဿနာတရားများ ဟောပြောပြသကြရာ၌ ကိုယ်တွေ့သုံးမျိုးရှိ၏။ ယင်းတို့ကား ဗုဒ္ဓကိုယ်တွေ့၊ ဆရာ့ကိုယ်တွေ့၊ မိမိကိုယ်တွေ့တို့ပင်ဖြစ်သည်။ ထိုသုံးမျိုးတွင် မှားနိုင်သော ကိုယ်တွေ့ကား ဆရာ့ကိုယ်တွေ့နှင့် မိမိကိုယ်တွေ့ပင်ဖြစ်၏။ မမှားနိုင်သော ကိုယ်တွေ့ကား ဗုဒ္ဓကိုယ်တွေ့ပင်ဖြစ်၏။ ဗုဒ္ဓကိုယ်တွေ့တရားများကို ပါဠိတော်၊ အဋ္ဌကထာတို့တွင် တွေ့မြင်နိုင်ပါ၏။

တစ်ချို့သောသူများကား ဗုဒ္ဓကိုယ်တွေ့ကို အဓိကမထားဘဲ ဆရာ့ကိုယ်တွေ့နှင့် မိမိကိုယ်တွေ့များကိုသာ ရှေ့တန်းတင်ပြီး ဟောပြောပြသနေကြရာ ဉာဏ်နုနယ်သော ယောဂီများအတွက် ရင်လေးဖွယ်ပင်ဖြစ်ပါ၏။ တို့က ခန္ဓာကိုယ်တွေ့ကို ဟောနေတာ၊ ပိဋကတ်စာအုပ်တွေကြည့်ဟောတာမဟုတ်ဘူးဟူသော တရားရတနာပယ်သည့် စကားများကိုပင် မရှက်မကြောက်ပြောရဲသူများ ပေါ်လာကြပေပြီ။

စိစိတွေး ရေးရေးပေါ်ဟူသောစကားအတိုင်း ဗုဒ္ဓညွှန်ပြသော တရားများကို ကျင့်သုံးနေပါလျက် ဗုဒ္ဓကိုယ်တွေ့ကို ပယ်ထားမည်ဆိုလျှင် အဘယ်မှာအမှန်ကို ဆိုက်ရောက်နိုင်တော့မည်နည်း။ ဂိုဏ်းစွဲ၊ လူမျိုးစွဲ၊ ဆရာစွဲများသည် ရဟန်းများကိုသာ ဒုက္ခပေးသည်မဟုတ်။ ကိုးကွယ်သော ဒကာ၊ ဒကာမများကိုပါ ဒုက္ခပေးပါ၏။

ယင်းမြို့တွင် တရားပွဲနားသောညများ၌ အခြား ဆရာတော်များ၏တရားများကို သွားနာရင်းဖြင့် ဆရာစွဲ၊ ရိပ်သာစွဲ အတ္တများကြောင့် အကျိုးယုတ်ကြရသော ဒကာ၊ ဒကာမများကို တွေ့ရပါသည်။ တရားပွဲရှိလျှင် မိမိတို့ဝင်သော ရိပ်သာတရားနည်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဟောသော မမှုကထိက ဟုတ်မဟုတ် အရင်လေ့လာကြသည်။ မိမိတို့ရိပ်သာနည်းဖြင့်ဟောသော မမှုကထိကဆိုလျှင် အဟောကောင်းကောင်း မကောင်းကောင်း သွားနာကြသည်။

တခြားရိပ်သာနည်းဖြင့် ဟောသောတရားဖြစ်လျှင် မမှုကထိကသည် မည်မျှပင် အဟောကောင်းကောင်း သွားမနာကြတော့ပေ။ ထိုသို့သွားမနာလျှင် မနာယူသူသာ အကျိုးယုတ်စရာရှိကြောင်း သတိထားသင့်ပါသည်။ မြန်မာပြည်တွင် သံဃာဂိုဏ်းကြီးကိုးဂိုဏ်းရှိသည်။ ၎င်းတို့ကား သုဓမ္မာ၊ ရွှေကျင်၊ မဟာဒွါရ၊ မူလဒွါရ၊ အနောက်ချောင်းဒွါရ၊ ဝေဠုဝန်၊ စတုဘုမ္မိကငှက်တွင်း၊ မဟာရင်၊ ကဏဝိမုတ်တို့ ဖြစ်သည်။

တချို့ ဂိုဏ်းစွဲအားကြီးသော ဒကာ၊ ဒကာမများသည် မိမိတို့ကိုးကွယ်သောဂိုဏ်းမှ သံဃာများကိုသာလျှင် သံဃာထင်သည်။ အခြားဂိုဏ်းမှ သံဃာများဆိုလျှင် သံဃာပင် မထင်သည့်အထိအထင်သေးတတ်ကြသည်။ တချို့ ဒကာ၊ ဒကာမများကား အတွေးအခေါ်ပညာနှင့် သဒ္ဓါမျှတကြသောကြောင့် ဂိုဏ်းစွဲမထား၊ သံဃာဆိုလျှင် ဘုရားသားတော်ဟု သဘောထားကာ ကြည်ညိုနိုင်ကြသည်။ ထိုဒကာ၊ ဒကာမနှစ်မျိုးအနက် မည်သည့်အမျိုးအစားက ကုသိုလ်တရား ပို၍တိုးပွားကြောင်းကို ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီး တွေးခေါ်မြော်မြင်ပြထားသည်မှာ . . .

တစ်နေ့တွင် ပထမပြန်နာယက အစည်းအဝေးအပြီး၌ စပ်မိစပ်ရာ ပြောဆိုကြရင်း ဘုန်းကြီးကိုးကွယ်သည့် ဒကာ၊ ဒကာမများအကြောင်းရောက်သွားကြ၏။ ဆရာတော်က-

'တပည့်တော်တို့ မြန်မာပြည်မှာ ဘုန်းကြီးကိုးကွယ် ကြတာဒကာ၊ ဒကာမနှစ်မျိုးတွေ့ရတယ်။ တစ်မျိုးက ဂိုဏ်းဂဏမရွေး

www.burmeseclassic.com

www.burmeseclassic.com



သံဃာမှန်သမျှ ဘုန်းကြီးမှန်သမျှ ကိုးကွယ်တဲ့ ဒကာ၊ ဒကာမ တစ်မျိုးက ဂိုဏ်းဂဏရွေးချယ်ပြီး ကိုယ့်ဂိုဏ်းသံဃာမှ ကိုးကွယ်တဲ့ ဒကာ၊ ဒကာမ အဲသည်နှစ်မျိုးအနက် ဂိုဏ်းဂဏမရွေး ကိုးကွယ်တဲ့ ဒကာ၊ ဒကာမတွေကသာ သံသရာမှာ အထက်တန်းကနေရမှာဘဲ' ဟု ပြောဆိုလျှောက်ထားသည့်အခါ 'ဘာဖြစ်လို့လည်း ဆရာတော်' ဟု ဆရာတော်တစ်ပါးက မေးလိုက်သည်။

'ဂိုဏ်းဂဏမရွေးချယ်တဲ့သူက ဘုန်းကြီးမှန်လျှင် ဘယ်ဘုန်းကြီးပဲဖြစ်ဖြစ် ဝတ်ချမှာပဲ၊ လှူစရာရှိ လှူမှာပဲ။ ဒီတော့ ဘုန်းကြီးနဲ့ တွေ့တိုင်း ကုသိုလ်ဖြစ်တာပေါ့။ ဂိုဏ်းဂဏ ရွေးချယ်တဲ့သူက ကိုယ့်ဂိုဏ်းကဘုန်းကြီးမှ ဝတ်ချချင်မှာ၊ လှူချင်မှာ သူများဂိုဏ်းက ဘုန်းကြီးဆိုရင် ဝတ်ချချင်မှချမှာ၊ လှူချင်မှလှူမှာ၊ ဒီတော့ သူများဂိုဏ်းကဘုန်းကြီးတွေ့လျှင် သူ့မှာ ကုသိုလ်ဖြစ်မှာမဟုတ်ဘူး' ဟု မိန့်တော်မူသည်ကို မေးသည့်ဆရာတော်က -

'ဝိစေယျဒါနံ ဒါတဗ္ဗံ၊ ပုဂ္ဂိုလ်ရွေးချယ်ပြီး လှူရမယ်လို့ ရှိတယ် မဟုတ်လားဘုရား'ဟု ထပ်၍ လျှောက်ထားလေသည်။

'ရှိပါတယ်၊ အဲဒါက ဉာဏ်နုသူများအတွက် ဟောထားတဲ့ တရားပဲ။ ဉာဏ်ရင့်သူတွေဆိုတာက လယ်လုပ်တတ်သူနဲ့တူတယ်။ လယ်လုပ်တတ်သူဟာ မြေဩဇာကောင်းတဲ့နေရာမှာ စိုက်စိုက်၊ မြေဩဇာမကောင်းတဲ့ နေရာမှာစိုက်စိုက်၊ နောက်ဆုံး တောင်ထိပ်တက်ပြီး လယ်လုပ်ဦး၊ အသီးအနှံ ထွက်လာတာပဲ'

'ဒါကြောင့် လယ်လုပ်တတ်သူအဖို့ မြေနေရာရွေးဖို့ မလိုဘူး။ ဉာဏ်နုသူတွေကတော့ လယ်မလုပ်တတ်သူနဲ့ တူတယ်။ လယ်မလုပ်တတ်သူဟာ မြေဩဇာကောင်းတဲ့နေရာကို ရွေးချယ်ပြီးလုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



အသီးအနှံ့ရတယ်။ ဒါကြောင့် လှူတဲ့တန်းတဲ့နေရာမှာ ပုဂ္ဂိုလ်ရွေးချယ်ပြီးလုပ်မှ အသီးအနှံ့ရတယ်။ ဒါကြောင့် လှူတဲ့တန်းတဲ့နေရာမှာ ပုဂ္ဂိုလ်ရွေးချယ်ပြီး လှူကြဖို့ ဝိစေယျဒါနံ ဒါတဗ္ဗံလို့ ဟောတာပဲ'ဟု အဆုံးအဖြတ်ပေးတော်မူခဲ့ပါသည်။

ဂိုဏ်းစွဲ၊ လူမျိုးစွဲ (ရခိုင်၊ မြန်မာ စသည့်) ဆရာစွဲရှိသူများသည် ရရှိမည့်ကုသိုလ်များ ဆုတ်ယုတ်ရုံသာမကသေး၊ မဖြစ်သင့်သည့် အကုသိုလ်အပိုများပါ ထပ်ဖြစ်ရပါသေးသည်။ ဥပမာအားဖြင့် ဂိုဏ်းစွဲမရှိလျှင် မိမိထက်သာမှသာ ဣဿာမစ္ဆရိယ အကုသိုလ်ဖြစ်မည်။ ဂိုဏ်းစွဲရှိခဲ့လျှင်ကား မိမိဂိုဏ်းထက် တခြားဂိုဏ်းကသာသွားလျှင် ဂိုဏ်းအတွက်ပါ ဣဿာမစ္ဆရိယ အကုသိုလ်ထပ်ဖြစ်ရပြန်ပါသည်။ ကမ္ဘာလောကရှိ လူသားအားလုံး စိတ်ချမ်းသာလို့ကြပါစေ။ ရန်သူကင်းလိုကြပါစေ။ သို့သော် စိတ်မချမ်းသာကြရသူ၊ ရန်သူမကင်းသူကသာ များကြပါ၏။ အဘယ်ကြောင့်ပါနည်း။

× × × × ×

## စိတ်ဆင်းရဲခြင်းအကြောင်းရင်း

ထိုမေးခွန်းကို လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က သိကြားမင်းကိုယ်တိုင် ဘုရားကို မေးခဲ့ဖူးသည်။ တစ်နေ့ သောအခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့ဘက်ရပ်၊ ဝေဒိယကတောင်၊ ဣန္ဒသာလလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူစဉ် သိကြားမင်းရောက်ရှိလာပြီး မေးမြန်းသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



'မြတ်စွာဘုရား . . . လူနတ်သတ္တဝါအများတို့သည် ရန်ကင်းငြိုးလျက် ဒဏ်ကင်းလျက် ရန်သူကင်းလျက် စိတ်ဆင်းရဲကင်းလျက် အမျက်ထွက်ခြင်းကင်းနေရခြင်းကို လိုချင်တောင့်တ,ကြပါကုန်၏။ သို့ပါလျက် ရန်ငြိုးရှိလျှက်၊ ဒဏ်ရှိလျှက်၊ ရန်သူရှိလျက်၊ စိတ်ဆင်းရဲလျက်၊ အမျက်ထွက်လျက်နေကြရသည်မှာ အဘယ်အကြောင်းကြောင့်ပါနည်း'

ထိုအခါ ဗုဒ္ဓက မနာလိုခြင်း၊ ဣဿာနှင့် ဝန်တိုခြင်း၊ မစ္ဆရိယရှိသောကြောင့်ဟူ၍ ပြတ်ပြတ်သားသား အဖြေပေး တော်မူခဲ့ပါသည်။

(သုတ်မဟာဝါ ပါဠိတော်၊ သက္ကပဉှာသုတ်)

သဂါထာဝဂ္ဂသုတ်၊ မစ္ဆရိသုတ်၌လည်း နတ်သားတစ်ယောက်က သူတစ်ပါးအလှူကို အန္တရာယ်ပြုသည်အထိ ဝန်တိုခြင်း မစ္ဆရိယရှိသူအတွက် လက်ငင်းဆိုးကျိုး၊ သံသရာဆိုးကျိုးများကို သိလိုပါသည်ဟုမေးလျှောက်ရာ ဗုဒ္ဓက မစ္ဆရိယသမားအတွက် လက်ငင်းဆိုးကျိုးကား သူတောင့်တသော အရာမှန်သမျှ ဘယ်တော့မှမရ ကူညီစောင်မမည့်သူလည်းမရှိ။

သံသရာဆိုးကျိုးကား ငရဲ၊ တိရစ္ဆာန်စသော အပါယ်လေးဘုံသို့ ကျရောက်ရပြီး ထိုဘုံများမှလွတ်၍ လူ့ဘဝသို့ ရောက်ခဲ့လျှင် အဆင်းရဲဆုံးဘဝသို့ရောက်ရသည်။ ဝမ်းစာကို နဖူးကချွေး ခြေမကျသည်အထိ ပင်ပန်းဆင်းရဲစွာ ရှာဖွေရသည်ဟု ဖြေကြားခဲ့ပေသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်မြို့က မစ္ဆရိယပြိတ္တာမ

မစ္ဆရိယသည် သေးငယ်လျှင် မိမိပစ္စည်းကိုသာ ဝန်တိုသည်။ ကြီးလာလျှင် သူတစ်ပါး၏ပစ္စည်းကိုပါလိုက်ပြီး ဝန်တိုလာတတ်သည်။ ကျွန်ုပ်၏ တပည့်မလေးတစ်ယောက်မှ တစ်ဆင့်သိရသော အဖွားကြီးတစ်ယောက်၏ အဖြစ်သည်ကား သနားစရာလည်း ကောင်း၊ သံဝေဂရစရာလည်း ကောင်းလှပါသည်။ ထိုအဖွားကြီးသည် မစ္ဆရိယ၏ နှိပ်စက်မှုကြောင့် မပေးနိုင်မကမ်းနိုင် နှမြောစေးနည်း ဝန်တိုလှသည်။

မစ္ဆရိယက ကြီးသထက်ကြီးလာသောအခါ မိမိပစ္စည်းကိုသာ ဝန်တိုရုံမကတော့ပဲ အိမ်သားအားလုံး၏ ပစ္စည်းများကိုပါလိုက်ပြီး ဝန်တိုလာသဖြင့် အိမ်သားများ မည်သူ ဒါနပြုပြု မပြုရန် တားဆီးပိတ်ပင်တော့သည်။ ထိုသို့ပြုခြင်းကို စာပေ၌ ပုညန္တရာယ်ဟုခေါ်သည်။ သူတစ်ပါး၏ ကုသိုလ်ပျက်စီးအောင် အန္တရာယ်ပြုခြင်းဟု အဓိပ္ပာယ်ရသည်။ အလွန်အကုသိုလ်ကြီးသော အမှုပါတည်း။

တစ်နေ့တွင် ထိုအဖွားကြီးဆုံးသွားလေရာ ဗုဒ္ဓဘာသာတို့၏ ထုံးစံအတိုင်း ရက်လည်ဆွမ်းကျွေးပြီး နောက်တစ်နေ့မှာပင် သူ၏ မြေးမလေးအား အိပ်မက်ပေးလေသည်။ အိပ်မက်ထဲတွင် အဖွားကြီးမှာ ပိန်လှီနေပြီး အရိုးပေါ်အရေတင် ရုံသာရှိသည်။ အဝတ်အစားလည်းမရှိဘဲ ကိုယ်တုံးလုံးကြီး ဖြစ်လျက်ရှိသည်။ အိပ်မက်ထဲ၌ မြေးနှင့်အဖွားပြောနေကြသည်မှာ . . .

'မြေးလေးရေ . . . အဖွားကို ကယ်ပါဦး၊ အဖွားမှာ စားစရာလည်းမရှိ၊ ဝတ်စရာလည်းမရှိ ဖြစ်နေပြီ။ မြေးလေး မြင်ရတဲ့ အတိုင်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဖွားရယ် . . . မြေးလေးတို့တစ်တွေ အဖွားဆုံးတဲ့နေ့က လည်း သက်ပျောက်ဆွမ်းကပ်တယ်။ သင်္ဂြိုဟ်တဲ့နေ့ကလည်း မြေဆင်းဆွမ်း ကပ်လှူတယ်။ ရက်လည်တဲ့နေ့ကျတော့လည်း အဖွားသက်စေ့သံဃာတွေပင့်ပြီး ဆွမ်းတွေ၊ သင်္ကန်းတွေ လှူခဲ့တာပဲ။ မြေးလေးတို့ အမျှပေးတာ အဖွား သာဓုမခေါ်ရဘူးလား'

'ခေါ်လို့မရပါဘူး ငါ့မြေးရယ်'

'ဘာလို့လဲ အဖွားရဲ့'

'ကိုယ်ပြုတဲ့ဒဏ် ကိုယ်ပြန်ခံရတာပါပဲ ငါ့မြေးရယ်။ အဖွား မသေခင်တုန်းက ကိုယ်ကိုယ်တိုင် ဒါနမပြုခဲ့တဲ့အပြင် သူတစ်ပါး ပြုတဲ့ဒါနကိုလိုက်ပြီး တားဆီးခဲ့တဲ့ သူတစ်ပါးကုသိုလ်ကို ပိတ်ပင် တားဆီးခဲ့တဲ့ အကုသိုလ်ကံကြောင့် အခုအဖွားမှာ သာဓုခေါ်စရာ ပါးစပ်ပေါက်ပါမလာဘူး မြေးလေးရယ်'ဟုပြောပြီး ပါးစပ်ပေါက် မပါသော သူမျက်နှာကို လှည့် ပြသဖြင့် မြေးဖြစ်သူမှာ လန့်ပြီး အိပ်ရာမှ နိုးသွားခဲ့ရပါသည်။

ထိုအဖွားကြီးကား ပြိတ္တာဘုံဘဝမှ ကျွတ်လွတ်ရန် မလွယ် တော့ပါချေ။ ဣဿာမစ္ဆရိယသည် ထိုကဲ့သို့ လောကီချမ်းသာများ ဆုတ်ယုတ်အောင် လုပ်သည်သာမကသေး၊ မဂ်ချမ်းသာ၊ ဖိုလ် ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာမရအောင်လည်း လုပ်ပါသေးသည်။ သုတ္တနိပါတ်ပါဠိတော်၌ အဇိတရသေ့က ဗုဒ္ဓအား -

ကေနသု နိဝုတောလောကော
ကေနသုန ပကာသတိ။
ကိဿာ ကိလေပနံ ဗြူသိ။
ကိံဿမဿံ မဟာဗ္ဘယံ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ပရမတ်ရုပ်နာမ် သင်္ခါရတွေ မမြင်အောင် ဝါ မင်္ဂဖိုလ်မရအောင် အဘယ်တရားတွေက ပိတ် ဖုံးထားပါသလဲ ဘုရားဟုမေးလျှောက်ရာ ဗုဒ္ဓက -

ဝေဝိစ္ဆာ ပမာဒါ ဉာဏပဘံနကရောတိ။

ဣ္ကသာမစ္ဆရိယ တရားနှစ်ပါးနှင့် မေ့လျော့ခြင်း ပမာဒတရားများက မင်္ဂဖိုလ်မရအောင် တားဆီးတတ်ကြောင်း ဟောကြားထားရာ ဣ္ကသာမစ္ဆရိယသည် သာမန်အကုသိုလ်မဟုတ်၊ မင်္ဂဖိုလ်မရအောင်ပင် တားတတ်သည့် အကုသိုလ်တရားကြီးဖြစ်ကြောင်း သတိပြုကြရပါမည်။ ဤနေရာနှင့် အဆက်တည်းဖတ်ထားသင့်သော ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ နှင့်ဒီဇင်ဘာလ၊ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလထုတ် မေ့ရုံသိမဂ္ဂဇင်းများတွင် ကျွန်ုပ်သုံးလ ဆက်တိုက်ရေးသားခဲ့သော အတွင်းရန်သူအမည်ရှိ ဆောင်းပါးသုံးပုဒ်ကို ဖော်ပြလိုက်ပါသည်။

× × × × ×

## အတွင်းရန်သူ

သက်ရှိသတ္တဝါတွေကို ခန္ဓာ၊ အာယတန၊ ဓါတ်၊ ဒုက္ခ သစ္စာ၊ ဝဋ်မီးစာ၌ အခါခါလောင်မြိုက်စေသောကြောင့် ကိလေသာမီးလည်းမည်သော သံသရာဝဋ်ဒုက္ခနှောင်အိမ်မှ လွတ်မထွက်အောင် ချိနှောင်ရစ်ပတ်ထုံးဖွဲ့ထားတတ်သောကြောင့် သံယောဇဉ်နှောင်ကြိုးလည်းမည်သော အကုသိုလ်တရားဆိုး ဆယ်မျိုး ရှိပါသည်။

၎င်းတို့ကား -

www.burmeseclassic.com

www.burmeseclassic.com



(၁) အာရုံငါးပါး၌ တပ်မက်စွဲလမ်းခြင်း
- ကာမရာဂသံယောဇဉ်

(၂) ကာမ၊ ရူပ၊ အရူပဟူသော ဘဝသုံးပါးကို
တပ်မက်စွဲလမ်းခြင်း - ဘဝရာဂသံယောဇဉ်

(၃) စိတ်ဆိုးခြင်း၊ အမျက်ဒေါသထွက်ခြင်း
- ပဋိဃသံယောဇဉ်

(၄) ထောင်လွှားခြင်း - မာနသံယောဇဉ်

(၅) ရုပ် နာမ်ကို သူ-ငါပဲဟု အယူအစွဲမှားခြင်း
- ဒိဋ္ဌိသံယောဇဉ်

(၆) ရတနာသုံးပါး ကံတရား၌ ယုံမှားသံသယဖြစ်ခြင်း
- ဝိစိကိစ္ဆာသံယောဇဉ်

(၇) ရှစ်ပါးမဂ္ဂင်၊ ကျင့်စဉ်မပါ၊ သစ္စာမမြင် အယူမစင်
ကြယ်သော အကျင့်ကိုကျင့်ခြင်း
- သီလဗ္ဗတပရာမာသသံယောဇဉ်

(၈) မနာလိုခြင်း ဣဿာသံယောဇဉ်

(၉) ဝန်တိုကောက်ကျစ်ခြင်း - မစ္ဆရိယသံယောဇဉ်

(၁၀) သစ္စာလေးပါးကို အမှန်မသိခြင်း
- အဝိဇ္ဇာသံယောဇဉ် တို့ဖြစ်ကြပေသည်။

ထိုတရားဆိုးများကို မဂ်လေးပါးက အစဉ်အတိုင်း ပယ်သတ်ပေးပုံမှာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ဣဿာ၊ မစ္ဆရိယ မည်သော သံယောဇဉ်ငါးပါးကို သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်ပေးသည်။ ရုန့်ရင်းသော ကာမရာဂသံယောဇဉ်နှင့် ပဋိဃသံယောဇဉ်တို့ကို သကဒါဂါမိမဂ် ဉာဏ်ကပယ်သတ်ပေးသည်။

သိမ်မွေ့သော ကာမရာဂသံယောဇဉ်နှင့် ပဋိဃသံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



ကို အနာဂါမိမဂ်ဉာဏ်က ပယ်သတ်ပေးသည်။ မာနသံယောဇဉ်၊ ဘဝရာဂသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်တို့ကို အရဟတ္တ မဂ်ဉာဏ်က ပယ်သတ်ပေးသည်။ ဤရှင်းလင်းချက်ကို ရေးပြနေသည်မှာ စာရှုသူအနေဖြင့် ပုထုဇဉ်တိုင်းတွင် မနာလိုခြင်း ဣဿာနှင့် ဝန်တိုခြင်း မစ္ဆရိယရှိနေသည်ဟု သိစေလိုခြင်းကြောင့်ပင်၊ သို့သော် ပုထုဇဉ်တိုင်း ဣဿာမစ္ဆရိယရှိသည်ဟုဆိုသည်နှင့် ငါလဲပုထုဇဉ်ပဲ၊ ဣဿာမစ္ဆရိယရှိလို့ ဣဿာမစ္ဆရိယဖြစ်တာ ဘာမှမဆန်းဟုတော့ ဆုံးဖြတ်ချက် မချလိုက်ပါနှင့်။

အဘယ်ကြောင့်နည်း၊ စိတ်အစဉ်တွင် ကိန်းအောင်းနေသော အနုသယအဆင့်အနေဖြင့် ပုထုဇဉ်မှာ ဣဿာမစ္ဆရိယရှိသည်မှန်သော်လည်း စိတ်ထဲတွင် ထကြွသောင်းကျန်းလာသော ပရိယုဋ္ဌာနအဆင့်၊ ကာယကံ၊ ဝစီကံဖြင့် ကျူးလွန်လာသော ဝီတိက္ကမအဆင့်သို့ မရောက်အောင် ဖြစ်ပေါ်မလာအောင် အသိဉာဏ်ဟူသော ချွန်းဖြင့် ထိန်းချုပ်ထားနိုင်သောကြောင့်ပါတည်း။

× × × × ×

## မ, လိုက်စားတဲ့ ဥပမိရုပ်

ဂရိဒေသမှ ပညာရှင်သူတော်စင်ကြီး သုံးဦးပေါ်ခဲ့ဖူးသည်။ ၎င်းတို့မှာ ဆော့ခရတ္တိ၊ ပလေတို၊ အရစ္စတိုတယ်တို့ ဖြစ်ကြ၏။ ထိုသုံးဦးတွင် ဆော့ခရတ္တိကား နှာခေါင်းတိုတိုနှင့် အင်မတန်မှ ရုပ်ဆိုးကြောင်းသိရသည်။ သို့သော် အတွေးအခေါ်ပညာ၊ ပြုံ့ဝသောစိတ်ထားတို့ကြောင့် ခေတ်အဆက်ဆက်မှ ယခုအချိန်တိုင်အောင် ကြည်ညိုလေးစားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် အင်္ဂရုပ်ကို လေ့လာအကဲခတ်ပြီး ထိုသူ၏ စိတ်နေသဘောထားကို မလွဲအောင် ဟောပြောနိုင်သော ပညာရှင်တစ်ဦးအား ဆော့ခရတ္တိက သူ၏ဥပမိရုပ်ကိုကြည့်၍ သူ၏စိတ်နေသဘောထားကို ဟောပြောခိုင်းသဖြင့် ထိုပညာရှင်က ဟောပြောလိုက်သည်မှာ-

"ဒီလို ဥပမိရုပ်မျိုးဟာ ကျုပ်လေ့လာထားမိသမျှဆိုရင် လိုက်စားတဲ့ဘက်မှာ သိပ်စိတ်အားထက်သန်ကြတာပဲ၊ ဒါပေမယ့် ဆော့ခရတ္တိကတော့ ဥပမိရုပ်နဲ့ ဆန့်ကျင်ဘက် ပညာရှိ သူတော်စင်ကြီးတစ်ယောက်ဖြစ်နေတာ အင်မတန်အံ့သြ စရာကောင်းပါတယ်" ဟူ၏။ ထိုအခါ ဆော့ခရတ္တိက

"အမှန်တော့ အဲဒီ မ, လိုက်စားချင်တဲ့စိတ်ကို ထိန်းသိမ်းနိုင်တာနဲ့ပဲ ကျွန်ုပ်ဟာ ပညာရှိသူတော်စင်ကြီး ဖြစ်ခဲ့ရတာပါ" ဟု ပြန်ပြောခဲ့ပါသည်။ ဆော့ခရတ္တိ၏ သုံးသပ်ချက်ကို ကြည့်၍ အောက်ပါ နီတလေးတစ်ခုကို စာရှုသူတို့အား ပေးချင်ပါသည်။

× × × × ×

## စိတ်သခင်နှင့်စိတ်ကျွန်

လောကီ၊ လောကုတ္တရာ နှစ်ဖြာလုံး
ဆုတ်ယုတ်ပျက်စီးနေသူမှန်သမျှသည် စိတ်၏ကျွန်။
လောကီ၊ လောကုတ္တရာ နှစ်ဖြာလုံး
ကြီးပွားတိုးတက် အောင်မြင်နေသူ မှန်သမျှသည်
စိတ်၏သခင်။
မှန်၏။ ကျွန်ုပ်ဟူသည် သခင်ခိုင်းသည်ကို လုပ်ရသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ စိတ်ခိုင်းသည်ကို လုပ်ကြရသော စိတ်၏ ကျွန်ဖြစ်နေသူများသည် ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာလုံး ဆုတ်ယုတ်ပျက်စီးနေမည်သာ ဖြစ်ပေသည်။ အဘယ့်ကြောင့်နည်း၊ ပါပသ္မိံ ရမတိ မနောဟူသော ဓမ္မပဒဒေသနာအတိုင်း စိတ်၏ ပကတိသဘောသည် မကောင်းမှု အကုသိုလ်၌သာ မွေ့လျော်ပျော်ပိုက်သောကြောင့်ပါတည်း။

သခင်ဟူသည် ကျွန်ကိုခိုင်းရသောသူဖြစ်၏။ ထို့အတူ စိတ်ကို မိမိလိုရာ ခိုင်းနိုင်သော စိတ်၏ သခင်များသည်ကား လောကီ၊ လောကုတ္တရာ ပစ္စုပ္ပန်သံသရာအားလုံး ၌ အမြဲတမ်းကြီးပွားအောင်မြင် တိုးတက်နေကြမည်သာ။ ထို့ကြောင့်လည်း ပထမ မစိုးရိမ် ဆရာတော်ဘုရားကြီးက -

ကုသိုလ်အလုပ်ဆိုတာ ဘယ်သူမဆိုလုပ်ရမှာ ပျင်းကြတယ်၊ မလုပ်ချင်ပေမယ့် ပေပြီးလုပ်ရတယ်၊ အကုသိုလ်ကျတော့ ဘယ်သူမဆို မတိုက်တွန်းရဘူး၊ လုပ်ချင်နေကြတယ်၊ အကုသိုလ် အလုပ်ဆိုတာ လုပ်ချင်ပေမယ့် ပေပြီးမလုပ်ပဲရှောင်ရမယ်ဟု ဩဝါဒ ပေးတော်မူခြင်း ဖြစ်ပေလိမ့်မည်။

(မှတ်ချက်) ဤဆောင်းပါး၌ မစ္ဆရိယကို အဓိကထား၍ ရှင်းမည်ဖြစ်သော်လည်း ဆိုးဝါးပုံချင်းတူသော ဣဿာတရားကို လည်း အလျဉ်းသင့်သလို ထည့်သွင်းရေးသားသွားမည် ဖြစ်ပါသည်။

ဤနေရာ၌ ဣဿာမစ္ဆရိယ မိမိသန္တာန်မှာရှိနေသည် မှန် ...ယ်လည်း ဖြစ်မလာအောင် စံနမူနာပြ နေထိုင်သွားနိုင်ကြသော ...မူတော်စင်ပုဂ္ဂိုလ်ထူးများအကြောင်းကို လက်လှမ်းမီသမျှ စုဆောင်း ...ရေးသားတင်ပြသွားပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## ချီးမွမ်းခြင်းနှင့် မြှောက်ပင့်ခြင်း

လူတို့သည် အများအားဖြင့် သူတစ်ပါး၏ မကောင်းကွက်ကို မြိန်ရေယှက်ရေ ပြောဆိုကဲ့ရဲ့ဖို့ရာ လွယ်ကူသလောက် သူတစ်ပါး၏ ကောင်းကွက်ကို ပြောဆိုချီးမွမ်းဖို့ရာကား အင်မတန် ဝန်လေးနေတတ်ကြသည်။ ဤသည်ကား အခြားကြောင့်မဟုတ်။ သူတစ်ပါး၏ ကောင်းဂုဏ်ကို ဝန်တိုသော ဂုဏမစ္ဆရိယတစ်နည်း ဝဏ္ဏမစ္ဆရိယ ကြောင့်ပါတည်း။

သို့သော် မိမိကိုယ်ကို လှည့်စားလိုသူအချို့က ဂုဏ မစ္ဆရိယ ရှိနေဖြစ်နေသည်ကို ဝန်မခံဘဲ၊ ငါတို့က သူများကို မြှောက်ပင့်စားတဲ့ကောင်မဟုတ်ဘူးဟူသော စကားဖြင့် ကြဲဖန်ဂုဏ်ယူတတ်ကြပြန်သေးသည်။ ချီးမွမ်းခြင်းနှင့် မြှောက်ပင့်ခြင်းကား ဆီနှင့်ရေလို ကွာခြားလွန်းလှသည်။

ချီးမွမ်းခြင်းသည် မုဒိတာကြောင့်ဖြစ်သည်။
မြှောက်ပင့်ခြင်းသည် လောဘကြောင့်ဖြစ်သည်။
ချီးမွမ်းခြင်းသည် ပရဟိတကို ဦးတည်သည်။
မြှောက်ပင့်ခြင်းသည် အတ္တဟိတကို ဦးတည်သည်။
ချီးမွမ်းခြင်းသည် ပေးဆပ်လိုခြင်းကို ဦးတည်သည်။
မြှောက်ပင့်ခြင်းသည် ရယူလိုခြင်းကို ဦးတည်သည်။
ချီးမွမ်းခြင်းသည် မှန်ကန်သောသစ္စာစကားဖြစ်သည်။
မြှောက်ပင့်ခြင်းသည် မမှန်ကန်သော မုသားစကားဖြစ်သည်။

ဤမျှထိ ခြားနားကွဲပြားလှသောကြောင့်လည်း ရိုးသားစွာ ချီးမွမ်းသည့်အလုပ်ကိုကား အတုလာဓိပတိဖြစ်တော်မူသော ဘုရားရှင်တို့ပင် ပြုလုပ်တော်မူကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ချီးမွမ်းသည့် ဗုဒ္ဓရှင်တော်

သာဓကတစ်ခုကို ပြပါအံ့။ ဤဘဒ္ဒကမ္ဘာမှ ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသည်။ ဟံသာဝတီမြို့ကို ဂေါစရဂါမ်ပြုလျက် သားကောင်တို့ကို ဘေးမဲ့ပေးရာ ခေမာမည် သောတော၌ သီတင်းသုံးနေတော်မူစဉ် ဝေဒေဟမည်သော သူကြွယ်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာခြောက်သိန်းမျှကို နေအိမ်သို့ပင့်ဖိတ်၍ ဆွမ်းကျွေးလေသည်။

ထိုအချိန်တွင် အရှင်မဟာကဿပမထေရ်ကဲ့သို့ ဓုတင်(၁၃)ပါးကို ဆောင်တော်မူသော နိသဘမထေရ်သည် သူကြွယ်အိမ်ရှိရာလမ်းမှ ဆွမ်းခံကြွသည်ကို ဝေဒေဟ သူကြွယ်မြင်လျှင် မထေရ်ထံမှောက်သို့ အမြန်ရောက်အောင်သွား၍ ထိခြင်းငါးပါးဖြင့်ရှိခိုးကာ

'အရှင်ဘုရား တပည့်တော်ကို သပိတ်ပေးတော်မူပါ'

ထိုအခါ မထေရ်က သပိတ်ကိုပေးတော်မူသည်။ သပိတ်ရပြီးသည်နှင့် . . .

'အရှင်ဘုရား . . . အိမ်ထဲသို့ကြွတော်မူပါ။ မြတ်စွာဘုရားလည်း အိမ်၌ပင် နေတော်မူပါသည်' ဟု လျှောက်ထားလျှင် မဟာနိသဘမထေရ်က

'ဒါယကာ . . . ငါတို့ကား အိမ်သို့ဝင်ခြင်းငှာ မအပ်ပါ'ဟု မိန့်တော်မူသည်။ သူကြွယ်လည်း သပိတ်ကိုယူကာ ဆွမ်းဖြင့်ပြည့်စေပြီး မထေရ်အား ဆက်ကပ်သည်။ မထေရ်ကို လိုက်ပို့ပြီးနောက် မြတ်စွာဘုရားအား ဤသို့ လျှောက်ထားသည်။

'မဟာနိသဘမထေရ်သည် အိမ်၌ မြတ်စွာဘုရား ထင်ရှား ရှိပါ၏။ ဝင်တော်မူပါဟု လျှောက်ထားသော်လည်း ဝင်ခြင်းငှာ အလို

www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ ထိုမထေရ်အား အရှင်ဘုရားတို့ ထက်လွန်ကဲသော ဂုဏ်ကျေးဇူး အထူးရှိပါသလား' ဟု လျှောက်ထား၏။ ထိုအခါ ဂုဏာမဣရိယကင်းပြီးဖြစ်တော်မူသော ပဒုမုတ္တရဘုရားရှင်က

'ဒါယကာ . . . ငါတို့ကား ဆွမ်းကျက်သည့်တိုင် အောင် စောင့်ဆိုင်းလျက် အိမ်၌နေကုန်၏။ မဟာနိသဘမထေရ်ကား ဤသို့ထိုင်လျက် ဆွမ်းကိုမမျှော်မငဲ့ မစောင့်ဆိုင်းချေ။ ငါတို့ကား ရွာနီးကျောင်း၌ နေကြကုန်၏။ ထိုမထေရ်ကား တော၌သာလျှင် နေ၏။ ငါတို့ကား အမိုးရှိသောကျောင်း၌ နေကြကုန်၏။ ထိုမထေရ်ကား လွင်တီးခေါင်၌သာလျှင်နေ၏။ (ပ) ထိုနိသဘမထေရ်အား ဤသို့ ဤသို့သော ဂုဏ်ကျေးဇူး အထူးရှိချေ၏' ဟူ၍ ထုတ်ဖော် ချီးမွမ်းတော်မူခဲ့ပါသည်။

(မဟာဗွါရ သာသနာဝံသဒီပနီ နှာ-၄၉၉ မှ ၄၅၀)

× × × × ×

## ချီးမွမ်းနိုင်သော ပုဂ္ဂိုလ်များ .

ဤအချက်ကိုထောက်ထား၍ သူတစ်ပါး၏ ကောင်းဂုဏ်ကို ဝမ်းပန်းတသာ ချီးမွမ်းနိုင်သော ပုဂ္ဂိုလ်ကိုတွေ့လျှင် ၎င်းပုဂ္ဂိုလ်သည် ဣဿာမစ္ဆရိယကို မဂ်ဉာဏ်ဖြင့် ပယ်သတ်ပြီးသော အရိယာသော် လည်း ဖြစ်ရမည်။ သို့မဟုတ် ပင်ကိုယ် ဗီဇကပင် ဣဿာမစ္ဆရိယ ပါးရှားသော နှလုံးဖြူ အူစင် ပုဂ္ဂိုလ်သော်လည်း ဖြစ်ရမည်။ သို့မဟုတ် ရှိနေသော ဣဿာမစ္ဆရိယကို ဖြစ်ပေါ်မလာအောင် အသိဉာဏ်ချွန်းဖြင့် အုပ်ထားနိုင်သော ပညာရှိသူတော်ကောင်း တစ်ယောက်သော်လည်း ဖြစ်ရမည်ဟု ဆုံးဖြတ်ချက်ချနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပါ ပုဂ္ဂိုလ်သုံးမျိုးတွင် ဒုတိယနှင့် တတိယ အမျိုးအစားထဲတွင် ပါဝင်နိုင်သော ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသူရိယာဘိဝံသ၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ မည်သည့် ပုဂ္ဂိုလ်မျိုးဟု ဆုံးဖြတ်ချက်မချနိုင်သော မြစ်ငယ်မှ မြို့ပြင်ကြီးဆရာတော်၊ မဟာဒွါရဂိုဏ်းတည် အုတ်ဖိုဆရာတော် ဘဒ္ဒန္တ ဥက္ကံသမာလာအရှင်မြတ်တို့အကြောင်းကို ရှာဖွေတင်ပြသွားမည်ဖြစ်ပါသည်။

မိမိအောက်အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ငယ်သောပုဂ္ဂိုလ်တို့အား ဂုဏ်တင်ချီးမွမ်း စရာရှိငြားသော်လည်း လူရှေ့သူရှေ့တွင် ဂုဏ်တင်ချီးမွမ်းဖို့ဆိုသည်မှာ လွယ်ကူသော အရာတစ်ခုမဟုတ်ပါချေ။ ထိုကဲ့သို့ မလွယ်ကူသောအရာကို မစ္ဆရိယဖယ်ခွာပြီး လွယ်ကူစွာလုပ်ပြတော်မူသော ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် အုတ်ဖိုဆရာတော်ကြီးတို့၏ကြည်ညိုလေးစား အတုယူဖွယ်ရာဖြစ်ရပ်နှစ်ခုကို ဦးစွာဖော်ပြပါမည်။

ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီးအား ဣဿာ မစ္ဆရိယံကိုအမြစ်ပြက်ပယ်သတ်သော အရိယာအမျိုးအစားထဲ ထည့်မထားခြင်းမှာ ဆရာတော်ကြီးကိုယ်တိုင် အရိယာမဟုတ်ကြောင်း ဝန်ခံဖူးသောကြောင့်ဖြစ်ပါသည်။ အရိယာမဟုတ်ကြောင်း အတိအလင်းဝန်ခံခဲ့သည်မှာလည်း ဒကာ၊ ဒကာမအချို့၏ ရိပ်ဖမ်းသံဖမ်းရဟန္တာအဖြစ် ပြောဆိုကြသောအသံများကို ကြားသိသောကြောင့်ဟု ယူဆရပါသည်။

ဆရာတော်ကြီးပျံလွန်တော်မမူမီ သုံးလကျော်ခန့် ၁၃၃၇ခုနှစ်၊ ဝါဆိုလဆန်း (၂)ရက်နေ့က တပည့်ရင်းများ ကို "ငါတော့

www.burmeseclassic.com

www.burmeseclassic.com



အသက် (၉၆)နှစ်ပြည့်တော့မယ် ဘာတရားထူးမှမရဘူး"ဟူ၍ ပွင့်လင်းစွာ မိန့်ကြားတော်မူခဲ့သည်။

ယင်းအကြောင်းကို ဆရာတော်၏တပည့်ရင်း လူပျံတော် ပတ္တမြား ဦးမောင်မောင်ကိုပြောပြရာ ထိုသို့ ရိုးသားဖြောင့်မတ်မှုကို ဆထက်ထမ်းပိုး ကြည်ညိုသွားရှာသော ဦးမောင်မောင်က တပည့်တော်တို့ ဆရာတော် တရားထူးမရပေမယ့် ပုထုဇဉ်ထဲမှာတော့ အနီးကပ် အကြည်ညိုအခံနိုင်ဆုံး ဆရာတော်ပါဟု မှတ်ချက်ချခဲ့သည်ဟူ၏။

ဤအချက်ကိုထောက်ထား၍ ပထမ မစိုးရိမ်ဆရာတော် ဘုရားကြီးကို သူတစ်ပါးအား ချီးမွမ်းနိုင်သော ပုဂ္ဂိုလ်သုံးမျိုးတွင် ဒုတိယနှင့် တတိယအမျိုးအစား၌ ပါဝင်နိုင်သည် ဟုဆိုခဲ့ခြင်း ဖြစ်ပါသည်။

× × × × × ×

## တို့များထက် ဉာဏ်သာတယ်

၁၃၃၁ ခု၊ ကဆုန်လဆုတ် (၁၀)ရက်နေ့တွင် မဟာစည် ဆရာတော်ဘုရားကြီးအဖြစ် နာမည်ကြီးလာမည့် ဓမ္မာစရိယ ဆရာတော်ကလေး ဦးသောဘနက မစိုးရိမ်ဆရာတော်ကြီး တိုက်တွန်းချက်ဖြင့် ရေးသားပြီးသော ဝိသုဒ္ဓိမဂ်၊ မဟာဋီကာနိဿယကို ညောင်ကန်အရှင်ဣန္ဒကမှတစ်ဆင့် လာရောက်ဆက်ကပ်ပါသည်။ ထိုအချိန်က မစိုးရိမ်ဆရာတော်ဘုရားကြီးသည် မဟာစည် ဆရာတော်ဘုရားကြီးထက် အသက်အားဖြင့်လည်း များစွာကြီးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်ခံရ၊ သုဓမ္မာသာသနာပိုင် ဆရာတော်လည်းဖြစ်၊ ဆဋ္ဌသင်္ဂါယနာတွင်လည်း ညောင်ရမ်းဆရာတော်ဘုရားကြီးနေရာတွင် ဆက်လက် တာဝန်ယူခဲ့ရခြင်းစသော ဂုဏ်အားဖြင့်လည်း ကြီးမားတော်မူသော မစိုးရိမ်ဆရာတော်ဘုရားကြီးက-

'မဟာစည်ဆရာတော်ဟာ တို့များထက် ဉာဏ်သာတယ်၊ တို့များမမြင်တဲ့ စာများ၊ ပေများများကို မြင်အောင်ကြည့်နိုင်တယ်။ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း ဒိဋ္ဌိ ဝိသုဒ္ဓိအခန်းမှာ နာမ်ရုပ်တို့ကို လက္ခဏ၊ ရသ၊ ပစ္စု ပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည်ဆိုရာ ပဒဋ္ဌာန်ကို ဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ မဆိုသင့်သေးပဲ ကင်္ခါဝိတရဏ ဝိသုဒ္ဓိခန်းမှာမှ ဆိုသင့်ကြောင်းကို ဆဋ္ဌသင်္ဂါယနာတင်စဉ်က မဟာစည်ဆရာတော်က ထောက်ပြနိုင်ခဲ့တယ်'

'ဒီက ရှေ့မဟာစည်ဆရာတော်ထက်သာသူကို မပြောနဲ့ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့မလွယ်ဘူး။ မဟာစည် ဆရာတော်ရဲ့ စွမ်းရည်သတ္တိကိုသိလို့လည်း ဒီဝိသုဒ္ဓိမဂ်၊ မဟာဋီကာနိဿယ ပြုစုဖို့ တို့များက တိုက်တွန်းရတယ်' ဟူ၍ ဂုဏမစ္ဆရိယကင်းစွာဖြင့် အားရပါးရ ချီးမွမ်းတော်မူပါသည်။ သူတစ်ပါး၏ စစ်မှန်သော ကောင်းဂုဏ်ကို ချီးမြှင့်မြှောက်စားသောကြောင့်လည်း မစိုးရိမ်ဆရာတော်ဘုရားကြီး၏ဂုဏ်မှာ ပို၍ပင် မြောက်ခဲ့ရပါသည်။ နှစ်ပေါင်း (၃၀)နီးပါးကြာခဲ့ပြီ ဖြစ်သော်လည်း မစ္ဆရိယကင်းသော မစိုးရိမ်ဆရာတော်ဘုရားကြီး၏လုပ်ဆောင်ချက်မှာ ပညာရှိသူတော်ကောင်းများအလယ်တွင် ယခုအချိန်ထိ ကျော်ကြားထင်ရှား နေဆဲ၊ ချီးကျူးခံနေရဆဲပင် ရှိသေးသည် မဟုတ်ပါလား။ ထို့ကြောင့်လည်း မန်လည်ဆရာတော်က မယဒေဝလင်္ကာသစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



" ညီရင်းနောင်ရင်း၊ နွယ်မကင်းသား
သားချင်းမျိုးဖော်၊ အကျော်ထင်ရှား
ဆွေတော်များကို၊ တရားမပျက်
မေတ္တာဆက်၍၊ မဖျက်ဆီးမူ
ချီးမြှောက်ပြုလေ့၊ သူ့ကိုချီးမြှောက်
ကိုယ့်ဂုဏ်မြှောက်၏၊ ယွင်းဖောက်အလို
ဝန်မတိုနှင့်၊ သူ့ကိုဂုဏ်နှိမ့်
ကိုယ့်ဂုဏ်နိမ့်၏"

ဟူ၍ စပ်ဆိုခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

× × × × ×

## စကြာမင်းကြီးလာသလို

၁၂၆၁ ခုနှစ်ခန့်က မြန်မာပြည်တစ်ဝန်းတွင် ဝါဆို၊ ဝါကပ်၊ လထပ်ရက်ငင်နှင့်စပ်လျဉ်း၍ အငြင်းအခုန် ဝိဝါဒအလွန်များပြားသောကြောင့် အုတ်ဖိုဆရာတော်ဘုရားကြီးသည် အဆုံးအဖြတ်မှန်ကန်စိမ့်သောငှာ လောကီ၊ လောကုတ္တရာကျမ်းများကို မွှေနှောက်ချောက်ချား၍ သသက်ပွဋ္ဌစာတမ်းကို ကြိုးပမ်းရေးသားတော်မူပါသည်။

မူကြမ်းစက္ကူပေါ်မှ အချောတင်စက္ကူပေါ်သို့ ရေးကူးပြီးချိန်တွင် မြေးအရွယ်တပည့်ရင်း ဖြစ်တော်မူသော ဟင်္သာတမြို့ ဘုရားကြီးဆရာတော်သည် ဆရာတော်ကြီးကို ပူဇော်ကန်တော့ရန် သံဃာများနှင့်အတူ ကြွလာတော်မူပါသည်။ ထိုအခါဆရာတော်ကြီးက-

www.burmeseclassic.com

www.burmeseclassic.com



'မောင်သာဂရ . . . ဆရာသည် ဝါဆိုဝါကပ် လထပ်ရက်ငင်နှင့်စပ်၍ အဆုံးအဖြတ် ဝိနိစ္ဆယတစ်စောင် ရေးသားထားသည်။ အချောတင်စက္ကူပေါ်၌ ရေးကူးစေ၍ပြီးပြီ။ ပုံမနှိပ်ရသေး။ ဆရာရေးအပ်သောစာကို တပည့်နားထောင်စမ်း'ဟု မိန့်တော်မူ၍ အလုပ်အကျွေးဖြစ်သော အရှင်ဝသဝဏ္ဏမထေရ်ကို ဖတ်စေတော်မူသည်။

အရှင်ဝသဝဏ္ဏမထေရ်လည်း အမိန့်တော်အတိုင်း အစမှဖတ်တော်မူ၍ 'ထိုတစ်ရက်တွင် နာရီ ၆၀ တည်၊ လေးပါဒ်နှင့်မြှောက်၊ ၂၄၀ ဖြစ်၏' ဟူသော စကားသို့ရောက်သောအခါ ဘုရားကြီးဆရာတော်က-

'လေးပါဒ်နှင့်လား၊ လေးပါဒ်ဖြင့်လား'ဟု ရွတ်ဖတ်သောမထေရ်ကို မေးတော်မူလျှင် ရွတ်ဖတ်သောမထေရ်က မည်သို့မျှမလျှောက်ချေ။

ကျေးဇူးရှင် အုတ်ဖိုဆရာတော်က 'ဖြင့်ပေါ့ကွယ်'ဟု မိန့်တော်မူ၍ ဆက်လက်ဖတ်စေတော်မူသည်။ ဆရာတော်ကြီးကား ကရိဏ်းအရာ၌နှင့်ဟူ၍သာ တစ်ကျမ်းလုံးရေးသားထားဟန်တူသည်။ နောက်ဆက်လက်ဖတ်သောအခါ ကရိဏ်းအရာ၌ဟူ၍မကြားရတော့ချေ။ တစ်ကျမ်းတစ်ဖွဲ့ လုံးပြီးသောအခါ ကျေးဇူးရှင်အုတ်ဖိုဆရာတော်ဘုရားကြီးက- 'မောင်သာဂရ . . . လေးကျွန်းသနင်း စကြာမင်းကြီး စကြာရတနာဖြင့် ထိုထိုနိုင်ငံ၊ ကျွန်းကြီး ကျွန်းငယ်တို့သို့ လှည့်ပတ်ကွန့်ချီ ကြွလည်တော်မူသောအခါ ရောက်ရာရောက်ရာအရပ်ဒေသ ကျွန်းကြီးကျွန်းငယ်တို့၌ ရှိကုန်သောမင်းတို့သည် သွာဂတံသေ မဟာရာဇမြတ်သော မင်းကြီး၊ အရှင်မင်းကြီးလာခြင်းသည်ကား ကောင်းသောလာခြင်းပေတည်းဟု လေးကျွန်းသနင်း စကြာမင်းကြီးကို ပြောဆိုကြသကဲ့သို့ ယခုလည်း သွာဂတံ

www.burmeseclassic.com

www.burmeseclassic.com



တေမဟာဝိရုပါပဲကွယ်' ဟု မိန့်ကြားတော် မူလေသည်။

ဆိုလိုရင်းကား မြေးအရွယ်တပည့်ပင်ဖြစ်သော်လည်း ဆရာဖြစ်သူ မိမိ၏အမှားကို ထောက်ပြဝေဖန်အမှန်ကို ရောက်စေသောကြောင့် တပည့်ဖြစ်သူအား စကြာမင်းကြီးနှင့် နှိုင်းယှဉ်၍ ချီးကျူးစကား မိန့်ကြားလိုက်ခြင်းပင် ဖြစ်ပါတော့သည်။ ဤသည်ကား မစ္ဆရိယကင်းလိုသူများအတွက် အတုယူစရာပင် မဟုတ်ပါလား။

**(မဟာဒွါရနိကာယ-သာသနဝံသဒီပနီနှာ ၄၅၃ မှ ၄၅၄)**

သူတစ်ပါးကို ချီးမွမ်းနိုင်ခြင်းသည် ကောင်းကွက်ကို မြင်သောကြောင့်ဖြစ်သည်။ ကောင်းကွက်ကို မြင်အောင် ကြည့်တတ်ခြင်းသည် မေတ္တာစိတ်ရှိသောကြောင့် ဖြစ်သည်။ မေတ္တာစိတ်သည် သူတော်ကောင်းတို့၏ သန္တာန်မှာသာ ကိန်းခိုပါသည်။ အဘိဓမ္မာအကျော် မြို့ပြင်ကြီးဆရာ တော်ဆိုလျှင် စာပေလောကမှ ဆရာတော်အများ သိကြသည်သာ။

ဆရာတော်ကြီး စီရင်တော်မူခဲ့သော သင်္ဂြိုဟ်အဓိပ္ပာယ်ကောက်ကျမ်းသည် ယခုအချိန်ထိ တွင်ကျယ်နေဆဲပင်ရှိသည်။ တစ်နေ့တွင် မန္တလေးမြို့ပေါ်၌ မြေလေးဧကနှင့် တိုက် ၁၆-လုံးထိ ဆောက်လုပ်လှူဒါန်းကာ မစိုးရိမ်ကျောင်းတိုက် ဒကာကြီး ဖြစ်လာမည့် ဦးသက်ရှည်က မြို့ပြင်ကြီးဆရာတော်အား လျှောက်ထားသည်မှာ-

'ဆရာတော်ဘုရား မရှိလို့မလှူ။ မလှူလို့ဆိုတာ အင်မတန်မှန်တဲ့စကားပါဘုရား။ တပည့်တော်ဟာ မြစ်ငယ်ကထွက်သမျှ အသီးအနှံကလေးတွေကို မန္တလေးသယ်ပြီး ဆင်းဆင်းရဲရဲ ရောင်းချ အသက်မွေးရတာပါဘုရား။ တစ်ခါတစ်ရံ ထမင်းတောင် ဝယ်မစားနိုင်ပဲ မုန့်ပျားသလက် တစ်ခုလောက်ဝယ်စားပြီး ထမင်းတစ်နပ်

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့ရတဲ့ရက်တွေ အများကြီးပါဘုရား'

'အဲဒီလို ဆင်းဆင်းရဲရဲ ရှောင်းချစားသောက်နေရကတည်းက ငါတို့ အတိတ်ကဒါန မရှိခဲ့လို့ ဆင်းရဲတာ၊ ဒီဘဝတော့ ဒါနပြုဖြစ်အောင်ပြုမယ်၊ ဒါနထဲမှာလည်း ကုသိုလ်အားအကောင်းဆုံးဖြစ်တဲ့ ကျောင်းအလှူလှူမယ်ဆိုပြီး ဆုံးဖြတ်ချက် ချလိုက်တယ်ဘုရား။ ဆုံးဖြတ်ချက်ချတဲ့ နေ့ကစပြီး တပည့်တော် စီးပွားလည်းတက်လာလိုက်တာ အခုဆိုရင် ကိုယ်ပိုင်ပွဲရုံတောင် ရှိနေပါပြီဘုရား'

'အခုလက်ထဲမှာလည်း ကျောင်းဆောက်လှူနိုင်လောက်မယ့်ငွေလည်းစုမိလာပြီဖြစ်လို့ ဆရာတော့် ကျောင်းဝိုင်းထဲမှာ ကျောင်းတစ်ဆောင်ဆောက်ပြီး လှူဒါန်းပါရစေဘုရား'

ထိုအခါ မြို့ပြင်ကြီးဆရာတော်က ငယ်တပည့်အား မိန့်ကြားတော်မူလိုက်သည်။

'မောင်သက်ရှည် . . . မင်းရဲ့ သမ္မာအာဇီဝကျကျ ပင်ပင်ပန်းပန်းရှာပြီး စုထားတဲ့အလှူငွေကို သာသနာအတွက် တကယ်လိုအပ်တဲ့နေရာမှာ လှူဒါန်းသင့်တယ်။ ငါ့ကျောင်းဝိုင်းထဲ ကျောင်းဆောက်လှူလို့ကတော့ နေမယ့်သံဃာမရှိတော့ အလကား အလှပြပဲ ဖြစ်နေမှာပေါ့။ အဲဒီတော့ သံဃာတွေနေစရာမရှိလို့ ကျပ်ကျပ်တည်းတည်းနဲ့ စာကျက်-စာတက်နေကြရတဲ့ မန္တလေးဘုရားကြီးတိုက်ထဲမှာသာသွားပြီး ကျောင်းဆောက်လှူပါ'

မည်မျှ ကြည်ညိုဖွယ်ရာ ကောင်းလိုက်ပါသနည်း။ များသောအားဖြင့် ရဟန်းတော်ဆယ်ပါးတွင် ကိုးပါးလောက်မှာ မိမိရမည့်လာဘ်လာဘကိုသူတစ်ပါးရသွားမှာ အင်မတန် စိုးရိမ်တတ်ကြသည်။ ဤသည်လည်း လာဘမစ္ဆရိယတစ်ပါး ပင်ဖြစ်၏။ သတိထားကြရပါမည်။ ယခု မြို့ပြင်ကြီး ဆရာတော်သည်ကား မိမိရမည့်

www.burmeseclassic.com

www.burmeseclassic.com



လာဘ်လာဘကိုပင် သူတစ်ပါးအား ပေးဝေနိုင်ခြင်းမှာကား လက်ဖျစ်ခတ်တီး အံ့ချီးဖွယ်ရာ ကောင်းလှပါတော့၏။

ဆရာတော်၏လမ်းညွှန်ချက်အတိုင်းပင် ဦးသက်ရှည်သည် လည်း ဘုရားကြီးတိုက်မှာပင် ကျောင်းဆောင်ကို ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။

× × × × ×

## ရဟန္တာဆိုတာ

တစ်ခါတွင် မင်းကွန်းတိပိဋကဆရာတော်ကြီး မြို့နယ်တစ်ခု သို့ တရားဟောကြွရာ တည်းခိုအိမ်မှ ဒကာက ဆရာတော်ကြီးအား ခရီးရောက်မဆိုက် လျှောက်ထားလေသည်။

'ဆရာတော်ဘုရား၊ မနေ့ညက အိပ်မက်ထဲမှာ တပည့်တော် ကို ဝတ်ဖြူစင်ကြယ်နဲ့ လူတစ်ယောက်က ပြောတယ်ဘုရား၊ မနက် ဖြန် သင့်အိမ်ကို ရဟန္တာတစ်ပါး ကြွလာလိမ့်မယ်။ သေချာပြုစု ဆည်းကပ်ပါတဲ့။ အဲဒါ ဒီနေ့မနက် ဆရာတော်ဘုရားကြွလာတာပဲ ဘုရား'

ထိုအခါ ဆရာတော်က ပြောင်းဖူးဖက်ဆေးလိပ်ကို အကပ် ခံပြီး မီးညှိကာ အားရပါးရ ဖွာရှိုက်သောက်လိုက်သည်။ ပြီးသည်နှင့်

'ဒကာ . . . ရဟန္တာဆိုတာ အခုလို အပိုဟာဟီရကိစ္စတွေ မလုပ်ဘူး၊ သေသေချာချာမှတ်ထား'ဟု အမိန့်ရှိလိုက်သည်မှာ ဆရာတော်၏ ရိုးသောဂုဏ်ကို ထင်ထင်လင်းလင်း မြင်သာစေပါ သည်။ ဤသည်လည်းတစ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဖန် ဆရာတော်၏ ကျမ်းစာအုပ်များ နိဂုံးပိုင်းတွင် နောက်ဘဝသောတာပန်နတ်သားအဖြစ် ဆုတောင်းပုံများကို တွေ့ရသောကြောင့်လည်း ဆရာတော်ကို သူတစ်ပါးအား ချီးမွမ်းနိုင်သော ပုဂ္ဂိုလ်သုံးမျိုးတွင် ဒုတိယနှင့် တတိယ အမျိုးအစားတစ်ခုခု ဖြစ်ရမည်ဟု ဆိုခဲ့ရခြင်းဖြစ်သည်။ တစ်နေ့သောအခါတွင် မန္တလေးမြို့ရှိ စာသင်တိုက်ကြီးများတွင် အလယ်တိုက်ကြီးများ၏ ကျောင်းဒကာကြီးဖြစ်လာမည့် ဗန္ဓုလဦးဆိုင်သည် ဆရာတော်သီတင်းသုံးရာ မင်းကွန်းသို့ရောက်လာပြီး ကျောင်းဆောက်လုပ်လှူဒါန်းလို၍ အလှူခံပါမည့်အကြောင်း ခွင့်တောင်းလျှောက်ထားလေသည်။

ဆရာတော်က သာသနာတော်အတွက် အရေးတကြီး လိုအပ်သောနေရာမှာသာ လှူဒါန်းရန် ရှင်းလင်းပြောကြားပြီး မန္တလေးမြို့ရှိ နာမည်ကျော် စာသင်တိုက်ကြီးတစ်ခုဖြစ်သော ရွှေရေးဆောင် အလယ်တိုက်ကြီးကိုသာ ပြင်ဆင်ဆောက်လုပ်လှူဒါန်းစေပါသည်။ ဦးဆိုင်ကလည်း ဆရာတော်တပည့်ပီပီ ဆရာတော်၏ လမ်းညွှန်ချက်အတိုင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို့မျှမက ဆရာတော်၏ မစ္ဆရိယနည်းပါးပုံကို ကြည်ညိုလွန်းလှသဖြင့် ဆရာတော်၏ကျောင်းတွင်လည်း ကြီးမားလှသော ဓမ္မာရုံကြီးတစ်ခုကို မဖြစ်မနေဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ မစ္ဆရိယများပြားလှသော လောကသားတို့အား တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်တို့ဖြင့် မစ္ဆရိယကို ဖယ်ခွာပြတော်မူကြသည့် ဆရာတော်ကြီးတို့အား ဤနေရာမှ လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ရပါသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ကဿာမစ္ဆရိယဆိုးကျိုးများ

ဣဿာမစ္ဆရိယသည် ညီအစ်ကိုကဲ့သို့ပင် ဖြစ်နေသည်။ မနာလိုခြင်း ဣဿာအဖြစ်များသူ၌ ဝန်တိုခြင်း မစ္ဆရိယ အလွယ်တကူ ဖြစ်နိုင်သလို၊ ဝန်တိုခြင်း သူတစ်ပါးကို မိမိကဲ့သို့ မရစေလိုခြင်း မစ္ဆရိယ အဖြစ်များနေသူတွင်လည်း မနာလိုခြင်း ဣဿာဖြစ်ရန် ဘာမျှ မခဲယဉ်းတော့ပေ။ ထို့ကြောင့်လည်း မြန်မာစကားနယ်ပယ်၌ ဣဿာမစ္ဆရိယဟု တွဲသုံးနေကြခြင်း ဖြစ်ပေသည်။

သို့သော် တစ်ပြိုင်နက် ပေါ်င်း၍ကားမရပါ။ မဖြစ်ပါ။ တစ်စိတ်ပြီးမှတစ်စိတ် ဖြစ်ကြရပါသည်။ ယခု ထိုဣဿာနှင့် မစ္ဆရိယတို့၏ ဆိုးကျိုးများကို လက်လှမ်းမီသမျှ စုဆောင်းတင်ပြမည် ဖြစ်ပါသည်။ စူဠကမ္မဝိဘင်္ဂသုတ်တွင် ဗုဒ္ဓက သုဘလုလင်အား ဟောကြားထားသော အချက်တစ်ခုရှိသည်။ ၄င်းဟောကြားချက်မှာ သူတစ်ပါးကို မနာလိုသောသူသည် ဖြစ်ရာဘဝတွင် သားသမီး တပည့်မိတ်ဆွေ အခြွေအရံကင်းမဲ့ပြီး အထီးကျန်တစ်ယောက်တည်း နေရတတ်သည်။

မနာလိုခြင်းကင်းအောင် ကြိုးစားခဲ့သောသူကား သား သမီး တပည့် မိတ်ဆွေ အခြွေအရံပေါ်များသည် ဟူ၍ဖြစ်သည်။ ဤသည် လည်းတစ်ချက်။ ထို့နောက် မဃဒေဝ လင်္ကာသစ်တွင် မန်လည် ဆရာတော်ကြီးက -

**သူနိူက်ပြည့်စုံ၊ စည်းစိမ်ပုံကို**
**မြင်တုံဘိလည်း၊ မျက်စိဆူးဝင်**
**မရှုချင်အောင်၊ ဝမ်းတွင်းလှိုက်ဆူ**
**မငြူစူနှင့်၊ ငြူစူတတ်က**

www.burmeseclassic.com

www.burmeseclassic.com



**နတ်မဟာရာဇ်၊ ဒေဝါဖြစ်လျက်**
**စင်စစ်လျှင်ဆော၊ လတ်တလောဖြင့်**
**မနောပဒေါသီ၊ မည်ရှိစိတ်ဆိုး**
**နတ်အမျိုးတို့၊ နွမ်းညှိုးခန္ဓာ**
**သေလွှယ်စွာ၏။**

ဟူ၍ ရေးသားသတိပေးတော်မူခဲ့ပါသည်။

လက်ာ၏ အဓိပ္ပာယ်အချုပ်မှာ သူတစ်ပါး၏ စည်းစိမ် ချမ်းသာကို မငြူစူရ။ မနာလိုမဖြစ်ရ၊ မနာလိုဖြစ်ခဲ့လျှင် လူမဆို ထားနှင့် စတုမဟာရာဇ်အနွယ်ဝင် မနောပဒေါသိက နတ်တို့ပင် နတ်သက်ကြွေ၍သေကြရသည်ဟုဆိုလိုပါသည်။ ယင်း မနောပ ဒေါသိက နတ်သားတို့သည် တစ်ယောက်နှင့် တစ်ယောက်တွေ့ကြ သောအခါ တစ်ယောက်စည်းစိမ် တစ်ယောက်က မနာလိုဖြစ်ပြီး မခံချင်အောင် ပြောကြဆိုကြသည်။

ထိုမှတစ်ဆင့်တက်ပြီး ဒေါသဖြစ်လာမည်ဆိုလျှင် ဒေါသ၏ အပူရှိန်ကြောင့် ခန္ဓာမီးလောင်ပြီး သေကြရမည်ကို သိသော အခြွေအရံ နတ်သမီးများက ဣဿာပေါ်များ နတ်သားနှစ်ပါး တို့အား ဒေါသဆက်မဖြစ်ပဲ ရန်ပွဲရပ်လိုက်ကြရန် ဝိုင်းဝန်းတောင်း ပန်ကြသည်။ သို့သော် နတ်သားနှစ်ယောက်ကား ဣဿာကို အရင်း ခံ၍ဖြစ်လာသော ဒေါသကို မထိန်းနိုင်ကြတော့ဘဲ တစ်ယောက် နှင့်တစ်ယောက် သတ်ဖြတ်ပစ်ချင်သည်အထိ ဒေါသဖြစ်လာသော အခါ ဖြစ်ပေါ်လာသော ဒေါသမီးက နတ်သားနှစ်ယောက်၏ ခန္ဓာ ကိုယ်ကို ဘာမှမကျန်တော့အောင် လောင်ကျွမ်းသတ်ဖြတ်ပစ်လိုက် ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နှတ်သားနှစ်ယောက်တို့မှာ ဣဿာကို အကြောင်းခံ၍ ဖြစ်လာသောဒေါသကြောင့် အသေဆိုးဖြင့် သေကြရသည်။ သေပြီးနောက် ငရဲဘုံသို့လည်း ကျကြရသည်။ မနာလိုခြင်း ဣဿာ၏ အကျိုးဆက်ကား ကြီးမားလှပေစွတကား။

× × × × ×

## ကုသိုလ်သာဖြစ်ပါစေ

သူတစ်ပါးက မိမိထက်သာတာကိုမြင်ရလို့ ဝမ်းသာလိုက်ရင် မုဒိတာခေါ်တဲ့ ကုသိုလ်ဖြစ်တယ်။ မနာလိုလိုက်ရင် ဣဿာဆိုတဲ့ အကုသိုလ်ဖြစ်တယ်။ အဲဒီတော့ ပညာရှိသူတော်ကောင်းမှန်ရင် အရည်မရ၊ အဖတ်မရတာချင်း အတူတူ အလကားနေရင်း အကုသိုလ် အဖြစ်မခံဘဲ ကုသိုလ်ဖြစ်အောင် ကြိုးစားပြီး ကောင်းမြတ်တဲ့ စိတ်ထားမျိုးထားသင့်တယ်။

(ဆရာတော်တစ်ပါး)

ဣဿာနှင့် ညီအစ်ကိုလိုဖြစ်သော မစ္ဆရိယကား ငါးမျိုးတိတိရှိသည်။ ဝန်တိုခြင်း မစ္ဆရိယငါးမျိုးကို ဓမ္မသင်္ဂဏီ ပါဠိတော်တွင် ဟောကြားတော်မူထားပြီး အဋ္ဌသာလိနီ အဋ္ဌကထာဖြင့် အကျယ်ချဲ့ပြတော်မူထားသည်။

၎င်း မစ္ဆရိယငါးမျိုးမှာ -

(၁) **အာဝါသမစ္ဆရိယ**

မိမိပိုင်ဆိုင်ရာနေရာဌာန၌ မိမိမှတစ်ပါး မည်သူ့ကိုမျှ မနေစေလိုခြင်း၊ တစ်နည်း မိမိရနေသော အဆောက်အဦကောင်းမျိုးကို သူတစ်ပါး မရစေလိုခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၂) **ကုလမစ္ဆရိယ**

ရဟန်းဖြစ်လျှင် မိမိကို ကိုးကွယ်နေသော ဒကာ၊ ဒကာမများ အခြားရဟန်းကို မကိုးကွယ်စေလိုခြင်း၊ လူဖြစ်လျှင် မိမိဆွေမျိုး မိတ်သင်္ဂဟများက မိမိထက် အခြားသူများအား ပိုမိုချစ်ခင်သွားမည်ကို မလိုလားခြင်း။

(၃) **လာဘမစ္ဆရိယ**

စီးပွားလာဘ်လာဘ မိမိရသလို သူတစ်ပါး မရစေလိုခြင်း။

(၄) **ဝဏ္ဏမစ္ဆရိယ**

သူတစ်ပါး၏လှပသော အဆင်းဂုဏ် မြင့်မြတ်သော အကျင့်ဂုဏ်ကို မိမိလည်း မချီးမွမ်းနိုင်ခြင်း၊ သူတစ်ပါး ချီးမွမ်းသည်ကိုလည်း အလိုမရှိခြင်း။

(၅) **ဓမ္မမစ္ဆရိယ**

စာပေပရိယတ္တိနှင့် တရားအသိအမျိုးမျိုးကို မိမိ သိသလို သူတစ်ပါးအား မသိစေလိုခြင်းတို့ ဖြစ်ကြလေသည်။

ထိုငါးပါးတို့တွင် အာဝါသ မစ္ဆရိယကြောင့် သေသောအခါ မိမိစွဲလမ်းသော နေရာဌာနဉ် ဘီလူးသော်လည်းကောင်း၊ ပြိတ္တာ သော်လည်းကောင်း ဖြစ်ရတတ်သည်။ သို့မဟုတ် လောဟကုမ္ဘီငရဲ၌လည်း ကျရတတ်သည်။ ကုလမစ္ဆရိယကြောင့် ယခုဘဝမှာပင် ပွက်ပွက်ဆူသောသွေးများ အန်ရတတ်ပြီး ဖြစ်လေရာဘဝတွင် ပစ္စည်းလေးပါး လာဘ်လာဘ ပါးရှားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓလက်ထက်တော်က သိင်္ဂည်းခေါ် (သင်္ခယပေလဌ ပုတ္တ) တိတ္ထိဆရာကြီးသည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ဖြစ်လာမည့် သူ၏လက်ရုံးတပည့် ဥပတိဿနှင့် ကောလိတ ဦးဆောင်သည့် တပည့် ၂၅၀ တို့ ဗုဒ္ဓ၏ သာဝက အဖြစ်ခံယူသွား သောကြောင့် ယခုဘဝမှာပင် ပါးစပ်မှသွေးများ အန်ထွက်လေ သည်။

ထိုနည်းတူစွာ နိဂဏ္ဌနာဋပုတ္တ တိတ္ထိဆရာကြီးသည်လည်း သူ၏ ဒါယကာအရင်း ဥပါလိသူကြွယ် မြတ်ဗုဒ္ဓ၏ အရိယာ တပည့်သာဝကဖြစ်သွားသောကြောင့် သွေးအန်ရလေသည်။ သူတို့နှစ်ဦးစလုံး ကုလမစ္ဆရိယ၏ အနှိပ်အစက်ကို ခံကြရသဖြင့် သွေးပွက်ပွက်အန်ထွက်ခဲ့ကြရပြီး ထိုရောဂါဒဏ်ဖြင့်ပင် ကွယ်လွန် ကြရလေသည်။

လာဘမစ္ဆရိယကြောင့် ဘီလူးသော်လည်းကောင်း၊ ပြိတ္တာ သော်လည်းကောင်း ဖြစ်ရတတ်သည်။ ထိုမှတစ်ပါး ဘင်ပုပ်ငရဲ သို့လည်း ကျရောက်တတ်သည်။ ဝဏ္ဏမစ္ဆရိယနှင့် ဓမ္မမစ္ဆရိယ တို့ကြောင့် ဖြစ်ရာဘဝတွင် အဆင်းမလှခြင်း၊ ဆွံ့အခြင်း ဆိုးကျိုးများ ဖြစ်ရတတ်သည်။ ဣဿာမစ္ဆရိယ သတ္တိသည် ထိုမျှဖြင့် မပြီးဆုံး သေးပါ။ မဂ်ဖိုလ်ကို တားမြစ်ပိတ်ပင်တတ်သော အရိယူပဝါဒကံကြီး ကိုလည်း ကျူးလွန်မိတတ်ပါသည်။

အရိယာပုဂ္ဂိုလ်တို့အား ပြစ်မှားစော်ကားသောကံကို အရိယူ ပဝါဒကံဟုခေါ်သည်။ ပြစ်မှားစော်ကားမိသော အရိယာပုဂ္ဂိုလ်ကို ကန်တော့တောင်းပန်မှသာ ထိုကံကြီးမှထမြောက်ပါသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ဇမ္ဗုကဏ်အတိတ်ဇာတ်ကြောင်း

ကဿပ၊ မဇ္ဈိမဂ္ဂမြဲ၏သတ္တိဖြင့် အရိယာပုဂ္ဂိုလ်ကို နစ်နစ်နာနာ စော်ကားမိသောပုဂ္ဂိုလ်ကား ဓမ္မပဒအဋ္ဌကထာလာ အရှင်ဇမ္ဗုက ထေရ်ပါတည်း။ ဘဝတစ်ခုက အရှင်ဇမ္ဗုကသည် ကျောင်းထိုင် ရဟန်းတစ်ပါးဖြစ်ခဲ့ဖူးသည်။ တစ်နေ့တွင် ဧည့်သည် အာဂန္တုရဟန်း တစ်ပါးက ခေတ္တခဏတည်းခို ခွင့်တောင်းသဖြင့် ရှောရှောရှုရှုပင် ခွင့်ပြုခဲ့သည်။ ဤသို့ ခွင့်ပြုနိုင်ခြင်းမှာ ကဿပမဇ္ဈိမဂ္ဂ၏ အနှိပ် အစက်ကို မခံရသေးသဖြင့် စိတ်ကြည်လင်နေသောကြောင့် ဖြစ် သည်။

သို့သော် ဧည့်သည်ရဟန်းရောက်ပြီး မကြာမီမှာပင် ကျောင်း သို့ လာသော ကျောင်းဒကာမှာ ဧည့်သည်ရဟန်းကို အလွန်အကျူး အထူးကြည်ညို လေးစားသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဧည့်သည်ရဟန်းမှာသာမန်ပုထုဇဉ်ရဟန်းတစ်ပါးမဟုတ်။ ကိလေ သာ အာသဝေါကုန်ခမ်းပြီး ရဟန္တာတစ်ပါးဖြစ်နေသောကြောင့်ပင်။

ထို့ကြောင့်ပင် ပုထုဇဉ်မျှသာဖြစ်သော ဇမ္ဗုကမထေရ် အလောင်း ကျောင်းထိုင်ရဟန်း၏ ကုန္ဒြေနှင့် ဧည့်သည်ရဟန္တာ၏ ဣန္ဒြေတို့မှာ ကွာချင်တိုင်းကွာခြားနေကြသည်။ ထို့ကြောင့်လည်း ကျောင်းဒကာ ခေတ္တခဏတည်းခိုသည့် အာဂန္တုရဟန်းအား လိုလေ သေးမရှိအောင် ကောင်းကောင်း မွန်မွန်ချက်ပြီး ပို့စေသည်။ အိပ်ရာ နေရာသို့လည်း ပြုပြင်စီရင်ပေးသည်။ အဝတ်သင်္ကန်းကိုလည်း သင့်လျော်အောင် လှူဒါန်းသည်။

နောက်ဆုံး ခေါင်းရိတ်သည်ကိုပင် ပို၍အဆင်ပြေစေရန် ဆတ္တာသည်ကိုလွှတ်၍ ရိတ်စေသည်။ ကျောင်းဒကာက ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဘုန်းကြီးကိုယ်စား ဘာမျှလိုလေသေးမရှိအောင် ကောင်းစွာပြုစုလုပ်ကျွေးသည်။ ထိုအခါ ဣဿာမစ္ဆရိယ၏ အနှိပ်အစက်ကို ခံလာရပြီဖြစ်သော ကျောင်းထိုင်ဘုန်းကြီးက ဧည့်သည်ရဟန်းအပေါ် အကောင်းမမြင်တော့ချေ။ ကျောင်းဒကာ ဧည့်သည်ရဟန်းကို မိမိထက်ပို၍ ဂရုစိုက်သောကြောင့်လည်း မနာလိုခြင်း ဣဿ ဖြစ်ရလေသည်။

ကိုယ့်ဒကာက သူ့ဒကာဖြစ်သွားမှာ စိုးရိမ်ခြင်း ကုလမစ္ဆရိယ၊ ကိုယ့်လာဘ်လာဘ သူ့ဆီရောက်သွားမှာ စိုးရိမ်ခြင်း လာဘမစ္ဆရိယက ကျောင်းထိုင်ရဟန်းကို အပြည့်အ၀ နှိပ်စက်လိုက်သော အခါ ဧည့်သည်ရဟန္တာကိုဆဲရေးပြီး အရိယူပဝါဒကံကြီးကို ကျူးလွန်လိုက်မိတော့သည်။

ငါ့ရှင်ဧည့်သည်ရဟန်း - သင်သည် ငါ့ကျောင်းဒကာ၏ ဆွမ်းကို စားခြင်းထက် မစင်စားခြင်းက မြတ်၏။ ကျောင်းဒကာ စေခိုင်းသော ဆတ္တာသည်ဖြင့် ဆံပင်ရိတ်ခြင်းထက် ထန်းစေ့မှုတ်ခြင်းဖြင့် အနှုတ်ခံရခြင်းကမြတ်၏။ ကျောင်းဒကာလှူသော သင်္ကန်းကိုဝတ်ခြင်းထက် ကိုယ်လုံးတီးနေခြင်းကမြတ်၏။ ကျောင်းဒကာလှူသော ကုတင်တွင် အိပ်ခြင်းထက် မြေကြီးပေါ်၌အိပ်ခြင်းက မြတ်၏။

× × × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ရဟန္တာစော်ကား ငရဲလား

ဤအရိယူပဝါဒကံကြီးကြောင့် ကျောင်းထိုင်ရဟန်း သေလွန်သောအခါ မဟာအဝီစိငရဲ၌ နှစ်ပေါင်းများစွာ ကမ္ဘာနှင့်ချီ၍ ခံရလေသည်။ အဝီစိငရဲမှ လွတ်သောအခါ ဂေါတမမြတ်စွာဘုရား လက်ထက်၌ ရာဇဂြိုဟ်မြို့တွင် လူလာဖြစ်သည်။ မွေးလာကတည်းက အရိယူပဝါဒကံ၏ အကျိုးဆက်ကြောင့် အိပ်ရာပေါ် မှာမအိပ်ပဲ မြေကြီးပေါ် မှာသာအိပ်သည်။

ထမင်းဟင်းကိုမစားဘဲ မိမိ၏ မစင်ကိုသာ ပြန်စားသည်။ အရွယ်ရောက်လာသောအခါတွင်လည်း အဝတ်မဝတ်ဘဲ ကိုယ်လုံးတီးသာ နေသည်။ ထို့ကြောင့် မိဘများက အရှက်ရသဖြင့် သားဖြစ်သူကို အာဇီဝကတက္ကတွန်းများထံ အပ်နှံလိုက်သည်။ ထိုအခါကျမှ ရဟန္တာကို သူစော်ကားဆဲရေးခဲ့သည့် အပြစ်များအတိုင်း ဆိုးကျိုးလေးမျိုးလုံး ပြည့်စုံအောင်ခံစားရတော့သည်။

အာဇီဝကတို့က သူ့ကို တွင်းနက်ထဲသို့ချထားပြီး သူ၏ ပခုံးပေါ်၌ သစ်သားပြားများတင်ပေးကြသည်။ ထိုသစ်သားပြားပေါ်၌ အာဇီဝကတို့ကတက်ထိုင်ပြီး ဇမ္ဗုက၏ ဆံပင်ကို ထန်းစေ့မှုတ်ခြမ်းဖြင့် ကုန်အောင်နှုတ်ပစ်ကြသည်။ ပြီးမှ အာဇီဝကလို ရဟန်းပြုပေးလိုက်ကြသည်။

ဇမ္ဗုက အာဇီဝကဖြစ်လာသည့်အခါတွင်လည်း အကုသိုလ်ကံက မကုန်သေး။ ထမင်းဟင်းမစားဘဲ ဝစ္စကုဋီထဲမှ မစင်များကိုသာဆက်၍ စားနေခဲ့သည်။ အာဇီဝကများ သိသွားကြသောအခါ သူတစ်ပါးတို့ ကဲ့ရဲ့မှာကြောက်သောကြောင့် ဇမ္ဗုကကို ကျောင်းမှ နှင်ထုတ်လိုက်ကြတော့သည်။ ဇမ္ဗုကသည် အာဇီဝကတို့

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှထွက်လာပြီးလျှင် လူအများတို့ မစင်စွန့်ရာ အနီးရှိ ကျောက်ဖျာကြီးတွင် နေထိုင်လေသည်။

ရိုးရိုးနေထိုင်ခြင်းမဟုတ်။ နေ့အခါတွင် လက်တစ်ဖက်က ကျောက်ဖျာကိုကိုင်လျက် ပါးစပ်ကိုဟ ခြေတစ်ဖက်ကို မြှောက်ထား ပြီး ထူးဆန်းအံ့ဩဖွယ်ဖြစ်အောင် နေထိုင်လေသည်။ အသိဉာဏ် နည်းသူတို့က မေးလာသောအခါတွင် -

"ငါသည် လေကိုသာစားသောက်သည်။ ငါ၏ အကျင့်သည် ပြင်းထန်လွန်းလှသဖြင့် ငါ၏ခြေနှစ်ဖက်စလုံးဖြင့် နင်းလိုက်လျှင် မြေကြီးတုန်လှုပ်၏။ ငါသည်ဘယ်သောအခါမှ ထိုင်ခြင်းအိပ်ခြင်းကို မပြု"ဟု ဝါကြွားပြောဆိုလေသည်။ ဤလောက၌ အသိဉာဏ် အတွေးအခေါ် နည်းပါးသူတို့သာ များပြားလေရာ ဇမ္ဗုကဲ၏ သတင်း ကိုကြားကြသော အင်္ဂတိုင်း၊ မာဂဓတိုင်းတို့မှ လူအများသည် လစဉ်လတိုင်း သူ့ထံသို့လာ၍ ပူဇော်ခစားကြတော့သည်။

ညသန်းခေါင်းယာမ် လူရှင်းသည်နှင့် ဇမ္ဗုကသည် လူအများ စွန့်ထားသောမစင်များကိုသာ အားရပါးရ စားသုံးနေရသည်။ ဤသို့ဖြင့် ၅၅ နှစ်တိုင်ကြာမြင့်ခဲ့ပါသည်။ သူ့ အကုသိုလ်ကံကြွေး ကုန်ပြီး ကျွတ်တမ်းဝင်ချိန်ရောက်မှ ဘုရားရှင်ကြွလာပြီး ချေချွတ် တော်မူသဖြင့် ရဟန္တာဖြစ်သွားရပါသည်။ ဣဿာမစ္ဆရိယကို အရင်းခံပြီး ဖြစ်ပွားခဲ့ရသော အရိယူပဝါဒကံ၏ ဆိုးကျိုးကား ကြီးမားလှပေစွတကား၊ ထို့ကြောင့်လည်း အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော်ဘုရားကြီးက -

**ဣဿာမစ္ဆေ၊ နှစ်ထွေဟိန၊ ထိုမမှတို့**
**ကျရောက်ကိန်းခို၊ ယင်းပုဂ္ဂိုလ်ကား**
**ထိုဤကာလ၊ ဘဝစဉ်၌၊ မရကောင်းကျိုး**

www.burmeseclassic.com

www.burmeseclassic.com



**မတိုးဂုဏ်သိန်၊ အရှိန်မဲ့ကင်း၊ ဆင်းရဲတွင်းသို့**
**သက်ဆင်းတတ်ပေ၊ သို့ဖြစ်ထွေကြောင့်**
**အရှည်မျှော်ထောက်၊ ဆင်းရဲကြောက်၍**
**အောက်အပါယ်ဝင်၊ ကင်းလိုလတ်သော်**
**သတ္တုရန်နှစ်၊ ဆိုးအညစ်ကို**
**အရစ်အရံ၊ ပူးမခံဘဲ၊ တွန်းလှန်ပယ်ခွင်း**
**ပြုထိုက်လျှင်းသည်၊ အတွင်းရန်သူပါတကား**
**မင်းရန်သူပါတကား** ဟု ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ဤသာသမစ္ဆရိယကား သတိမထားလျှင် သာမန်ပုထုဇဉ် ပုဂ္ဂိုလ်ကို မဆိုထားနှင့်၊ ယခုဘဝ၌ ကေန်မုချရဟန္တာ အဖြစ်ဖြင့် ဘဝဇာတ်သိမ်းကြရမည့် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်များကိုပင် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် နှိပ်စက်တတ်ပါပေသည်။ နောက်ထပ် ဗုဒ္ဓလက်ထက်က ဆင်ခြင်ဖွယ်ကောင်းသော သာဓကတစ်ခု ပြပါအံ့။

× × × × ×

## အရှင်သုဓမ္မနှင့် စိတ္တသူကြွယ်

သာဝတ္ထိမြို့နှင့် ယူဇနာ ၃၀ ခန့် မိုင်အားဖြင့် သုံးရာကျော်ခန့် ဝေးသောအရပ်တွင် မစ္ဆိကာသဏ္ဍာမြို့ဟူ၍ရှိသည်။ ထိုမြို့တွင် စိတ္တအမည်ရှိ သူဌေးတစ်ယောက်ရှိသည်။ စိတ္တသဒ္ဒါသည် ဆန်း ကြယ်ခြင်းကိုဟောသည်။ ဆန်းကြယ်ပုံမှာ ၎င်းသူဌေးကို မွေးဖွားစဉ် အခါက အဆင်းငါးပါးရှိသော နတ်ပန်းမိုးများ ရွာချသော ကြောင့် ဖြစ်ပေသည်။ တစ်နေ့တွင် သာသနာပြုကြွလာသော ပဉ္စဝဂ္ဂီငါးပါး တွင် အပါအဝင်ဖြစ်သော မဟာနာမ်ထေရ်ထံမှ တရားနာကြား

www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် သောတာပန်တည်သွားခဲ့သည်။

သောတာပန်တည်ပြီးသည်နှင့် မိမိပိုင်ငွေးချိုပင်တော ဥယျာဉ်ကြီးအတွင်း သံဃိကကျောင်းကြီးဆောက်လုပ်ပြီး ဘုရားအမှူးရှိသော သံဃာများကိုရည်မှန်း၍ မဟာနာမ်မထေရ်ရှေ့တွင် ရေစက်ချလှူဒါန်းလိုက်ပါသည်။ ထိုမှ နောက်၌ကား မဟာနာမ်မထေရ်မှာ ရဟန္တာတစ်ပါးဖြစ်၍ အာသာဝပလိဗောဓ အဖြစ်မခံဘဲ တခြားနေရာသို့ အပြီးအပိုင်ကြွသွားသဖြင့် ဦးသုဓမ္မအမည်ရှိ ပုထုဇဉ်ရဟန်းတစ်ပါးက ကျောင်းထိုင်တော်မူသည်။

ဦးသုဓမ္မသည် ပုထုဇဉ်ဖြစ်သော်လည်း သာမန်ပုဂ္ဂိုလ်မဟုတ်။ ယခုဘဝတွင် ဧကန်မုချ ရဟန္တာဖြစ်မည့် ပစ္ဆိမဘဝိကသား ပုဂ္ဂိုလ်တစ်ပါးဖြစ်၏။ ဦးသုဓမ္မ၏ ကျောင်းဒကာ စိတ္တသူကြွယ်၏ ပညာကြီးကျယ်ပုံ၊ သဒ္ဓါအားကောင်းပုံ၊ တရားဟောကောင်းပုံ ဂုဏ်သတင်းအဖြာဖြာတို့မှာ သံဃာလောကတွင် ပျံ့နှံ့ကျော်စောလျက်ရှိ၏။

သူ့ဂုဏ်သတင်းမှာ ကြီးမည်ဆိုလည်း ကြီးလောက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဓမ္မကထိက ဥပါသကာတို့တွင် အမြတ်ဆုံးဧတဒဂ်ဘွဲ့ထူးကို ရရှိထားသောကြောင့်ပါတည်း။ တစ်နေ့တွင် အဂ္ဂသာဝက၊ မဟာသာဝက မထေရ်ကြီး ၁၁ ပါးဦးဆောင်သော တပည့်သံဃာတော် တစ်ထောင်တို့သည် စိတ္တသူကြွယ်ကို ချီးမြှောက်ရန် ပစ္ဆိကသဏ္ဍာမြို့ ငွေးချိုပင်ကျောင်းတိုက်ကြီးသို့ ကြွလာတော်မူသည်။

ခရီးရောက်မဆိုက်မှာပင် အရှင်သာရိပုတ္တရာ ဟောကြားအပ်သော တရားအဆုံး၌ စိတ္တသူကြွယ် အနာဂါမ်တည်သွားပြန်သည်။ ကာမရာဂကို အကြွင်းမဲ့ပယ်သတ်ပြီးသော အနာဂါမ်ဖြစ်ပြီးသည့်

www.burmeseclassic.com

www.burmeseclassic.com



နောက် အဂ္ဂသာဝကမဟာသာဝကကြီးများ ဦးဆောင်သော သံဃာ တစ်ထောင်ကို နက်ဖြန်အတွက် ဆွမ်းစား ပင့်ဖိတ်လေသည်။ ပြီးနောက် မိမိ၏ ကျောင်းထိုင်ဘုန်းကြီး ဦးသုဓမ္မထံသို့ သွား၍ ဆွမ်းစားဖိတ်သည်။

ထိုအခါ ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယတို့ အနှိပ်စက်ခံ နေရပြီဖြစ်သော ဦးသုဓမ္မက သူ့ကိုနောက်မှ ပင့်ရကောင်းလားဟု စိတ်ဆိုးကာ ဆွမ်းစားပင့်ခြင်းကို လက်မခံလိုက်တော့ချေ။ ဣဿာ မစ္ဆရိယ လွှမ်းမိုးလာသောအခါ ဘုရားရှင်ပြီးလျှင် အမြတ်ဆုံးဖြစ် သော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့၏ မျက်နှာကိုမှ မထောက်ထားနိုင်ပဲ ခက်ထန်ကြမ်းတမ်းလာသည်မှာ ကြောက်မက် ဖွယ်ကောင်းပေစွ။

မနက်လေးနာရီလောက်ရောက်သောအခါ စိတ္တသူကြွယ်ကို ကသိကအောက်ဖြစ်အောင် လုပ်ချင်သောစိတ်ဖြင့် ဦးသုဓမ္မ ကျောင်းမှ ထွက်လာခဲ့သည်။ သူကြွယ်၏ အိမ်သို့ရောက်သောအခါ သံဃာတစ်ထောင်အတွက် ဖွယ်ဖွယ်ရာရာပြင်ထားသော ဆွမ်းပွဲကြီး များကို မြင်ရသည်နှင့် ဒေါသ၊ ဣဿာ၊ မစ္ဆရိယတရားဆိုးတို့က ဦးသုဓမ္မ၏ စိတ်အစဉ်တွင် တလိပ်လိပ်တက်လာပါတော့သည်။

ပုထုဇဉ်ကျောင်းထိုင်ဘုန်းကြီးက ဒေါသစိတ်ဖြင့် ကြမ်းကြမ်း တမ်းတမ်းဖြစ်နေသလောက် ဒေါသကို အမြစ်ပြတ် ပယ်သတ်ပြီး သည့် အနာဂါမ်ကျောင်းဒကာကတော့ မေတ္တာဓာတ်ဖြင့် သိမ်သိမ် မွေ့မွေ့ပင် လျှောက်ထားပါသည်။

'အရှင်ဘုရား ခင်းထားတဲ့ ဒီနေရာမှာ ထိုင်တော်မူပါဘုရား'

'ဟေ့ ဒကာ . . . ငါထိုင်ဖို့ ဆွမ်းစားဖို့ လာတာ မဟုတ်ဖူး၊ ဆွမ်းခံကြွမလို့လာတာ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ဦးသုမမ္ဘက ဆွမ်းပွဲများကို တစ်ချက် စူးစိုက်ကြည့်လိုက်သည်။

'ဒကာ . . . ခဲဖွယ်အမျိုးမျိုး၊ ဘောဇဉ်အမျိုးမျိုး စီမံထားလိုက်တာ ကောင်းပါရဲ့။ သို့သော် ဒီထဲမှာ နှမ်းပျစ်မုန့်မပါတာ ခွကျတာဘဲ' ဟုပြောဆိုလိုက်သည်။ ဤသို့ ပြောဆိုခြင်းကို စာပေ၌ ဆဲရေးခြင်းဟု ဖွင့်ပြထားသည်။ ကခ်ါအဋ္ဌကထာ၌ ဇာတိ - အမျိုးအနွယ်ကိုင်ပြီး ဆဲရေးခြင်း။ ကမ္မ - အလုပ်အကိုင်ဖြင့် ကိုင်၍ဆဲရေးခြင်း စသောအားဖြင့် ဆယ်မျိုးပြထားသည်။

ဤ၌ ဦးသုမမ္ဘက စိတ္တသူကြွယ်ကို အလုပ်အကိုင်ဖြင့် ဆဲရေးလိုက်ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စိတ္တသူကြွယ်၏ ဘိုးဘွားဘီဘင်လက်ထက်က နှမ်းပျစ်ရောင်းပြီး အသက်မွေးခဲ့ကြရဖူးသောကြောင့် ဖြစ်ပါသည်။ ဤ၌ ဒေါသကင်းပြီးသော စိတ္တသူကြွယ်က သိမ်သိမ်မွေ့မွေ့ဖြင့် အချက်ကျကျ ပြန်လည်ချေပလိုက်သည်မှာ -

'အရှင်ဘုရား - မြတ်စွာဘုရားဟောထားတဲ့ တရားတော်များဟာ အရေအတွက်အားဖြင့် ရှစ်သောင်းလေးထောင်ရှိပါတယ်။ မြတ်စွာဘုရားဟောကြားထားတဲ့ တရားတော်တွေထဲက ပြောစရာစကားတွေများစွာရှိပါလျက် အရှင်ဘုရားဟာ ပြောစရာရှားရှားပါးပါး နှမ်းပျစ်ဆိုတဲ့စကားတစ်မျိုးကိုပဲ ရွေးထုတ်ပြီးပြောတယ်'

'အရှင်ဘုရား . . . ရှေးကဖြစ်ဖူးတဲ့ အကြောင်းလေးတစ်ခုကို လျှောက်ထားပါရစေ၊ မဇ္ဈိမဒေသတောင်ပိုင်းသား ကုန်သည်များဟာ ကုန်ရောင်းကုန်ဝယ်သွားကြရင်းနဲ့ ကြက်မတစ်ကောင်ကို ယူဆောင်လာခဲ့ကြပါတယ်။ အဲဒီ ကြက်မကလေးဟာ တောင်ပိုင်းကို ရောက်တဲ့အခါ ကျီးဖိုတစ်ကောင်နဲ့ ပေါင်းဖက်ပြီး သားလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင် ဖွားလာပါတယ်'

'အဲဒါ ဘာဖြစ်သလည်း . . . ဒကာ'

'အရှင်ဘုရား . . . အဲဒီ သတ္တဝါလေးဟာ သူ့အဖေ ကျီးကို အဦးမူပြီး မြည်ချင်ရင် အာကလိအောက်လို့ မြည်တယ်။ အမေ ကြက်မကို အဦးမူပြီး မြည်ချင်ရင် အောက်ကလိအာလို့ မြည်တယ် ဘုရား'

'အဲဒါ ငါနဲ့ဘာဆိုင်သလဲ ဒကာ'

'ဆိုင်ပါသော်ကော အရှင်ဘုရား၊ အရှင်ဘုရားဟာ ဘုရား သားတော်တစ်ပါးဖြစ်ပါလျက် ဘုရားဟောကြားတဲ့ တရားတော်တွေ ကိုတော့ တစ်လုံးတစ်ပါဒမှမပြောပဲ ဟိုမရောက်ဒီမရောက် ဘာမှ ကောင်းကျိုးမရှိတဲ့ နှမ်းပျစ်မုန့် တစ်မျိုးအကြောင်းကိုသာ ပြောနေ တာဟာ ရဟန်းစကားလဲမဟုတ်၊ လူစကားလည်းမဟုတ်၊ မိမစစ်- ဖမစစ်တဲ့ အောက်ကလိအာ၊ အာကလိအောက်စကားမျိုးပဲ ဖြစ်နေ တာပေါ့ ဘုရား'

ထိုအခါ အနာပေါ်တုတ်ကျ ဖြစ်သွားသော ဦးသုဓမ္မမှာ လွန်စွာ စိတ်ဆိုးပြီး စိတ္တသူကြွယ်သုံးကြိမ်တိုင်အောင် တားသည့် ကြားကပင် ဘုရားရှင်ကိုတိုင်ကြားရန် သာဝတ္ထိသို့ ထွက်ခွာသွား တော့သည်။ အကြောင်းစုံသိသွားသော ဗုဒ္ဓရှင်တော်မြတ်က ဦးသုဓမ္မကိုပင် ကျောင်းဒကာအားတောင်းပန်စေပြီးလျှင် အောက်ပါ နှစ်ဂါထာကို ဟောကြားတော်မူသည် -

(၁) အသန္တံ ဘာဝမိစ္ဆေယျ၊ ပုရက္ခာရဉ္စ ဘိက္ခုသု၊
အာဝါသေသု ဣဿရိယံ၊ ပူဇာပရကုလေသုစ

(၂) မမေဝကတမညန္တု၊ ဂိဟီပဗ္ဗဇိတာဥဘော
မမေဝါ တိဝသာ အဿု၊ ကိစ္စ ကိစ္စေ သုကိသ္မိဉ္စိ

www.burmeseclassic.com

www.burmeseclassic.com



ကတိဘာလသသကပ်ပွါ၊ ကတ္တာမာနေ၁စဝမှတိ။

ချစ်သားသုဓမ္မရဟန်း၊ မလိမ်မာသောရဟန်းသည် မိမိ၌ မရှိသော ဂုဏ်ကျေးဇူးဖြင့် ချီးမွမ်းခြင်းကို အလိုရှိခြင်း၊ သီတင်းသုံးဖော်ရဟန်းတို့အပေါ်၌ မိမိကို အမှူးထားရှေ့သွားပြုခြင်းကို တောင့်တ,ခြင်း၊ သံဃိကကျောင်းတို့၌ မိမိက ပိုင်စိုးပိုင်နင်း ဖြစ်လိုခြင်း၊ မိဘဆွေမျိုးမှ အခြားသော ဒကာ၊ ဒကာမတို့က မိမိအားသာ ပူဇော်ဆည်းကပ်သည်ကို အလိုရှိခြင်း။ ရဟန်းနှင့်လူတို့သည် ငါပါမှသာ ကိစ္စကြီးငယ်အားလုံးပြီးနိုင် ၏ဟူ၍ မှတ်ထင်စေလိုခြင်း၊ ကိစ္စကြီးငယ်အားလုံးတို့၌ မိမိအလိုသို့သာ လိုက်စေလိုခြင်းတို့ဖြင့် ပြင်းစွာတောင်းတခြားအံ့။ ထိုရဟန်းအား လောဘ၊ မာန၊ ဣဿာ တရားတို့သည် တစ်နေ့တစ်ခြား တိုးပွားလာကုန်၏။

ဒေသနာအဆုံးတွင် များစွာသောသူတို့ သောတာပန် အရိယာစသည် ဖြစ်ကြသည်။ ဦးသုဓမ္မလည်း ဗုဒ္ဓ၏ဩဝါဒ၌တည်ကာ တရားအားထုတ်ရာ သုံးရက်ဖြင့် ရဟန္တာဖြစ်တော်မူပါသည်။ ပစ္ဆိမဘဝိကပုဂ္ဂိုလ်ကိုပင် အရှက်တကွဲ အကျိုးနည်းဖြစ်အောင် နှိပ်စက်တတ်သော ဣဿာမစ္ဆရိယကို စာရှုသူအပေါင်း ဝေးစွာ ရှောင်ကြဉ်နိုင်ပါစေကြောင်း ဆန္ဒပြုရေးရှုရင်း ဤဆောင်းပါးကို နိဂုံးချုပ်လိုက်ရပါသည်။

**ကာမဘုံသား၊ နတ်လူများတို့**
**ကောင်းစားပြည့်ဝ၊ ဘေးရန်ပ,လျက်**
**အေးမြချမ်းသာ၊ နေလိုပါလည်း**
**ဣဿာမစ္ဆေ၊ သူရှုပ်ပွေ၍**
**ထင်ခြေမကျ၊ ဆင်းရဲရတည့်။**

(မဟာစည်ဆရာတော်ဘုရားကြီး)

www.burmeseclassic.com

www.burmeseclassic.com



# ၂။ အဖြေတစ်ခုအကြောင်းပြု၍

လူကိုစိတ်အုပ်ချုပ်သည် စိတ်ကို ပညာအုပ်ချုပ်သည်။ ပညာကို ဗဟုသုတအုပ်ချုပ်သည်။ သို့အတွက် ဗဟုသုတများရန် စာအုပ်စာစောင်များကို ဖတ်ပါဟူသော ဆရာကြီး ပီမိုးနင်း၏ တိုက်တွန်းချက်လေးကို မဖတ်ရမီကပင် စာရေးသူက စာအုပ်စာစောင်မျိုးစုံကို ဖတ်နေပါပြီ။

စာရေးသူသည် သူငယ်တန်းမတက်မီကပင် ကကြီး ခခွေးကို အိမ်မှာ အကုန်သင်ပြီးပေပြီ။ သူငယ်တန်းတက်၍ ရက်ပိုင်းအရမှာပင် စာဖတ်နိုင်ပြီ။ ပထမဆုံးစ၍ဖတ်လိုက်သော စာက 'မာမူကြီး၏မဆလာ' ဟုတ်ပါသည်။ မိခင်ဝယ်ခိုင်းသော မဆလာထုပ်ကို လမ်းမှာပင် စာလုံးပေါင်းရအောင် ဖတ်လိုက်ခြင်းပင်။

မိခင်ကိုဖတ်ပြလိုက်တော့ စာမတတ်ရှာသော မိခင်က 'ကျောင်းတက်တာ ခဏလေးနဲ့ ငါ့သားကြီးက ဘေးစာတွေ တောင်ဖတ်နိုင်နေပြီ။ သားကြီးက ပညာတတ်ကြီးဖြစ်အုံးမှာ'ဟူ၍ ဝမ်းသာအားရ ချီးမွမ်းထောမနာပြုခဲ့သည်။ သူငယ်တန်းတက်၍ နှစ်ဝက်ခန့်အရမှာပင် စာရေးသူသည် တရုတ်သိုင်းဝတ္ထုများကို အရသာခံ၍ ဖတ်တတ်နေပြီ။

မှတ်မိသေးသည်။ ပထမဆုံးဖတ်သော သိုင်းဝတ္ထုမှာ ဇာတ်လိုက်၏အမည်မှာ 'မြင်းဖြူချန်စန်း' စတီလီအမည်ရှိ ပုဂ္ဂိုလ်တစ်ဦးပြောကြားခဲ့သော ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းအောင် အားကစားကို လေ့လာလိုက်စားသလို စိတ်ခန္ဓာကြံ့ခိုင်တောင့်တင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



စာပေကို လေ့လာဖတ်ရှုသင့်တယ်ဟူသည့် စကားလေးကလည်း စာရေးသူကို စာပေမျိုးစုံလေ့လာဖတ်ရှုဖြစ်အောင် တွန်းအားပေးသကဲ့သို့ ဖြစ်နေခဲ့သည်။

'ဘုန်းကြီးအယူအဆကတော့ အလုပ်တစ်ခုကနေ အလုပ်တစ်ခုကို ပြောင်းလုပ်တာကိုပဲ အနားယူခြင်းလို့ သဘောထားတယ်' အထက်ပါစကားကိုပြောခဲ့သူမှာ ဓမ္မရံသီမဂ္ဂဇင်း၏ ပင်တိုင်ဆောင်းပါးရှင် 'ဓမ္မဒူတအရှင်ပညာဇောတ'ပင် ဖြစ်ပါသည်။ ဟုတ်ပါသည်။ ဆရာတော်သည် စာရေးခြင်း၊ စာချခြင်း၊ တရားဟောခြင်း၊ စခန်းများဖွင့်၍ တရားပြခြင်း၊ ဤလေးမျိုးတို့ကို မရပ်မနား ဆောင်ရွက်နေသော ဆရာတော်တစ်ပါးပင်။

ဆရာတော်၏ သန္တာန်၌ရှိသော ပါရမီထိုက်သည့် ဝီရိယဓာတ်သည်ကား အံ့သြချီးကျူးဖွယ်ရာပင်။ စကားလေးကို ဦးထိပ်ပန်ဆင်မိသောကြောင့်လည်း အချိန်မှန်သမျှကို အကျိုးရှိခြင်းဖြင့် ကုန်ဆုံးအောင် သတိထားလာနိုင်ခဲ့သည်။ နက်နဲသော ဘာသာရေးစာအုပ်များမှတစ်ပါး အခြား စာအုပ်များဖတ်ရှုခြင်းကို စာရေးသူအတွက် စိတ်အပန်းဖြေခြင်းတစ်မျိုးဟု သဘောထားပါသည်။

သို့ကြောင့်လည်း မကြာသေးမီက တေးပြုစာဆို ပန်တျာချစ်လှိုင်၏ နေအိမ်မှပေါ့ပေါ့ပါးပါး စာအုပ်လေးတစ်အုပ် ငှားလာခဲ့သည်။ စာအုပ်အမည်က ပထမမြန်မာများ၊ ၁၉၆၈ ခုနှစ်က ထုက်ဝေခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း သုံးဆယ်နီးပါးခန့် ရှိပေပြီ။ စာအုပ်လေးမှာ တစ်ဝက်လောက်က ချပင်စားနေပါပြီ။ နှောင်းလူတို့ အားကျအတုယူဖွယ်ရာ ခက်ခက်ခဲခဲ ရေးသားပြုစုပေးခဲ့သော 'ဆရာမင်းယုဝေ'ကို လည်း လေးစားမိပါသည်။ နောက်တစ်ကြိမ်ပြန်လည်၍ ထုတ်ဝေသင့်သော စာအုပ်ကောင်းတစ်အုပ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ပထမ အင်္ဂလိပ်-မြန်မာအဘိဓာန်ကိုပြုစုသူ မက္ခရာမင်းသားကြီး၊ ပထမသိပ္ပံစာပေပြုစုသူ ယောမင်းကြီး ဦးဖိုးလှိုင်၊ ပထမဆုံး မြန်မာဆရာဝန်ဒေါက်တာရှောလူး၊ ပထမဆုံး ကာလပေါ် ဝတ္ထုရေးဆရာ ဂျိမ်းလှကျော် စသည်အားဖြင့် ပထမဆုံး တီထွင်ကြိုးစားကြသော အမျိုးသား၊ အမျိုးသမီး ဆယ့်ရှစ်ဦးတို့၏ ဖြစ်ရပ်များကို စိတ်ဝင်စားဖွယ်ရာ ရေးသားထားပါသည်။

၄င်းစာအုပ်ထဲမှ ဘာသာရေးနှင့်ပတ်သက်၍ သင်ခန်းစာယူစရာကောင်းလှသော ဖြစ်ရပ်လေးတစ်ခုကို ရှင်းလင်းတင်ပြလိုသဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ ပထမဆုံးကာလပေါ်ဝတ္ထုကိုရေးသော ဂျိမ်းလှကျော်မှာ ၁၈၆၆ ခုနှစ်၊ တောင်ငူခရိုင်၊ ရွှေကျင်မြို့တွင် ဖခင်ကုန်သည်ကြီး ဦးစွပ်၊ မိခင် ဒေါ်ဆိုင်းတို့မှ မွေးဖွားခဲ့သော သားရတနာတစ်ယောက်ပင် ဖြစ်သည်။

ကလေးအရွယ်မှာပင် မိဘနှစ်ပါး ကွယ်လွန်သွားသဖြင့် ဝန်ထောက် ဦးညိုနှင့် ဇနီးဒေါ်မျှင်တို့က မွေးစားခဲ့သည်။ ဦးညိုနှင့် ဒေါ်မျှင်တို့မှာ မူလက ဗုဒ္ဓဘာသာများပင်။ ဦးညိုမှာ ဒါန၊ သီလ သာမက သမထ ဘာဝနာ တစ်ခုဖြစ်သော အရိုးစုကမ္မဋ္ဌာန်းကို ပွားများခဲ့ရာ အတော်အတန် ပေါက်မြောက်အောင်မြင်သဖြင့် အရိုးစုပုံကို အာရုံထဲတွင် မကြာခဏ မြင်ယောင်နေမိလေသည်။

ဤသို့ ထင်မြင်လာဖို့ဆိုသည်မှာ မလွယ်ကူပါ။ လ၊ နှစ် အတန်ကြာအောင် ပွားများရပြီး ပွားများသူကလည်း တိဟိတ်ပုဂ္ဂိုလ် တစ်ယောက်ဖြစ်မှသာ ထင်မြင်နိုင်ပါသည်။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟ နိမိတ်၊ ပဋိဘာနိမိတ်သုံးပါးတို့တွင် ပဋိဘာဂနိမိတ်အဆင့်ဟု ယူဆနိုင်သည်။ 'ဒသအသုဘာ ကာယဂတာသတိစ ပထမဇ္ဈာနိကာ'

www.burmeseclassic.com

www.burmeseclassic.com



ဟူသော လက်သန်း အဋ္ဌကထာအဖွင့်အရ ပထမစျာန်အထိရစေနိုင်သော 'အသုဘဘာဝနာ ကမ္မဋ္ဌာန်း'တစ်ခုပင် ဖြစ်ပါသည်။

ပဋိဘာဂနိမိတ်ပြီးလျှင် အပ္ပနာဟု ဆိုရသော 'ပထမစျာန်'ကို ရဖို့ရန်သာရှိပါသည်။ ပထမစျာန်ထိရလောက်အောင် အားကောင်းနေသော သမာဓိကို ရုပ်နာမ်ဘက်သို့လှည့်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာယဉ်သုံးပါးရှုလျှင် တစ်မဂ်တစ်ဖိုလ်ရရှိရန် အင်မတန်မှနီးစပ်သွားပါပြီ။ ထိုကဲ့သို့ မသိသော ရဟန်းလူထွက်တစ်ယောက်ကို ပင့်ဖိတ်၍ မေးကြည့်ရာ ၄င်းလူထွက်က . . .

'ဤအရိုးစုကမ္မဋ္ဌာန်းကို အာရုံထင်ဆဲ၌ ဘဝကူးခဲ့လျှင် ပြိတ္တာဖြစ်တတ်သည်'ဟု မဆင်မခြင်ပြောလိုက်ရာ ဦးညိုတို့ လင်မယားနှစ်ယောက် ဗုဒ္ဓဘာသာကိုစိတ်ပျက်ကာ ခရစ်ယာန်ဘာသာသို့ပြောင်းသည်အထိ ဒုက္ခရောက်သွားခဲ့ရပါသည်။ မောင်လှကျော်ကို မွေးစားစဉ် ဦးညိုတို့လင်မယားနှစ်ယောက် ခရစ်ယာန်ဘာသာသို့ပြောင်းခဲ့ပြီဖြစ်သောကြောင့် မောင်လှကျော်မှ ဂျိမ်းလှကျော်ဖြစ်ခဲ့ရခြင်းပင်။

နောင်အခါ ဒေါ်မျှင်ကွယ်လွန်သောအခါ ဦးညိုသည် ဗုဒ္ဓဘာသာဝင် အမျိုးသမီးဒေါ်မမကြီးနှင့် အိမ်ထောင်ပြုသည်။ ထိုအတွင်း အတွေ့အကြုံအမျိုးမျိုး ထပ်မံကြုံတွေ့ရာ ဗုဒ္ဓဘာသာအဖြစ် ပြန်လည်ကူးပြောင်းခဲ့ပြန်သည်။ ထိုအကြောင်းကို ဦးညိုက 'ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း အတ္ထုပ္ပတ္တိကျမ်း'တွင် ရေးသားဖော်ပြထားသည်။ ၄င်းကျမ်းကိုလည်း ရှာဖွေ၍ ပြန်လည်ထုတ်ဝေသင့်လှပါသည်။

ဖော်ပြပါဖြစ်ရပ်နည်းတူ လွန်ခဲ့သောငါးနှစ်ခန့်က လှိုင်မြို့နယ်မှ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးသည် ခရစ်ယာန်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာသို့ ပြောင်းသွားခဲ့ဖူးသည်။ လူကိုယ်တိုင်တော့ မတွေ့လိုက်ရပါ။ တစ်ဆင့်စကားဖြင့် သိလိုက်ရခြင်းပင်။ တစ်နေ့တွင် ကောင်းတာပြုလျှင် ကောင်းကျိုးခံစားရမည်။ မကောင်းတာပြုလျှင် မကောင်းကျိုးခံစားရမည်ဟူသော အကြောင်းကို တစ်စွန်းတစ်စ နားထောင်လာရသော ထိုအမျိုးသမီးက မိမိရင်ထဲတွင် မရှင်းမလင်း ဖြစ်နေသည့်အချက်ကို အိမ်နီးချင်း အမျိုးသားကြီးတစ်ဦးအား မေးမြန်းသည်ဟုဆိုသည်။ သူမက မေးသည်မှာ -

"ဦးလေး ကျွန်မတို့ဟာ ဗုဒ္ဓဘာသာဆိုပေမယ့် မကင်းရာမကင်းကြောင်းသန်းတုပ်တာ၊ ကြမ်းပိုးသတ်တာ၊ တစ်ခါတစ်ရံ လိမ်ညာပြောမိတာတို့ ရှိခဲ့ပါတယ်။ ဒါက မသိတတ်ခင်ကပေါ့။ အခုလို အရွယ်ရလို့ သိတတ်လာတဲ့အခါကျတော့ မလုပ်တော့ပါဘူး။ ဒီလို နောင်တ,ရလို့ ရှောင်ကြဉ်ပြီးတဲ့နောက်မှာ ရောပြုခဲ့တဲ့ အကုသိုလ်ကံအတွက် အပယ်ငရဲခံရဦးမှာပဲလား"

"ဟ . . . မကောင်းတာလုပ်ရင် မကောင်းကျိုးရမယ်လို့ ဆိုထားမှတော့ နင်မကောင်းတာလုပ်ထားရင် အပါယ်ငရဲကျဦးမှာပေါ့ဟ" ဟု ခပ်ပေါ့ပေါ့ဖြေလိုက်ရာ

"ဦးလေးရယ် . . . လောကစစ်ပွဲတွေမှာတောင် အလံဖြူပြပြီး ငြိမ်းချမ်းရေးလုပ်လိုက်ရင် သုံ့ပန်းအဖြစ် အဖမ်းခံရပေမယ့် အသက်ချမ်းသာရပါသေးတယ်။ ခု ဦးလေးတို့ ဗုဒ္ဓဘာသာကတော့ မိုက်ခဲ့မိတာကို နောင်တ,ရပြီး ကောင်းတာလုပ်တာတောင် အပါယ်ငရဲက မလွတ်ဘူးဆိုတော့ ဘာများအားကိုးစရာ ရှိဦးမှာလဲ" ဟု ဝမ်းနည်းပမ်းနည်းပြောပြီး နောက်တစ်နေ့မှာပင် ဘာသာပြောင်းသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်တိုင်လည်း သဘောပေါက်အောင် မဖြေတတ်၊ အဖြေပေးတတ်သော ရဟန်းပညာရှိ၊ လူပညာရှိများထံသို့လည်း ပို့မပေးဘဲ တစ်ထွာတစ်မိုက်ဉာဏ်လေးဖြင့် ပြောလိုက်သော အဖြေစကားလေးတစ်ခွန်းက တစ်ဦးသောသူအား ဘာသာပြောင်းသွားသည်အထိ နစ်နာခဲ့ရပေပြီ။ ဗုဒ္ဓဘာသာဝင်များ အထူးသတိထားကာ သင်ခန်းစာယူသင့်လှပါသည်။

ဤနေရာ၌ ထိုအမျိုးသမီးသဘောပေါက်အောင် တကယ်ရှင်းပြရမည်က အချက်သုံးချက်သာရှိသည်။ ဂရုကံ စသော ကံအကျိုးလေးမျိုးတို့၏ အကျိုးပေးပုံအစဉ် ကုသိုလ်ကံက အကုသိုလ်ကံထက်အားကောင်းပုံ၊ ဥပမာ - အပါယ်ငရဲကျမည့်အကုသိုလ်ကို 'မဂ်ကုသိုလ်' က ပယ်သတ်နိုင်ပုံ သာဓကတို့ပင် ဖြစ်လေသည်။

× × × × ×

## လူတိုင်းသိသင့်သောကံလေးမျိုး

သေပြီးနောက် ပထမဆုံး အကျိုးပေးမည့်ကံမှာ ဂရုကံဖြစ်သည်။ မည်သည့်ကံမှတားမရဘဲ ကြီးလေးသောကြောင့် ဂရုကံဟုခေါ်သည်။ ထိုဂရုကံသည် အကုသိုလ်အရာတွင် ပဉ္စာနန္တရိယကံ ၅ ပါး နိယတ မိစ္ဆာဒိဋ္ဌိကိုယူရပြီး ကုသိုလ်အရာတွင် မဟဂ္ဂုတ်ကံများကို ယူရသည်။

ပဉ္စာနန္တရိယကံနှင့်နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသောသူများမှာ သေပြီးနောက် မည်သည့်ကုသိုလ်ကံကမှ တားဆီး မရတော့ပဲ အဝီစိငရဲသို့ ကျရသည်။ မဟဂ္ဂုလ်ကုသိုလ်ခေါ် ရူပကုသိုလ်ဈာန်နှင့် အရူပကုသိုလ်ဈာန်ရှိသူများမှာလည်း သေပြီးနောက် ဇောက်မချ ဗြဟ္မာဘုံသို့ ရောက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



## နိယတ မိစ္ဆာဒိဋ္ဌိ ၃ မျိုး

၁။ သတ္တဝါတို့၌ ကောင်းကျိုး၊ မကောင်းကျိုးကိုပေးတတ် သော ကုသိုလ်ကံ၊ အကုသိုလ်ကံသည်မရှိဟူ၍ ယူဆစွဲလမ်းခြင်း၊ နတ္ထိက ဒိဋ္ဌိ။

၂။ သတ္တဝါတို့၌ ရှေးအတိတ်အကြောင်းသည် မရှိဟု ယူဆစွဲလမ်းခြင်း၊ အဟေတုကဒိဋ္ဌိ။

၃။ လူသတ္တဝါသည် ကောင်းမှုကိုပြုသော်လည်း ကောင်းမှုမဖြစ်၊ မကောင်းမှုကိုပြုသော်လည်း မကောင်းမှုမဖြစ်ဟူ၍ ယူဆစွဲလမ်းခြင်း၊ အကိရိယဒိဋ္ဌိတို့ပင်ဖြစ်သည်။

ပဉ္စာနန္တရိယကံ ကျူးလွန်မိ၍ အဝီစိကျသူများသည် ကမ္ဘာပျက်လျှင် လွတ်နိုင်သေးသော်လည်း နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူများမှာ ဤကမ္ဘာပျက်လျှင် အခြားမပျက်သော ကမ္ဘာသို့ပြောင်းပြီး ငရဲခံရတတ်သည်။ ကြောက်မက်ဖွယ်ကောင်းပေစွ။ ထို့ကြောင့်လည်း မန်လည်ဆရာတော်က မဃဒေဝတွင် . . .

**ယုတ်မာဆိုတောင်း၊ ကျင့်မကောင်းကို**
**မှားကြောင်းတစ်စိ၊ သိလျှင်သိခြင်း**
**စွန့်ပယ်လျှဉ်းလေ့၊ အတင်းယူစွဲ**
**ဖားမြွေခဲသို့၊ အမြဲမှတ်သို၊ မစွန့်လိုက**
**ဤကိုယ်သုခ၊ နောင်မရဘူး**

ဟူ၍ စပ်ဆို သတိပေးတော်မူခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ထို ဂရုကံအကျိုးပေးစရာမရှိလျှင် သေခါနီးကပ်၍ ပြုလုပ်အပ်သော အာသန္နကံ ကုသိုလ်က အကျိုးပေးသည်။ ထို အာသန္နကံက အကျိုးမပေးလျှင် အမြဲလေ့ကျက်အပ်သော အာစိဏ္ဏကံကုသိုလ်၊ အကုသိုလ်က အကျိုးပေးသည်။ ဖော်ပြပြီးသည့် ကံသုံးမျိုးစလုံး

www.burmeseclassic.com

www.burmeseclassic.com



အကျိုးမပေးတော့မှ ပြုကာမျှဖြစ်သော စေတနာ ထက်ထက် သန်သန်မပါသော ကဋတ္တာကံက အကျိုးပေးသည်။

ယခုအမျိုးသမီးလေးပြုခဲ့သော အကုသိုလ်သည် ဂရုကံ မဟုတ်သောကြောင့် အပါယ်ငရဲသို့ ကေန်မုချအကျိုးပေးမည်ဟု ဆို၍ မရကြောင်းရှင်းပြရပါမည်။

× × × × ×

## ကုသိုလ်အစွမ်းနှင့် အကုသိုလ်အစွမ်း

မိလိန္ဒပဥှာတွင် ကုသိုလ်ကံက အကုသိုလ်ကံထက် အား ကောင်းပုံကို ဥပမာနှင့်တကွ ဖြေရှင်းထားသည်။ ကုသိုလ်ကံသည် လှေနှင့်တူ၍ အကုသိုလ်ကံသည် ကျောက်ခဲနှင့်တူသည်ဟုဆိုသည်။ ကျောက်ခဲသည် မည်မျှလောက် ပင်သေးငယ်သော်လည်း ရေထဲ ချလျှင် နစ်မြုပ်နိုင်သလို အကုသိုလ်ကံသည်လည်း မည်မျှလောက် ပင်သေးငယ်ပါစေ၊ ကုသိုလ်ကံမရှိလျှင် ကေန်မုချအပါယ်ငရဲသို့ ချနိုင်သည်။

တစ်ဖန် ကျောက်ခဲတွေ မည်မျှများသော်လည်း လှေလေး တစ်စင်းတွင် အသာတင်၍ တစ်ဖက်ကမ်းသို့ ကူးနိုင်သကဲ့သို့ အကုသိုလ်တွေ မည်မျှများနေသော်လည်း တစ်ခါတစ်ရံမျှသာ ပြုသော ကုသိုလ်ကံလေးကလည်း ကုသိုလ်ရှင်ကို နတ်ရွာသုဂတိသို့ သယ်ပို့ပေးနိုင်သည်။ ဓမ္မပဒဌ္ဌကထာရှိသော နိသောမုတ်ဆိတ်ကျင် စွယ်ရှိသော သူသတ်ယောက်ျား အာဃာတပါးကွက်သားကြီးသည် ခိုးသားများကို ထောင်နှင့်ချီ၍ နှစ်ပေါင်း ၅၅ နှစ်လုံးလုံးသတ်ဖြတ် ခဲ့သည့် အကုသိုလ်ကံများ အပြည့်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သေခါနီးတစ်နေ့တွင် အရှင်သာရိပုတ္တရာအား ယနာခ်ိဳဆွမ်းကပ်ပြီး တရားနာရသော 'မမ္မသဝန' ကုသိုလ်ကံကြောင့် သေပြီးနောက် တုသိတာနတ်ဘုံသို့ ရောက်ခဲ့ရသည်။ ယခုအမျိုးသမီးပြုခဲ့သော အကုသိုလ်ကံသည် အာဏာပါးကွက်သားကြီး ပြုခဲ့သည်လောက် မကြီးမားပေ။ သို့အတွက် အခြားကုသိုလ်ကံများကို စွမ်းနိုင်သလောက် ပြုနေမည်ဆိုလျှင် ရေများ၊ ရေနိုင် မီးများမီးနိုင်ဟူသောစကားအတိုင်း ကုသိုလ်ကံက အနိုင်ရပြီး သေးမွှားသောအကုသိုလ်ကံများက နောက်ဆုတ်သွားကာ အကျိုးပေးခွင့် မရနိုင်ပုံကို ရှင်းပြရပေမည်။

အင်္ဂုလိမာလသည် လူပေါင်းရာနှင့်ချီပြီး သတ်ခဲ့သော်လည်း ဘုရားတရားကို နာကြားပြီးသည်၏အဆုံး၌ ရဟန္တာဖြစ်ကာ ငရဲမီးများအားလုံးငြိမ်းခဲ့ရသည်။ အောက်ထစ်ဆုံး သောတာပတ္တိမဂ်လောက်ရလျှင်ပင် အပါယ်ငရဲသို့မကျ ရောက်နိုင်တော့ကြောင်း၊ ၄င်းအမျိုးသမီးများအား သေချာရှင်းပြရပါမည်။

ဤမျှ အကျယ်ရှင်းပြနေရခြင်းမှာ စာရှုသူများ အနေနှင့်လည်း ဖော်ပြပါမေးခွန်းမျိုးကို အမေးခံရလျှင် အကျယ်တဝင့်ရှင်းပြနိုင်ရန်အတွက် ဖြစ်ပါသည်။ ထိုကဲ့သို့ မရှင်းပြနိုင်သည့်အတွက် အနှုတ်လက္ခဏာပြသွားသော ဗုဒ္ဓဘာသာများ မည်မျှရှိနေမည်မသိပါ။ မေးမြန်းတော့ ညာဏ်ပွားဟူသော ဗုဒ္ဓဘာသာများမည်မျှရှိနေမည်မသိပါ။ မေးမြန်းတော့ ညာဏ်ပွားဟူသော စကားလေးမှာ ဘုရားဟောနှင့်အညီ ဖြစ်လာသော စကားလေးပင်ဖြစ်ပါသည်။

ဗုဒ္ဓက 'စူဠကမ္မဝိဘင်္ဂ' သုတ်တွင် မေးမြန်းခြင်းမရှိသူများ ဘဝဆက်တိုင်း ညာဏ်ထိုင်းမှိုင်းကြောင်း ဟောကြားထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ပါ၍ မိမိအတွက်လည်း ဘဝဆက်တိုင်း ညာဏ်ကောင်းစေသောအကျင့်ကို ကျင့်ရာရောက်အောင် တကယ်သိလို၍ မေးလာသော သူတစ်ပါးတို့၏အကျင့်ကို ကျင့်ရာရောက်အောင် တကယ်သိလို၍ မေးလာသော သူတစ်ပါးတို့၏ အမေးကိုလည်း ဖြေနိုင်သော အောက်ဖော်ပြပါ အမေးအဖြေကျမ်းများကို ဝယ်ယူဖတ်ရှုနိုင်ကြရန် တိုက်တွန်းရင်း ဤဆောင်းပါးကို နိဂုံးချုပ်ရပါသည်။

၁။ မိလိန္ဒပဥှာ
၂။ သမန္တစက္ခုဒီပနီ
၃။ တည်တောဆရာတော်ရေး၊ ယနေ့ ဗုဒ္ဓဝါဒ ဆိုင်ရာ အမေးအဖြေများ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆)
၄။ ဘဒ္ဒန္တတိလောကသာရ (ရဝေထွန်း) ရေး မြတ်မင်္ဂလာဘာသာရေးအမေးအမြန်းများ (ပ၊ ဒု)
၅။ ဟံသာသီရိရေး (ရတနာမွန်) ဘာသာရေး အမေးအဖြေများ
၆။ ကလောင်စုံရေး - ဗုဒ္ဓဓမ္မလောက အမေးအဖြေ
၇။ မင်းဘူးအရှင်ကဥ္စနရေး - ဘာသာရေးပြဿနာ (အမေးအဖြေများ)
၈။ ဓမ္မဒူတ အရှင်ပညာဇောတရေး - ဗုဒ္ဓဓမ္မပြဿနာများ (၁ မှ ၁၁ ထိ)

**မြစ်မခဓမ္မစာသဝဏ်**

**အတွဲ ၉၊ အမှတ် ၇၊ ၁၉၉၉ ခု၊ ဇန်နဝါရီ**

www.burmeseclassic.com

www.burmeseclassic.com



# ၃။ ညိုမောင်ပြသောတရား

"သေမင်း၏ တမန်ဖြစ်သော အရွယ်သုံးပါးကိုဆောင်တတ်သော ဤဆံပင်ဖြူသည် ငါ့အားပေါက်ရောက်ခဲ့ပြီ၊ ငါသည် ရဟန်းပြုရန် အချိန်တန်လေပြီ"

ဤကား ဆံပင်ဖြူတစ်ချောင်းပေါက်လာသည်ကိုပင် သံဝေဂအကြီးအကျယ်ယူပြီး တောထွက်သွားသော မဃဒေဝမင်းကြီး၏ သံဝေဂဥဒါန်းပင် ဖြစ်ပါသည်။ တစ်ဖန် အလောင်းတော် ဇနကမင်းဘဝကလည်း သရက်ပင်နှစ်ပင်ကိုကြည့်ကာ သံဝေဂယူပြီး တောထွက်ခဲ့ဖူးသည်။

တစ်ပင်သောသရက်ပင်သည် အသီးများစွာသီးသည်။ တစ်ပင်သော သရက်ပင်ကား တစ်လုံးတစ်လေမျှ မသီးချေ။ သီးသောအပင်မှ သရက်သီးများကို နန်းတွင်းသူ နန်းတွင်းသားများက ပစ်ချခြင်း၊ ပုတ်ချခြင်း၊ တက်ခူးခြင်းတို့ဖြင့် ဖျက်ဆီးကြသောကြောင့် သရက်ပင်မှာ မိမိအသီးကပင် မိမိကို ပြန်ဒုက္ခပေးကာ ပျက်စီးရလေသည်။

အသီးမသီးသော သရက်ပင်မှာကား မည်သူမျှ အရေးမစိုက်သောကြောင့် ပကတိအတိုင်းပင် မပျက်မစီးတည်ရှိနေသည်။ ငါတို့ ရှင်ဘုရင်အဖြစ်ကား အသီးသီးသောသရက်ပင်နှင့် တူ၏။ တောမှာနေသော ရသေ့ရဟန်းတို့၏အဖြစ်ကား အသီးမသီးသော သရက်ပင်နှင့်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ဥစ္စာပေါများသော ငါတို့အား ဘေးရန်များသလောက် စည်းစိမ်ဥစ္စာမရှိသော ရဟန်းတို့သည်ကား ဘေးရန်ကင်းပေစွ။ ဤသံဝေဂနှင့်တကွ မဟာဇနကမင်းကြီးသည် တောထွက်ကာ ရသေ့ရဟန်းပြုခဲ့လေသည်။

× × × × ×

ညိုမောင်နှင့်အေးသိန်းဆိုလျှင် တစ်ရွာလုံးသိသော အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ပင်။ ၁၃၃၀ ခုနှစ်၊ ပြာသိုလထဲတွင် ရွာမှနှင်းရီဆိုသော မိန်းကလေးနှင့်ညိုမောင် အိမ်ထောင်ကျခဲ့သည်။

ထို မင်္ဂလာပွဲတွင် ကိုအေးသိန်းကိုယ်တိုင် ငွေကိုင်စာရေးလုပ်ပေးခဲ့ရသည်။ မင်္ဂလာဆောင်ချိန်နှင့် မင်္ဂလာဆောင်ပြီးစ အချိန်များတွင် ရွှေလက်တွဲကာ ပျော်တပြုံးပြုံး မော်မဆုံးအောင် ဖြစ်နေကြသော ညိုမောင်တို့ ချစ်ကြင်စ ဇနီးမောင်နှံကို ကြည့်ပြီး ကိုအေးသိန်းတစ်ယောက် အားကျသလိုပင် ဖြစ်လာခဲ့သည်။

မိမိ၏ ချစ်သူဖြစ်သော ထွေးငယ်က မင်္ဂလာဆောင်ဖို့ရန်တိုင်ပင်လာစဉ်က အသက်နှစ်ဆယ်ပြည့်ပြီးမှ မင်္ဂလာ ဆောင်မည်ဟု ပြောခဲ့မိသောစကားကိုပင် ပြန်လည်နောင်တရမိသလို ဖြစ်ခဲ့ရသေးသည်။

မင်္ဂလာဆောင်အပြီး သုံးလခန့်အကြာ တပေါင်းလကုန်၍တန်ခူးလသို့ အကူးလေးမှာပင် ညိုမောင်တစ်ယောက်ဆုံးပြီ ဟူသော သတင်းသည် တစ်ရွာလုံးပျံ့နှံ့သွားခဲ့သည်။

ကိုအေးသိန်းယာခင်းမှ အပြေးအလွှားပြန်လာကာ သွားကြည့်သောအချိန်တွင်မတော့ ညိုမောင်၏အလောင်းကား အသင့်ပြင်ပြီးပင် ဖြစ်နေတော့သည်။ အကြောင်းကို စုံစမ်းကြည့်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ယာခင်းမှရိုးပြတ်များကို မီးရှို့အပြီး ချွေးသံရွှဲရွှဲဖြစ်နေချိန်တွင် ချောင်းထဲရေဆင်းချိုးမိသောကြောင့် အပူအငွေ့လွန်သွားပြီး ဆုံးပါးသွားရခြင်းဖြစ်ကြောင်း သိရလေသည်။

မျက်နှာကလေးတစ်ခုကိုသာဖော်ပြကာ ကျကျနန ပြင်ဆင်ထားသော ညိုမောင်၏အလောင်းကောင်က သူနှင့်သက်တူရွယ်တူဖြစ်သော ကိုအေးသိန်းအား အသံတိတ်တရားများကို ဟောကြားပြနေလေပြီ။ ညိုမောင်၏ အလောင်းကောင်ကို သေချာကြည့်ဖန်ရင်းဖြင့် ကြားနာမှတ်သားဖူးသော သံဝေဂတရားတို့က ကိုအေးသိန်း၏ ဉာဏ်အစဉ်တွင် အစီအရီ ပေါ်ပေါက်လာခဲ့လေပြီ။

**ကတ္တိ ပုရိသ ဖြစ်လာကြတိုင်း၊ ရုက္ခသီးပွင့်၊ ခါမလင့်ဘဲ**
**ရင်းတဖုတ်ဖုတ်၊ ကင်းဖြုတ်ဖြုတ်ဖြင့်၊ ညှာပြုတ်ကြွေကျ**
**မမြဲကြသို့၊ ဘဝပျက်ပြို၊ လူထိုထိုကား၊ ရွယ်ပိုရွယ်လတ်**
**ကျန်မလွတ်သည်၊ မချွတ်သေအံ့ အပြီးတည်း။ (မဃဒေဝ)**

သီးလာသော အသီးမှန်သမျှသည် ရင့်မှည့်လွန်ပြီးသောအခါတွင်လည်း မြေသို့တစ်ဖုတ်ဖုတ်ကြွေကျရသည်။ တစ်ဖန်သဘာဝလေဒဏ်၊ လူတို့၏ ပစ်ချရိုက်ချသောဒဏ်ကြောင့်လည်း သီးကင်းအရွယ်လေးဖြင့် ကြွေကျမြေခကြရ ပြန်သည်။ ထိုနည်းတူစွာ သက်ရှိသတ္တဝါတို့မှာလည်း သက်တမ်းကုန်သောအခါအိုရ၍သေကြရသည်။

ယခု ညိုမောင်ကဲ့သို့ ဥ၆ ပါးသော ရောဂါကြောင့်လည်းကောင်း၊ ဥပစ္ဆေဒကံ ဟုဆိုအပ်သော သူတစ်ပါးတို့၏ လုံ့လပယောဂကြောင့်လည်းကောင်း၊ သေကြရပြန်သည်။ ငယ်သည်ကြီးသည်မဟူ သေခြင်းတရားဟူသည်ကား ရင်ဘတ်နှင့်ကျောကဲ့သို့ အမြဲကပ်၍ပင် နေပေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းဝံဆရာတော်ဘုရားကြီး၏ သေလျှင်ခြောက်ချက်ဟူသော မရဏာနုဿတိ တရားတော်လေးကလည်း ကိုအေးသိန်းကို ထပ်မံသတိပေးလာပြန်သည်။

"သေလျှင် ခြောက်ချက်"

၁။ အစားအသောက် မည်မျှစားနိုင်သည့်ဆိုစေကာမူ အပြီးသတ်ဝတ်၍ သေပါလိမ့်မည်။

၂။ ပစ္စည်းဥစ္စာမည်မျှ ချမ်းသာသည်ဆိုစေကာမူ မွဲ၍ သေပါလိမ့်မည်။

၃။ ဆဒ္ဒန်ဆင်မင်း ခွန်အားမည်မျှကောင်းသည်ဆိုစေကာမူ အားကုန်၍ သေပါလိမ့်မည်။

၄။ စကားပြော မည်မျှကောင်းသည်ဆိုစေကာမူ အ၍ သေပါလိမ့်မည်။

၅။ နတ်မမိ လှမမျှ လှပသည်ဆိုစေကာမူ အရုပ်ဆိုး၍ သေပါလိမ့်မည်။

၆။ စုံမက်ချစ်ခင်သူမည်မျှ များသည်စေကာမူ အမုန်းခံ၍ သေရပါလိမ့်မည်။

ငါလည်း ညိုမောင်ကြီးလိုအရွယ်မှာ မသေဘူးလို့ ဘယ်သူအာမခံနိုင်မှာလည်း ငါသေသွားရင်ရော အားကိုးစရာ ဒါနထုပ်၊ သီလထုပ်၊ ဘာဝနာထုပ်တွေ ဘယ်လောက်များရှိနေပြီလဲ၊ ဟင်း . . . ဘာမှလည်း မရှိသေးပါလား။

ထိုနေ့ညက ကိုအေးသိန်းတစ်ယောက် တစ်ညလုံး အိပ်မပျော်နိုင်။ "မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်ပြီ၊ ဒါန၊ သီလ၊ ဘာဝနာ လမ်းသာတွင်တော့သည်" ဟူသော အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်၏ ဩဝါဒလင်္ကာလေးကို အပြန်ပြန်

www.burmeseclassic.com

www.burmeseclassic.com



အလှန်လှန် နှလုံးသွင်းရင်း မိုးစင်စင်လင်းခဲ့ရသည်။

နောက်တစ်နေ့ ညိုမောင့်အလောင်း သုသာန်ရောက်၍ မြေချခါနီးတွင် နှင်းရီက မြေချမခံနိုင်ဆိုကာ ညိုမောင် အလောင်းကို အတင်းဖက်ငိုနေသဖြင့် နှင်းရီကို ဇွတ်တွန်းဖယ်ကာ မြေချခဲ့ရသည်။ အချိန်သိပ်မကြာလှပါ။ ညိုမောင်ဆုံးပြီး သုံးလအကြာတွင် ညိုမောင် အလောင်းကို အတင်းဖက်ငိုသော နှင်းရီတစ်ယောက် နောက် အိမ်ထောင်ပြုလိုက်လေပြီ။ ကာမဂုဏ်လောကမှ တဏှာလူသားတို့၏ ထောင့်ငါးရာကိုလေသာဖြစ်ရပ်တို့ကား အဟိတ်တိရစ္ဆာန်များ နှင့်ဘာမှမခြားတော့ပြီ။ ထို့ကြောင့်လည်း မန်လည်ဆရာကြီးက

**အတွေ့ခံစား၊ အောက်ရပ်သားတို့၊ ကျွဲနွားသိုးဆိတ်၊**
**အဟိတ်ပမာ၊ ဟီနာစာရ၊ လေ့လာကြ၍၊ ကာမသတ္တဝါ၊**
**ကာမရွာ၌၊ ကာမသဘော၊ ကာမဇောဖြင့်၊**
**ထပ်လောဘစိတ်၊ ဟိတ်မှုမသိ၊ ညစ်ညူးဘိ၏။**

ဟု သတိပေးဆုံးမတော်မူခဲ့ဟန်တူပါသည်။

ထို့ကြောင့်လည်း ရှင်တော်ဗုဒ္ဓက . . .

ကာမတောဇာယ တေသောကော၊
ကာမတော ဇာယတော ဘယံ။
ကာမတောဝိပ္ပမုတ္တဿ၊
နတ္ထိသောကော ကုတော ဘယံ။

ကာမဂုဏ်ကြောင့်သာလျှင် သောက အမျိုးမျိုးဖြစ်ရ၏။ ကာမဂုဏ်ကြောင့်သာလျှင် ဘေးအမျိုးမျိုးသည်ဖြစ်ရ၏။ ကာမဂုဏ်မှ လွတ်မြောက်၍နေသောသူအား စိုးရိမ်ပူဆွေးရခြင်း သောက သည်လည်းကောင်း ဘေးအမျိုးမျိုးသည်လည်းကောင်း အဘယ်မှာ ဖြစ်ပါတော့အံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော် ဓမ္မသံဝေဂတို့ကြောင့် ကိုအေးသိန်းတစ်ယောက် အပြီးအပိုင်ရဟန်းပြုသွားတော့သည်။ (မင်းစည်းစိမ်ကို မင်းသားကသာ စိတ်ကူးသည်။ ဒွန်းစဏ္ဍားကား အမှတ်ပင်မရ။ ရဟန္တာအဖြစ်ကို သူတော်ကောင်းကသာ စိတ်ကူးသည်။ မသူတော်တို့သည် သတိပင်မရ။

(ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ဩဝါဒ)

မှတ်ချက်။ ဆင်ပေါင်ဝဲမြို့နယ်မှ တောရဆောက်တည်ကာ တရားကျင့်နေသော ဆရာတော်တစ်ပါး၏ ကိုယ်တွေ့ဖြစ်ရပ်ကိုခံစားတင်ပြပါသည်။

မြစ်မခဓမ္မစာသဝဏ်
အတွဲ ၈၊ အမှတ်-၁၁
၁၉၉၈ - ခုနှစ်၊ မေလ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း အမှားကို တော်လှန်၍ အမှန်ကို ကျင့်ကြံနိုင်ဖို့ ပို၍ခဲယဉ်းသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။ ထိုမျှခဲယဉ်းသော အမှုကို ပြုနိုင်ခဲ့သော ထေရဝါဒဘက်သား ဥပါသကာ တစ်ယောက်ကို တွေ့ရ၍လည်း ယခုဆောင်းပါးကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ထိုဥပါသကာကား မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ဝွေးချိုကျေးရွာမှ ဘုရားကိုးဆူဆရာကြီး ဦးကျော်ဝင်းပင် ဖြစ်ပါသည်။ ဆောင်းပါး၏ ဆိုလိုချက်ကို ပိုမိုပေါ်လွင်စေရန်အတွက် ဘုရားကိုးဆူပူဇော်ခြင်း သမိုင်းအစနှင့် ဘုရားရဟန္တာများ ရှေ့နောက်ဝယာ စီစဉ်ပုံကို အကျဉ်းမျှ ဖော်ပြပါဦးမည်။

သက္ကရာဇ် ၉၂၀ ကျော် ဘုရင့်နောင်မင်းကြီး လက်ထက်အခါက ဘုရားကိုးဆူပူဇော်ပွဲစခဲ့သည်ဟု ဆိုရပါမည်။ ထိုအချိန်က ဇင်းမယ်နယ်သည် မြန်မာတို့လက်အောက်ခံ ဖြစ်နေပါသည်။ ဇင်းမယ်ကို စားရသည်က မင်းကြီး၏ သားတော် နော်ရထာစောပင်ဖြစ်သည်။

ထိုအချိန်က ဇင်းမယ်နယ်တွင် နတ်ကြီးကိုးပါးပူဇော်ခြင်း အင်မတန်ခေတ်စားနေပါသည်။ သို့သော် ပူဇော်သောနတ်များက ဘာသာခြားနတ်များ ဖြစ်နေသောကြောင့် အတွေးအခေါ်ရှိသော နော်ရထာစောက သာသနာပြုဆရာတော်များနှင့် တိုင်ပင်၍ ဓမ္မပဒ အာယုဝဍ္ဎန သတို့သား ဝတ္ထုကိုမှီ၍ ဘုရားကိုးဆူပူဇော်ခြင်းကို တီထွင်ခဲ့ခြင်းပင်။

ဝဿဝဏ်နတ်မင်းကြီး၏ ခွင့်ပြုချက်အရ ခုနှစ်ရက်အတွင်း ဘီလူးစားခံရမည့် ကလေးငယ်လေးအား ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များက ၇ ရက်ပတ်လုံး ပရိတ်ဒေသနာများ

www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ဖတ်ပေးသည့်အတွက် ဥပစ္ဆေဒကကံနှင့် မသေရတော့ပဲ နောင်တွင် အာယုဝပုန အသက်ရှည်သော သတို့သားဟူ၍ အမည်တွင်ခဲ့သော ဝတ္ထုတစ်ခုပင်။

ဤကား ဘုရားကိုးဆူဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း ပင်ဖြစ်ပါသည်။ ရဟန္တာရှစ်ပါးကို မည်သို့သော အဓိပ္ပါယ်နှင့် ဝဲယာ ရှေ့နောက် စီစဉ်ထားပုံကို အနည်းငယ်ရှင်းပါမည်။ မြတ်စွာဘုရားကို အလယ်မှာထားပြီးလျှင် လက်ယာတော်ရံဖြစ်သောကြောင့် အရှင်သာရိပုတ္တရာကို ဗုဒ္ဓ၏ လက်ယာဘက်၌ထားသည်။

လက်ဝဲတော်ရံဖြစ်သောကြောင့် မဟာမောဂ္ဂလာန်ကို ဗုဒ္ဓ၏ လက်ဝဲဘက်၌ထားသည်။ သက်တော်အကြီးဆုံးဖြစ်သောကြောင့် အရှင်ကောဏ္ဍညမထေရ်ကို ဗုဒ္ဓ၏ အရှေ့အရပ်၌ထားသည်။ နောက်တော်ပါအလုပ်အကျွေးဖြစ်သောကြောင့် အရှင်အာနန္ဒာကို ဗုဒ္ဓ၏ အနောက်အရပ်၌ထားသည်။

တစ်ဖန် တနင်္ဂနွေထောင့်၌ ဂြိုဟ်သက်အငယ်ဆုံးဖြစ်၍ သက်တော်အငယ်ဆုံး အရှင်ရာဟုလာ၊ အင်္ဂါထောင့် အရှင်သာရိပုတ္တရာအနီး၌ ၎င်း၏ ညီတော်အငယ်ဆုံး အရှင် ရေဝတ၊ စနေထောင့်၌ စနေနံသည် တရားသူကြီးဖြစ်၍ ဝိနယဓရ အရှင်ဥပါလိ၊ ရဟုထောင့်၌ ယခုဟူသော ဂြိုဟ်၏အဓိပ္ပါယ်အရ ပသုန္ဒွားလားတို့၏ ပတိအရှင်ဖြစ်သော အရှင်ဂဝံပတိ ဤသို့ အသီးသီး နေရာချထားကြသည်။

ဒုတိယ ရဟန္တာလေးပါးကို အစီအစဉ်ချပုံကား လောကီနည်းအရ ဖြစ်သွားပေပြီ။ ထိုမျှအထိဆိုလျှင် တော်သေး၏။ ယခု ဘုရားကိုးဆူဆရာများကား များသောအားဖြင့် ဂြိုလ်စောင့်နတ်များ၊ မဟာပိန္နဲ၊ သူရဿတီစသော ဘာသာခြားနတ်မျိုးကိုပါ ဘုရားကိုးဆူ

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပွဲအဖြစ် အများကြိုက် လုပ်ကြံဖန်တီးထည့်သွင်းလာကြသည်။ ဤသည်မှာ ထေရဝါဒဗုဒ္ဓဘာသာကို ချည့်နဲ့အားနည်းအောင် ဖျက်ဆီးနေသည်နှင့် တူလှပါတော့သည်။

ဘာသာခြားနတ်များကို အားကိုးမှားမှာစိုးသည့်အတွက် ရှေးမြန်မာကြီးများက နတ်ကြီးကိုးပါး ပူဇော်နည်းနေရာတွင် ဘုရားကိုးဆူပူဇော်ပွဲဖြင့် အစားထိုးခဲ့ခြင်း ဖြစ်သည်ဟူသော မူရင်းရည်ရွယ်ချက်ကို ဘုရားကိုးဆူဆရာတိုင်း သတိထားသင့်ကြပါသည်။

ထိုအချက်များကို သတိမထားဘဲ ဘာသာခြားနတ်များကို ဘုရားကိုးဆူပူဇော်ပွဲ အစီအစဉ်ထဲ ထည့်နေဦးမည်ဆိုလျှင် အမြော်အမြင်ကြီးလှသော ရှေးမြန်မာကြီးများ၏ ရည်ရွယ်ချက်သည် သဲထဲရေသွန်သလိုသာ ဖြစ်နေပါလိမ့်မည်။

ဘုရားကိုးဆူဆရာ ဦးကျော်ဝင်းသည်ကား တတ်သိနားလည်သော ဆရာတော်ကြီးများထံ မေးမြန်းလျှောက်ထားပြီး အမှားကို တော်လှန်၍ အမှန်ကိုပြုကျင့်လိုက်လေပြီ။ ဘာသာခြားဖြစ်သော နတ်များကို အစီအစဉ်ထဲ လုံးဝ မထည့်တော့ပဲ ဘုရားကိုးဆူသက်သက်ကိုသာ ထေရဝါဒနှင့်အညီ ပူဇော်ကန်တော့ပေးပါတော့သည်။

ဘာသာခြားနတ်များကို ဘုရားကိုးဆူပူဇော်ပွဲ အစီအစဉ်ထဲ ထည့်ခြင်းဖြင့် သွယ်ဝိုက်ပြီး ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးကား ဘုရားကိုးဆူပူဇော်သူများအနေဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပူဇော်ရုံဖြင့် အန္တရာယ်မကင်းနိုင်ဘေးမရှင်းနိုင်။ ဘာသာခြားနတ်များကိုပါ ပူဇော်မှ အန္တရာယ်ကင်းဘေးရှင်းနိုင်ပါကလား" ဟူသော သရဏဂုံ ညှိုးမှိန်မှုပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဆိုးကျိုးကိုလည်း စိတ်ကူးဖြင့် မှန်းဆရေးနေခြင်း မဟုတ်ပါ။ ဦးကျော်ဝင်းတစ်ယောက် ဘုရားကိုးဆူသက်သက်သာ ပူဇော်တော့မည်။ ဂြိုဟ်မင်းများနှင့်တကွ နတ်များကို ပူဇော်ပသပေးမည်မဟုတ်ဟု အသိပေးကြေငြာလိုက်သည်နှင့် ပူဇော်နေကြ ဖောက်သည်များက ဦးကျော်ဝင်းကို မခေါ်ကြတော့ပဲ ဂြိုဟ်မင်းများ ဘာသာခြားနတ်များကို ပူဇော်ပေးသည့်အများကြိုက် ဘုရားကိုးဆူ ဆရာများကိုသာ ပြောင်းလဲခေါ်ယူကြကြောင်း ဦးကျော်ဝင်းက မိမိအား ရင်ဖွင့်တင်ပြလာသဖြင့် သိရှိရပါသည်။

ဤအချက်သည်ပင် ထိုသူတို့၏ ရတနာသုံးပါးမှတစ်ပါး ဂြိုဟ်မင်းများ ဘာသာခြားနတ်များကိုပါ ကိုးကွယ်ပူဇော်မှ အန္တရာယ်ကင်း ဘေးရှင်းမည်ဟူသော အသိဆိုးတစ်ခု ပူးကပ်စွဲဝင်နေပြီ ဖြစ်ကြောင်း ထင်ရှားလှပါသည်။

သို့အတွက် ဘုရားကိုးဆူဆရာများ၊ ဘုရားကိုးဆူ ပူဇော်သူများပြုနိုင်ခဲ့သော အမှုတစ်ခုဖြစ်သည့် အမှားကို တော်လှန်ပယ်ရှား၍ အမှန်ကိုကျင့်ကြံနိုင်ကြစေရန် စေတနာကောင်းဖြင့် နှိုးဆော်လိုက်ရပါသတည်း။

**ဓမ္မရတနာ ဓမ္မမဂ္ဂဇင်း အမှတ် (၃၇)**
**၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ**

www.burmeseclassic.com

www.burmeseclassic.com



# ၅။ နတ်ကတော်တစ်ယောက်၏ ဖွင့်ဟဝန်ခံချက်

အညာဒေသ မြို့တစ်မြို့၏ တစ်ခုသောရပ်ကွက် အတွင်းမှ အိမ်ရှေ့လမ်းမကို ကြည့်လိုက်မည်ဆိုလျှင် ဟိန်းနေအောင် ပြင်ထားသော ကန္နားစင်ကြီးကို တွေ့ရပါလိမ့်မည်။ ကြောက်မယ်ဖွယ်ရာထုလုပ်ထားသော နတ်ရုပ်မျိုးစုံက စင်ပေါ်တွင်အပြည့်နေရာ ယူထားကြလေပြီ။ သို့သော် ထေရဝါဒကို ထိုးဖောက်သော ဆန့်ကျင်ဘက်ပရဝါဒီတို့၏ နည်းလမ်းအတိုင်း ဗုဒ္ဓဆင်းတုတော်တစ်ဆူကို နတ်ရုပ်များကြားတွင် ဖြစ်ကတတ်ဆန်း ပြထားလိုက်သေးသည်။ သို့မှလည်း ၎င်းတို့၏ အကြံအဖန်လုပ်ရပ်ကို ဗုဒ္ဓဘာသာဝင်များက လက်ခံမည်မဟုတ်ပါလား။

သာသနာပ,နတ်ပွဲဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်များ အမြင်ကောင်းအောင် ဗုဒ္ဓဆင်းတုတော်ပင့်ပြထားသလို နတ်ပွဲဖွင့်မည့်နေ့တွင် သံဃာသုံးပါးပင့်၍ ဆွမ်းကပ်ပွဲလည်း လုပ်လိုက်ပါသေးသည်။ အချိန်ကျ၍ ကြွလာသည်က ဤအိမ်သို့ ဆွမ်းခံကြွနေကြရဟန်းပျိုသံဃာသုံးပါး။

ဆွမ်းကပ်ပြီး သီလယူ - ပရိတ်တရားနာသည်နှင့် ပြဿနာကစလေပြီ။ ပရိသတ်ထဲမှ ခန့်ခန့်ချောချော ဥပမိ ရုပ်ကောင်းကောင်းအမျိုးသားကြီးတစ်ယောက်က သီလပေးမည့် ကိုယ်တော်အား ထ,လျှောက်သည်မှာ -

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား . . . သီလပေးရင် သုရာမေရယ ထည့်မပေးပါနဲ့တော့ဘုရား'

'ဘာဖြစ်လို့လဲ . . . ဒကာကြီး'

'အခုတရားနာနေတဲ့ တစ်ဖွဲ့လုံး ကိုယ့်ရိုးရာကိုယ်ချော့ ကြရတော့မှာဆိုတော့ (ရိုးရာနတ်ကခြင်းကို ဆိုလိုသည်။ အိမ်ရှင်မိသားစုများ ကိုယ်တိုင်ဝင်က,ကြရသည်။) အရက်ကတော့ အနည်းနဲ့အများ သောက်ကြရတော့မှာပဲဘုရား။ အဲဒီတော့ မစောင့်နိုင်မယ့် အတူတူ မဆောက်တည်တာပဲ ကောင်းမလားလို့ပါဘုရား'

'ကဲပါလေ . . . ဒကာကြီးတို့ သဘောပါပဲ'ဟုဆိုကာ ရဟန်းတော်က လေးပါးသီလကိုသာ ပေးရတော့သည်။ အမှန်က မုသာဝါဒသိက္ခာပုဒ်ပါလျှော့ပြီး သုံးပါးသီလသာ ပေးသင့်သည်မဟုတ်ပါလား။ ဝမ်းနည်းဖွယ်ကောင်းပေစွ။ နတ်ပွဲတည်းဟူသော အကြောင်းကြောင့် သူတော်ကောင်း တရားခုနစ်ပါးတွင် အရေးကြီးလှသော သီလတရားသည် ကျိုးပျက်ရလေပြီ။

သိက္ခာသုံးပါးတွင် ပဓာနကျသော သီလတရားကို ဖျက်ဆီးပြီးမှ ကျင်းပရသော နတ်ပွဲသည် ဗုဒ္ဓ၏တရားတော်များနှင့် မည်မျှ လောက်ထိ ဆန့်ကျင်ဘက်ဖြစ်နေသည်ကို အတွေးအခေါ် ရှိသူတိုင်း သတိထားသင့်ကြပေပြီ။ သေရည် သေရက်သည် ရုတ်တရက်ကြည့်လျှင် ဘာမှမပြောပလောက်သော အပြစ်ကလေးဟု ထင်ရသော်လည်း သေချာစွာ ဆန်းစစ်ကြည့်လျှင် ငါးပါးသီလတွင် ခေါင်းချုပ် အရေးအကြီးဆုံး သီလဖြစ်ကြောင်း ထင်ရှားပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် သေရည်သောက်သူများ သေဆုံးလျှင် အပါယ်ငရဲကျရသည်။ ငရဲမှလွတ်၍ လူဖြစ်လျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူရှူးသာဖြစ်ရသည်ဟု ဗုဒ္ဓက အတိအကျဟော တော်မူထားလေသည်။

ရေစက်ချပြီး၍ ဧည့်သည်များပြန်သွားသည်နှင့် အိမ်ပေါ်ထပ်တွင် ရဟန်းတော်သုံးပါးနှင့် စောစောက ဥပမိရှပ်ကောင်းကောင်း အမျိုးသားကြီးသာ ကျန်တော့သည်။

အိမ်ရှင်နှင့်တကွ ကျန်လူများမှာ နတ်ပွဲစတင်ကပြနိုင်ရန် ပြင်ဆင်နေကြလေပြီ။ သီလပေးရေစက်ချ တာဝန်ယူရသော ဦးပဏ္ဍိအမည်ရှိ ဖြူဖြူသွယ်သွယ် ကိုယ်တော်ကလေးက . . .

"ဒကာကြီး . . . ဒကာကြီးက ဒီနတ်ပွဲရဲ့ ကန္နားစီး ခေါင်းဆောင် နတ်ကတော်မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဒကာကြီး . . . စိတ်တော့မဆိုးပါနဲ့။ ဒကာကြီးအတွက် ယူကျုံးမရဖြစ်လွန်းလို့ တစ်ခုလောက် မေးပါရစေ"

"မေးပါဘုရား"

"ဒကာကြီး ဥပမိရှပ်က တကယ့်လူကြီးလူကောင်း ဥပမိရှပ်ကြီးပဲဗျ။ ဒီလို နတ်ကတော်အလုပ်နဲ့ လုံးလုံးမတန်ပါဘူးဗျာ။ အဲဒါ ဒကာကြီး ဘယ်လိုကြောင့် နတ်ကတော် ဘဝရောက်ရတယ်ဆိုတာ နဲနဲလောက် ပြောမပြနိုင်ဘူးလား"

"ပြောပြနိုင်ပါတယ်ဘုရား၊ အရှင်ဘုရားတို့ကလည်း အပြုသဘောဆောင်ပြီး ပွင့်ပွင့်လင်းလင်း အရိုးခံသက်သက်နဲ့မေးတော့ တပည့်တော်ကလည်း မုသားတစ်ခုမှမပါဘဲ ရိုးရိုးသားသား ပြောပြပါ့မယ်။"

"တပည့်တော်က ဥပမိရှပ်ကြီး ကောင်းသလောက် အတွင်းစိတ်ဓာတ်က ညံ့တယ်ဘုရား၊ ကျီးကာသီးလိုပေါ့။ သူတစ်ပါးအပေါ်

www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာကောက်ကျစ်တာရယ်တော့ မဟုတ်ပါဘူး။ လက်ကြော မတင်းတာပေါ့ဘုရား၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားချင်တဲ့ အချောင်သမားတစ်ယောက်ပေါ့၊ တပည့် တော်သိတတ်တဲ့အရွယ်ရောက်တာနဲ့ မပင်မပန်းနဲ့ အချောင်စားရမယ့် အလုပ်တွေကို တွေးကြည့်လိုက်တော့ . . ."

"စိတ်မဆိုးပါနဲ့ဘုရား၊ တပည့်တော်စိတ်ထဲက တကယ်တွေးမိတဲ့အတိုင်း ပြောပြရတာမို့ပါ။ ပထမဆုံး အရှင်ဘုရားတို့လို ရဟန်းဘ၀ကို သွားတွေ့တယ်။ သေချာဆက်တွေး ကြည့်တော့ ရဟန်းဘ၀နဲ့ အချောင်နေလို့တော့ရပါရဲ့။ ဒါ ပေမယ့် သံသရာမှာ ခံရတဲ့အခါ လူ့ဘ၀လူ့ခန္ဓာနဲ့လုပ်တဲ့ အပြစ်ထက် ပိုခံရမှာကို တွေးမိတာနဲ့ကြောက်ပြီး ရဟန်းမ၀တ်ဖြစ်ခဲ့ပါဘူး။

"ဒုတိယတွေးမိတာက အရပ်လူကြီးဖြစ်ဖို့ပဲ၊ ဒါလဲ အချောင်စားနေချင်လို့ တွေးမိတဲ့အတွေးပါ။ သူများအတွက်တော့ မဆိုလိုပါဘူး။ တပည့်တော်အတွက်ပဲပေါ့။ ဒါနဲ့ပဲ အရပ်လူကြီးဖြစ်သွားတယ်ဘုရား . . . ကိုယ့်စိမ်ချက်အတိုင်း အစကတည်းက ကိုယ်ကျိုးအတွက် လူကြီးဖြစ်ချင်တာဆိုတော့ လူကြီးဖြစ်တာနဲ့ ရသမျှ အိပ်ထဲထည့်တော့တာပဲ။ ရပ်ရွာကောင်းကျိုးတော့ ဘာမှမလုပ်ခဲ့ဘူး။"

"လူကြီးဘ၀က အားရအောင်စားပြီး ပြုတ်ပြန်တော့ အချောင်စားရမယ့်အလုပ်ကို ထပ်ရှာပြန်တာပေါ့။ အဲ . . . နောက်ဆုံး အချောင်စားရတဲ့အလုပ်ကတော့ ဒီနတ်ကတော်အလုပ်ပါဘဲ။ ဘာသီလ၊ ဘာစရဏမှလည်း မလိုဘူး၊ သူတို့က နတ်ကိုယုံကြည်ကိုးစားလွန်းတော့ တပည့်တော်တို့က သူ့အရှိန်နဲ့သူ လွှတ်ပေးလိုက်ရုံပဲ"

"ဘယ်လို ယုံကြည်ကိုးစားတာလဲ . . . ဒကာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဥပမာ ဘုရား . . . နိုင်ငံခြားသွားမလို့ စီစဉ်ထားတာ အောင်မြင်ပါ့မလားလို့ မေးရင် အောင်မြင်မယ်ပေါ့။ အရောင်းအဝယ်'လုပ်လို့ ဖြစ်ထွန်းပါ့မလားမေးရင် ဖြစ်ထွန်းမယ်ပေါ့။'

"သမီးလေး စတုတ္ထနှစ်ဖြေထားတာ အောင်မလားဆိုလဲ အောင်မယ်ပဲ၊ ဘယ်တော့မှ မဖြစ်ဘူးဆိုတာမရှိဘူး၊ နတ်ကတော် လောကမှာတော့ မတစ်လုံးရှောင် အိုအောင်မဆင်းရဲပေါ့ဘုရား။ အဖြေနောက်မှာ နှောင်ကြိုးလေးတစ် ချောင်းတော့ပါသေးတယ် ဘုရား၊ တကယ်လို့ အောင်မြင်ခဲ့ရင် နတ်ကန္နားပေးရမယ်ဆိုတဲ့ နှောင်ကြိုးလေးပေါ့။ လောလောဆယ်တော့ မနဲ့လေးကြိုက်တတ်တာတို့၊ မြင်းဖြူရှင်ကြိုက်တတ်တာတို့ကို ဘယ်ပုံဘယ်နည်းနဲ့ ဆက်သရမယ်ပေါ့၊ ဘာတွေကို ဘယ်နှစ်ရက်ရှောင်ရမယ်ပေါ့။"

"ပြောတဲ့အတိုင်း မဖြစ်တဲ့သူက သူ့ဖာသာသူနေတာပဲ၊ တရားစွဲလို့ရတာမျိုးမှ မဟုတ်ဘဲကိုး။ ပြောတဲ့အတိုင်းဖြစ်တဲ့ သူတွေကတော့ ကနားပွဲပေးကြတာပေါ့။ အဲဒီတော့ တပည့်တော်တို့အတွက် အမြဲတမ်း အဆင်ပြေနေတာပေါ့ဘုရား"

"ကဲ . . . အချိန်လဲလင့်ပြီ၊ နတ်ပွဲလဲစတော့မယ်၊ တပည့်တော်ကို ခွင့်ပြုပါဦးဘုရား"

## မိစ္ဆာနွယ်ပင် ဝင်ဖျက်လျှင်

မြန်မာပြည်၌လည်း မြန်မာတို့ဘာသာသည် ဗုဒ္ဓဘာသာမှ ဟုတ်ပါလေစ၊ နတ်များဂြိုဟ်များကို ကိုးကွယ်နေသည့် ဘာသာဖြစ်နေလေရော့သလားဟု နိုင်ငံခြားသားများ အထင်မှားလောက်အောင်ပင် ကြောက်ခမန်းလိလိ သည်းခံနေတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် ။ စေတီတိုင်းလိုလိုတွင်ရှိနေသော ဂြိုဟ်ရုပ်များနှင့် နတ်ရုပ်များကို ဆိုလိုခြင်းဖြစ်သည်။

ဤချွတ်ယွင်းချက်သည် အစွဲအလမ်း ဥပါဒါန်အားကြီးသော ဓလေ့ထုံးစံများနှင့် ယုံကြည်ချက်များကို ခုခံငြင်းဆန်နိုင်သော ဩဇာအာဏာ တစ်စုံတစ်ရာမရှိခြင်းမှ ပေါ်ပေါက်လာသည်။ ဗုဒ္ဓဘာသာ၏ အဓိကဖြစ်သော ပင်ရင်းမူလသဘောတရားများကို မြဲမြံခိုင်ခံ့စွာ ဆုတ်ကိုင်ထားနိုင်သမျှ ကာလပတ်လုံး ဤပူးတွဲကပ်မြှောင်နေကြသော ကျီးပေါင်းအယူဝါဒတို့သည် အရေးမကြီးကြကုန်သေး။

သို့ရာတွင် တစ်ခါက အလှအပအဆင်တန်ဆာ ဖြစ်ခဲ့သော နွယ်သည် နံရံများထဲသို့ ထိုးဖောက်ဝင်ရောက်ကာ ကြီးပွားလာပြီး ပန်းရံအနုပညာကို ထိုးဖောက်ဖျက်ဆီးတတ်သကဲ့သို့ ဖြစ်တတ်ချေသည်။ အချုပ်အားဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ မှားယွင်းချက်သည် မိမိတို့နှင့် မသက်ဆိုင်သော အယူဝါဒဟူသမျှကို လိုက်လျောနေခြင်း ဖြစ်ပေသည်။

**(အရှင်ပညိန္ဒာဘိဝံသ၏ လက်တွေ့ဗုဒ္ဓဘာသာကျမ်း၊ နှာ-၃၃၈)**

**ဓမ္မရံသီဓမ္မမဂ္ဂဇင်း အမှတ်စဉ် (၁၁၃)**
**၁၉၉၉ ခုနှစ်၊ မေလ**

www.burmeseclassic.com

www.burmeseclassic.com



# ၆။ ညောင်စေ့လောက်ပင် မလှူနိုင်ပါ

ကျုပ်ရဲ့အမည်က တိုးနီ၊ နေတာက အမရပူရမြို့ နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက်က မွေးမြူရေးဝက်ခြံတစ်ခုမှာပေါ့။ ကျုပ် အမိဝမ်းက ကျွတ်ကျွတ်ချင်း ဆိုးဝါးတဲ့ အနံ့တွေကို ရှူရှိုက်လိုက်ရပါတယ်။ အို. . . အနံ့ဆိုးတာလဲ မပြောနဲ့ ကျုပ်ရောက်နေတာ ဝက်ခြံတစ်ခုထဲမှာပါလား။ ကျုပ်ဝမ်းနည်းလိုက်တာဗျာ။ (၃၁)ဘုံထဲမှာတော့ အောက်တန်းအကျဆုံး တိရစ္ဆာန်ဘုံ ရောက်နေတာမဟုတ်လား။

အရင်ဘဝက ကုသိုလ်မရှိခဲ့လို့သာ တိရစ္ဆာန်ဘဝကို ရောက်လာရတယ်ဆိုတာကိုတော့ ကျုပ်စိတ်ထဲမှာ စွဲနေတယ်။ ကျုပ်ကုသိုလ်လုပ်ချင်လိုက်တာလေ။ ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်ကြီးလောက် ကုသိုလ်ရတယ်ဆိုတဲ့ နိဗ္ဗာန်ဆော်တွေရဲ့ တိုက်တွန်းနှိုးဆော်သံတွေကို မကြာခဏ ကြားနေရတော့ ညောင်စေ့လောက်တောင်မလှူနိုင်တဲ့ ကိုယ့်ဘဝအကြောင်းကိုတွေးပြီး ဝမ်းနည်းမိတယ်။

ဒါပေမယ့် ဖြစ်နိုင်တဲ့နည်းနဲ့ ကုသိုလ်ရစရာနည်းလမ်းကိုတော့ ကျုပ်အမြဲတမ်း ရှာနေပါတယ်။ တစ်နေ့တော့ ကျုပ်တို့ခြံနဲ့ ကပ်လျက်အိမ်က အမျိုးသမီးတစ်ယောက် ဆွမ်းလောင်းနေတာကို ကျုပ်တွေ့လိုက်တယ်။ ရဟန်းတော်ရဲ့ သပ္ပာယ်တဲ့ဣန္ဒြေရယ်၊ သဒ္ဓါတရားပြည့်ဝစွာနဲ့ ဆွမ်းလောင်းနေတဲ့ အမျိုးသမီးရယ်ကိုကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ဝမ်းသာလွန်းလို့ စိတ်ထဲကသာခုအကြိမ်ကြိမ်ခေါ်မိတယ်။

ဒီမြင်ကွင်းလေးကိုမြင်ရတိုင်း ကျုပ်စိတ်ထဲမှာ သိပ်ပြီး ကြည်နူးရတာပဲ။ ကျုပ်က ဒီမြင်ကွင်းလေးကို မြင်နေရရင် စားဖို့ သောက်ဖို့တောင် သတိရတာမဟုတ်ဘူး။ တစ်ခါတစ်လေ ကျုပ်က ဆွမ်းလောင်းတာကို ကြည့်နေတဲ့ အချိန်မျိုးမှာ စားခွက်ထဲကို အစာ လာထည့်ရင် ဒီမြင်ကွင်းလေးကို အပျောက်မခံနိုင်လို့ မစားဘဲနေ လိုက်တယ်။

ဒါကို သခင်လုပ်သူက ဘာများ မကျေနပ်တယ်မသိဘူး။ ကျုပ်နားရွက်ကိုဆွဲပြီး စားခွက်ရှိရာကို အတင်းလှည့်ပေးတယ်ဗျာ။ ကျုပ်အစာမစားဘဲနေမှာကို စိုးရိမ်လို့ထင်ပါရဲ့။ စေတနာရှိလို့တော့ ဘယ်ဟုတ်မလဲဗျာ။ အစာမစားဘဲနေရင် ကျုပ်ပိန်လှီမယ်၊ ကျုပ် ပိန်လှီရင် သူတို့စျေးကောင်းမရမှာ စိုးရိမ်လို့ပေါ့ဗျာ။

တစ်နေ့တော့ ကျုပ်က ဆွမ်းလောင်းတာကို သေချာ စိုက် ကြည့်နေတုန်း သခင်ကစားခွက်ထဲကို အစာထည့်ပေးနေတယ် လေ။ ကျုပ်ကတော့ ထုံးစံအတိုင်းပေါ့။ အစာကို ဘယ်ဂရုစိုက် နေလိမ့်မတုံး။ ဆွမ်းလောင်းနေတာကို သေချာစိုက်ကြည့်နေတာ လေ။ တခြားအပေါင်းအဖော်ဝက်တွေ တိုးခွေ့လုယက်စားသောက် နေသလောက် ကျုပ်ကတော့ ငြိမ်ငြိမ်ရရ ဆွမ်းလောင်းတာကိုပဲ ကြည့်နေတော့ သခင်လုပ်တဲ့သူ တော်တော်အံ့ဩနေပုံရတယ်။

ဒီအချိန်မှာ ကျုပ်ကလည်း အရွယ်တော်တော်ရောက် နေပြီ လေ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ် (၁)နှစ်လည်းမဟုတ်၊ (၂)နှစ်လည်းမဟုတ်ဆိုတော့ သူလည်း ကျုပ်အကြောင်းကို ရိပ်မိ လာဟန်တူတယ်။ ကျုပ်ကြည့်နေတဲ့နေရာကို ကျုပ်ရဲ့သခင်လည်း လိုက်ကြည့်နေတယ်။ အဲဒီအချိန်မှာ အမျိုးသမီးကလည်း ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com



လောင်းပြီးလို့ ပြန်လှည့်အလာမှာ ကျုပ်ရဲ့သခင်က လှမ်းပြော လိုက်တယ်။

"မရှင် . . . တော်တော်အံ့သြစရာ ကောင်းတယ်ဗျာ"

"ရှင် . . . ကိုလှကြည် ဘာဖြစ်လို့ပါလိမ့်"

"အော် . . . မရှင် ဆွမ်းလောင်းနေတာကို ပောဒိ တိုးနှိ ဆိုတဲ့ကောင်က သေသေချာချာကြည့်နေတာဗျ။ အရင် ရက်တွေက တော့ ကျွန်တော်လည်း သတိမထားမိဘူး။ ဒီကောင်ကြီး မနက်ပိုင်း အစာကျွေးရင် ဘာဖြစ်လို့ အစာမစားပါလိမ့်ဆိုပြီး စဉ်းစားမရ ဖြစ်နေတာဗျ။ ဒီနေ့မှပဲ သူ့ကိုကြည့်တဲ့နေရာကိုကြည့်လိုက်တော့ မရှင်ဆွမ်းလောင်းနေတာကို တွေ့လိုက်ရတာပဲ"

"ဟုတ်လား . . . တော်တော်အံ့သြစရာကောင်းတာပဲနော်။ တိရစ္ဆာန်ဖြစ်နေပေမယ့် ဆွမ်းလောင်းတာကို နားလည်နေတယ် ဆိုတော့ လူ့ဘဝနဲ့ တော်တော်နီးစပ်တယ်ထင်တယ်"

"အေးဗျာ . . . မရှင်ပြောမှပဲ ကိုယ့်ကိုယ်ကို ပြန်ပြီး သတိ ထားမိတယ်၊ တိုးနှိကြီးက ကုသိုလ်ရေးရာတွေကို နားလည်ပြီး လူ့ဘဝနဲ့နီးလာသလောက် ကျွန်တော်တို့ကတော့ လူ့ဘဝနဲ့ ဝေးဝေး သွားသလို ဖြစ်နေတယ်ဗျာ။ ဒီနေ့ကတော့ တိုးနှိကြီး ကျွန်တော့်ကို ချွတ်တဲ့နေ့ပါပဲ"

"ဘာလဲ ကိုလှကြည်က ဝက်မမွေးဘဲ နေတော့မလို့လား"

"ဟုတ်တယ်ဗျာ. . . ဝက်တွေ အကုန်ရောင်းပစ်တော့ မယ်၊ မမွေးတော့ဘူး"

"ဒါပေမယ့် ဒီဝက်ကြီးကိုတော့ ချန်ထားပါ။ သူ့ကြောင့် သံဝေဂရတာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ဗျာ၊ တိုးနီကြီးကိုတော့ ဘေးမဲ့ပေးသင့်တာပေါ့။ သူသေတဲ့အထိ အိမ်မှာပဲ မွေးထားတော့မယ်ဗျာ"

ကျုပ်စိတ်ထဲမှာ အမျိုးသမီးကြီးကို ကျေးဇူးတင်လိုက်တာလေ၊ သူပြောပေးလို့ ကျုပ်တစ်ကောင်ထဲ ဘေးမဲ့ကျန်ခဲ့ရမှာ မဟုတ်လား။ အမျိုးသမီးကြီးဆိုပေမယ့်လို့ ကလေးသုံးယောက် အမေဆိုတော့ သိပ်မကြီးသေးပါဘူး။ သုံးဆယ် ဝန်းကျင်လောက်ဘဲ ရှိမယ်ထင်ပါတယ်။ ယောဂီတဘက်လေးကို ပခုံးပေါ်တင်ပြီး ဆွမ်းဇလုံကိုပိုက်ထားတဲ့ အမျိုးသမီးကြီးကိုကြည့်ပြီး ကျုပ်စိတ်ထဲက ဆုတောင်းမိတယ်။ ဒီဘဝကသေလို့များ လူ့ဘဝကို ရောက်မယ်ဆိုရင် ငါ့ရဲ့မိခင်သာဖြစ်လိုက်ပါတော့လို့ပေါ့။

ဟုတ်တယ်လေ။ ဒီလို သူတော်ကောင်း မိဘနဲ့တွေ့မှသာလျှင် သားသမီးတွေဟာလည်း သူတော်ကောင်း ဖြစ်တော့မှာပေါ့။ ကျုပ်အတွေးတွေ ဘယ်လောက်လွန်နေတယ်မသိဘူး။ အမျိုးသမီးကြီးက ခြံစည်းရိုးနားကပ်လာပြီး ကျုပ်ကိုကရုဏာလွှမ်းတဲ့ မျက်လုံးတွေနဲ့ သေချာစိုက်ကြည့်နေတယ်။ ပြီးမှ စကားတစ်ခွန်းပြောလိုက်တယ်။

"တိုးနီ . . . နင်အရင်ဘဝက ကုသိုလ်ကောင်းမှုတွေ မလုပ်ခဲ့လို့ ခုလိုတိရစ္ဆာန်ဘဝကိုရောက်ရတာပဲ၊ အခုဘဝလည်း နင်ကိုယ်တိုင် ဘာကုသိုလ်မှ ပြုနိုင်ဖို့မလွယ်တော့ဘူး။ ငါ နေ့တိုင်း ဆွမ်းလောင်းနေတဲ့ ကုသိုလ်ကိုသာ သေချာကြည့်ပြီး သာဓုခေါ်ပေတော့၊ ငါ နင့်ကို နေ့တိုင်း အမျှပေးပါတယ်

အမျှ. . . အမျှ . . . အမျှ

ပြောပြီးတာနဲ့ အမျိုးသမီးကြီး သူ့အိမ်ဘက်ကို ပြန်လှည့်ထွက်သွားတယ်။ ကျုပ်ဝမ်းသာလိုက်တာလေ။ ဒီဘဝမှာ ကျုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



အရေးတယူစကားပြောတာဆိုလို့ ဒီအမျိုးသမီးတစ်ယောက်ဘဲ တွေ့ဘူးတာမဟုတ်လား။ နောက်နေ့လည်း ရောက်ရော ကျုပ်သခင်က ကျုပ်ကလွဲပြီး ကျန်တဲ့ဝက်တွေအားလုံးကို ရောင်းပစ်လိုက်တယ်။

ကျုပ်ကတော့ ဘေးမဲ့ပေးတဲ့အနေနဲ့ ခြံထဲမှာ ပိတ်မထားတော့ဘဲ လွတ်လွတ်လပ်လပ် လွှတ်ပေးထားပါတယ်။ ကျုပ်ကလည်း ဘယ်မှ လျှောက်မသွားပါဘူး။ ကျုပ်သခင်အိမ်ရယ်၊ တစ်ဘက်ခြံက အမျိုးသမီးအိမ်ရယ် ဒါလောက်ပဲ သွားပါတယ်။ အကုသိုလ်အကျိုးပေးတာပဲလား၊ ကုသိုလ်အကျိုးပေးတာပဲလား၊ ကျုပ်လည်း မပြောတတ်တော့ပါဘူး။ တစ်နေ့တော့ ကျုပ်မလှုပ်နိုင်အောင်ခံရတဲ့ ဝက်နာကျရောဂါ စွဲတော့တာပါဘဲ။

လူတွေရဲ့အသက်ကို မခံရပေမယ့် ကျုပ်သေမင်းရဲ့ အသက်ကိုတော့ ခံရတော့မှာပါ။ ကျုပ် အသက်ငင်နေတဲ့ အချိန်မှာ ကျုပ်သခင်မိသားစုရော၊ တစ်ဘက်အိမ်က အမျိုးသမီးရော အားလုံးက ကရုဏာသက်တဲ့ မျက်လုံးအစုံနဲ့ ကျုပ်ကိုဝိုင်းကြည့်နေကြတယ်။

**ရေဘေးမီးဘေး၊ ပြည်ပျက်ဘေးကား**
**ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏**
**အိုဘေးနာဘေး၊ သေခြင်းဘေးဟု**
**ဤဘေးသုံးပါး၊ လွန်ကြီးမားက**
**သားနှင့်အမိ၊ ဖြစ်တုံဘိလည်း**
**မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်**
**သက်ပင်ရေးပိုင်၊ မကယ်နိုင်ဘူး**
**လက်မှိုင်ချကာ၊ နေရစွာရှင့်။**

(မယာဒေဝ)

www.burmeseclassic.com

www.burmeseclassic.com



သိပ်မှန်တဲ့စကားလေးပေါ့ဗျာ၊ အို၊ နာ၊ သေဘေး သုံးပါးနဲ့ ကြုံလာရင် သားအမိပင်ဖြစ်သော်လည်း ဘာမှမတတ်နိုင်ဘဲ လက်မှိုင်ချရတယ်ဆိုတော့မှတော့ ကျုပ်လို တိရစ္ဆာန်တစ်ကောင် အတွက် သူတို့တွေကရော ဘာများတတ်နိုင်မှာတဲ့လဲဗျာ။ အဲဒီ နေ့မှာပဲ ကျုပ်ရဲ့တိရစ္ဆာန်ဘဝ တစ်စခန်းရပ်ခဲ့ရတယ်ပေါ့။

နောက်တစ်ခါ ကျုပ်ရောက်ရတဲ့ဘဝက လူ့ဘဝ၊ ကျုပ် ဝမ်းသာလိုက်တာလေ၊ အမိဝမ်းက ကျွတ်ကျွတ်ချင်း ဆန္ဒွင်း မှိုင်းနဲ့ ကလေးကို ရှုလိုက်ရကတည်းက ကျုပ်ဟာ လူ့ဘဝကို ရောက်နေပြီ ဆိုတာ သေချာသတိထားလိုက်မိပါတယ်။ ကျုပ်အတွက် ပိုပြီး ဝမ်းသာစရာကောင်းတာက ကျုပ်ရဲ့မိခင်က တဘက်ခြံက အမျိုး သမီးကြီး ဖြစ်နေလို့ဘဲပေါ့။

ဝမ်းနည်းစရာကောင်းတာတစ်ခုကတော့ ဝက်ဘဝက လာလို့ ထင်ပါရဲ့။ ကျုပ်ရဲ့အထက်နှုတ်ခမ်းဟာ နှာခေါင်းကို ကပ်လုလုနီး ဖြစ်အောင် လန်နေတယ်ဗျာ။ ကျုပ်ရဲ့ဖခင်က ကျုပ်ကိုကြည့်ပြီး မှတ်ချက်ချတယ်။ "ငါ့သားက မျက်ခုံး၊ မျက်လုံးကောင်းတယ်၊ နှာတံပေါ်တယ်၊ နှုတ်ခမ်းသား တအားမလန်ဘူးဆိုရင် လူချောလေး ဘဲကွ"

အဲဒီအချိန်မှာ အဖိုးဖြစ်တဲ့လူ ကျုပ်တို့အိမ်ကို ရောက်လာ တယ်။ ကျုပ်အမေရဲ့ဖခင်ပေါ့။ အဖိုးက ကျုပ်ကိုကြည့်ပြီး

"သမီးကလေးရဲ့ လန်နေတဲ့နှုတ်ခမ်းလေးကို လက်နဲ့ အသာ ဖိဖိပေး၊ ကြာရင်ကြည့်ကောင်းသွားလိမ့်မယ်၊ သမီးရဲ့ကလေးက ဝက်ဘဝကလာသလားမသိဘူး၊ နှုတ်ခမ်းကတကယ့်ဝက်အတိုင်းဘဲ"

"သမီးလဲအဲဒါထင်နေတာပဲ၊ ဒါပေမယ့် မသေချာသေးပါဘူး၊ ကလေးကြီးလာရင်တော့ တဖြေးဖြေးသိလာရမယ် ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ ကျုပ် ငါးနှစ်သားရောက်လာတော့ ကျုပ် နှုတ်ခမ်းက အဖိုးနဲ့အမေရဲ့ ကျေးဇူးကြောင့် တအားကြီးမလန်တော့ပါဘူး။ မသိမသာလေး လန်တော့တာမို့ ကြည့်လို့မဆိုးတော့ဘူးပေါ့။ ကလေးရဲ့ကိုယ်လက်အင်္ဂါတွေ ကြည့်မကောင်း၊ ရှုမကောင်း ဖြစ်နေရင် ငယ်ငယ်ကတည်းက မိဘကပြုပြင်ပေးရင် ပြန်ကောင်းလာနိုင်တယ်ဆိုတာ ခင်ဗျားတို့အတွက် သင်ခန်းစာပေါ့။

နှုတ်ခမ်းကကြည့်လို့မဆိုးတော့ပေမယ့် ကျုပ်ရဲ့ဝါသနာနဲ့ ကျုပ်အကျင့်ကတော့ ကြည့်လို့ဆိုးတယ်ဗျာ။ မိုးရွာလာပြီဆိုရင် ကျုပ်မနေနိုင်တော့ဘူး။ မိုးထဲဆင်းပြေးပြီး မရှုံ့မရှာ ရေတွေဗွက်တွေထဲမှာ လူးလှိမ့်နေတော့တာပဲ၊ အဲဒီလိုများ နေရရင် ထမင်းမေ့ဟင်းမေ့ပေါ့ဗျာ၊ အဲဒီလိုမိုးရွာလို့ လူးလှိမ့်ပြီးပျော်နေတဲ့အချိန်မျိုးမှာ ကျုပ်ဘဝအကြောင်းကို မေးရင် တစ်လုံးမကျန် ပြန်ပြောမိတယ်ဗျာ၊ (၁၀)နှစ်သားအရွယ်ထိပေါ့။

ကျုပ် ရွှံ့ထဲဗွက်ထဲမှာ စိတ်ရှိလက်ရှိပျော်နေတဲ့အခါမျိုးမှာဆိုရင် မိဘနှစ်ပါးဟာ ကျုပ်ကို တားလဲမတားဘူး၊ အပြစ်လည်းမပြောဘူး၊ ကရုဏာသက်တဲ့ မျက်လုံးတွေနဲ့ပဲ ကြည့်နေကြတယ်၊ ပြီးမှသာ ဆပ်ပြာနဲ့ သေသေချာချာ ရေမိုးပြန်ချိုးပေးကြတယ်။

ကျုပ်ကို မိဘတွေက အပြစ်မပြောကြခြင်းကတော့ အရှင်ပိလိန္ဒဝစ္ဆနဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးတွေရဲ့ နောက်ဘဝအကြောင်းကို ဖတ်ဖူးထားကြလို့ထင်တာပဲဗျာ၊ အရှင်ပိလိန္ဒဝစ္ဆမထေရ်ဟာ အရင်ဘဝတော်တော်များများက ဘုရင်ဖြစ်ခဲ့ဖူးတယ်။ အဲဒီဘဝတွေတုန်းကတည်းက သူတစ်ပါးကို ခေါ်ပြောတဲ့အခါမှာ သူယုတ်မာဆိုတဲ့ စကားလုံးကို အမြဲတမ်း ခေါ်ဝေါ်သုံးနှုန်းတဲ့အကျင့်ရှိခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုဘဝမှာ ရဟန္တာဖြစ်သွားလို့ ကိလေသာအာသဝေါတွေ ကုန်ခမ်းသွားသော်လည်း သူတစ်ပါးကို သူယုတ်မာလို့ခေါ်တဲ့ ဝါသနာကတော့ မကုန်ဘူးပေါ့။ ဒါကြောင့်လည်း ဘယ်သူ့ကို တွေ့တွေ့ သူယုတ်မာလို့ပဲ ခေါ်ဝေါ်တယ်။ နယ်ခံ ဒကာဒကာမတွေ ကတော့ မထေရ်ကြီးရဲ့အကြောင်းကို သိနေကြတော့ ဘယ်သူမှ စိတ်မဆိုးကြဘူး။

တစ်နေ့တော့ တခြားရွာက ဒကာတစ်ဦး ပိလိန္ဒဝစ္ဆ မထေရ်ကြီးရဲ့ ဂေါစရဂါမ်နယ်ထဲကို ပိတ်ချင်းသီးတွေ ရောင်းရအောင် လှည်းနဲ့ အပြည့်တင်ပြီး ရောက်လာတယ်။ တိုက်တိုက်ဆိုင်ဆိုင် လမ်းမှာ ပိလိန္ဒဝစ္ဆမထေရ်ကြီးနဲ့ တွေ့တော့တာပဲ။ တွေ့တွေ့ချင်း မထေရ်ကြီးက . . .

"ဟေ့ သူယုတ်မာ လှည်းပေါ်က ဘာတွေ့လဲ"

တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းဆိုသလို ဘာမှအပြစ်မလုပ် ပဲနဲ့ မိမိကို သူယုတ်မာလို့ ခေါ်လိုက်တော့ ကုန်သည်ဟာ စိတ်ဆိုး သွားတယ်။ ဒါကြောင့်လည်း "အရှင်ဘုရား . . . ကြွက်ချေးတွေ ပါဘုရား"လို့ ခပ်ရွဲ့ရွဲ့ ပြန်ဖြေလိုက်တယ်။ ဒီတော့ မထေရ်ကြီးက . . .

"အေး . . . ကြွက်ချေးဆိုလဲ ကြွက်ချေးပေါ့ကွာ"လို့ ပြောပြီး ဆက်ကြွသွားတယ်။ ကုန်သည်လည်း ရောင်းနေကျ နေရာရောက် လို့ ရောင်းမယ်ဆိုပြီး ပိတ်ချင်းသီးတွေကို လှည်းပေါ်က ချရအောင် ကြည့်လိုက်တော့ တော်တော်ထိတ် လန့်သွားတယ်။ ဘာကြောင့် လည်းဆိုတော့ လှည်းပေါ်မှာ ပိတ်ချင်းသီးအစား ကြွက်ချေးတွေ အပြည့်ဖြစ်နေလို့ပါပဲ။

နီးစပ်ရာ နယ်ခံလူတွေကို အကြောင်းစုံပြောပြတော့ နယ်ခံ

www.burmeseclassic.com

www.burmeseclassic.com



လူတွေက အကြံပေးတယ်။ "အော်ခင်ဗျား မိလိန္ဒဝတ္ထု မထေရ်ကြီးနဲ့ တွေ့လာတာကိုး၊ ဒီမထေရ်ကြီးဟာ အင်မတန်တန်ခိုးကြီးတယ်။ သူပြောတဲ့အတိုင်း အကုန်ဖြစ်တတ်တယ်။ ခင်ဗျားမထေရ်ကြီးဆီကို ရောက်အောင်သွားပြီး ကန်တော့ လိုက်သူမေးတဲ့အခါ ပိတ်ချင်းသီး ဖြစ်တဲ့အကြောင်း ပြန်ပြောလိုက်ပါ"

ဒါနဲ့ ကုန်သည်လည်း မထေရ်ကြီးကျောင်းသို့ လှည်းကို ပြန်မောင်းသွားပြီး မထေရ်ကြီးကို ရှိခိုးဝန်ချတယ်။ ဒီအခါ မထေရ်ကြီးက-

"ဟဲ့ . . . သူယုတ်မာ သင့်လှည်းပေါ်က ဘာတွေလဲ"

"မှန်ပါ့ . . . ပိတ်ချင်းသီးတွေပါဘုရား"

"အေး . . . ပိတ်ချင်းသီးဆိုလည်း ပိတ်ချင်းသီး ပေါ့ကွယ်" လို့ ပြောလိုက်တာနဲ့ ကြွက်ချေးတွေဟာ ပိတ် ချင်းသီးပြန်ဖြစ်သွား သတဲ့။ ရဟန္တာဖြစ်လို့ ကိလေသာ ကုန်သွားပေမယ့် ဝါသနာဗီဇ ကတော့ ကျန်သေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကတော့ တစ်ခုသော ဘဝမှာ မျောက်ဖြစ်ခဲ့ဖူးပါသတဲ့။ အခု ဂေါတမမြတ်စွာဘုရားရဲ့ သာသနာမှာ ကိလေသာအာသဝေါ ကုန်ခမ်းတဲ့ ရဟန္တာကြီး ဖြစ်သွားရပေမယ့် မျောက်ဘဝက အလေ့အလာများခဲ့လို့ ခုန်ချင် လွှားချင်တဲ့ ဝါသနာလေးကတော့ ရှိနေသေးတယ်တဲ့ဗျာ။

တစ်နေ့တော့ တောထဲမှာ သီတင်းသုံးနေတဲ့ အရှင်သာရိ ပုတ္တရာကို ဒကာတစ်ယောက်က အလွန်ကြည်ညိုတာနဲ့ သင်္ကန်း သုံးစုံလည်းလှူမယ်၊ ဆွမ်းလည်းကပ်မယ်ဆိုပြီး ပင့်သွားတယ်။ အရှင်သာရိပုတ္တရာမှန်းလည်း မသိဘူး။ အဲဒီနေ့က မိုးလေးရွာထား တော့ တစ်ချို့လမ်းနေရာတွေမှာ ရေအိုင်လေးတွေဖြစ်နေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရာရောက်တော့ ခြေသုံးလှမ်းစာလောက် ရေအိုင်လေး တစ်အိုင်တွေ့တဲ့အခါ အရှင်သာရိပုတ္တရာက ခုန်ကျော်လိုက်ပါသတဲ့။ နောက်ကလိုက်လာတဲ့ဆွမ်းဒကာဟာ အရှင်သာရိပုတ္တရာ ခုန်ကျော်တာကိုတွေ့လိုက်တာနဲ့ တော်တော်သဒ္ဓါတရား ပျက်သွားသတဲ့။ ဒါနဲ့ စိတ်ထဲမှာ တေးထားလိုက်တယ်။ တော်ပြီ ဣန္ဒြေမရှိတဲ့ ကိုယ်တော် သင်္ကန်းနှစ်စုံပဲ လှူတော့မယ်လို့ပေါ့။

အဲဒီလို ဆက်သွားတဲ့အခါ ခြေနှစ်လှမ်းစာလောက်ရှိတဲ့ ရေအိုင်တစ်အိုင်ကို တွေ့ပြန်တယ်။ ဒါလည်း ခုန်ကျော်လိုက်တာပဲ။ ဒီတစ်ခါလည်း ဒကာက တေးထားလိုက်ပြန်တယ်။ တော်ပြီ . . . တစ်စုံပဲလှူတော့မယ်ပေါ့။ နောက်ဆုံး ခြေတစ်လှမ်းစာလောက် အိုင်ကလေးတစ်ခုကျတော့ ကိုယ်တော်ကြီးက ရေထဲကဘဲ ဆင်းသွား တော့တယ်။ ဒီတော့ ဒကာက မေးလိုက်တယ်။

"အရှင်ဘုရား . . . မခုန်တော့ဘူးလားဘုရား"

"ဒကာ . . . ဒီတစ်ခါ ငါခုန်ရင် သင်္ကန်းတစ်စုံမှ ရမှာ မဟုတ်တော့ဘူး"လို့ ကိုယ်တော်ကြီးက ပြန်ပြောလိုက်တော့မှ ဒကာဟာ ချီးမွမ်းအံ့ဩပြီး သဒ္ဓါတရားပြန်ပေါက်သွားပါတယ်။ သူပင့်လာတဲ့ ရဟန်းတော်ဟာလဲ ပရစိတ္တ ဝိဇာနန (သူတစ်ပါး စိတ်ကိုသိသော) အဘိညာဉ်ရတဲ့ ရဟန္တာ တစ်ပါးဆိုတာ သေချာ သိသွားပါတော့တယ်။ အဲဒီကျမှ ဆွမ်းလည်းကပ် သင်္ကန်းသုံးစုံလဲ လှူတယ်ပေါ့။

ဒီ သာဓကလေးအတိုင်းပဲ ဝါသနာဆိုတာဟာ ကိလေသာ အားလုံးကုန်ပြီးသားဖြစ်တဲ့ ရဟန္တာကိုယ်တော်မြတ်ကြီးတွေမှာ တောင် ရှိသေးတာဆိုတော့ ကျုပ်တို့လို ပုထုဇဉ်တွေမှာတော့ ပြောစရာ မလိုတော့ဘူးပေါ့ဗျာ။ အရွယ်လေးရလာတာနဲ့အမျှ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



မှာထူးခြားတဲ့ ပါရမီတစ်ခုပါလာတယ်ဆိုတာ မိဘတွေကိုယ်တိုင် သတိထားလာမိကြပါတယ်။

ဘာလဲဆိုတော့ ကလေးတွေနဲ့ ကစားတဲ့အခါ ကျုပ်က သူများတွေထက်ထူးပြီး ဘုန်းကြီးရိုက်ဖမ်းတဲ့ အကျင့်တစ်ခုပါပဲ။ အနီရောင်စောင်ကြီးကို သင်္ကန်းလိုဝတ်ပြီး လျှောက်သွားနေတဲ့ ကျုပ်ကို အမေက တော်တော်သဘောကျသွားပါတယ်။ ကျုပ်ကို ဘုန်းကြီးဘဝရောက်အောင် ကြိုးစားဖို့လည်း ဆုံးဖြတ်ချက်ချဟန် တူပါတယ်။

ကျုပ်က ဉာဏ်တော့ တော်တော်ကောင်းတယ်။ အတန်းကျောင်းမှာနေတုန်း သူငယ်တန်းကနေ သုံးတန်းအထိ စာမေးပွဲ လုပ်တိုင်း ပထမချည်းရတယ်။ အိမ်နီးနားချင်းတွေ ဆရာ၊ ဆရာမ တွေက အမေ့ကို အကြံပေးကြတယ်။ ကျုပ်ကို တက္ကသိုလ်ထိ ရောက်အောင်ထားဖို့ ဆေးလိုင်းဝင်နိုင်တယ်။ ဆရာဝန်ဖြစ်နိုင်တယ် စသည်ပေါ့။

အမေက ဘယ်လိုမှ နားမဝင်ဘူး၊ ကျုပ် သုံးတန်းအောင်တာနဲ့ တစ်ခါတည်း ကိုရင်ဝတ်ပေးလိုက်တယ်။ ပါရမီဓာတ်ခံကလည်း ကျုပ်ကို ရှိဟန်တူပါတယ်။ ကိုရင်ဝါ ခုနစ်ဝါရပေမယ့် တစ်ခါမှ လိင်မပြန်ခဲ့ဘူး။ အခုတော့ စာချဆရာတော်တောင် ဖြစ်နေပြီပေါ့။ နောက်ဆုံး အကျဉ်းချုပ်လိုက်တော့ ကျုပ်ဟာ အနိမ့်ဆုံးဆိုတဲ့ တိရစ္ဆာန်ဘဝကနေ အမြတ်ဆုံးဆိုတဲ့ ရဟန်းဘဝရောက်အောင် ပြုခဲ့ဖူးတဲ့ ကုသိုလ်ဟာ ညောင်စေ့လောက်တောင်မရှိဘူး။

သူတစ်ပါးဆွမ်းလောင်းတာကို ဝမ်းသာတဲ့ စိတ်လေးနဲ့ပဲ ကြည့်ခဲ့မိတာပါ။ သူတစ်ပါးဆွမ်းလောင်းတာကို ဝမ်းသာတဲ့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ကြည့်တာတောင် လူ့ဘဝရောက်ရသေးတယ်ဆိုရင် ကိုယ်တိုင်ဆွမ်းလောင်းနေရတဲ့ ခင်ဗျားတို့ရဲ့ ကုသိုလ်ဆိုရင် ဘယ်လောက်ထိအောင် ကောင်းကျိုးပေးမယ်ဆိုတာသာ တွေးကြည့်ပါတော့ဗျာ။

**စိတ္တမှိ ပသန္နမှိ ဗုဒ္ဓေ ဝါ အထ သာဝကေ**
**နတ္ထိ စိတ္တေ ပသန္နမှိ**
**အပ္ပကာ နာမ ဒက္ခိဏာ**
**တထာဂတေ ဝါ သမ္ဗုဒ္ဓေ အထဝါ တဿ သာဝကေ**

**(မူလ ပဏ္ဏာသပါဠိတော်၊ သလ္လေခသုတ်)**

အို . . . စုန္ဒ ကုသိုလ်ကောင်းမှုတို့၌ စိတ်ကူးကြံစည်ရုံမျှနှင့်ပင်လျှင် အကျိုးကျေးဇူးများလှပေ၏ဟု ငါဘုရား ဟောတော်မူ၏။ ကိုယ်ရောနှုတ်ပါ ပြုကျင့်ပါက အကျိုးကျေးဇူးများခြင်း၌ အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

အနည်းငယ်သော ကောင်းမှုသည် (ငါ့အား) အကျိုးရောက် လိမ့်မည်မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်ကျဖန်များလတ်သော် ရေအိုးပြည့်သကဲ့သို့ ပညာရှိသည် အနည်းငယ်သော ကျောင်းမှုကိုပြု ဆည်းပူးဖန်များလတ်သော် နတ်ရွာနိဗ္ဗာန်ကိုရစေနိုင်သော ကောင်းမှုဖြင့်ပြည့်၏။ - **ဓမ္မပဒ**

**(စာချုဆရာတော်တစ်ပါး၏ ဖြစ်ရပ်မှန်ဘဝဇာတ်လမ်းကို ကာယကံရှင်၏ ခွင့်ပြုချက်ဖြင့် ရေးသားပါသည်)**

**ဘာသာသွေးစာစောင်**
**၁၃၆၀ ခုနှစ်၊ နယုန်-ဝါဆို**
**၁၉၉၈-ခု၊ ဇွန်လ၊ အမှတ်-၁၈**

www.burmeseclassic.com

www.burmeseclassic.com



## ၇။ သားထူးသားမြတ်

သင်ခန်းစာယူစရာ၊ ကြေကွဲစရာကောင်းလှသော တကယ့်ဖြစ်ရပ်လေးတစ်ခုကို လူကြီးသူမများထံမှတစ်ဆင့် ကြားနာမှတ်သားခဲ့ရဖူးပါသည်။ သားဖြစ်သူက တခြားအိမ်မှ သစ်သီးလေးအစ ကစားစရာလေးအလယ် ပစ္စည်းလေးများကို ယူလာကာ မိခင်ဖြစ်သူကိုပေးလေသည်။ မိခင်ကလည်း ဘာမှမပြောဘဲ ကျေနပ်သောအမူအရာနှင့် ယူထားလေသည်။ နည်းနည်းကြာလာတော့ အသုံးအဆောင်ပစ္စည်းတွေကိုပင် ယူတတ်လာပါသည်။

အသက်ကြီးလာသည်နှင့်အမျှ တဖြည်းဖြည်း အတင့်ရဲလာကာ သူခိုးဘဝမှ ဓားပြအကြီးစားထိ ရောက်သွားပါတော့သည်။ ဇာတ်ပေါင်းခန်းရောက်တော့ သားဖြစ်သူမှာ လူသတ်မှု ဓားပြတိုက်မှုတို့ဖြင့် ကြိုးစင်တက်ရပါတော့သည်။ နောက်ဆုံး အခွင့်အရေးအနေဖြင့် မိခင်နှင့်တွေ့လိုကြောင်းပြောရာ မိခင်ဖြစ်သူကိုခေါ်ပေးလိုက်ပါသည်။ ဘေးကကြည့်နေသော ပရိသတ်များမှာ ငယ်ငယ်ရွယ်ရွယ်နှင့် ကြိုးစင်တက်ရသော သားဖြစ်သူ၏ မိခင်လာလျှင် ဘာတွေများဖြစ်လေမည်နည်းဟူသော အတွေးကိုယ်စီနှင့် စုတ်တသတ် သတ်ဖြစ်နေကြပါသည်။

မိခင်ဖြစ်သူရောက်လာသောအခါ သူတို့ထင်ထားထက်ပင် ထူးထူးဆန်းဆန်းဖြစ်သွားပါသည်။ မိခင်ဖြစ်သူမှာ ငိုကြီးချက်မနှင့်

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူကိုဖက်ကာ ဖြေမဆည်နိုင်အောင် ဖြစ်နေပါသည်။ ထိုအချိန်၌ သားဖြစ်သူမှာ ဘယ်လိုဖြစ်သွားသည်မသိ၊ မိခင်၏ နားရွက်ကို တိခနဲနေအောင်ကိုက်ဖြတ်၍ ဥဒါန်းတွင်ရစ်မည့် စကားအချို့ကိုပြောကာ ကြိုးစင်ပေါ် တက်သွားပါတော့သည်။ သားမားပြကြီး ပြောလိုက်သော စကားမှာ . . .

"အမေ မဆုံးမခဲ့လို့ ကျုပ် ဒီလိုဖြစ်ရတာ"ဟူ၍ ဖြစ်ပါသည်။ အလွန်မှန်သောစကားပါပေ . . .

လက်ဦးဆရာ၊ မည်ထိုက်စွာ
ပုဗ္ဗာစရိယ၊ မိနှင့်ဘ ဟူ၍လည်းကောင်း
ငယ်သော်ကသား၊ လိုလိုက်ငြားက
ကြီးမားသောအခါ၊ ကျားပမာ၊
မှန်စွာကြောက်ဖို့တည်း။
ငယ်သော်ကသား၊ ဆုံးမငြားက
ကြီးမားသောခါ၊ အားပမာ၊ မှန်စွာကိုးဖို့တည်း။
ငယ်သော်သမီး၊ ဆုံးမနည်းက
ကြီးမားသောခါ၊ မီးပမာ၊ မှန်စာပူဖို့တည်း၊
ငယ်သောသမီး၊ ဆုံးမပြီးက
ကြီးသောအခါ၊ ထီးပမာ မှန်စွာအေးဖို့တည်း။

ဟူ၍လည်းကောင်း၊ မိဘများ သားသမီးတို့ကို ဆုံးမဖို့ အကြောင်းများကို ရှေးအသိပညာရှင်တို့က သတိပေးခဲ့သည်။ ဆုံးမနည်းကားများများစားစားမဟုတ်၊ ရိုက်၍ဆုံးမခြင်းနှင့် ပြော၍ဆုံးမခြင်းဟူ၍ နှစ်မျိုးတည်းပါပေ၊ အလွန်အန္တရာယ်ကြီးသောအပြစ်ကို ကျူးလွန်ရာ၌ကား ကလေးဘဝတွင် ရိုက်၍ဆုံးမမှ အမှတ်သည်းခြေ ရှိတော်

www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်။ ရိုက်ဆုံးမရမည်ဟူရာ၌ ရိုက်တတ်ဖို့ အများကြီး လိုပေသည်။

ဤနေရာ၌ စာရေးသူမိခင်၏ ဆုံးမနည်းများကို လေ့လာကြည့်သင့်ပေသည်။

သားသမီးများအားဆုံးမရာတွင် ဆုံးမနည်းနှစ်မျိုးဖြင့် ဆုံးမလေ့ရှိပါသည်။ ရိုက်ဆုံးမရာ၌ ခေါင်း၊ ရင်ဘတ်၊ ကျော တို့ကို ဘယ်တော့မှမရိုက်ခြင်း၊ အတွင်းကြေကြေနိုင်သော ကြီးမားသောတုတ်များကို အသုံးမပြုခြင်း၊ အပြစ်ကို သေချာမေးပြီးမှ ရိုက်ခြင်းစသည်တို့ဖြစ်ပါသည်။ သေချာသပ်ထားသော ဝါးခြမ်းပြား အသေးစားမျိုးလေးပင်ဖြစ်ပါသည်။ ရိုက်ပြီးသည်နှင့် ထ,လာသောအရှိုးများကို နနွင်းနှင့်ဆားရော၍ တစ်ခါတည်းလိမ်းပေးပါသည်။ ရုတ်တရက်စိတ်တို၍ ခေါင်းခေါက်ခြင်းမပြုပါ။ ဤကား ရိုက်ဆုံးမရာ၌ သိထားသင့်သည့်အချက်များဖြစ်ပါသည်။

စကားဖြင့် ဆုံးမရာ၌လည်း နည်းသိဖို့လိုပေသေးသည်။ ရှေးပညာရှိတို့က ဤသို့နည်းလမ်းပေးထားခဲ့ပါသည်။

**တစ်ရံတစ်ဆစ်၊ အပြစ်အနာ၊ ရှိသောခါဝယ်၊ ကွယ်ရာခေါ်၍ ဆုံးမလေ၏။ သူ့ရှေ့သူ့မှောက်၊ ပွဲပြင်ရောက်မူ၊ မြှောက်မြှောက်စားစား၊ သားအားပိုက်ဖြူး၊ မိဘကျူးသို့၊ ကျေးဇူးကိုသာ၊ ရှာ၍ချည်းဆို။**

ဆိုလိုရင်းကား အပြစ်ပြော၍ ဆုံးမစရာရှိသောအခါ လူရှေ့သူရှေ့မပြောဘဲ ကွယ်ရာသို့ခေါ်၍ တစ်ယောက်ချင်းဆုံးမရမည်။ လူရှေ့သူရှေ့၌ကား အပြစ်ပြောခြင်းကိုရှောင်၍ ကောင်းရာများကိုသာရှာ၍ ချီးမွမ်းရမည်ဟု ဆိုလိုပေသည်။ ထိုနည်းကို ကိုယ်တွေ့

www.burmeseclassic.com

www.burmeseclassic.com



မကြုံဖူးသူများအဖို့ လိုက်နာဖို့ စိတ်ကူးချင်မှ ကူးပေမည်။ ကိုယ်တွေ့ကြုံဖူးသော မိဘများကား တစ်သက်ပတ်လုံး လိုက်နာပေလိမ့်မည်။

စာရေးသူ စာသင်သားဘဝကနေခဲ့သော မြို့တစ်မြို့၌ အဖေဖြစ်သူက သမီးဖြစ်သူကို စာမေးပွဲကျသည့်အတွက် လူရှေ့သူရှေ့၌ ဆူပူကြိမ်းမောင်းလေသည်။ ထိုသို့ နည်းမကျသော ဆုံးမခြင်း၏ အကျိုးကား သမီးဖြစ်သူသည် ဆေးသောက်၍ အဆုံးစီရင်သွားခြင်းပင် စာရေးသူ ကိုယ်တိုင် ထိုလူနာကို သွေးလှူခဲ့ရသေးသည်။ အသက်ကား မရတော့ပါချေ။ မိဘမှန်သမျှ သင်ခန်းစာယူစရာ အချက်တစ်ချက်ပင်။

စာရေးသူ၏ ဖခင်ကား စာပေဗဟုသုတပြည့်စုံသောကြောင့် စကားဖြင့် ဆုံးမခြင်းတွင် တစ်ဖက်သတ် ထူးချွန်လှပေသည်။ စာရေးသူ စာသင်တိုက်နေစဉ်က ဆရာဘုန်းကြီးထံသို့ တပည့်တွေ ဆုံးမပုံနည်းမကျသေးကြောင်းကို စာရေးပို့မိပါသည်။ စာထဲတွင် ရေးထားသည်ကတော့ အမှန်တွေသာဖြစ်ပေသည်။ ဆရာဘုန်းကြီးကိုလည်း အမှန်တကယ်ပင် တပည့်တွေနှင့် သင့်တင့်စေချင်သည်။ သို့သော် တစ်ချို့နေရာတွင် လူရှေ့သူရှေ့၌ စာရေးသူကို ပက်ပက်စက်စက်ပြော၍ ရက်ရက်စက်စက် ရိုက်ခဲ့ပုံများကိုလည်း ပြန်ရေးပြလေရာ ဆရာဘုန်းကြီးမှာ စာရေးသူအပေါ် အထင်လွဲပါလေတော့သည်။ သူ့ဆီမှာ မနေချင်လို့ရေးသည်၊ သူ့အပေါ်မှာ အာဃာတတွေ မကြေလို့ရေးသည်ဟု ယူဆကာ စာရေးသူအပေါ် ဒေါသပုန်ထပါတော့သည်။ ကျောင်းပြန်ရောက်တော့ စာရေးသူ ဘယ်လိုမှ ဖြေရှင်း၍မရတော့ပါ။ ဆရာဘုန်းကြီးပြောသမျှကို ငုံ့ခံနေရပါတော့သည်။ စာရေးသူ အပြစ်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပြောရင် မည်သူမဆိုလက်ခံသည်"ဟူသော အယူအဆကို လက်တွေ့အသုံးချမိသည် မဟုတ်ပါလော။ ထိုကိစ္စနှင့်ပတ်သက်၍ ဖခင်ဖြစ်သူက စာရေးသူကို ဆုံးမပါသည်။ ရဟန်းဖြစ်နေပြီဖြစ်သော စာရေးသူကို ဖခင်က ဘယ်လိုများအပြစ်ပြော၍ ဆုံးမမည်နည်း။

"သားကို ဘုန်းကြီးက ဆူနေတယ်ဆို"

"ဟုတ်တယ် ဒကာကြီး"

"ဒကာကြီးလဲ သားရေးတဲ့စာကို ဖတ်ကြည့်ပြီးပါပြီ။ ဒကာကြီးတို့စိတ်ထားမျိုးနဲ့ဆိုရင်တော့ သားကို ဘာအပြစ်မှ ပြောစရာမရှိပါဘူး။ ဒါပေမယ့် **ပုဂ္ဂိုလ်တိုင်းအမှန်တရားကိုပြောတာ ကြိုက်တာ မဟုတ်ဘူး။ အမှန်တရားကိုပြောတာ မကြိုက်လို့ မုသားစကားတွေပြောရမယ်လို့ မဆိုလိုဘူး။**

**တချို့နေရာမှာ မပြောဘဲနေသင့်ရင် နေလိုက်ရတယ်။** ဟိုတစ်ခါက အမှန်ကိုပြောမိလို့ ငွေတစ်ထောင်ကုန်ခဲ့ရတဲ့ လူတစ်ယောက်ရှိခဲ့ဖူးတယ်။ ဒါပေမယ့် သူ့ရဲ့ဖခင်က ဉာဏ်ပညာရှိလို့ အရင်းပါမက အမြတ်ပါ ပြန်ရခဲ့တယ်။ ဖြစ်ပုံက မုဆိုးသားအဖနှစ်ယောက် တောလည်တော့ ရေကန်တစ်ကန်ထဲမှာ ကျောက်ဖျာကြီးတစ်ခုပေါ် နေတာကို သားအဖနှစ်ယောက်လုံး အလွန်အံ့သြစွာနဲ့ မြင်ကြရတယ်။

"အပြန်ကျတော့ ဖခင်က သားကို အမြော်အမြင်ကြီးစွာနဲ့ ကြိုမှာထားတယ်။ ငါ့သား ဒီအကြောင်းတွေ ရွာပြန် ရောက်ရင် ဘယ်သူ့မှမပြောနဲ့ ယုံမှာမဟုတ်ဘူး။ တို့ပဲ အရှုံးဖြစ်လိမ့်မယ်မပေါ့။ ဒါပေမယ့် သားဖြစ်သူက မနေနိုင်ဘူး။ ရွာပြန်ရောက်တော့ လျှောက်ပြောတော့တာပဲ။ သူ့အဖေပြောတဲ့အတိုင်း ဘယ်သူ့မှ

www.burmeseclassic.com

www.burmeseclassic.com



မယုံတဲ့အပြင် သူ့ကိုတောင် အရူးလို့ပြောကြတယ်။ ဒီတော့ သားဖြစ်သူက မင်းတို့မယုံရင် အလောင်းအစားလုပ်မလားလို့ မေးလိုက်တယ်။"

တစ်ဖက် လူတွေကလည်း လုပ်မယ်၊ အဆုံးအဖြတ် အဖြစ် မင်းအဖေကိုမေးမယ်၊ မင်းအဖေက ဟုတ်တယ်ဆိုရင် မင်းကို တို့က တစ်ထောင်ပေးမယ် မဟုတ်ဘူးဆိုရင် မင်းက တို့ကို တစ်ထောင်ပေးပေတော့ဆိုပြီး ဖခင်ဖြစ်သူ မုဆိုးကြီးထံ သွားကြတယ်။ ရောက်တော့ အဆုံးအဖြတ်ပေးဖို့ ပြောကြတာပေါ့၊ မုဆိုးကြီးက ဘာမှကို မစဉ်းစားမနေတော့ဘူး။ မဟုတ်ဘူးလို့ တစ်ခါထဲ ပြောလိုက်တယ်။ သားဖြစ်သူလည်း ငွေတစ်ထောင် ဆုံးသွားတာပေါ့။

အလောင်းအစားလုပ်တဲ့သူတွေ ပြန်သွားတော့ သားက အဖေကို အပြစ်တင်တယ်။ ဒီတော့ မုဆိုးကြီးက ငါ့သား . . . အဖေ ဒါတွေမြင်လို့ ငါ့သားကိုပြောခဲ့တယ် မဟုတ်လား၊ ရွာထဲရောက်ရင် ဘယ်သူ့မှမပြောပါနဲ့လို့၊ အခု ငါ့သား အဖေ့စကား နားမထောင်လို့ ဖြစ်ရတာပဲ။ ဒါပေမယ့် စိတ်မကောင်းဖြစ်မနေပါနဲ့၊ နက်ဖြန်ကျရင် ငါ့သားငွေတွေ အဖေပြန်ရအောင်လုပ်ပေးပါမယ့်လို့ နှစ်သိမ့်လိုက်တယ်။

နောက်တစ်နေ့ တောလည်ကပြန်လာလို့ အိမ်ရောက်တဲ့ အခါ မုဆိုးကြီးက သွားငါ့သား . . . ရွာထဲမှာ သွားပြောချေ။ ငါတို့ အဖေ သမင်တစ်ကောင်ကို ပစ်လိုက်တာ ခြေထောက်ကနေပြီး နားရွက်ထိ ထုတ်ချင်းခတ်သွားတယ်လို့ ပြောကွာ၊ လောင်းကြေးလည်း အရင်တစ်ခါထက် နှစ်ဆလောင်းခဲ့လို့ မှာလိုက်တယ်။ သားဖြစ်သူကလည်း အရင် လူတွေဆီ တစ်ခါသွားပြောပြန်တယ်။ ဒီတစ်ခါလည်း ဟိုလူတွေက ပိုတောင်မယုံဘူး ဖြစ်သွားတာပေါ့။ လောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြေး နှစ်ဆတိုးပြီး မုဆိုးကြီးထံ အဆုံးအဖြတ်ခံဖို့ ရောက်လာကြပြန်တယ်။ ဒီတစ်ခါတော့ မုဆိုးကြီးက . . .

"ဟာ . . . ဒီတစ်ခါတော့ ငါ့သားပြောတာ မှန်တယ်။ မယုံမရှိကြပါနဲ့၊ ခြေထောက်ကနေ နားရွက်ထိ ဘယ်လို ထုတ်ချင်းပေါက်သွားသလဲဆိုတော့ ငါပစ်တဲ့အချိန်မှာ သမင်က နားရွက်ကို ခြေထောက်နဲ့ အယားဖျောက်နေတာကိုးလို့ ပြောလိုက်တယ်။ ဒီပုံကို ကြည့်ပြီး မှန်တိုင်းလည်းပြောလို့ မကောင်းဘူး၊ တိတ်တိတ်နေသင့်ရင်နေရတယ် ငါ့သား' ဖခင်၏ဆုံးမစကားတို့သည် ယခုအချိန်ထိ နားထဲမှာ မထွက်တော့ပါချေ။ ဤကဲ့သို့ ကျိုးကြောင်းပြ၍ ဆုံးမတတ်ရန် ပါတီရေးရာစာစောင် ၇/၆၉ တွင် ကလေးသူငယ်များ လေလွင့်ပျက်စီးခြင်းအကြောင်းတွင် မိဘနှင့်ဆရာများသည် အဓိက တာဝန်ရှိသူများပင် ဖြစ်သည်။ ကလေးသူငယ်များသည် မိဘနှင့် ဆရာသမားစကားကို အများအားဖြင့် နာယူလိုသောသဘောရှိသည်။ မိဘနှင့်ဆရာသမားက စနစ်တကျ ကျိုးကြောင်းပြ၍ အုပ်ချုပ်ပဲ့ပြင်မှုမရှိဘဲ လစ်ဟင်းပေါ့လျော့လျှင် လူငယ်ကလေးများမှာ မပျက်စီးသင့်ဘဲ ပျက်စီးသွားနိုင်ပေသည်။ မလေလွင့်သင့်ဘဲ လေလွင့်သွားနိုင်ပေသည်ဟု ဖော်ပြထားပေသည်။

ထိုကဲ့သို့ ငယ်ငယ်တည်းက သွန်သင်ဆုံးမမှု မရှိခဲ့ပါက သားထူးသားမြတ်မဖြစ်နိုင်ဘဲ သားဆိုးသားမိုက်သာ ဖြစ်လာပေလိမ့်မည်။ သားဆိုးကို မွေးဖွားရသော မိဘတို့သည် အမိဝမ်းထဲတွင် သေသောသား၊ ဖွားမြင်ပြီးပြီးချင်သေသောသားတို့ကို မွေးဖွားရသည်ထက် များစွာ ဒုက္ခရောက်လှကြောင်း စသည်တို့ကို ဖွဲ့ဆိုထားသော အောက်ဖော်ပြပါ ပို့ကိုရှုစား ကြည့်ပါ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ကြယ်လို၊ လလို သားထိုထို

ဝမ်းတွင်းပျက်ကြေ၊ ဖွားဆဲသေနှင့်၊ သက်ရှည်သားဆိုး
ဤသုံးမျိုးတွင်၊ နှစ်မျိုးရှေ့သား၊ ကောင်းမြတ်ငြား၏။
နောက်သားမမြတ်၊ ရှေ့နှစ်ရပ်လည်း၊ ပြုတတ်ဆင်းရဲ၊
တစ်ကြိမ်တည်းတည့်၊ မိုက်မဲသက်ရှည်၊ သားလူပေကား၊
ဖဝါးခြေထပ်၊ ညှဥ်းဆဲတတ်၏၊ သားမြတ်ဂုဏ်ရှင်၊
တစ်ယောက်ပင်လည်း၊ မိုးတွင်လနှယ်၊ မိုက်မှောင်ပယ်၍
တင့်တယ်ဖိုးထိုက်၊ သားဆိုးမိုက်တို့၊ မိုး၌ကြယ်လား၊
ရာထောင်များလည်း၊ အလကားပင်၊ ကျိုးမထင်သည်၊
မစင်မိဘညစ်ကြေးတည်း။

အမိဝမ်းထဲတွင် သေသောသား၊ မွေးဖွားပြီးပြီးချင်း သေသောသားတို့သည် မိဘကိုတစ်ကြိမ်သာ ဒုက္ခပေးသည်။ အသက်ရှည်နေသော သားဆိုးသည်ကား တစ်သက်ပတ်လုံး ညှဥ်းဆဲ ပေလိမ့်မည်။ ထို့ကြောင့် မိဘတို့မှာ တစ်သက်လုံး ဆင်းရဲရလိမ့်မည်။ နောက်ဆုံးတွင် ဥပမာပေးထားသည်ကား သားထူးသားမြတ် သူတော်ကောင်းတစ်ယောက်ကို မွေးဖွား ရပါက ကောင်းကင်မှာ ရှိသော လမင်းကြီးသည် ည၏အမိုက်မှောင်ကို ပယ်ဖျောက်ပေး သလို ထိုသားထူးသားမြတ်သည်လည်း မိဘဆွေမျိုးသားချင်းများ၏ ဒုက္ခကိုပယ်ဖျောက်ပေးနိုင်သည်။

သားဆိုးသားမိုက်တို့ကို ရာထောင်မက မွေးဖွားရသော်လည်း ကောင်းကင်မှာရှိသော ကြယ်တို့သည် ဘာတစ်ခုမှ အကျိုးမပြု နိုင်သလို ထိုသားဆိုးသားမိုက်တို့သည်လည်း မိဘဆွေမျိုးသားချင်း များ၏ ကောင်းကျိုးကို မဆောင်ရွက်နိုင်ပါချေ။ ထိုသားဆိုးသားမိုက်

www.burmeseclassic.com

www.burmeseclassic.com



တို့ကား သားသမီးဟုပင် မခေါ်ထိုက်ပဲ မိဘ၏အညစ်အကြေး ဟုသာ ခေါ်ထိုက်သည်ဟု ဆိုလိုပေသည်။ ထိုစကားကို ကြည့်၍ သားထူးသားမြတ် သားသူတော်ကောင်းတစ်ယောက်ကို မွေးဖွား ရလျှင် မိဘဆွေးမျိုးတို့အတွက်သာမက အပေါင်းအသင်းရောင်းရင်း များ တိုင်းပြည်ကို အုပ်ချုပ်သောမင်းများ၊ နတ်များအတွက်ပါ ကောင်းကျိုးချမ်းသာရနိုင်ကြောင်းကို အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကထာ နိပါတ်၊ ဒါနဝဂ်၊ သပ္ပုရိသသုတ်၌ မြတ်ဗုဒ္ဓက တိတိကျကျ ဟောပြ ထားပါသည်။

တစ်ဆက်တည်းမှတ်ရန်မှာ ဗုဒ္ဓ၏အလိုအားဖြင့် သားသုံးမျိုး ခွဲပြထားပေသည်။ မိဘထက် စိတ်နေစိတ်ထားအားဖြင့် လည်း ကောင်း၊ အသိဉာဏ်အလိမ္မာ အစစအရာရာအားဖြင့်လည်း ကောင်း သာလွန်သော သားထူးသားမြတ် အတိဇာတသားမျိုး၊ အကျင့်စာရိတ္တ စိတ်နေသဘောထားမှစ၍ မိဘနှင့်တူသော အလယ်အလတ် အနုဇာတသားမျိုး၊ အကျင့်စာရိတ္တ စိတ်နေ သဘောထားအစစ မိဘထက်ယုတ် လျော့သော အဝဇာတသား မျိုးဟု သုံးမျိုးတွင် အနုဇာတသားမျိုးဖြစ်အောင်ကား စွမ်းဆောင် နိုင်ပါလိမ့်မည်။ အတိဇာတ သားမျိုးဖြစ်အောင်ကား တော်တော် ခက်ပါလိမ့်မည်ဟု မိဘများက ညည်းညူပေလိမ့်မည်။

ငြီးစရာမလိုပါ။ သားထူးသားမြတ်ဖြစ်ရန်အတွက် အဓိက လိုအပ်ချက်ကား မိမိ၏သားသမီးများကို မိမိထက်ပို၍ စာဖတ် ဝါသနာပါပါစေ။ စာများများ ဖတ်သင့်ပုံနှင့်ပတ်သက်၍ ဆရာကြီး ပီမိုးနင်းက ဤကဲ့သို့ ဩဝါဒပေးခဲ့ပါသည်။

လူကိုစိတ်အုပ်ချုပ်၏။ စိတ်ကို ဉာဏ်ပညာအုပ်ချုပ်၏။
ဉာဏ်ပညာကို ဗဟုသုတအုပ်ချုပ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ပါ၍ဗဟုသုတရှိအောင် စာအုပ်စာတမ်း အမျိုးမျိုးကို ဖတ်ကြကုန်လော့။

အနောက်တိုင်းပညာရှင်တစ်ဦးဖြစ်သော စတီလိဆိုသော ပုဂ္ဂိုလ်ကလည်း 'ကိုယ်လက်လှုပ်ရှားတာဟာ ကိုယ့်အတွက် ဖြစ်သလို စာဖတ်တာကစိတ်အတွက်ဖြစ်တယ်' ဟု မှတ်ချက်ချခဲ့ပေသည်။ လောကီလူသားများအဖို့ ကိုယ်ကျန်းမာအောင် အားကစားလုပ်ဖို့ သတိရသလောက် စိတ်ကျန်းမာအောင် စိတ်ထားမြင့်အောင် စာဖတ်ဖို့အတွက်ကား သတိမမူမိဖြစ်နေကြပါသည်။ ထိုစာပေထဲတွင် အသိပညာတွေ အများကြီးပါပေသည်။

× × × × × ×

## အတတ်ပညာနှင့်အသိပညာ

ကလေးဖြစ်သည့်အတွက် အစပိုင်းတွင် ကာတွန်း၊ ဝတ္ထုလောက်သာ စိတ်ပါမည်ဖြစ်သော်လည်း စာစုံလာသည်နှင့်အမျှ စာအုပ်ချင်းတူပါလျက် အနှစ်သာရချင်းမတူပုံကို ခွဲခြားတတ်လာပါလိမ့်မည်။ အတတ်ပညာနှင့် အသိပညာတွင် အသိပညာက ပဓာနကျပုံကို ကျားသေကိုအသက်သွင်းသော သဋ္ဌိဝ၊ ရတနာမိုးရွာစေနိုင်သော ဝေဒဗ္ဗဇာတ်လာ ပုဏ္ဏားတို့ကိုကြည့်လျှင် သိနိုင်ပေသည်။

**သဋ္ဌိဝသည် သတ္တဝါအသေကို အသက်သွင်းနိုင်သော အတတ်ပညာကားရှိပါ၏။ မည်သို့သောနေရာ၌ အသုံးချ သင့်သည်ဟူသော အသိပညာကား မရှိပါချေ။ ထို့ကြောင့်ပင် သူ့အသက်**

www.burmeseclassic.com

www.burmeseclassic.com



**သွင်းမိသော ကျားကပြန်ကိုက်၍ သေရသည် မဟုတ်ပါလော။** ဝေဒဗ္ဗဇာတ်လာ ပုဏ္ဏားသည်လည်း အသိပညာကင်းမဲ့စွာဖြင့် တစ်စုသောခိုးသားဓားပြတို့အား ရတနာမိုးကို ရွာပေးခဲ့မိရာ တခြားခိုးသားဓားပြတစ်စုက ထပ်ရွာ ခိုင်းရာ၌ နက္ခတ်မတည့်၍ ရွာမပေးနိုင်တော့ချေ။

ထို့ကြောင့်ပင် မိမိအတတ် မိမိပြန်စူးကာ ခိုးသားဓားပြတို့ လက်၌အသတ်ခံခဲ့ရပေသည်။ ထိုအသိပညာရှိသင့်ပုံနှင့် ပတ်သက်၍ ပဒါရူးစကီးဟူသော အနောက်တိုင်းပညာရှင်တစ်ဦးက **အသိပညာဆိုတာ မိမိကိုယ်ကို ပိုမိုပြည့်ဝစေတယ်၊ ကိုယ့်ဆီက သူများယူသွားလို့ မရနိုင်ဘူး**ဟု မှတ်ချက်ချပေးခဲ့သည်။

**"စာအုပ်စာစောင်၊ တွေ့မရှောင်၊ ဆုံးအောင်ဖတ်ရှုပါ။**
**မကောင်းရှောင်ပယ်၊ ကောင်းဆောင်ကွယ်၊**
**မှတ်ဖွယ်သင့်ဝန်တာ"**

ဟူသောဆောင်ပုဒ်လေးကို လက်ကိုင်ထား၍ သားသမီးများကို စာပေဝါသနာပါအောင် ပြုပေးသောအားဖြင့် ထူးမြတ်သော သားသမီးများဖြစ်အောင် မြေတောင်မြှောက်ပေးနိုင်ကြပါစေသော်ဝ်။

ပျားကိုရှာသောသူသည် ပျားရသောအခါ ကြက်ဆူပင်ကိုသော်လည်း တောတွင်အမြတ်မှတ်ရသည်။ ပညာကို ရှာသောသူမှာ ဟောကြားပြသဆုံးမသူဖြစ်လျှင် ဒွန်းစဏ္ဍာားပင်ဖြစ်သော်လည်း လူတွင် အမြတ်,မှတ်ရာသည်။

(လုံးတော်ဆရာတော်)

ဗဟုတုတ၊ မရှိကမူ လျှော့ကျရေတူ၊ လူမဟူရ
ရှက်ကြီးရလိမ့်၊ နောင်တဆယ်ကြိမ်၊ ညှိုးပိန်မျက်နှာ၊

www.burmeseclassic.com

www.burmeseclassic.com



ပွဲမှာမဝင်၊ ပြင်မှာမရောက်၊ တောမှာမျောက်သို့
ခြေထောက်လက်စုံ၊ ရှိပါတဲ့လည်း

(ဆားတုံဆရာတော်)

မေထုန်မှီ အိပ်စားလို့၊ ယောက်ျားတဲ့နွားမှာ
ပြည့်အစုံ ကုံလုံရှိပါငြား၊ သိပညာတတ်တစ်ပါး၊
နွားထက်ပိုသာ တတ်ပညာချို့ရှာချေက၊
လူမိုက်ခေါင်ထိုယောက်ျားကို နွားဟုဆိုရ

(စဥ့်ပါဆရာတော်)

သာသနာ့ရောင်ခြည်၊ အတွဲ ၁၂၊ အမှတ် ၄
၁၃၅၄ ခု၊ ဝါခေါင်လပြည့်နေ့၊ (၁၃-၈-၉၂)

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



# ၈။ သရဏဂုံအစွမ်း အံ့မခန်း

သရဏဂမဏ ဟူသောပါဠိမှ ဆင်းသက်လာသော သရဏဂုံ သုံးပါးသည်ကား ဗုဒ္ဓဘာသာသို့ဝင်ရာ တံခါးပေါက်ကြီး တစ်ခု သဖွယ် အင်မတန်မှ အရေးကြီးလှပါသည်။ တံခါးပေါက်မရှိသော အိမ်တွင်းသို့ ဝင်ရန်မဖြစ်နိုင်သကဲ့သို့ 'ဘုရား၊ တရား၊ သံဃာ'ဟု ဆိုအပ်သော သရဏဂုံသုံးပါးကို မသိနား မလည်ဘဲ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်ဖို့ မဖြစ်နိုင်ပါပေ။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာသို့ ကူးပြောင်းကာစ ပုဂ္ဂိုလ်များအနေဖြင့် ပထမဆုံး ခံယူဆောက်တည် သော တရားမှာလည်း သရဏဂုံသုံးပါးပင် ဖြစ်ပေသည်။ သရဏဂုံ သုံးပါးသည် လူသားတို့ ဗုဒ္ဓဘာသာဖြစ်ရေးတွင် အဓိကကျရုံသာ မကသေးဘဲ ဘုရားသားတော် ရှင်ရဟန်းဖြစ်ရေးတွင်လည်း အဓိက ကျသောတရားအဖြစ် တည်ရှိလျက်ပင် ရှိပါသေးသည်။

ထိုသရဏဂုံသုံးပါးကို မာဂဓခေါ် ပါဠိဘာသာဖြင့် ဌာန် ကရိုဏ်းကျကျနှုတ်မြွက်ရွတ်ဆိုလိုက်လျှင် ရှင်သာမဏေအဖြစ် သာမက ဗုဒ္ဓခွင့်ပြုခဲ့ဖူးသော ရဟန်းရှစ်မျိုးတွင် သရဏဂမန ရဟန်းအဖြစ်သို့ပင် ရောက်ရှိနိုင်ပါသည်။

သရဏဂမန နှစ်ပုဒ်တို့တွင် သရဏဟူသောပုဒ်ကို

ဟိံ သတီတိ သရဏံ = ဟိံသတိ၊ ဘေးရန်ကို၊ ကြောက် ထိတ်လန့်ခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ အပါယ်

www.burmeseclassic.com

www.burmeseclassic.com



လေးပါးသို့ လားရောက်ခြင်းတို့ကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့် သရဏံ၊ သရဏမည်၏။ ဟူ၍ သီလက္ခန္ဓ အဋ္ဌကထာ၌ ဝိဂြိုလ်ဖွင့်ဆို၍ ပြခဲ့ပါသည်။

ဂမန သဒ္ဒါကား ကိုးကွယ်ဆည်းကပ်ခြင်းဟူ၍ အဓိပ္ပါယ်ရပါသည်။ ဤဆောင်းပါး၌ အဓိကတင်ပြချင်သည်မှာ အဝေစ္စ ပသန္န = မတုန်မလှုပ်သက်ဝင်ယုံကြည်သောစိတ်ဖြင့် သရဏဂုံကို တကယ်တည်ပြီး ထိုသရဏဂုံကိုပင် စွမ်းနိုင်သမျှ ရွတ်ဖတ် သရဇ္ဈာယ်နေသော ပုဂ္ဂိုလ်များအတွက် သရဏဂုံကပေးသော အံ့မခန်းသော အစွမ်းအစများကို လက်တွေ့အထောက်အထား၊ သမိုင်းအထောက်အထား၊ ကျမ်းဂန်အထောက်အထားတို့ဖြင့် တိတိကျကျ တင်ပြလိုခြင်းဖြစ်ပါသည်။

သရဏဂုံက ပေးသော အံ့မခန်းသော အစွမ်းအစများကို မဖော်ပြမီ ဦးစွာသိသင့်သော သရဏဂုံ ဆောက်တည်နည်း လေးနည်းကို ဖော်ပြပါမည်။

× × × × ×

## သရဏဂုံဆောက်တည်နည်း ၄-နည်း

**အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ။**

ယနေ့မှစ၍ ကျွန်ုပ်သည် မိမိ၏ ခန္ဓာကိုယ်ကို မြတ်ဘုရားအား၊ မြတ်တရားအား၊ မြတ်သံဃာအား အပ်နှင်းလှူဒါန်းပါ၏ ဟူ၍ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



**ဇီဝိတ ပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**

ဒီသက်ဆုံးသည့်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏ စသည်ဖြင့်ဖြစ်စေ မိမိကိုယ်ကို ရတနာသုံးပါးသို့ အပ်နှင်းကိုးကွယ်ဆည်းကပ်ခြင်းကို 'အတ္တ သန္နိယျာတန သရဏဂုံ' ဟုခေါ်သည်။

ဒီဒွအာဒိ ကတွာ အဟံ ဗုဒ္ဓပရာယဏော၊ ဓမ္မပရာယဏော၊ သံဃ ပရာယဏောတိ မံ ဓာရေထ။

ယနေ့ကစ၍ ကျွန်ုပ်သည် မြတ်ဘုရားသာလျှင် မြတ်တရားသာလျှင် မြတ်သံဃာသာလျှင် လဲလျောင်းရာရှိ၏ဟူ၍ ကျွန်ုပ်ကို မှတ်ကြကုန်လောဟူ၍ လျှောက်ထားဆောက်တည်ခြင်းကို 'တပ္ပရာယဏ သရဏဂုံ' ဟုခေါ်သည်။

**အဇ္ဇ အာဒိ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ အန္တေဝါသိကော၊ သံဃဿ အန္တေဝါသိကောတိ မံ ဓာရေထ။**

ယနေ့မှစ၍ ကျွန်ုပ်သည် မြတ်ဘုရား၏တပည့်၊ မြတ်တရား၏တပည့်၊ မြတ်သံဃာ၏တပည့် ဟူ၍ ကျွန်ုပ်ကို မှတ်တော်မူကြကုန်လောဟူ၍ တပည့်အဖြစ် ခံယူဆောက်တည်ခြင်းကို 'သိဿဘာဝူပ ဂမန သရဏဂုံ'ဟုခေါ်သည်။

**အဇ္ဇ အာဒိ ကတွာအဟံ အဘိဝါဒနပစ္စုပဋ္ဌာနံ အဉ္စလိ ကမ္မသာမီစိကမ္မံ ဗုဒ္ဓါဒီနံယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောမိတိ မံ ဓာရေထ။**

ယနေ့ကစ၍ ကျွန်ုပ်ကို ရတနာသုံးပါးအား ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လွန်စွာအရိုအသေပြုခြင်းရှိတဲ့သူဟု မှတ်ကြကုန်လောဟူ

www.burmeseclassic.com

www.burmeseclassic.com



လျှော့ကာ်ထား၍ ကိုးကွယ်ဆည်းကပ်ခြင်းကို 'ပဏိပါတ သရဏဂုံ' ဟုခေါ်သည်။

မိမိတို့ နှစ်သက်ရာ တစ်နည်းနည်းဖြင့် ခံယူဆောက်တည်နိုင်ပါသည်။

ယခုကာလ သီလယူစဉ် ရဟန်းတော်များ ရှေ့ကဆိုပေးသော 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသောနည်းအတိုင်း ဆောက်တည်ကလည်း ဖြစ်နိုင်သည်ပင်။ ၎င်းသရဏဂုံယူနည်းကို အတ္တ သန္နိယျာန သရဏဂုံတွင် ထည့်သွင်းနိုင်ပါသည်။

× × × × ×

## လက်တွေ့အင်္ဂတော်အထားများ

အင်္ဂုတ္တိုရ်အဋ္ဌကထာတွင် အပါယ်မလားလောက်အောင် ကုသိုလ်အား ကြီးမားလှသဖြင့် သောတာပန်နှင့် တူသည်ဟူ၍ပင် ဖွင့်ဆိုထားသော ကုသိုလ် ၆-မျိုး ရှိပါသည်။

၎င်းတို့မှာ -

(၁) သရဏဂုံသုံးပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည်၍ သရဏဂုံတည်သူ။

(၂) ငါးပါးသီလမြဲသူ။

(၃) မည်သည့်ရက်ဟု ဘာတ်မှတ်၍ စာရေးတံမဲဖြင့် ဆွမ်းအမြဲလှူဒါန်းသူ။

(၄) ဝါဆိုသင်္ကန်းလှူသူ။

(၅) ရေတွင်းရေကန်တူး၍ လှူသောသူ။

www.burmeseclassic.com

www.burmeseclassic.com



(၆) ကျောင်းဆောက်လှူသောသူ တို့ဖြစ်ပေသည်။

ထိုကုသိုလ် ၆ မျိုးတို့တွင် သရဏဂုံကုသိုလ်က ထိပ်ဆုံးသို့ ရောက်နေရခြင်းမှာ ကုသိုလ်စွမ်းအားအကြီးဆုံးဖြစ်သောကြောင့် ပင် ဖြစ်ပါသည်။

ထိုသရဏဂုံကုသိုလ်စွမ်းကြောင့် အပါယ်မလားဘဲ နတ်ပြည် သို့ရောက်ရသော တပ်ကြပ်ကြီးတစ်ယောက်၏ တကယ့်ဖြစ်ရပ် မှန်ကို တင်ပြပါဦးမည်။

× × × × ×

## နတ်သား ကိုလှရွှေ

တောင်တန်းဆရာတော်ကြီးနှင့် တွေ့ရသောအချိန်မှာပင် တပ်ကြပ်ကြီးလှရွှေက . . .

"ဆရာတော်ဘုရား . . . တပည့်တော်က သိတတ်သော အရွယ်ကစပြီး အခုအသက်လေးဆယ်အရွယ်ထိ စစ်မှုထမ်းခဲ့ရတာ ဖြစ်လို့ ကိုယ့်ဘဝရဲ့နောက်ကြောင်းကို ပြန်ကြည့်ရင် အားရစရာ တစ်ခုမှ မရှိခဲ့ပါဘူးဘုရား။ အဲဒါကြောင့် တပည့်တော်အတွက် ဘဝကူးကောင်းစေမယ့် လွယ်လွယ်ကူကူ ကမ္မဋ္ဌာန်းလေးတစ်ခုကို ချီးမြှင့်တော်မူပါဘုရား"

ဆရာတော်ကြီးကလည်း အလွယ်ဆုံး အစွမ်းဆုံးဖြစ်သော သရဏဂုံသုံးပါးကိုပင် ရွတ်ဖတ်သရဇ္ဈာယ်ရန် နည်းလမ်းပေးတော် မူလိုက်ပါသည်။

တပ်ကြပ်ကြီး လှရွှေကလည်း တကယ်လိုလိုချင်ချင်စိတ်ဖြင့် အမြဲမပြတ်ပင် ရွတ်ဖတ်သရဇ္ဈာယ်နေခဲ့သည်။ ထို့နောက် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးကို သုံးလေးလခန့် လုပ်ကျွေးပြုစုပြီး မိမိနေရပ်သို့ ပြန်ခဲ့ပါသည်။

တစ်နေ့တွင် ရှေ့တန်းထွက်စဉ်က ရလာခဲ့သော ငှက်ဖျားရောဂါက ပြန်လည်နှိပ်စက်လာသဖြင့် ဆေးရုံသို့ အရေးပေါ် တင်လိုက်ရသည်။ သို့သော် ဦးနှောက်အတွင်းသို့ ရောက်နေပြီဖြစ်သော ငှက်ဖျားပိုးက တပ်ကြပ်ကြီးလှရွှေကို တမလွန်ဘဝသို့ ပို့ဆောင်လေတော့သည်။ သရဏဂုံရွတ်ရင်း ဘဝပြောင်းရသော တပ်ကြပ်ကြီးလှရွှေ၏ လားရာဂတိသည်ကား နတ်ပြည်ပင်ဖြစ်ပါတော့သည်။

တပ်ကြပ်ကြီးလှရွှေ ကွယ်လွန်ပြီးနောက် တစ်နေ့ညဉ့်ပင် ဆရာတော်ကြီး သီတင်းသုံးရာတောကျောင်းသို့ အရောက်လာပြီး ဖော်ပြပါ စကားရပ်တို့ကို လျှောက်ထားသွားခဲ့ပါသည်။

"တပည့်တော် တပ်ကြပ်ကြီးလှရွှေပါဘုရား၊ ဆရာတော်၏ ကျေးဇူးကြောင့် တပည့်တော်နတ်ပြည်သို့ ရောက်ရပါတယ်ဘုရား။ အကျိုးကျေးဇူးကြီးမားလှတဲ့ သရဏဂုံသုံးပါး ကို တခြားသော ဒကာ၊ ဒကာမအပေါင်းအားလည်း လက်တွေ့ဟောကြားပေးစေလိုသောကြောင့် လာရောက်လျှောက်ထားရခြင်းဖြစ်ပါတယ်ဘုရား"

တပ်ကြပ်ကြီးလှရွှေ၏ဖြစ်ရပ်နှင့် အင်မတန်မှ တူညီ လှသော ဖြစ်ရပ်တစ်ခုကိုလည်း ကျမ်းဂန်အထောက်အထား ကဏ္ဍတွင် ဆက်လက်ဖော်ပြပါဦးမည်။

မြတ်ဗုဒ္ဓ၏ တရားတော်များကား အကာလိကော အခါမလင့် ဘယ်ခါမဆို အကျိုးပေးသော တရားတော်များပါပေတကား။

ငါဘုရားအပေါ် ယုံကြည်ရုံမျှ ချစ်မြတ်နိုးရုံမျှဖြင့် နတ်ရွာသုဂတိသို့ လားရောက်နိုင်၏။

(မူလပဏ္ဏာသ၊ အလ ဂဒ္ဒူပမသုတ်)

www.burmeseclassic.com

www.burmeseclassic.com



## သရက္ခာဂုံတန်ခိုး ဓားမတိုး

ဒီပဲရင်းမြို့နယ် ကျွန်းရင်ရွာကျောင်း ဆရာတော် ဦးဝါယမသည်လည်း သရက္ခာဂုံတန်ခိုးကြောင့်သာလျှင် အသက်ဘေးမှ သီသီကလေး လွတ်ခဲ့ရပါသည်။

တစ်နေ့တွင် ရွာမှအတွင်းဒကာများပါသော ဓားပြအဖွဲ့တစ်ဖွဲ့ ကျောင်းသို့ဝင်၍ ဓားပြတိုက်ကြသည်။ ဘုရားခန်းမှ အဖိုးတန်ပစ္စည်းများကို ယူရုံတင်မကဘဲ လက်စလက်နဖျောက်သည့်အနေဖြင့် ဘုန်းကြီးကိုပါ သတ်ပစ်ရန် လက်ပြန်ကြိုးတုပ်ပြီး ကျောင်းနောက်ဖက်လှိုကြီးထဲသို့ ခေါ်သွားပါတော့သည်။ အသနားခံလို့မရတော့မဲ့အတူတူ ဘာမှ ပြောမနေတော့ဘဲ ဘုရားရှိခိုးခွင့်အချိန်ကလေးတောင်းလိုက်ပြီး ရွတ်ဖတ်သရဇ္ဈာယ်နေကြ သရက္ခာသုံးပါးကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုကန်တော့လိုက်ပါတော့သည်။

သရက္ခာဂုံသုံးပါးဆုံးသည်နှင့်တစ်ပြိုင်နက် မိုးမှောင်ကြီးချက်ချင်းကျလာပြီး လျှပ်စီးများလက်ကာ ဓားပြတို့၏ ပတ်ဝန်းကျင်တွင် မိုးကြိုးများ အဆက်မပြတ် ပစ်ခတ်ပါတော့သည်။ ဘုန်းကြီးကို မသတ်နိုင်ရုံတင်မကဘဲ ထုပ်ပိုးထားသောပစ္စည်းနှင့် လက်နက်များကိုပင်ထားခဲ့ကာ ဓားပြများ ကိုယ်လွတ်ရုန်းကာ အလန့်တကြားထွက်ပြေးကြရပါတော့သည်။

ဦးဝါယမကို တုပ်ထားသော ကြိုးများလည်း အလိုလိုပင်ပြေပြီးသားဖြစ်သွားခဲ့ပါသည်။ ဓမ္မောဟဝေ ရက္ခတိ ဓမ္မ စာရီ = စင်စစ်တရားတော်ကို ကျင့်ကြံသောပုဂ္ဂိုလ်အား တရားတော်သည် ပြန်လည်စောင့်ရှောက်ပေသည်တကား။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## သရဏာဂုံအစစ်ရေမနှစ်

၁၂၉၆ ခုနှစ်၊ တော်သလင်းလဆုတ် ၂ ရက်နေ့ မာန်အောင်ကျွန်းမှ အောင်လှပြင် ကူးတို့ဆိပ်သို့ လှေသမား နှစ်ဦးနှင့်အတူ ၁၁ နှစ်အရွယ်ခရီးသည် မိန်းကလေးနှစ်ဦးတို့ ပင်လယ်ကို အန်တုကာ တအိအိဖြင့် ကူးခတ်နေသော အချိန်ပင်ဖြစ်ပါသည်။ ကမ်းနှင့်ဝေး၍ ခရီးအတော်ရောက် သည်နှင့် မာယာပရိယာယ်များလှသော ပင်လယ်၏ စရိုက်ဆိုးတို့ကား ဘူးပေါ် သလို ပေါ်ခဲ့လေပြီ။ ဆိပ်ကမ်းမှထွက်စအချိန်က မိုးသားတိမ်လိပ် ကင်းစင်နေသော ကောင်းကင်ပြင်သည် ချက်ချင်းမိုးမှောင်ကျလာကာ ပင်လယ်မုန်တိုင်းကား စတင်လေပြီ။

အိမ်ငယ်တမျှကြီးမားသော လှိုင်းလုံးတို့၏အလယ်တွင် လှေငယ်ကလေးကား စုဘူးထဲတွင်ထည့်၍ ခလောက်ခံနေရသော အကြွေစေ့ကလေးသဖွယ် ဖြစ်နေတော့သည်။ မိန်းကလေးနှစ်ဦးတွင် မစိန်ညွှန့်ဆိုသော မိန်းကလေးသည်ကား ငါးနှစ်သမီးအရွယ်ကတည်းက အမြဲရွတ်ဖတ် သရဇ္ဈာယ်ခဲ့သော သရဏဂုံသုံးပါးကိုသာ မျက်စိမှိတ် ရွတ်ဖတ်သရဇ္ဈာယ်ရင်း မုန်တိုင်းကို အန်တုနေလိုက်သည်။ မုန်တိုင်းနှင့် သရဏဂုံတို့ကား ထိပ်တိုက်တွေ့ကြလေပြီ။

တစ်ချီတွင် ပြင်းထန်စွာ ရိုက်ပုတ်လိုက်သော လှိုင်းလုံး၏ ဒဏ်ကြောင့် လေနှင့် လူလေးယောက်မှာ တခြားစီ ဖြစ်သွားလေတော့သည်။ မစိန်ညွှန့်မှတစ်ပါး ရေကူးတတ်သော ကျန်သုံးယောက်ကား ပင်လယ်အောက်သို့ အပြီးတိုင် မြုပ်သွားကြသော်လည်း သရဏဂုံကိုယ်လုံးထုံထားသော ရေမကူးတတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



မစိန်ညွန့်ကား မည်သည့်အကိုင်အတွယ်မျှ မရှိပါဘဲနှင့် ရေပေါ်တွင် (၆)နာရီတိတိ ပေါလောမျောနေပြီးမှ သဲသောင်တစ်ခုပေါ်တွင် အလိုအလျောက်သွားတင်ကာ အသက်ချမ်းသာရာရခဲ့ပါသည်။ သရက္ခဏဂုံအစွမ်းကား အံ့မခန်းပါတကား။

× × × × ×

## သမိုင်းအထောက်အထားများ

သရက္ခဏဂုံစွမ်းရည်သမိုင်းအထောက်အထားများကို တင်ပြရလျှင် အနောက်တိုင်းမှ အင်္ဂလိပ်လူမျိုးသမိုင်းဆရာ G.E habye: ဂျီအီးဟာဘေးကိုယ်တိုင် တအံ့တသြမှတ်တမ်းတင်ခဲ့ရသော မွန်အလှမယ် တလထော် ခေါ် ဘဒြာဒေဝီ၏ တကယ့်ဖြစ်ရပ်ကိုက ရှေ့ဆုံးက တင်ပြရပေလိမ့်မည်။

A.D ၁၀၄၃ ခန့်ကပင်ဖြစ်ပါသည်။ မွန်ဘုရင် တိဿမင်း နန်းစိုးစံစဉ်တစ်ချိန်တွင် ပြဟ္မဏပုဏ္ဏားတို့၏ သွေးထိုးလှုံ့ဆော်မှုဖြင့် ပြဟ္မဏမိစ္ဆာဝါဒကိုလက်ခံပြီး ဗုဒ္ဓဘာသာကို နှိမ်နှင်းနေသော အချိန်ပင်ဖြစ်ပါသည်။ မြို့ထက်ဝန်းကျင် လေးပြင် လေးရပ်လုံး ဗုဒ္ဓဆင်းတုတော်များကို စွန့်ပစ်ဖျက်ဆီးကြရန်နှင့် ကိုးကွယ်ဆည်းကပ်ခြင်းကို တွေ့ရှိပါက သေဒဏ်အထိပေးမည်ဖြစ်ကြောင်းကို မောင်းကြေးနင်းခတ်ထားချိန်လည်း ဖြစ်ပါသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## မြစ်ရေထဲက ဆင်းတုတော်များ

တလထော်အမည်ရှိ မွန်မလေးတစ်ယောက် အခြွေအရံ အသင်း အပင်းများနှင့်အတူ မြစ်အတွင်း ရေချိုးဆင်းလျက်ရှိစဉ် မြစ်ရေအလိုက်မျောပါလာသော ရွှေရောင် တဝင်းဝင်းနှင့် ဗုဒ္ဓ ဆင်းတုတော်များကား ဟိုတစ်ဆူ ဒီတစ်ဆူနှင့် များပြားစွာ ရှိလှ တော့သည်။

'တရားသခင်မ'ဟု အမိပွာယ်ရသော တလထော်လေး ကား သရဏဂုံသုံးပါးကို အသက်ပေးယုံကြည်သူ ဖြစ်သည်နှင့်အညီ အခြံ အရံများ ကြောက်လန့်တကြားတားနေသည့် ကြားမှပင် ဆင်းတု တော်များကို မိမိကိုယ်တိုင်လည်းဆယ်၍ အဖော်များကိုလည်း အားလုံးလိုက်ဆယ်ခိုင်းသည်။ ဆင်းတုတော်အားလုံးကို ရိုရိုသေသေ ရေသပ္ပာယ်ပြီးလျှင် အမွှေး နံ့သာများပက်ဖျန်း၍ အိမ်ဝိုင်းအတွင်း ကျောင်းဆောင်ဆောက်လုပ်ကာ ကိုးကွယ်ထားလိုက်ပါတော့သည်။

ဗုဒ္ဓဆင်းတုတော်များကို ကိုးကွယ်ဆည်းကပ်ပါက သတ်မည် ဟူသော တစ်ချက်လွှတ်အမိန့်ကို ဂရုမထားဘဲ သရဏဂုံသုံးပါး၌ အဝေစ္စပသန္န = မတုန်မလှုပ် သက်ဝင်ယုံကြည်သော တလထော်၏ စိတ်ထားမျိုး စာရှုသူသန္တာန်၌လည်း တကယ်ဖြစ်မည်ဆိုပါလျှင် တလထော်ကျော်နင်းခဲ့ရသော ဖော်ပြလတ္တံ့သော အသက် အန္တရာယ်အသွယ်သွယ်ကို စာရှုသူလည်း ကျော်နင်းနိုင်မည်ပင် ဖြစ်ပါသည်။

အထောက်တော်တို့၏ သတင်းပေးချက်ဖြင့် နောက်တစ်နေ့ မနက်၌ပင် တလထော်ကား နန်းရင်ပြင်တွင် ဆင်နင်း၍ အသတ်ခံ ရန်အဆင်သင့်ဖြစ်နေလေပြီ။ တလထော်ကား မိမိ၏စိတ်အစဉ်တွင်

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အကုသိုလ်မှ ဝင်ခွင့်မပေးဘဲ သရဏဂုံသုံးပါးကိုသာ ယုံယုံကြည်ကြည် မြတ်မြတ်နိုးနိုးဖြင့် ရွတ်ဖတ်သရဇ္ဈာယ်နေလိုက်သည်။

အရက်အိုးပေါင်းများစွာတိုက်ပြီး ဒေါသဖြစ်စေရန် ခေါင်းတစ်ခုလုံး ချွန်းဖြင့် အစိုက်ခံထားရသော ဆင်ဆိုးကြီးကား တလထော်ရှိရာသို့ ဂမူးရှူးထိုးရောက်ခဲ့လေပြီ။

တလထော်ကိုနင်းရန် ဟန်ပြင်လိုက်သော ဆင်ဆိုးကြီးကို တစ်စုံတစ်ယောက်ကဆွဲပြီး ပစ်လိုက်သကဲ့သို့ဖြစ်ကာ ကြောက်လန့်တကြား အော်ဟစ်ပြီး နောက်ကြောင်းသို့ တရကြမ်းပြန်လှည့်ပြေးပါတော့သည်။ နင်းရန်ခေါ်လာသော ဆင်တိုင်းနောက်ကြောင်းချည်းပြန်လှည့်ပြေးလျက်ရှိရာ ဇောင်းထဲမှဆင်များအားလုံးသာ ကုန်သွားသည်။ နင်းရဲသော ဆင်တစ်ကောင်မျှမရှိ၊ လူကိုမြင်နေရသောကြောင့် ကြောက်လန့်ပြီး မနင်းရဲခြင်းဖြစ်မည်အထင်နှင့် တလထော်ကို ဖျာများအုပ်ပြီး နင်းခိုင်းကြည့်သော်လည်း အချည်းနှီးသာ။

ဘုရင်နှင့်ဗြဟ္မဏများ ချွေးပြန်လာကြသည်။ သရဏဂုံအစွမ်းကြောင့် ဆင်မနင်းရဲသည်ကို မသိကြသော ဗြဟ္မဏတို့က တလထော်ကို စုန်းမဖြစ်လေဟန် ကြံဖန်လျှောက်ထားပြီး မီးရှို့သတ်ရန် လျှောက်တင်ကြပြန်သောကြောင့် အထပ် ထပ်ဆင့်ပြီး စီထားသော လောင်စာထင်းတုံးများ အလယ်တွင် တလထော်ရောက်နေရပြန်လေပြီ။ တဟုန်းဟုန်း လောင်ကျွမ်းလျက်ရှိသော မီးတောက်များကြားတွင် သရဏဂုံ၏ သမီးပျိုကား မိုးဆမ်းပန်းကဲ့သို့ လန်းဆန်းလျက်ပင်။

လောင်စာထင်းများ ပြာကျသွားသော်လည်း တလထော်၏ မွေးညှင်းတစ်ပင်ကိုမျှ မီးမလောင်နိုင်ခဲ့။ တိဿမင်းကား သရဏဂုံ၏ စွမ်းရည်တို့ကို သတိမပြုနေ၍ မရတော့။ နောက်ဆုံးသတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် မြေဖို့အသတ်ခံရန် ကျင်းထဲရောက်နေသော တလထော် ထံသို့သွားကာ . . .

အို-အံ့ဖွယ်မိန်းမပျို သရဏဂုံသုံးပါးအပေါ် သင်၏ အားထား ယုံကြည်ချက်ကား အံ့ဖွယ်ရှိပေစွ။ သင့်ကို အခွင့်အရေးတစ်ခုပေးပါ အံ့။ သင်ကိုးကွယ်ထားသော ဗုဒ္ဓဆင်းတုတော်များကို ကောင်းကင် ခရီးကနေ ငါ၏နန်းတော်ထဲ ကြွလာအောင် ပင့်နိုင်ရင် သင့်အသက် ကို ချမ်းသာပေးမယ် ငါလည်း ဗုဒ္ဓအယူကိုယူမယ်။ ဘုရင်စကား ဆုံးသည်နှင့် ချီထားသောလက်အုပ်လေးကို နဖူးပေါ်တင်ကာ တလထော်တစ်ယောက် ဗုဒ္ဓဆင်းတုတော်များကို သစ္စာပြု၍ ပင့်လေပြီ။

ကျွန်တော်မျိုးမသည် သရဏဂုံသုံးပါးကို အသက်ထက်ပင် မြတ်နိုး၍ ကိုးကွယ်ဆည်းကပ်ပါသည်။ ဤသစ္စာစကား မှန်ကန် ပါက ဗုဒ္ဓဆင်းတုတော်များသည် ကောင်းကင်ခရီးက ဈာန်ယာဉ် စီး၍ ဤနန်းတော်အတွင်းသို့ ကြွရောက်ကြပါစေကုန်သတည်း။

တလထော်၏ စကားဆုံးသည်နှင့် ဗုဒ္ဓဆင်းတုတော်များကား ကောင်းကင်ခရီးမှ ဈာန်ယာဉ်စီးကာ အသင့်ပြင် ထားသော တိဿ ဘုရင်၏ နန်းတော်တွင်းသို့ ကြွလာကြလေပြီ တစ်မြို့လုံး အုတ် အော်သောင်းတင်းဖြင့် တိဿဘုရင်၏ နန်းတော်တွင်း၌ မြို့သူ မြို့သားများနှင့် ပြည့်လျှံသွားတော့သည်။

သရဏဂုံသမီးပျို၏ကျေးဇူးကား ကြီးမားစွ။ ဘုရင်နှင့်တကွ တစ်မြို့လုံး ဗုဒ္ဓဘာသာပြန်ဖြစ်ကြရသည်သာမက ယခု မြန်မာ တစ်မျိုးလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ခွင့်ရကြရသည်ကား ထိုအချိန်က သရဏဂုံသမီးပျို၏ စွမ်းဆောင်ချက်ကြောင့်ပင် ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ နောင်တွင် ဘဒြာဒေဝီ ဟူသောအမည်ဖြင့် တိဿဘုရင်၏ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ခြင်းခံရပါသည်။

× × × × ×

## မိဖုရားစောလုံနှင့် သရဏာဂုံ

သက္ကရာဇ် ၆၁၇ ခုနှစ်၊ ပုဂံပြည်၏ နောက်ဆုံး မင်းဆက် နရသီဟပတေ့မင်းလက်ထက်က ဖြစ်ပါသည်။ မိဖုရားများနှင့် မြစ်အတွင်း ရေချိုးဆင်းစဉ် အသက်အငယ်ဆုံး မိဖုရားလေး စောလုံကို ကျီစားလိုသဖြင့် ဘုရင်နှင့်တကွ ကျန်မိဖုရားများက ရေဖြင့် မွှန်းသွားအောင် ဝိုင်းပက်ကြသည်။ 'အကျီစားသန်ကရန်များသည်' ဟူသော စကားကား မှန်ပေစွ၊ ကျီစားသည်ကိုပင် သည်းမခံနိုင်သော စောလုံက စားဖိုမှူးနှင့် တိုင်ပင်ပြီး ဘုရင်စားမည့် ပွဲတော်အုပ်တွင် အဆိပ်ခတ်လိုက်တော့သည်။ ဘုရင်ဘုန်းကံ တက်ချိန်မို့ထင့်။

တရုတ်ပြည်မှဆက်သထားသော ပန်းကန်ကြီးတစ်လုံး ရှိသည်။ အဆိပ်အတောက်ဖြစ်စေသော အစားအစာကို ထိုပန်းကန်ထဲထည့်ပါက ပန်းကန်အရောင် ပြောင်းသွားလေ့ရှိသည်။ ထိုပန်းကန်၏အစွမ်းဖြင့် ဘုရင်အဆိပ်မမိဘဲ စောလုံသာလျှင် ရဲရဲငြီးသော သံပြားပေါ်တွင် မသေမချင်း မီးကင်၍ အသတ်ခံရန် အမိန့်ချခံရသည်။ ငယ်စဉ်ထဲက ရွတ်ဆိုပွားများနေကြ သရဏာဂုံကို ရွတ်ဆိုနေသော စောလုံအား သံပြားပေါ်တင်လိုက်သည်နှင့် သံပြားအောက်မှ မီးများ ချက်ချင်းသေ၍ ပူကျက်နေသော သံပြားမှာလည်း ရေခဲတုံးအလား အေးဆင်းသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးကြိမ်တိတိ ထိုသို့ဖြစ်ပြီးနောက် သေအောင်မသတ်နိုင်ပါက အသေစား အသေခံရမည်ကို ကြောက်ရွံ့ထိတ်လန့်နေကြသော အာဏာသားများ၏ သနားစဖွယ် တောင်းပန်ကန်တော့ မှုကြောင့် စတုတ္ထအကြိမ် သံပြားပေါ်အတင်တွင် 'ဝဋ်ကြွေးရှိ၍ လွတ်ဖို့ရန် အခွင့်အလမ်းမရှိလျှင် ချက်ချင်း ပြာကျပါစေသား'ဟု အဓိဋ္ဌာန်ကာ သရဏဂုံကိုမရွတ်ဘဲ နေလိုက်တော့မှ ချက်ချင်း ပြာကျသွားခဲ့ရပါသည်။

× × × × ×

## ကျမ်းဂန်အထောက်အထားများ

အင်္ဂုတ္တိုရ်အဋ္ဌကထာဒုတွဲ စာမျက်နှာ ၁၀၇ တွင် သီဟိုဠ်မဓုအင်္ဂဏရွာမှ ဒမိဠတံငါသည်သည် အနှစ်ငါးဆယ် လုံးလုံးပါဏာတိပါတကံများကို ကျူးလွန်ခဲ့မှုကြောင့် သေခါနီးတွင် ငရဲနိမိတ်များ ထင်လျက်ရှိရာ စူဠပိဏ္ဍပါတိကတိဿ မည်သောဆွမ်းခံရဟန်းတစ်ပါး ရှေ့မှချပေးသော သရဏဂုံကို လိုက်၍ဆိုရင်း သေဆုံးရသောကြောင့် လူ့သက်တမ်းဖြင့် အနှစ်ကိုးသန်းရှည်သော စတုမဟာရာဇ်နတ်ဘုံသို့ ရောက်ခဲ့ရပါသည်။

အရက်သောက်သော်လည်း သရဏဂုံကို မတုန်မလှုပ်သက်ဝင်ယုံကြည်မှုကြောင့် သရဏမည်သော ဥပါသကာသည် နတ်ပြည်သို့ရောက်ရကြောင်းကို မဟာဝဂ္ဂသံယုတ် ပါဠိတော် စာမျက်နှာ ၃၂၆ ၌ ဟောတော်မူထားပါသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## သရဏဂုံသင်္ဘော

၅၅၀ ၌လာသော သီလာနိသံသဇာတ်၌လည်း အလောင်းတော်ဘဝက သင်္ဘောပျက်၍ လူတစ်ယောက်နှင့်အတူ ကျွန်းတစ်ကျွန်းပေါ်ရောက်သွားရာ အလောင်းတော်မှာ ဘယ်လိုပင် ဒုက္ခရောက်သော်လည်း ငါးပါးသီလကို လုံအောင်စောင့်ပြီး သရဏဂုံသုံးပါးကိုသာ အားထားကိုးကွယ်ရာအဖြစ် ရွတ်ဖတ်သရဇ္ဈာယ်ကာနေသည်။ ကျန်တစ်ယောက်ကား မိမိအသက်ရှည်မှုသာ အရေးကြီးသည်ဟု ယူဆပြီး မည်သည့်သီလ မည်သည့်သရဏဂုံကိုမျှ အားမကိုးပဲ တွေ့သမျှတိရစ္ဆာန်များကို သတ်ဖြတ်ပြီး စားသောက် နေလာခဲ့သည်။

တစ်နေ့တွင် အလောင်းတော်၏ သီလနှင့် သရဏဂုံ၏ တန်ခိုးကြောင့် သမုဒ္ဒရာစောင့်နတ်က ရတနာများ အပြည့်အဝထည့်ထားသော သင်္ဘောကြီးတစ်စင်းကိုဖန်ဆင်း၍ 'ငါးပါး သီလလုံ၍ သရဏဂုံသုံးပါးကို ယုံကြည်ကိုးကွယ်သော ပုဂ္ဂိုလ်များကို ဇမ္ဗူဒိပ်ကျွန်းသို့ ပို့ပေးမည်'ဟု တစ်ကျွန်းလုံးကြားအောင် အော်ပြောလေသည်။

ငါးပါးသီလနှင့် သရဏဂုံပိုင်ရှင် အလောင်းတော်ကို သင်္ဘောပေါ်သို့ တက်ခွင့်ပြုသော်လည်း သီလသရဏဂုံ တစ်ခုမှမရှိသော ကျန်လူကိုကား တက်ခွင့်မပြုပေ။ သီလနှင့် သရဏဂုံကို တန်ဖိုးမထားသော လူမိုက်ကား ဒုက္ခရောက်လေပြီ။

သို့သော် ကရုဏာရှင်အလောင်းတော်က မိမိ၏ သီလနှင့် သရဏဂုံကုသိုလ်များကို အမျှပေးပြီး သာဓုခေါ်စေတော့မှပင် သင်္ဘောပေါ်သို့ တက်ခွင့်ရခဲ့ပါသည်။ သီလနှင့် သရဏဂုံကုသိုလ်ကို

www.burmeseclassic.com

www.burmeseclassic.com



သာဓုခေါ် ရုံနှင့်ပင် ရရှိလိုက်သော အကျိုးတရားကား ကြီးမားပေစွ။

သံယုတ်ပါဠိတော် သတုလ္လပကာယိကဝဂ် သဒ္ဓိသုတ်၌လည်း ပင်လယ်၌ မုန်တိုင်းမိပြီး သင်္ဘောပျက်စဉ် သူတော်ကောင်းတစ်ဦး၏ ကူညီမှုဖြင့် သရဏဂုံနှင့် ငါးပါးသီလကို မိမိရရ ဆောက်တည်လိုက်ကြရသောကြောင့် ကုန်သည် ခုနစ်ရာလုံး နတ်ပြည်သို့ အတူတကွ ရောက်ကြရဖူးပါသည်။

ပြဆိုခဲ့ပြီးသော သာဓကအရပ်ရပ်တို့ကို ထောက်ထား၍ ပစ္စုပ္ပန်သံသရာနှစ်ဖြာလုံး ကောင်းကျိုးချမ်းသာပေးနိုင်သော သရဏဂုံသုံးပါးကို မတုန်မလှုပ်သော သဒ္ဓါတရားဖြင့် သက်ဝင်ယုံကြည်နိုင်ကြပါစေသော် . . .။

**ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊**

**နတေ ဂမိဿန္တိ အပါယဘူမိံ**

**ပဟာယ မာနုသံ ဒေဟံ**

**ဒေဝကာယံ ပရိပူရေဿန္တိ။**

(မဟာသမယသုတ်)

အကြင်သူတို့သည် ငါဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ကုန်၏။ ထိုသူတို့သည် အပါယ်လေးပါးသို့ မကျရောက်နိုင်ကုန် လူ့ခန္ဓာကိုယ်ကို ပယ်စွန့်၍ နတ်ပြည်သို့ ရောက်ကြရကုန်၏။

**ဧတံခေါ သရဏံ ခေမံ - ဧတံ သရဏ မုတ္တမံ၊**

**ဧတံ သရဏမာဂမ္မ သဗ္ဗဒုက္ခာပမုစ္စရေ။**

(ဓမ္မပဒပါဠိတော်)

ဧတံ-ဘုရား တရား သံဃာအားဟု သုံးပါးအစုံ မြတ်သရဏဂုံသည်။ ခေါ - စင်စစ်ဧကန် မသွေမှန်သဖြင့်။ ခေမံ - ဒုက္ခခပ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



အကုန်ငြိမ်းစေနိုင်သော။ သရဏံ-ကိုးကွယ်ပုန်းအောင်း လဲလျောင်းဖွယ်ရာ မြတ်ရတနာသည်။ ဟောတိ-မုချ ပုံသေဖြစ်ရလေတော့၏။ ဧတံ - ဘုရားတရား သံဃာအားဟု သုံးပါးအစုံ မြတ်သရဏဂုံသည်။ ဥတ္တမံ- ပြိုင်လာတိုင်းရှုံး အမြတ်ဆုံးဖြစ်ပေသော။ သရဏံ-ကိုးကွယ်ပုန်းအောင်းလဲလျောင်းဖွယ်ရာ မြတ်ရတနာသည်။ ဟောတိ- မုချပုံသေဖြစ်ရလေတော့၏။ ဧတံ သရဏံ - ဤသို့ရတနာသုံးပါး အားထားမပြတ် ဆည်းကပ်ကိုးကွယ်ခြင်းကို။ အာဂမ္မ - အကြောင်းတစ်ခုအစွဲပြု၍။ သဗ္ဗဒုက္ခာ၊ အပါယ်ဘေးနှင့် အိုဘေးတစ်ဖြာ နာဘေးတစ်ထွေ သေဘေးတစ်မျိုး ဆိုးဆိုးဝါးဝါး များပြားဒုက္ခ ဟူသမျှမှ။ ပမုစ္စရေ၊ ကင်းစင်လွတ် မြောက် ဘေးတွေပျောက်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြကုန်လေသတည်း။

သာသနာ့ရောင်ခြည် အတွဲ-၁၃၊ အမှတ်-၂
၁၃၅၄ ခုနှစ်၊ ပြာသိုလပြည့်နေ့ (၇-၁-၉၃)

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ၉။ သီလအစွမ်း အံ့မခန်း

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ အပါယ်မလားသော ကုသိုလ် ၇-မျိုးကို ဟောကြားရာတွင် ငါးပါးသီလစောင့်ထိန်းသော ကုသိုလ်သည် တစ်ပါးအပါအဝင်ဖြစ်ပါသည်။ သီလကုသိုလ် သည် ဒါနကုသိုလ်ထက်သာကြောင်းကို ကြားနာနေကြဖြစ် သော်လည်း ငယ်ရွယ်စဉ်က ဘဝင်မကျနိုင်ခဲ့ပါ။ အရွယ်လေး ရလာသောအခါတွင်မှ စာတွေ့လက်တွေ့များကို သေချာလေ့လာရင်းဖြင့် သဘောကျလာခဲ့ရသည်။

အင်္ဂုတ္တိုရ်ပါဠိတော်၌ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်လိုက်လျှင် အသက်ကိုပေးလှူရာရောက်ကြောင်း ထို့ကြောင့် ပစ္စည်းအာမိသကို ပေးကမ်းခြင်းဒါနထက် အသက်ကို ပေးလှူရာရောက်သော ကုသိုလ်က သာလွန်ကြောင်းကိုဖတ်ရှုရသောအခါတွင်မှ ပိုမို၍ သဘောပေါက်လာခဲ့သည်။ ကိုယ်တွေ့မျက်မြင်သုံးသပ်ကြည့်သောအခါတွင်လည်း အဖိုးတန်ပစ္စည်း တစ်ခုကိုရသောသူ၏ ဝမ်းသာမှုထက် သေဘေးမှ အလွတ်ခံလိုက်ရသောသူ၏ ဝမ်းသာမှုက အဆပေါင်းများစွာသာသည်ကို ထောက်ဆကြည့်သောအားဖြင့်လည်း ဒါနထက် သီလကသာပုံကို သဘောကျနိုင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့်ဆက်၍ဆန်းစစ်လျှင် လူသည် ဥစ္စာပစ္စည်းထက် ခြေလက်အင်္ဂါကို ပို၍မြတ်နိုးသည်ကို အဘယ်ကိုကြည့်၍ သိရသနည်း -

လက်၌ အနာတစ်ခုခုဖြစ်နေသောသူအား 'သင့်မှာရှိသော ဥစ္စာပစ္စည်းအားလုံး အကုန်ခံ၍ ကုမည်လော သို့မဟုတ် လက်ကို ပင် အဖြတ်ခံမည်လော' ဟုမေးခဲ့လျှင် ရှိသမျှပစ္စည်းအကုန်ခံ၍ ကုမည်မှာ မုချပင်။ ဤအချက်ကို ထောက်သောအားဖြင့် လူသည် ဥစ္စာပစ္စည်းထက် ခြေလက် အင်္ဂါကို ပို၍မြတ်နိုးကြောင်း သိနိုင်သည် ထို့ထက်တစ်ဆင့်တက်၍ လက်ကိုအဖြတ်ခံကာ အသက်ရှည်အောင် ကုမည်လော၊ သို့မဟုတ် လက်အဖြတ်မခံဘဲ အသေခံတော့မည်လောဟု မေးခဲ့လျှင် လက်ကိုအဖြတ်ခံ၍ ကုမည်မှာ မုချဖြစ်ပါတော့သည်။ အဘယ်ကြောင့်နည်း။

ခြေလက်အင်္ဂါထက် အသက်ကိုပို၍ မြတ်နိုးသောကြောင့်ဟု ဖြေရပါမည်။ ဤနေရာ၌ လူကိုဥပမာထား၍ ရေးသားထားသော်လည်း သတ္တဝါတိုင်း ဤသဘောတရားမျိုးရှိနေသည်သာ။ လူသားကဲ့သို့ နားမလည်ခြင်းသာ ရှိနေမည်။ ဤယခုဖော်ပြသော အချက်ကို ထောက်သဖြင့်လည်း သတ္တဝါတို့၏ နှစ်သက်မြတ်နိုးမှု အနည်းဆုံး ဥစ္စာပစ္စည်းကို ပေးလှူသောဒါနထက် နှစ်သက် မြတ်နိုးမှု အများဆုံးအသက်ကို ပေးလှူရာရောက်သော သီလကသာလွန်ကြောင်းကို သဘောကျနိုင်ပါသည်။

ဤနေရာမှစ၍ သီလ၏ လက်တွေ့အကျိုးတရားများကို ဘုရားဟော အထောက်အထား၊ သမိုင်းကြောင်းအထောက်အထားတို့ဖြင့် တန်ဆာဆင်ကာ ရေးသားသွားမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သီလသည်သာ လေးစားရာ

"ဘုရားအလောင်းနစဉ်က ဗာရာဏသီပြည်တွင် ပုရောဟိတ်ပုဏ္ဏားဘ၀တွင် မင်းနှင့်တကွ ပြည်သူပြည်သား အားလုံးတို့က ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ လေးစားကိုးကွယ်ကြသည်"

ထိုသို့ ကိုးကွယ်ခြင်း၏ အကြောင်းရင်းကို ပုရောဟိတ်ပုဏ္ဏားက သေချာသိချင်သည်။ တတ်ထားတဲ့ ဗေဒင်ပညာကြောင့်လား၊ မြင့်မြတ်တဲ့ အမျိုးဇာတ်ကြောင့်လား၊ တောင့်တင်းတဲ့ မိတ်ဆွေခင်ပွန်းကြောင့်လား၊ ထိန်းသိမ်းစောင့်ရှောက်လာတဲ့ ငါးပါးသီလကြောင့်လား စသော လားပေါင်းများစွာ၏ အဖြေကိုသိရန် အတွက် နန်းတွင်းရွှေပန်းထိမ်သည်၏ သေတ္တာမှ ငွေသား လက်တစ်ဆုပ်ကို နှိုက်ယူလေသည်။

ပထမတစ်ခါတွင်တော့ ရွှေပန်းထိမ်သည်သည် တစ်ပြည်လုံးက ကိုးကွယ်နေသော ပုဏ္ဏားကြီးဖြစ်သောကြောင့် ဘာမျှ မပြောတတ်အောင် ဖြစ်နေရှာသည်။

ဒုတိယအကြိမ်ယူသောအခါတွင်လည်း ထိုနည်းတူ ဘာမှ မပြောမိသော်လည်း စိတ်ထဲ၌ကား တော်တော်အကြည်ညို ပျက်သွားလေပြီ။

တတိယအကြိမ်ယူသောအခါတွင်ကား ပုဏ္ဏားကြီး၏ဂုတ်ကို ဖမ်း၍ မြေတွင်နှိမ်ချကာ ဘုရင့်အာဏာသားတို့၏ လက်သို့ ခိုးသူအဖြစ် အပ်နှံလိုက်လေတော့သည်။ ဘုရင့်ရှေ့ တော်မှောက်ရောက်သောအခါတွင်လည်း ခိုးမှုက ထင်ရှားပြီးဖြစ်သောကြောင့် သေဒဏ်အမိန့်ပေးလိုက်လေသည်။ ထိုအခါကျမှ ပုရောဟိတ်ပုဏ္ဏားကြီးက အောက်ပါဂါထာကို ရွတ်ဆိုကာ မင်းနှင့်တကွ ပရိသတ်အားလုံးအား ဖြစ်ရပ်မှန်ကို ရှင်းပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**နဝေဒါ သမ္ပရာယာယ၊ န ဇာတိနာပိဗန္ဓဝါ။**

**သကဥ္စ သီလံ သံသုဒ္ဓံ၊ သမ္ပရာယ သုခါယစ။**

ဗေဒင်သုံးပုံတို့သည်လည်း သံသရာ၌ ချမ်းသာကိုမဆောင်နိုင်ပါ။ မြင့်မြတ်သော အမျိုးဇာတ်သည် သံသရာ၌ ချမ်းသာကို မဆောင်နိုင်ပါ။ ဆွေမျိုးမိတ်ဆွေအပေါင်းသည်လည်း သံသရာ၌ ချမ်းသာကိုမဆောင်နိုင်ပါ။ စင်ကြယ်သန့် ရှင်းအပြစ်ကင်းသော မိမိစောင့်ထိန်းအပ်သော ငါးပါးသီလသည်သာလျှင် သံသရာ၌ ချမ်းသာကိုဆောင်နိုင်သည်။

× × × × ×

## တကယ်လေးစားရာ

"မင်းကြီး . . . အကျွန်ုပ်သည် ရွှေပန်းထိမ်ထံမှ ငွေကို ရယူလို၍ ခိုးယူခြင်းမဟုတ်ပါ၊ ကျွန်ုပ်အား မင်းနှင့်တကွ တိုင်းသူပြည်သားအားလုံးတို့က လေးစားကိုးကွယ်ကြခြင်း၏ အကြောင်းကို သိလို၍ ယူခြင်းဖြစ်ပါသည်။ ယခုကား သိရပါပြီ။ ကျွန်ုပ်တတ်ထားသော ဗေဒင်ပညာ၊ အမျိုးဇာတ်၊ ဆွေမျိုးမိတ်ဆွေတို့ကြောင့် ကျွန်ုပ်ကို လေးစားကိုးကွယ်ခြင်းမဟုတ်ပဲ ကျွန်ုပ်စောင့်ရှောက်ထိန်းသိမ်းထားသော ငါးပါးသီလကြောင့်သာလျှင် ကျွန်ုပ်ကို လေးစားကိုးကွယ်ကြခြင်း ဖြစ်ပါသည်။ ယနေ့မှစ၍ မင်းနှင့်တကွ ပြည်သူအပေါင်းလည်း ငါးပါးသီလကို လုံခြုံအောင်စောင့်ကြပါ။"

"အသင်မင်းကြီး ခွင့်ပြုမည်ဆိုလျှင် ကျွန်ုပ်သည်လည်း တောထွက်၍ ရသေ့ရဟန်းပြုလိုပါသည်။" နောက်ဆုံးတွင် ဘုရင်၏ ခွင့်ပြုချက်ဖြင့် တောထဲတွင် ရသေ့ဝတ်ကာ ဈာန်အဘိညာဉ်တို့ဖြင့် တစ်သက်ပတ်လုံး နေသွားခဲ့ပါသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



# ငါးပါးသီလနှင့် ကွမ်းဆော်မင်း

ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ၊ (အင်္ဂုတ္တိုရ်ပါဠိတော်)သီလစင်ကြယ်သောသူအား စိတ်၏အလိုဆန္ဒနှင့် ပြည့်စုံစေနိုင်သည်ဟူသော ဗုဒ္ဓ၏ဟောကြားချက်ကို လက်တွေ့အထောက်အထားပြုနိုင်သူကား ပုဂံပြည်မှ ကွမ်းဆော်မင်းပင်ဖြစ်ပါတော့သည်။ သိတတ်သောအရွယ်မှစ၍ မိခင်နှင့်ဆရာဘုန်းကြီးတို့၏ အနီး ကပ်သွန်သင်ဆုံးမမှုတို့ကြောင့် ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲကာ ရတနာသုံးပါး ပုလဲသွယ်ကိုလည်း အမြဲလည်မှာ ဆင်မြန်းခဲ့သည်။

ဘုရင့်ထံ အခစားဝင်သည်နှင့် ငါးပါးသီလနှင့်ရတနာ သုံးပါး၏ကျေးဇူးကြောင့် ကွမ်းဆော်ရာထူးကို ခန့်အပ်ခံရသည်။ ကွမ်းဆော်ဆိုသည်ကား ဘုရင့်ထံအခွန်တော်ဆက်ရန် ဆော်ဩရသူပင်ဖြစ်ပါသည်။ အသက်ရလာသည်နှင့်အမျှ ငါးပါးသီလ၏တန်ခိုးအာနိသင်က တဖြည်းဖြည်း ကြီးလာသလို ဘုရင်ဖြစ်လိုသောဆန္ဒကလည်း များသည်ထက် များလာခဲ့သည်။ "ငါးပါးသီလကိုသာ မကျိုးမပေါက်အောင် ထိန်းသိမ်း မင်းဖြစ်ချင်တာ အကုန်ဖြစ်ရမယ်" ဟူသော ဆရာဘုန်းကြီး၏ ဩဝါဒအတိုင်း ငါးပါးသီလကိုသာ ဆထက်ထမ်းပိုး ဖြူစင်အောင် ကြိုးစားသည်။

တစ်နေ့ - ထိုနေ့သည်ကား ငါးပါးသီလတန်ခိုးက သူ့ကို မင်းဖြစ်အောင် စွမ်းဆောင်လေပြီ။ ပုဂံပြည်တွင် မင်းလောင်းပေါ်နေပြီဟူသော ကောလာဟလသည် ရုတ်ချည်းထွက်ပေါ်လာသည်။ မြို့သူမြို့သားအားလုံး မင်းလောင်းလာမည့် အရပ်ဘက်သို့ တစ်စုတစ်ဝေးကြီး သွားနေကြသည်။ သူသည်လည်း မြို့သူမြို့သားများနည်းတူ မင်းလောင်းကို ဖူးမြော်ရန်ထွက်လာမိသည်။ တစ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



အရောက် မြင်းတစ်စီးကို အပြင်းစီးလာသော အဘိုးအိုတစ်ယောက် သူ့နား လာရပ်သည်။

"ဟေ့ ငါ့မြေး မင်းရော မင်းလောင်းသွားကြည့်တာ မဟုတ်လား" "ဟုတ်ပါတယ်အဘိုး" "အေးဒါဆိုရင် ငါအိမ်မှာ ပစ္စည်းတစ်ခုမေ့ကျန်ခဲ့လို့ ပြန်ယူချင်တယ်၊ မင်း ငါ့မြင်းစီးပြီး မင်းလောင်းလာမယ့်နေရာကို သွားနှင့်ကွာ၊ ငါ နောက်ကလိုက်ခဲ့မယ်၊ ကဲ. . လာ - လာ မြင်းပေါ်တက်"

သူမြင်းပေါ်တက်ပြီးသည်နှင့် မကိုဋ်တစ်ခုကို ခေါင်း၌ ဆောင်းပေးပြီးလျှင် လှံတစ်ချောင်းကိုလည်း လက်ထဲထည့်ပေးလိုက်သေးသည်။ ထိုအချိန်ထိအောင် မိမိကိုယ်တိုင် မင်းလောင်းဖြစ်နေသည်ကို သူမသိသေး။ သူစီးလာသောမြင်း လူအုပ်ဆီကို ရောက်ခါနီးသည်နှင့် တစ်ပြိုင်နက် "မင်းလောင်းလာပြီ၊ ရှိခိုးကြ" ဟူသော အသံသည် တစ်မြို့လုံး ညံသွားလေတော့သည်။ ထိုအခါကျမှ မင်းလောင်းဆိုတာ မိမိကိုယ်တိုင်ဖြစ်နေကြောင်း သေချာသိသွားတော့သည်။

ထိုအချိန်က ပုဂံပြည်တွင် မင်းဖြစ်နေသူမှာ တောင်သူကြီးမင်း၊ ထိုမင်းမှာ သူ့သခွားခင်းထဲမှ အသီးများကို ခိုးစားနေသော ဘုရင်အား တူရွင်းပြားဖြင့် ရိုက်သတ်မိသဖြင့် ဘုရင်သတ်နိုင်လျှင် မင်းဖြစ်စတမ်းဟူသော ထိုခေတ်က အလေ့အထအရ ဘုရင်ဖြစ်လာသူပင်ဖြစ်ပါသည်။ ဆိုလို သည်မှာ လက်ရှိဘုရင်သည် ငါးပါးသီလကို ဖောက်ဖျက်ပြီးမှ ဘုရင်ဖြစ်လာသူ၊ ယခုလာနေသည့် မင်းလောင်းကား ငါးပါးသီလကို လုံခြုံအောင် စောင့်လာသောကြောင့် ဘုရင့်ဖြစ် မည့်သူတို့ ထိပ်တိုက်တွေ့ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မြင်း၏ ဘေးပတ်ပတ်လည်တွင် တိုင်းသူပြည်သား အားလုံးခြံရံလျက် ပုဂံနန်းတော်ဆီသို့ လာခဲ့ကြပြီ။ အုတ် အုတ် ကျက်ကျက် လာနေကြသော လူတန်းကြီးကိုကြည့်ပြီး တောင်သူကြီးမင်း ဒေါသအမျက် ချောင်းချောင်းထွက်နေသည်။ သန်လျက်ကိုဆွဲကိုင်ကာ နန်းတော်လှေကားမှ အဆင်းလှေကားရင်း၌ ထုလုပ်ထားသော ကျောက်ရုပ်က အသက်ဝင်လာကာ တောင်သူကြီးမင်းကို အသေထုသတ်လိုက်လေပြီ။ ထိုသည့်နေမှစ၍ ကွမ်းဆော်မင်းဟူ၍ ပုဂံပြည်တွင် အထင်အရှား ဖြစ်ခဲ့ရသည်။ ဤကား တကယ့်သမိုင်း နောက်ခံ ငါးပါးသီလလက်တွေ့အကျိုးပင်ဖြစ်ပါ၏။

× × × × ×

## သေခြင်းမရှိသောမြို့

ဤမြို့ကား မြန်မာနိုင်ငံ၌ ပါဠိနှင့်မှည့်ခေါ်သော တစ်ခုတည်းသောမြို့ပင်ဖြစ်ပါ၏။ အမရပူရ၊ အတစ်ပုဒ်, မရ တစ်ပုဒ်, ပူရ တစ်ပုဒ် သုံးခုခွဲ၍ထားပြီး တစ်ခုချင်းအနက် ဖော်လျှင် အ, ကား မရှိခြင်း၊ ပူရ, ကားမြို့၊ မရ, ကား သေခြင်းဟူ၍ ဖြစ်ပါသည်။ သုံးခုပေါင်း၍ အနက်ဖော်လိုက်သောအခါ သေခြင်းမရှိသော မြို့ဟူ၍ ဖြစ်လာပါတော့သည်။ ဤကဲ့သို့ တင်စား၍ နာမည်ပေးရလောက်အောင်လည်း အမရပူရ မြို့သူမြို့သားအားလုံးတို့မှာ သက်တမ်း ရှည်ရှည်နေကြရသည်။

အသက်ကိုးဆယ်အောက်လျော့၍ သေဆုံးသူမရှိသလောက်ရှားပါး၏။ အဘယ့်ကြောင့်နည်း၊ ဘိုးတော်ဘုရား မင်းတရားနှင့်တကွ တိုင်းသူပြည်သားအားလုံး ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲကြသောကြောင့်ဖြစ်ပါ၏။ ဤကဲ့သို့ ဖြစ်ရပ်မျိုး ဗုဒ္ဓနုစဉ်အခါကလည်း ကြုံခဲ့ရဖူးပါ၏။ ဘုရားအလောင်း ဓမ္မပါလသတို့သား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်အခါက ဓမ္မပါလ ရှာသူ ရှာသားအားလုံးတို့သည် ငါးပါး သီလကို လုံခြုံအောင် စောင့်ရှောက်ခြင်းအကျိုးကြောင့် အသက် တစ်ရာမပြည့်ဘဲ ဘယ်သူမှ မသေဆုံးကြောင်း ဓမ္မပါလဇာတ်၌ အထင်အရှား တွေ့ရပါသည်။

ငါးပါးသီလတန်ခိုးကြောင့် အမရပူရတစ်မြို့လုံး နှစ်စဉ် မိုးလေဝသကောင်းမွန်ကာ စပါးကောက်ပဲသီးနှံ များပြားစွာ ရရှိ ကြပြီးလျှင် စားသောက်စရာမှန်သမျှ၌လည်း အဆီအနှစ် အစေ့ ပြည့်ဝစွာပါရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ ဤကဲ့သို့ ဖြစ်ရပ်မျိုးလည်း စရိယာပိဋကလာ ဂရုဓမ္မဇာတ်၌ လေ့လာတွေ့ရှိ ရပြန်သည်။ ကလိင်္ဂရာဇ်ပြည်တွင် မိုးခေါင်ရေရှားပြီး လယ်ယာ များ ပျက်စီးကုန်သောကြောင့် မိုးလေဝသမှန်၍ စိုက်ပျိုးတိုင်း အောင်မြင်နေသော ကုရုပတ္တ နဂိုရ်ပြည်မှ ဆင်ဖြူတော်ကိုအလှူခံ ခဲ့သော်လည်း မိုးကားကောင်းမလာခဲ့။

နောက်မှ ပညာရှိများ၏ အကြံပေးချက်အရ ကုရုပတ္တ နဂိုရ်ပြည်၌ ကျင့်သုံးနေသော ဂရုဓမ္မပြန်တမ်းကို ရအောင် သင်ယူ ခဲ့ပြီးလျှင် ကျင့်သုံးသောအခါကျမှ မိုးလေဝသ ပြန်ကောင်းပြီး ပြည်သူပြည်သားများ ချမ်းသာကြရပါသည်။ ဤ ဂရုဓမ္မပြန်တမ်းကို မြန်မာနိုင်ငံတွင် တကောင်းမင်းများ လက်ထက်မှစ၍ မင်း အဆက်ဆက် ကျင့်သုံးခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဂရုဓမ္မပြန်တမ်း အပြည့်အစုံမှာ-

**(၁) တိုင်းသူပြည်သားတို့သည် ဝါတွင်းဝါပ တစ်လ လေး သီတင်း အဋ္ဌင်္ဂဥပုသ်ကို စောင့်ထိန်းကြရမည်။**

**(၂) ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်ထိန်း ကြရမည်။**

www.burmeseclassic.com

www.burmeseclassic.com



**(၃) ရတနာသုံးပါးကို နေ့ညအမြဲမပြတ် ဝတ်ကပ်ဝတ်တက် ပြု၍ မေတ္တာဖြာဗ္ဗဟိရတရားကို အထူးပွားများရမည်။**

**(၄) ဘိုးဘွားမိဘ ဆရာသမားတို့ကိုလည်းကောင်း၊ အကျင့်သီလနှင့်ပြည့်စုံသော သူမြတ်တို့ကိုလည်းကောင်း၊ မင်္ဂလာတရားတော်နှင့်အညီ ရိုသေမြတ်နိုး ရှိခိုးပူဇော်ရမည်။**

ဟူ၍ဖြစ်ပေသည်။ ထိုမှတစ်ပါး ငါးပါးသီလတန်ခိုးကြောင့် ထူးခြားသော အကျိုးများကို ခံစားနေရသော မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့၏ စိတ်ဝင်စားဖွယ် ဖြစ်ရပ်များကိုလည်း ဝိနည်းဋီကာ ကောက်နုတ်ချက်ရှင်းတမ်းကျမ်းစာမှ ထုတ်နုတ်၍တင်ပြပါဦးမည်။

"ရှေ့ခုနစ်ရာ - နောက်ငါးရာ မြောက်မှာတစ်ထောင်" ထိုဟူသော လင်္ကာအတိုင်း မြောက်ကျွန်းသူ မြောက်ကျွန်းသားမှန်သမျှသည် -

၁။ သက်တမ်းတစ်ထောင်ပြည့်အောင်နေကြရသည်။

၂။ အိုးအိမ်၊ တိုက်တာ၊ နေစရာအတွက် အထူးဆောက်နေဖွယ်မလို၊ သစ်ပင်များက နေမှုထိုင်မှုအတွက် ကိစ္စပြီးစေသည်။

၃။ မြောက်ကျွန်းသူ မြောက်ကျွန်းသားအားလုံး ရှည်ခြင်း-ပုခြင်းစသော အပြစ်မျိုးကင်းသည်။ လုံးရပ်သဏ္ဌာန်ပြည့်စုံ၍ ကိုယ်လုံးကိုယ်ဖန် အရပ်အမောင်းတူကြသည်။

၄။ ဇရာရောဂါ အနှိပ်အစက်မခံရ၍ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်း၊ အင်အားကုန်ခန်းခြင်းမရှိ။

၅။ အသက်မွေးဝမ်းကျောင်းအတွက် အာဟာရ ပရိယေသန ဒုက္ခကင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ မှက်-ခြင်-ယင်-ကြမ်းပိုးစသော သတ္တဝါ ကိုက်ခံမှုမခံရ။
၇။ မြောက်ကျွန်း၌ တန်ခိုးကြီးသောဘုရား၊ ပစ္စေကဗုဒ္ဓါတို့ ဆွမ်းခံကြွမြဲဖြစ်၍ ထူးခြားသည်။
၈။ အမျိုးသမီးများ ခြောက်ပစ်ကင်း၍ အရုပ်ဆိုးသူမရှိ။ ၁၆ နှစ်အရွယ် အမြဲထင်မှတ်ရသည်။ အမျိုးသားများ ၂၅ နှစ်အရွယ်မှာ တည်သည်။
၉။ ကိုယ်ဝန်တည်ရခြင်း ဒုက္ခ၊ လွယ်ရခြင်း ဒုက္ခ၊ ဖွားရခြင်း ဒုက္ခကင်းသည်။
၁၀။ မိဘတို့ရင်သွေးငယ်အတွက် ကြောင့်ကြစိုက် နေဖွယ်မလို၊ ကလေးများ ဆော့ကစားရာ အိပ်ရာမှာထား၍ လိုရာသွားနိုင်သည်။ တွေ့သူက အစာကျွေး၊ နို့တိုက်သည်။ ကလေးများကံကြောင့် လက်ညှိုးမှနို့ထွက်သည်။
၁၁။ သေသောအခါ အပုပ်နံ့မရှိ၊ သုသာန်သင်္ချိုင်း ထားစရာမလို၊ သေသူ၏ ရုပ်ကလာပ်ကို အဝတ်ဖြင့်ထုပ်ပတ်၍ ရွာလယ်ကျောက်ဖျာ၌ ချထားရသည်။ ကုသိုလ်ကံအဟုန်ကြောင့် ဖြစ်ပေါ်လာသော ငှက်ကြီးများက . . .

တခြားကျွန်းနှင့် သမုဒ္ဒရာများသို့ ယူဆောင်သွားကြသည်။ ဤကား ငါးပါးသီလတန်ခိုးကြောင့် ခံစားနေကြရသော မြောက်ကျွန်းသားတို့၏ ပစ္စုပ္ပန်ကောင်းကျိုးများဖြစ်ပါသည်။ ထူးခြားချက်ပေါင်း ၂၁-ချက် ထိတွေ့ရှိရသော်လည်း စိတ်ဝင်စားစရာ အကောင်းဆုံးအချက်များကိုသာ တင်ပြလိုက်ပါသည်။

ဝိနည်းမဟာဝါပါဠိတော် စာမျက်နှာ ၃၂၂ ၌လည်း ငါးပါးသီလစောင့်ခြင်း၏ အကျဉ်းချုပ်ရရှိသော အကျိုးငါးမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဟောကြားထားသည်

၁။ သီလနှင့်ပြည့်စုံသောသူသည် မမေ့မလျော့ခြင်းကြောင့် များစွာသောစည်းစိမ်ဥစ္စာအစုကိုရခြင်း

၂။ ကောင်းသောကျော်စောသတင်းပြန့်နှံ့ခြင်း

၃။ ပရိသတ်လေးပါးအလယ်သို့ မကြောက်မရွံ့ မျက်နှာမညှိုးငယ်ပဲ ချဉ်းကပ်နိုင်ခြင်း

၄။ တွေဝေခြင်းမရှိပဲ သေရခြင်း (ပစ္စုပ္ပန်အကျိုး)

၅။ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ဖြစ်ရခြင်း (တမလွန်ကျိုး) အကျိုးများကို ရရှိနိုင်ပါသည်။

ထေရဂါထာပါဠိတော်၌ သီလဝါအမည်ရှိသော ရဟန္တာမထေရ်မြတ်သည် အောက်ပါအတိုင်း ဟောကြားတော်မူပါသည်။

သီလကိုလုံခြုံအောင် စောင့်ရှောက်သောပုဂ္ဂိုလ်သည် လူနတ်တို့၏ ချီးမွမ်းခြင်းကိုလည်းကောင်း၊ လူနတ်တို့၏ ကြည်ဖြူသဒ္ဓါပေးကမ်းလှူဒါန်းသော ပစ္စည်းဥစ္စာများကိုလည်းကောင်း၊ သေလွန်သောအခါ၌လည်း နတ်ရွာသုဂတိသို့ရောက်၍ ဝမ်းမြောက်မွေ့လျော် ပျော်ရွှင်ရခြင်းကိုလည်းကောင်း ရရှိတော်မူသည်ဟု မိန့်ကြားတော်မူပါသည်။

ထို့ကြောင့် မျက်မှောက်တမလွန်လူနတ်များ ချီးမွမ်းခံရ၍ ပစ္စည်းဥစ္စာပေါများလိုက ကိုယ်ကျင့်သီလ လုံခြုံအောင် စောင့်ထိန်းဆောက်တည်ကြပါဟု တိုက်တွန်းလိုက်ရပါသည်။

သာသနာ့ရောင်ခြည်၊ အတွဲ ၁၃၊ အမှတ် ၄
၁၃၅၄ ခုနှစ်၊ တပေါင်းလပြည့်၊ (၇-၃-၉၃)

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ အလှူဒါနပြုကြလျှင်

မိတ်ဆွေကောင်းမြဲလိုသော ပုဂ္ဂိုလ်တိုင်း မငြင်းခုန်သင့်ကြောင်းကို ၁၃၅၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ထုတ် သာသနာ့ရောင်ခြည်တွင် မိတ်ဆွေကောင်းအမည်ရှိ ဆောင်းပါးဖြင့် စာရှုသူတို့အား တင်ပြပြီးဖြစ်ပါသည်။ ငြင်းခုန်ခြင်းသည် အကျိုးရှိဖို့ထက် အကျိုးမဲ့ဖို့ကများခြင်းကြောင့် ပညာရှိ သူတော်ကောင်းများ မငြင်းခုန်ကြရန် အမြဲတစေ ဆုံးမဩဝါဒပေးလေ့ရှိပါသည်။ မဟုတ်မမှန်ခွန်းတုံ့ပြန်ကာ စကားများလေ့ရှိတတ်သော စာရေးဆရာကြီး ရွှေစကြာအမည် ဦးစိုးမြင့်အား ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီးက-

"အေး မဟုတ်တိုင်းသာ ခွန်းတုံ့ပြန်ပြီး စကားများရန်ဖြစ်မယ်ဆိုရင် မင်းတစ်လောကလုံးနဲ့ လှည့်ပြီး ရန်ဖြစ်နေပေတော့ ဘာဖြစ်လို့လည်းဆိုတော့ လောကကြီးမှာ ဟုတ်တာထက် မဟုတ်တာတွေက ပိုများနေတယ်" ဟု ဆုံးမဩဝါဒပေးတော်မူဖူးပါသည်။ ပရိယတ် ပဋိပတ်စွယ်စုံရ မန်လည်ဆရာတော်၏ အဆိုအရ ရေမီးအစုံရ လယ်တီဆရာတော်ဘုရားကြီးကလည်း အငြင်းအခုန်သန်သော သူများအား ဖော်ပြပါ ဖြစ်ရပ်နှစ်ခုဖြင့် သတိပေးတော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ကျောင်းသားနှစ်ယောက် ငြင်းခုန်ပြီး စကားများကြသဖြင့် ဆရာတော်ရှေ့မှောက်သို့ ရောက်လာကြသည်။ ဆရာတော်က မင်းတို့ ဘာတွေငြင်းခုန်နေကြတာလဲ"

"တပည့်တော်တို့ သာသနာနှစ် လေးထောင်နဲ့ ငါးထောင် ဘယ်ဟာ မှန်မမှန်ငြင်းနေကြတာပါဘုရား၊ အေး ဒါဆိုရင် လေးထောင်သမားပြန် ငါးထောင်သမားနေရစ်ခဲ့" သာသနာနှစ် ငါးထောင်ဘက်ကငြင်းသော ကျောင်းသားကိုကြိမ်ဖြင့် ဆုံးမတော်မူပါသည်။ ရိုက်၍ပြီးသောအခါ ကျောင်းသားက -

"သာသနာနှစ်ငါးထောင်လို့ တပည့်တော်ပြောတာမှားလို့လားဘုရား" "မမှားဖူးမှန်တယ်၊ သာသနာနှစ် ငါးထောင်ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိနေကြတယ်။ အဲဒီတော့ သာသနာနှစ် ငါးထောင်လောက်ကိုမှမသိတဲ့ လူဖျင်းလူအနဲ့ အဖက်တန်မှန်းမသိ၊ မတန်မှန်းမသိ သွားငြင်းတဲ့အတွက် မင်းကိုရိုက်ရတာပဲ" ဟူ၏။

ဆရာတော်၏ဩဝါဒကို ကောက်ချက်ချကြည့်လျှင် အဆင့်အတန်းမရှိသော သူများသာ ငြင်းခုန်လေ့ရှိကြသည်ဟု သိနိုင်ပါသည်။

တောင်တွင်းကြီးမြို့နယ် ဆည်ကြီးကျေးရွာတွင် ဝတ်ဆောက်တည်နေစဉ်အတွင်း ဗုဒ္ဓဘာသာဝင်တိုင်း မသိမဖြစ်သော ဤကုသိုလ် ရသင့်မရသင့်ဆောင်းပါးကိုရေးရန် အကြောင်းပေါ်လာခဲ့ပါသည်။ တစ်နေ့တွင် ရဟန်းတော် ဆယ်ပါးခန့် စုဝေး၍ တရားဆွေးနွေးကြစဉ် ဓမ္မကထိက ရဟန်းတစ်ပါးက တောရွာများတွင် အလှူလုပ်သောအခါ ဝက်များကိုသတ်ပြီးမှ ကျွေးသောကြောင့် ဘာကုသိုလ်မှမရဘဲ အပါယ်ကျမည်ဟု ဟောခဲ့ကြောင်း ဆွေးနွေးလာရာ တောရဆရာတော်တစ်ပါးက-

www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ပါးအသက်ကို သတ်ပြီးမှလှူသော်လည်း ကုသိုလ်ရနိုင်ကြောင်းအေးဆေးစွာဆွေးနွေးရင်းမှ ငြင်းခုန်ပွဲဆီသို့ ကူးပြောင်းသွားခဲ့ပါသည်။ ငြင်းခုန်ခြင်းဖြင့် အကျိုးမရှိပုံကို ရှင်းပြရင်း ဆွေးနွေးပွဲကို ရပ်ဆိုင်းလိုက်ရပါသည်။ ဤဆောင်းပါး၌ သူ့အသက်ကို သတ်လှူခြင်းဖြင့် ကုသိုလ် ရသင့်မရသင့်ကို ဓမ္မသဘာဝကျကျ ဆုံးဖြတ်တင်ပြမည် ဖြစ်ပါသည်။ ပဋ္ဌာန်းပဉ္စာဝါရဥပနိဿယ ပစ္စည်း အဖွင့် "အကုသလော ကုသလဿ" ၌ သူ့အသက်ကိုသတ်ပြီး လှူသော်လည်း ကုသိုလ်ရနိုင်ကြောင်း ဟောကြားချက်ရှိသောကြောင့် ကုသိုလ်ရသည်ဟု ရဲရဲဝံ့ဝံ့မှတ်ရပါမည်။

သို့သော် ထိုကဲ့သို့ သတ်ပြီးမှလှူရသော ကုသိုလ်သည် ကုသိုလ်လေးမျိုးတွင် မည်သည့်အထဲတွင် ပါဝင်သင့်၍ မည်သည့် ပဋိသန္ဓေကျိုးကို ပေးသည်။ သပ္ပုရိသဒါန အင်္ဂါငါးမျိုးတွင် မည်သည့် အင်္ဂါချွတ်ယွင်း၍ မည်သည့်အကျိုး ယုတ်လျော့သည်စသော အချက်များကို သုံးသပ်တင်ပြသွား ပါမည်။ ကုသိုလ်သည် အကျဉ်းအားဖြင့် တိဟိတ်ကုသိုလ်၊ ဒွိဟိတ်ကုသိုလ်ဟူ၍ နှစ်မျိုးရှိပါသည်။ ကံ, ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် ယှဉ်၍ လှူဒါန်းသော ကုသိုလ်ကို တိဟိတ်ကုသိုလ်ဟုခေါ်သည်။

ထိုဉာဏ်မပါဘဲ လှူဒါန်းသော ကုသိုလ်မျိုးကို ဒွိဟိတ် ကုသိုလ်ဟုခေါ်သည်။ ထိုနှစ်မျိုးတွင် တိဟိတ်ကုသိုလ်မှာ ကုသိုလ် မပြုခင် ပြုပြီး ရှေ့နောက်တို့တွင် ကုသိုလ်တရားသာ ဖြစ်သော တိဟိတ်ဥက္ကဋ္ဌကုသိုလ်၊ ကုသိုလ်မပြုခင် ပြုပြီး ရှေ့နောက်တို့တွင် အကုသိုလ်ညှပ်၍ ပါလာ၏။ တတ်သော တိဟိတ်ဩမက ကုသိုလ် ဟု နှစ်မျိုးထွက်လာပါသည်။ ဒွိဟိတ်ကုသိုလ်မှာလည်း ၄င်းနည်း

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဒွိဟိတ်ဥက္ကဋ္ဌ ဒွိဟိတ်ဩမကအားဖြင့် နှစ်မျိုးပင် ဖြစ်ပါသည်။

ယခုလို သူတစ်ပါးအသက်ကို သတ်ပြီးမှ လှူရသော အလှူမျိုးကား မလှူခင် အကုသိုလ်ခြံရံပြီး ဖြစ်နေသောကြောင့် တိဟိတ်ဩမကကုသိုလ်သာ ဖြစ်ပါတော့သည်။

× × × × ×

## ဉာဏ်ကင်းသော လူ့ဘဝရခြင်း၏အကြောင်း

ထိုကုသိုလ်က ပဋိသန္ဓေကျိုးပေးလျှင် ဒွိဟိတ်ပဋိသန္ဓေကိုသာ ပေးပါတော့သည်။ အရပ်စကားပြောရလျှင် လူတော့ ဖြစ်စေသည်။ သို့သော် အမောဟဟိတ်ဟု ဆိုအပ်သော ဉာဏ်မပါတော့သောကြောင့် လူဖျင်းလူအမျိုးသာ ဖြစ်ရပါတော့သည်။

ထိုလူဖျင်းလူအ ဒွိဟိတ်ပဋိသန္ဓေနေရသော ဘဝတွင် အပ္ပနာဟုဆိုအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်စျာန် အဘိညာဉ်တို့ကို ဘယ်လိုအားထုတ်၍မှ မရတော့ပါ။ နောက်ဘဝအတွက် ပါရမီဖြစ်ရုံသာ ရှိပါတော့သည်။ မလှူခင် လှူပြီး နှစ်ချက်လုံးတွင် ကုသိုလ်တရားခြံရံသော တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဖြစ်မှသာလျှင် တိဟိတ်ပဋိသန္ဓေကျိုးပေးပြီး ဉာဏ်ပညာနှင့်ပြည့်စုံသော လူပုဂ္ဂိုလ်ဖြစ်ရပါလိမ့်မည်။ တိဟိတ် ဥက္ကဋ္ဌကုသိုလ်ဖြစ်ရန်အတွက် ဆရာဘုန်းကြီးများ၏ လမ်းညွှန်ပြသမှုသည် အရေးအကြီးဆုံးဖြစ်ပါသည်။

ဖော်ပြပါ ကုသိုလ်လေးမျိုးကို အကျဉ်းချုပ်မှတ်မိစေရန်အတွက် အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ကြီးက ဤကဲ့သို့ လင်္ကာစာစီကုံးပေးထားတော်မူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ**
**ဉာဏ်ယှဉ်ဘိက**
**တိဟိတ်ကုသိုလ်၊ ခေါ်ဆိုကြရိုး**
**အကျိုးမမြင်၊ ဉာဏ်မယှဉ်သော်**
**ခေါ်တွင်ဒွိဟိတ်၊ ကုသိုလ်စိတ်တည်း**
**ကြိတ်လိပ်သေသပ်၊ ရှေ့နောက်နှစ်ရပ်ဝယ်**
**ညှပ်မှုကုသိုလ်၊ ဥက္ကဋ္ဌဆို၏**
**ထိုထိုနှစ်တန်၊ အကုခြံလျှင်**
**တစ်ဖန်ဩမက၊ ဆိုတုံကြသည်**
**မှတ်ကြလွယ်ဖို့၊ အချုပ်တည်း။**

သူ့အသက်သတ်ပြီးမှ လှူရသော ကုသိုလ်ကို ကုသိုလ်လေးမျိုးဖြင့် ဆန်းစစ်ပြပြီးသည့်နောက် သပ္ပုရိသဒါနဖြစ် မဖြစ် ဆန်းစစ်ကြည့်ပါတော့မည်။ သူတော်ကောင်းများ ဒါနပြုလျှင် ဖော်ပြပါ အင်္ဂါငါးချက်နှင့်အညီ ပြုလေ့ရှိကြပါသည်။

ငင်းငါးချက်မှာ -

(၁) သဒ္ဓါကြည်ညိုစွာဖြင့် လှူဒါန်းခြင်း
(၂) ရိုရိုသေသေလှူဒါန်းခြင်း
(၃) လိုအပ်သောအရာကိုလိုအပ်သောအခါ၌ လှူဒါန်းခြင်း
(၄) ထွေးအပ်သော တံတွေးကဲ့သို့ ပြန်လည်စွန်းငြိမှု မရှိဘဲ လှူဒါန်းခြင်း
(၅) မည်သူ့ကိုမျှ မထိခိုက်စေဘဲ လှူဒါန်းခြင်းတို့ ဖြစ်ပါသည်။

**(အင်္ဂုတ္တိုရ်ပါဠိတော်)**

သူ့အသက်ကိုသတ်ပြီးမှ ပြုရသောဒါနသည် နံပါတ်ငါးအင်္ဂါ ပျက်ယွင်းလျက် ရှိပါသည်။ ငင်းနံပါတ်ငါးအင်္ဂါနှင့် ညီညွတ်ခဲ့လျှင်

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏စည်းစိမ်ဥစ္စာကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ခြင်းဟူသော အကျိုးကို ရရှိသင့်ပါသည်။ မညီညွတ်ခဲ့ပြန်လျှင် မိမိစည်းစိမ်ဥစ္စာကို ရန်သူမျိုးငါးပါး ဖျက်ဆီးခြင်းဟူသော ဆန့်ကျင်ဘက်အကျိုးကို ပြန်လည်ရရှိပါသည်။ သပ္ပုရိသဒါနအင်္ဂါငါးချက်မှာ ဒါနပြုသူတိုင်း အကျယ်တဝင့် သိသင့်လှပါသဖြင့် ဉာဏ်မီသမျှ တင်ပြပါဦးမည်။

"ဒါနတော ဘောဂဝါ" ဟူသော ဗုဒ္ဓ၏လမ်းညွှန်ချက်အတိုင်း ဒါနပြုသောသူအတွက်ကား ဖြစ်လေရာဘဝတွင် ပစ္စည်းဥစ္စာ ပေါများမည်ကား ဧကန်မုချတည်း။ သပ္ပုရိသဒါန အင်္ဂါငါးရပ်နှင့် ညီညွတ်အောင် လှူဒါန်းနိုင်ခဲ့လျှင်ကား ပစ္စည်း ဥစ္စာပေါများချမ်းသာ သည့်အပြင် အကျိုးငါးမျိုးကိုလည်း ပိုမို၍ရလာပါမည်။ ၎င်းအကျိုး ငါးမျိုးကို အင်္ဂါတစ်ခုချင်း အကျယ်ရှင်းပြရလျှင် -

သဒ္ဓါကြည်ညိုစွာ လှူဒါန်းခြင်းအင်္ဂါနှင့်အညီ လှူဒါန်းနိုင်ခဲ့ လျှင် ရုပ်ရည်ချောမောလှပခြင်းဟူသော အကျိုးကိုပါ ပိုမိုရရှိနိုင် ပါသည်။ ရုပ်လည်းလှ၊ ဥစ္စာလည်းရှိသော သူဌေးများမှာ ၎င်းအင်္ဂါ နှင့်ညီညွတ်ခဲ့သောကြောင့် ဖြစ်ပါသည်။ ထို့အတူ ဥစ္စာရှိသော်လည်း အရုပ်ဆိုးသူများမှာ ၎င်းအင်္ဂါ ချို့ယွင်းခဲ့သောကြောင့်ဟု မှတ်ရ ပါမည်။

ရိုသေစွာ လှူဒါန်းခြင်းဟူသောအင်္ဂါနှင့်အညီ လှူဒါန်းနိုင် ခဲ့လျှင် ဩဇာတိက္ကမကြီးမား၍ ထင်ပေါ်ကျော်ဇောခြင်း ဟူသော အကျိုးကိုပါ ပိုမိုရရှိနိုင်ပါသည်။ ဇေတဝန်ကျောင်း တော်ဟုဆိုလိုက် လျှင် ကျောင်းဒကာအနာထပိဏ်ကိုသာ သိကြသည်။ ကျောင်း အစ်မပုညလက္ခဏာဒေဝီကို မည်သူမျှ မသိကြခြင်း သိသူနည်းခြင်း မှာ ကျောင်းဒကာက ကျောင်းအစ်မထက် သက္ကစ္စဒါနအား သာလွန် နေသောကြောင့် ဖြစ်ပါသည်။ တဖန် ပုဗ္ဗာရုံကျောင်းဟုဆိုလိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအစ်မ ဝိသာခါကိုသာသိကြသည်။ ကျောင်းဒကာ ပုဏ္ဏဝဓနကို မည်သူမျှမသိကြခြင်း၊ သိသူနည်းခြင်းမှာ ကျောင်းအစ်မက ကျောင်းဒကာထက် သဒ္ဒါစွဒါနအား သာလွန်နေ သောကြောင့်ပင် ဖြစ်ပါသည်။ ယခုမျက်မြင်လောကတွင် တစ်ချို့အိမ်တောင်တွင် အမျိုးသားက သြဇာညောင်း၍ အမျိုးသမီးက သြဇာနာခံရခြင်း၊ တစ်ချို့အိမ်ထောင်တွင် အမျိုးသမီးကသြဇာညောင်း၍ အမျိုးသားက သြဇာနာခံရခြင်း စသည်မှာလည်း ၎င်းတို့ပြုခဲ့ကြသော သဒ္ဒါစွဒါနက ကွဲပြားခြားပေးခြင်းသာ ဖြစ်ပါသည်။

× × × × ×

## ထူးထူးခြားခြား ကြံပြိတ္တာ

သဒ္ဒါစွဒါနချို့တဲ့မှုကြောင့် ဝမ်းနည်းဖွယ်ဖြစ်ရပ်နှင့် ကြုံတွေ့ရသော ပေတဝတ္ထုလာ အပါယ်ဘုံသား ပြိတ္တာတစ်ဦး၏ဖြစ်ရပ်ကို တင်ပြပါဦးမည်။ တစ်နေ့တွင် ကောင်းကင်ခရီးက ဈာန်ယာဉ်စီး၍ ကြွလာတော်မူသော အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ကြီးမားလှသော ကြံခင်းကြီး တစ်ခင်းရှေ့တွင် သည်းထန်စွာငိုကြွေးနေသော ပြိတ္တာတစ်ယောက်ကို တွေ့တော်မူသဖြင့် ပြိတ္တာ၏ရှေ့သို့ သက်ဆင်းကြွလာပြီးလျှင် -

"အဘယ်သို့သော ဒုက္ခဆင်းရဲကြောင့် ငိုကြွေးနေသနည်း"

"မှန်လှပါဘုရား ဟောဒီကြံခင်းကြီးဟာ တပည့်တော် ပိုင်တဲ့ ကြံခင်းကြီးပါ၊ ဒါပေမယ့် ကြံချောင်းတွေကို ချိုးမယ်ဆိုပြီး ကိုင်လိုက်တာနဲ့ တစ်ပြိုင်နက် ကြံချောင်းတွေဟာ အလိုလို ပျောက်ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကုန်ပါတယ်။ အဲဒါကြောင့် ဆာလောင်မွတ်သိပ်လွန်းတာနဲ့ ငိုကြွေး နေခြင်းဖြစ်ပါတယ်။"

မထေရ်မြတ်သည် ပုဗ္ဗေနိဝါသာနုဿတိ အသိဉာဏ်၏ အစွမ်းဖြင့် ပြိတ္တာ၏ ရှေးကပြုခဲ့သောကံများကို ပြန်၍ ကြည့်ရှုလိုက် သည်နှင့် 'သင်သည် အတိတ်ဘဝ လူဖြစ်စဉ်က သုဂတိဘဝကို ရောက်စေမယ် ထူးထူးခြားခြား ကုသိုလ်ဆိုလို့ တစ်ခုမှမပြုခဲ့ဘူး။ ဒါပေမယ့် သင်သုံးဆောင်နေတဲ့ ကြံတစ်ဆစ်နောက်က လိုက် တောင်းနေတဲ့ ကလေးတစ်ယောက်ထံ နောက်ပြန်ပစ်ပေးခဲ့ဖူးတယ်"

**မဖြစ်စလောက် ကြံတစ်ဆစ်ကို ပေးကမ်းခဲ့တဲ့ ဒါန ကုသိုလ် ကြောင့် ပြိတ္တာဘဝရောက်ရသော်လည်း သင်စားဖို့ရန်အတွက် ကြံခင်းကြီးလာဖြစ်နေတာဖြစ်တယ်။ ဒါပေမယ့် ပေးကမ်းခဲ့စဉ်က မရိုမသေ နောက်ပြန်ပစ်ပေးခဲ့တဲ့အတွက် ယခုကြံတွေကို နောက် ပြန်သွားပြီး ချိုးစားမှသာလျှင် ရပါလိမ့်မယ်။ ထိုနေ့မှစပြီး ၎င်း ပြိတ္တာမှာ ကြံချောင်းများကို နေ့စဉ် နောက်ပြန်သွားပြီးတော့သာ ချိုးစားရပါတော့သည်။**

ဤဖြစ်ရပ်ကို သိမြင်တော်မူ၍ ထင်ပါသည်။ ရှေးဆရာတော် ကြီးများသည် မိမိတပည့်ကို ပေးကမ်းစွန့်ကြဲခြင်းပင်ဖြစ်သော်လည်း တပည့်ကို တင်ပလ္လင်ခွေ၍ သေချာထိုင်စေပြီး မိမိကိုယ်တိုင်မူ ဆောင့်ကြောင့်ထိုင်ကာ သေချာကပ်လှူလေ့ရှိပါသည်။

အလှူခံပုဂ္ဂိုလ်လိုအပ်သောအရာကို လိုအပ်သောအခါတွင် လှူဒါန်းခြင်းဟူသော တတိယအင်္ဂါနှင့်အညီ လှူဒါန်းနိုင်ခဲ့လျှင် ဖြစ်လေရာဘဝတွင် မိမိလိုအပ်သောအရာကို တစ်ခဏအတွင်း ရနိုင်ခြင်း ပထမအရွယ် ငယ်စဉ်ကတည်းက ချမ်းသာခြင်းဟူသော

www.burmeseclassic.com

www.burmeseclassic.com



အကျိုးထူးကို ပိုမိုရရှိနိုင်ပါသည်။ စံတော်ဝင် သူဌေးကြီးလေးဦးတွင် အပါအဝင်ဖြစ်သော မေဏ္ဍကသူဌေးကြီးသည် ရှေးအတိတ်ဘဝက နိရောဓသမာပတ်မှ ထလာကာစ ပစ္စေကဗုဒ္ဓါတစ်ပါးကို မိမိတို့ မိသားစု ငါးဦးစားမည့်ထမင်းကို မစားတော့ဘဲ ပစ္စေကဗုဒ္ဓါကို အကုန်လုံးပေးလှူခဲ့ပါသည်။

ထိုအချိန်အခါက အငတ်ဘေးဆိုက်နေသောအခါ ဖြစ်သောကြောင့် သူဌေးကြီးတို့မိသားစုငါးဦးလည်း ယခု ချက်ထားသော ထမင်းလေးကို နောက်ဆုံးအနေဖြင့် စားကာ သေဖို့ရန် ပြင်ဆင်နေသောအချိန်လည်း ဖြစ်ပါသည်။ ပစ္စေကဗုဒ္ဓါမထေရ်သည်လည်း နိရောဓသမာပတ်မှ ထ,လာ ကာစဖြစ်သောကြောင့် ယနေ့အဖို့ တစ်ထပ်စာဆွမ်းကိုမှ မဘုဉ်းပေးလျှင် ဧကန်မုချ ပရိနိဗ္ဗာန်စံတော်မူရမည်ဖြစ်သဖြင့် ဆွမ်းကို အင်မတန် အလိုရှိနေသောအချိန်လည်း ဖြစ်ပါသည်။

ပစ္စေကဗုဒ္ဓါမထေရ်မြတ် အလိုရှိအပ်သောအရာကို အလိုရှိအပ်သောအခါတွင် လှူဒါန်းနိုင်လိုက်ခြင်းကြောင့် ထိုဘဝမှာလည်း သူဌေးကြီးတို့မိသားစုအလိုရှိနေသော သလေးစပါးကို အိမ်ဝိုင်းအပြည့် ၁၂၅၀-သော ကျီအပြည့် မိုးရွာချပေးခြင်းဟူသောအကျိုးကို ခံစားရသည့်အပြင် ယခု မေဏ္ဍကသူဌေးဘဝ၌လည်း အိမ်ဝိုင်းအပြည့်ပေါ်နေသော ရွှေဆိပ်ရုပ်ကြီးများ ပါးစပ်ထဲက မိမိအလိုရှိရာကို စိတ်ဖြင့်တောင့်တ၍ အလွယ်တကူ နှိုက်ယူနိုင်ခြင်းဟူသော အကျိုး ထူးကြီးကိုလည်း ဘဝဆုံးသည်အထိ ခံစားသွားခဲ့ရပါသည်။

× ×   × ×

www.burmeseclassic.com

www.burmeseclassic.com



## ဝတ်သေရသောသူဌေး

လှူဒါန်းပေးကမ်းပြီးသော ဝတ္ထုပစ္စည်းအပေါ်တွင် မစွန်းငြိခြင်းဟူသော အင်္ဂါနှင့်အညီ လှူဒါန်းနိုင်ခဲ့လျှင် ရရှိလာသော စည်းစိမ်ဥစ္စာကို အပြည့်အဝခံစားနိုင်ခြင်းဟူသော အကျိုးကို ပိုမို၍ ရရှိပါသည်။

ယခုဘဝတွင် ပစ္စည်းဥစ္စာချမ်းသာပါလျက် မိမိလည်း မသုံးစွဲရက် သူတစ်ပါးကိုလည်း မပေးရက်ဖြင့် တစ်ဘဝဆုံးသွားရသော သူများသည် ဤလေးခုမြောက်သပ္ပုရိသအင်္ဂါ ချို့တဲ့သောကြောင့်ပင် ဖြစ်ပါသည်။ ဗုဒ္ဓလက်ထက်တော်အခါ က အပုတ္တကအမည်ရှိသော သူဌေးတစ်ဦးသည် အသက်ရှိစဉ်အခါက အစားဆိုလျှင် ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ စားသည်။ အဝတ်ဆိုလျှင်လည်း နွမ်းပေ့စုတ်ပေ့ဆိုသည့် အဝတ်ကိုမှ ဝတ်သည်။

ထိုသူဌေးသေလွန်သောအခါ အမွေခံသားသမီးမရှိသဖြင့် ၎င်း၏ ဥစ္စာပစ္စည်းများကို မင်းဘဏ္ဍာအဖြစ် သိမ်းယူသောအခါ လှည်းအစီးများစွာဖြင့် ခုနစ်ရက်တိတိ တိုက်၍ယူရပါသည်။ အဘယ်ကြောင့်နည်း။ ထိုသူဌေးသည် အတိတ်ဘဝတစ်ခုက တဂ္ဂရသိခီမည်သော ပစ္စေကဗုဒ္ဓါ မထေရ်တစ်ပါးကို ဆွမ်းလှူပြီးသောအခါကျမှ ဤထမင်းကို ဒီမထေရ်အား မလှူဘဲ အိမ်မှာရှိတဲ့ အလုပ်သမားတွေကို ကျွေးလိုက်ရတာကမှ အလုပ်ကိုပိုပြီး လုပ်ကြလိမ့်မယ်။ ဒီမထေရ်ကတော့ စားပြီးအိပ်နေမှာဘဲ၊ လှူမိတာ မှားလေစွဟူ၍ လှူပြီးဝတ္ထုအပေါ် ပြန်၍ စွန်းငြိတွယ်တာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆွမ်းလှူသောဒါနအတွက် စည်းစိမ် ချမ်းသာ ပြည့်ဝသော်လည်း လှူဘွယ်ဝတ္ထုအပေါ် ပြန်လည် စွန်းငြိမိသော ကြောင့် ရရှိလာသော စည်းစိမ်ချမ်းသာကို အပြည့်အဝ မခံစား နိုင်ခြင်းဖြစ်ပါသည်။

မိမိအလှူဒါနအတွက် မည်သူကိုမျှ မထိပါးဘဲ လှူဒါန်းနိုင် ခဲ့လျှင် ရရှိလာသော စည်းစိမ်ဥစ္စာများကို ရန်သူမျိုးငါးပါး မဖျက်ဆီး နိုင်ကြောင်းစသော အကြောင်းကို ရှေး၌ဖော်ပြပြီး ဖြစ်ပါသည်။ ယခုခေတ်တွင်လည်း တစ်ရပ်ကွက်လုံး တစ်မြို့လုံး မီးလောင် ပါလျက် တစ်အိမ်တစ်လေ ကပ်ကျန်နေတတ်ခြင်းသည် ၄င်းအိမ်ရှင် တို့၏ အနုပဟစ္စဒါနအား ကောင်းမှုအတွက်ကြောင့်ပင် ဖြစ်ပါ သည်။ ဤစာရှုသူသည်လည်း ယနေ့မှစ၍ သပ္ပုရိသဒါနအင်္ဂါနှင့် အညီ လှူဒါန်းပေးကမ်းနိုင်ပါစေ။

**ဝီရိယရှိခြင်း၌တောမျောက်သည်**
**မြေပျောက်မည်အထင်နှင့်**
**မြေပြင်ကို တစ်ညဉ့်သုံးခါအိပ်ရာမှထ၍**
**စမ်းသပ်ဘိသကဲ့သို့**
**ဥစ္စာရှာခြင်း၌ အာယုကပ်ပတ်လုံး**
**စားသုံးနေရမည်ကဲ့သို့**
**လှူဒါန်းပေးကမ်းခြင်း၌**
**ရေပြည့်အိုးကို သွန်မှောက်ဘိသကဲ့သို့ (အရှင်မဟာသီလဝံသ)**

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## အလှူဒါန၏ မျက်မှောက်အကျိုးငါးပါး

အလှူဒါနဝတ္ထုလှူဒါန်းသော အလှူရှင်သည် -

(၁) လူအများတို့ မျက်နှာမြင်လျှင် ချစ်ခင်နှစ်သက်ခြင်း၊
(၂) သူတော်ကောင်းတို့ မှီခိုဆည်းကပ်လာခြင်း၊
(၃) ဂုဏ်ကျေးဇူးသတင်း ပျံ့နှံ့ကျော်ကြားခြင်း၊
(၄) ပရိသတ် ၄ ပါးသို့ ရွံ့ရှာခြင်းကင်း၊ ရဲတင်းစွာချဉ်းကပ်နိုင်ခြင်း
(၅) သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ခြင်း၊

ဟူသော အကျိုးငါးပါးတို့ကို ရရှိခံစားရ၏။ (အံ၊ ၂၊ ၃၃-၅)

သာသနာ့ရောင်ခြည်၊ အတွဲ ၁၃၊ အမှတ် ၅၊
၁၃၅၄ ခုနှစ်၊ တန်ခူးလပြည့် (၆-၄-၉၃)

ဆရာမြသန်းတင့်က မှတ်မှတ်ရရ စကားတစ်ခွန်း ပြောဖူးသည်။ သူပြောသောစကားက "ကျွန်တော်ကိုယ်တိုင်ရေးတာလည်းရှိတယ်။ ဘာသာပြန်တာလည်းရှိတယ်။ ဘယ်လိုစာမျိုးကို ဘာသာပြန်သလဲဆိုရင် ကျွန်တော်ကိုယ်တိုင် မရေးနိုင်လောက်အောင် ကောင်းတဲ့စာမျိုးဆိုရင် ဘာသာပြန်လိုက်တာပါပဲတဲ့။

ယခုလည်းစာရေးသူ၏ မဂ္ဂဇင်းများ၌ပါသော ဆောင်းပါးများကို ထုတ်ဝေသော စာအုပ်ဖြစ်ပါသော်လည်း အရှင် သုဇာတ (သရက်တော)၏ ဆောင်းပါးတစ်ပုဒ်ကို ကူးယူဖော်ပြလိုက်သည်မှာ သူ့အတွေးမျိုးကို စာရေးသူတို့ မတွေးနိုင်သောကြောင့်ပင် ဖြစ်ပါသည်။

ဤစာအုပ်ပါ အတွင်းရန်သူဆောင်းပါးသုံးပုဒ်အဆက် ဟုပင် ဆိုနိုင်လောက်ပါသည်။ ဤသာမဏ္ဍရိယနှင့်ပတ်သက်၍ တွေးစရာ

www.burmeseclassic.com

www.burmeseclassic.com



ရေးစရာ ကုန်လောက်ပြီဟု ထင်သော်လည်း အရှင်သုဇာတ၏ ဆောင်းပါးကို ဖတ်ရသောအခါတွင်မှ မကုန်သေးပါလား ဟူ၍ သိလိုက်ရပါသည်။

မြန်မာပြည်ကြီး အဆင့်အတန်းနိမ့်ကျနေရခြင်း၏ အဓိက အကြောင်းရင်းမှာ အတွင်းရန်သူဟုဆိုရမည့် ဣဿာမစ္ဆရိယ ကြောင့်သာ ဖြစ်ပါသည်။ ထိုဣဿာမစ္ဆရိယကို ဖယ်ရှားပေးမည့် လက်နက်ကောင်းတစ်ခုအဖြစ် ဆရာတော်၏ ဆောင်းပါးကို အသုံး ပြုခွင့်ပေးပါရန် ဤနေရာမှ လျှောက်ထားတောင်းပန်ရပါသည်။

မေတ္တာရှင် (ရွှေပြည်သာ)

× × × × ×

## ၁၁။ ဣဿာ၏အသွင်

အလုံးစုံသော ကိလေသာတို့၏ အမြစ်မူလသည် အဝိဇ္ဇာနှင့် တဏှာဖြစ်ကြောင်း မြတ်စွာဘုရားဟောကြားတော်မူပါသည်။ 'အဝိဇ္ဇာ'ဆိုသည်မှာ မသိမှုဖြစ်၍၊ 'တဏှာ' ဆိုသည်မှာ လိုချင်မှု ဖြစ်ပါသည်။ တဏှာကို 'လိုချင်မှု'ဟု ပြန်ဆိုခြင်းမှာ အဓိပ္ပါယ် တိကျသော်လည်း အဝိဇ္ဇာကို 'မသိမှု' ဟုပြန်ဆိုခြင်းကား အဓိပ္ပါယ် မတိကျပေ။ မပြည့်စုံပေ။

အကြောင်းမှာ ဘာကိုပဲလိုချင်လိုချင်၊ လိုချင်မှုမှန်သမျှ တဏှာဟုဆိုနိုင်သော်လည်း ဘာကိုပဲမသိ၊ မသိမှုမှန်သမျှ အဝိဇ္ဇာဟုမဆိုနိုင်သောကြောင့် ဖြစ်သည်။ ဥပမာ-လူတစ် ယောက် ၏နာမည်ကိုမသိခြင်း၊ သူ့အဖေ အမေကိုမသိခြင်း၊ အရပ်ဒေသ၊ အတတ်ပညာ၊ အရာဝတ္ထုတို့ကို မသိခြင်းတို့မှာ အဝိဇ္ဇာမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဝိဇ္ဇာကို တိတိကျကျပြန်ဆိုပါက 'စိတ်စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားတို့ကို ဟုတ်တိုင်းမှန်စွာ မသိခြင်း' ဟုပြန်ဆိုပါက ပိုမိုသင့်လျော်မည်ထင်ပါသည်။

ထို့ထက်ပို၍ တိကျစွာပြန်ဆိုပါက 'ပရမတ္ထတရားတို့ကို ပြောင်းပြန်ဇောက်ထိုးသိခြင်း' ဟုပြန်ဆိုရပါမည်။ ဟုတ်တိုင်းမှန်စွာ မသိခြင်းနှင့် ပြောင်းပြန်သိခြင်းသည် မည်သို့ ကွာခြားပါသနည်း ဆိုအံ့။ အနုသယသဘောနှင့် ပရိယုဋ္ဌာန သဘောကွာခြားပါသည် ဟုဖြေရပါမည်။ ဟုတ်တိုင်းမှန်စွာ မသိခြင်းမှာ အနုသယသဘောကို ဆောင်၍ ပြောင်းပြန်သိခြင်းမှာ ပရိယုဋ္ဌာနသဘောကို ဆောင်ပါသည်။ ပရိယုဋ္ဌာန သဘောအဝိဇ္ဇာကသာလျှင် အခြားသော ကိလေသာတို့ကို မွေးထုတ်ပေးခြင်းဖြစ်ပါသည်။

ထိုပရိယုဋ္ဌာနသဘောအဝိဇ္ဇာ၏ သားသမီးများအနက်မှ မနာလိုခြင်း (ဣဿာ) အကြောင်းကိုတင်ပြပါမည်။ 'ကိုယ့်ထက်သာ မနာလို" ဟူသောစကားအတိုင်း မနာလိုခြင်း (ဣဿာ)သည် ကိုယ့်ထက်သာသူများအပေါ်၌ ဖြစ်လေ့ရှိပါသည်။ သို့သော် ထို အကြောင်းတစ်ခုတည်းကြောင့် ဖြစ်သည်ကားမဟုတ်ပါ။ ဥပမာ - ကျွန်ုပ်တို့ (ရဟန်းများ)သည် မိမိထက် လာဘ်အခွေအရံ ကျော်စောမှုတို့၌ များစွာသာလွန်ကြသော အရာရှိကြီးများ၊ သူဌေး ကြီးများ၊ အနုပညာရှင်ကြီးများအပေါ်၌ မနာလိုဖြစ်လေ့မရှိပါ။ အကြောင်းမှာ "မျိုးနွယ်အတန်းအစား" မတူသောကြောင့်ဖြစ်ပါ သည်။ ထို့ကြောင့် မနာလိုဖြစ်ရန်အတွက် ကိုယ့်ထက်သာရမည့် အပြင် မျိုးနွယ်အတန်းအစား တူဖို့လည်းလိုအပ်ပါသည်။

သို့သော် ကိုယ့်ထက်သာရုံ မျိုးနွယ်အတန်းအစား၊ တူရုံ မျှဖြင့်လည်း မနာလိုစိတ်ကဖြစ်၍ မရတတ်သေးပါ။ ဥပမာ -

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ကဲ့သို့ပင် ရဟန်းဖြစ်ငြားသော်လည်း မိမိတို့ထက် ပရိယတ္တိအရည်အချင်းများစွာ သာလွန်သော တိပိဋကဆရာတော်များကိုလည်းကောင်း၊ ပဋိပတ္တိအရည် အချင်းများ သာလွန်သော ပုဂ္ဂိုလ်များကိုလည်းကောင်း၊ တရားဟောမဓမ္မကထိကအရာ၌ များစွာ သာလွန်သော ပုဂ္ဂိုလ်များကိုလည်းကောင်း၊ မနာလိုစိတ်ဖြစ်လေ့မရှိကြပါ။ မနာလို မဖြစ်သည့်အပြင် ရိုသေလေးစားခြင်း၊ ကြည်ညိုခြင်းတို့သာဖြစ်လေ့ရှိကြပါသည်။

ထိုသို့ ဖြစ်ရသည်မှာ ထိုပုဂ္ဂိုလ်များသည် မိမိထက်သာသည်ဟူ၍ မိမိကိုယ်တိုင်ယုံကြည်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် မနာလိုစိတ်ဖြစ်ရန်အတွက် မိမိထက်သာသူကို "သာသည်ဟုမယုံဖို့" လည်းလိုအပ်ကြောင်း တွေ့ရပါသည်။

ထို့ကြောင့် မနာလိုခြင်း (ဣဿာ)သည် မိမိကိုယ်ကို အထင်ကြီးခြင်း (အတ္တုက္ကံသန) သူတစ်ပါးကို အထင်သေးခြင်း (ပရဝမ္ဘန) နှင့် ဆက်စပ်နေပါသည်။ ထို့ပြင် မိမိထက်သာပါလျက် မသာဘူးဟု ပြောင်းပြန်သိခြင်း (အဝိဇ္ဇာ)နှင့် ထိုသူရရှိနေသောအရာကို မိမိက ရလိုခြင်း (တဏှာ)ဟူသော ဣဿာ၏ မိဘနှစ်ပါးကိုလည်း တွေ့နိုင်ပါသည်။ ဣဿာ ဖြစ်လာလျှင် ထိုသူရရှိနေသောအရာကို မရစေလိုခြင်း (မစ္ဆရိယ)ကလည်း တွဲလျက်ဖြစ်တတ်ပါသည်။

အဝိဇ္ဇာ၊ တဏှာ မိဘနှစ်ပါးမှ မွေးဖွားလာသော ဣဿာသည် မစ္ဆရိယနှင့် အမြွှာပူးဖြစ်ပြီး သူ့အထက်က နို့ညှာကောင်မှာ အတ္တုက္ကံသန ပရဝမ္ဘနဖြစ်ပါသည်။

**မိမိတို့၏ စိတ်၌ ပရိယုဋ္ဌာန ကိလေသာတစ်ခုဖြစ်လာပြီဆိုလျှင် ထိုကိလေသာကို ဟုတ်တိုင်းမှန်စွာ မသိမြင်နိုင် ပါက (ဝါ) ဝိပဿနာမရှုနိုင်ပါက ဝီတိက္ကမကိလေသာအဖြစ်သို့ ရောက်တတ်**

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ (ဝါ) **ကာယကံ ဝစီကံတို့ဖြင့် ၄င်း၏အသွင်ကို ထင်ရှား ပြတတ်ပါသည်။** ဣသာ၏ ထင်ရှားသော ကာယကံမှာ ချောင်း မြောင်းလုပ်ကြံခြင်း သဘောမျိုးဖြစ်၍ ထင်ရှားသော ဝစီကံမှာ အတင်းပြောခြင်း သဘောမျိုးဖြစ်ပါသည်။ ထိုမျှလောက် မထင်ရှား သော ဝစီကံများမှာ ထေ့ခြင်း၊ ငေါ့ခြင်း၊ နောက်သလိုပြောင်သလို ဖြင့် ဘုတောခြင်းများဖြစ်ပါသည်။ မည်သို့သောအသွင်ဖြင့် ထင်ရှား ပြသည်ဖြစ်စေ၊ ထိုသို့ပြခြင်းသည် မိမိ၌ဖြစ်နေသော ဣသာကို မိမိဘာသာမသိကြောင်း ဝန်ခံနေသည့်သဘောဖြစ်ပါသည်။

× × × × ×

## ပညာတတ်တို့၏ မထင်မရှား ဣသာ

ဝိပဿနာ မရှုနိုင်သော ပညာရှိတို့ကား မိမိတို့၏ ဣသာကို ထင်ရှားမပြကြ။ မထင်မရှားပြကြပါသည်။ ပညာရှိတို့၏ ထုံးစံ **အတိုင်း ဘီလူးဖြစ်ပါလျက် မင်းသားခေါင်းစွပ်ပြီး ထွက်တတ်ကြ၏။ ထွက်ပုံမှာ 'သူတစ်ပါး၏အပြစ်ကို ထောက်ပြခြင်း'ဖြစ်ပါသည်။ ထိုသို့အမှားကို ထောက်ပြလိုက် ခြင်းသည် ထိုထောက်ပြခံရသူသည် မိမိလောက်အရည်အချင်းမပြည့်ဝကြောင်း မိမိသာလျှင်ပြည့်ဝ ကြောင်း အများကထင်မြင်လာအောင် ဖန်တီးလိုက်ခြင်းဖြစ်ပါသည်။**

ထိုအခါ အတင်းပြောသူသည် နေသာထိုင်သာရှိသွား ရသကဲ့သို့ အမှားထောက်ပြသူလည်း စားဝင်အိပ်ပျော်ဖြစ် သွားပါ တော့သည်။ စင်စစ် မိမိ၏ကိုယ်ကျိုးရမှုကို ရှေးရှု၍ မသမာသော စိတ်ထားဖြင့် သူတစ်ပါး၏အမှားကို ထောက်ပြခြင်းသည် ပညာရှိ လက္ခဏာမဟုတ်ပါ။ တစ်ဖန် လူတိုင်း၌ အမှားမကင်းတတ်ပါ ဟူသောအဆိုကို လက်ခံနိုင်လျှင် တစ်နည်းအားဖြင့် မင်္ဂဖိုလ်မှ ဖီလာဖြစ်သော အမှားမျိုးမဟုတ်သည့် သာမန်အမှားကလေးများကို

www.burmeseclassic.com

ထောက်ပြရုံဖြင့် ပညာရှိလက္ခဏာမဟုတ်သေးဟူသော အချက်ကို လည်း လက်ခံရပါမည်။

သို့သော် **အမှားကိုထောက်ပြခြင်း မှန်သမျှသည် ဣဿာ၏ အသွင်ဖြစ်သည်ဟူ၍ကား တရားသေမှတ်ထား၍မရပါ။ စေတနာ ကောင်းဖြင့် အမှားထောက်ပြခြင်းမျိုးလည်း ရှိပါသေးသည်။ အမှားကိုထောက်ပြခြင်း၌ ဣဿာ၏ အသွင်သည် ပုဂ္ဂလဓိဋ္ဌာန် သဘောကိုဆောင်၍ စေတနာကောင်း၏ အသွင်သည် ဓမ္မဓိဋ္ဌာန်** သဘောကိုဆောင်ပါသည်။

ပုဂ္ဂလဓိဋ္ဌာန်နှင့် ဓမ္မဓိဋ္ဌာန်တို့မှာလည်း ရောနှောနေတတ်ပါ သေးသည်။ ဓမ္မဓိဋ္ဌာန်ကိုပြောသူသည် ထင်ရှားစေရန် ပုဂ္ဂိုလ် တစ်ဦး၏အကြောင်းခြင်းရာကို ထုတ်နုတ်၍ သာဓကပြရတတ် သကဲ့သို့ ပုဂ္ဂလဓိဋ္ဌာန်ကို ပြောသူကလည်း ဓမ္မဓိဋ္ဌာန်ကျအောင် အကိုးအကား အဆိုအမိန့်များဖြင့် ဝေဝေဆာဆာ တင်ပြတတ်ပါ သည်။ မည်သို့ဖြစ်စေ မြင်တတ်လျှင် သိသာပါသည်။ အကြောင်းမှာ တစ်ဦးတစ်ယောက်တင်ပြသော အကြောင်းအရာ၌ ထိုသူ၏ စေတနာသည် ပေါ်လွင်နေမြဲဖြစ်သောကြောင့်တည်း။

ဥပမာ 'ဓမ္မရုံသိဖိုက်တာ'ဟု ကျော်ကြားသော ပန်းဒကာ ကိုတင်မြင့်-မလေးငြိမ် စသူတို့သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကြောင်းအရာကို အခြေပြုတင်ပြလေ့ရှိသောကြောင့် အသွင် အားဖြင့် ပုဂ္ဂလဓိဋ္ဌာန်သဘောမျိုး ဖြစ်နေတတ်သော်လည်း ၎င်းတို့ ၏ စေတနာမှာ ပုဂ္ဂလဓိဋ္ဌာန်၌သာ ရပ်တန့်မနေဘဲ ဓမ္မဓိဋ္ဌာန်ကိုသာ ဦးတည်ပြောနေခြင်းဖြစ်ကြောင်း ထင်ရှားနေပါသည်။ အချို့သူများ မှာ ပါဠိတော် အထောက်အထားတွေ ဝေဝေဆာဆာဖြင့် ဓမ္မ ဋ္ဌာန်အနေအားဖြင့် ပြောနေသော်လည်း ၎င်းတို့ မနော

www.burmeseclassic.com



မှာမူ ပေါလောကြီးပေါ်နေတတ်ပါသည်။

ထိုသို့သော ဣဿာ၏အသွင်များကို နေရာတကာ၌ တွေ့နိုင်ပါသည်။ သို့သော် တခြားအခြေအနေများ၌ တွေ့ရသည်မှာ လက်နှီးစုတ် အိုးမဲပေသကဲ့သို့ အကြောင်းမထူးလှသော်လည်း ဓမ္မရံသီ၌ တစ်ခါတစ်ရံ တွေ့ရတတ်သည်မှာ အကြောင်းထူးပါသည်။ မျက်နှာ၌ အိုးမဲပေကျံသကဲ့သို့ အရုပ်ဆိုးပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့တင်ပြသော အကြောင်းအရာတစ်ခု၏ မူလရည်ရွယ်ချက် 'စေတနာ'ကို ဆန်းစစ်သင့်ပါသည်။ ထိုသို့ဆန်းစစ်၍ စေတနာကောင်းဖြင့် တင်ပြခြင်းဖြစ်လျှင် အလွန်ကောင်းလှသော်လည်း မနာလိုစိတ်မှ ပေါ်ထွက်လာခြင်းမျိုးဖြစ်နေပါက ဝိပဿနာဉာဏ်ဖြင့်ဖျက်ဆီးပေးလိုက်ခြင်းက ပိုကောင်းပါသည်။

မိမိ၏စေတနာကို ပြန်လည်ဆန်းစစ်ရာတွင် **ဒေါက်တာမတင်ဝင်း၏ အဆိုတစ်ခုကို သတိပြုဖွယ် တင်ပြလိုပါသည်။** ၎င်းမှာ **'မိမိကိုယ်မိမိမှန်ကန်ကြောင်း အထပ်ထပ် သက်သေပြနေရပြီဆိုလျှင် မှားနေပြီဟု သိလိုက်ပါ'** ဟူ၏။

စင်စစ် ဤဆောင်းပါးသည်လည်း အမှားကိုထောက်ပြနေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ပညာရှိမဟုတ်ပါ။ သို့သော် 'ဣဿာ၏အသွင်'ဟုတ်မဟုတ်ကိုကား စာဖတ်သူများ စစ်ဆေးဆုံးဖြတ်တော်မူကြစေလိုကြောင်း

အရှင်သုဇာတ (သရက်တောကျောင်း)
ဓမ္မရံသီမဂ္ဂဇင်း
အမှတ်(၁၄၆)၊ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ ထူး တဲ့ ဗုဒ္ဓ

ဤဆောင်းပါးတွင် အဓိကထား၍ ဖော်ပြချင်သော ထူးကဲမြင့်မြတ်လှသည့် ဗုဒ္ဓဟူသည်ကား ၁၃၅၄ ခုနှစ်၊ တပို့တွဲလဆုတ် ၃ ရက်၊ ညနေ ၄း၄၀ တွင် ဘဝနတ်နန်းသို့ စံမြန်းတော်မူသွားသော အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးပင် ဖြစ်ပါတော့သည်။ အဘယ်ကြောင့် ဗုဒ္ဓဟုဆိုရသနည်း။

**ဧဝံ ဧတံ ဘိက္ခု ပသံသထ ဧသောဘိက္ခု နတုမှာကံ။**

**သာဝကောနာမ ဗုဒ္ဓေါနာမ သေစနွာတိ။**

**ချစ်သားစုန္ဒ ဤကဲ့သို့ ပရိယတ်ထူးချွန်သော ရဟန်းတို့ကို ချစ်သားတို့သည် ချီးမွမ်းပူဇော်ကြလော့။ ဤကဲ့သို့ ပရိယတ်ထူးချွန်သော ရဟန်းသည် သာဝကမဟုတ် ဗုဒ္ဓမည်၏။**

ဤဟောကြားချက်အရ မင်းကွန်းဆရာတော်ကြီးကို ဗုဒ္ဓဟုဆိုရခြင်းဖြစ်ပါသည်။ အနည်းငယ်ချဲ့ရလျှင်-

(ဗုဒ္ဓလေးမျိုး)

ဗုဒ္ဓသည် ၁။ သမ္မာသမ္ဗုဒ္ဓ ၂။ ပစ္စေကဗုဒ္ဓ ၃။ စတုသစ္စဗုဒ္ဓ ၄။ သုတဗုဒ္ဓ ဟုလေးမျိုးရှိရာတွင် ပရိယတ္တိထူးချွန်လှသော မင်းကွန်းဆရာတော်ကြီးသည် သုတဗုဒ္ဓတွင် ပါဝင်နေသောကြောင့် ဖြစ်ပါသည်။ ထူးဆိုသော ဝိသေသနကို အဘယ်ကြောင့်မထားရသနည်း။

www.burmeseclassic.com

www.burmeseclassic.com



(ဗုဒ္ဓသုံးမျိုး)

မိမိသန်ရာသန်ရာ ပါရမီဖြည့်ကြသော ဗုဒ္ဓသုံးမျိုးရှိပါသေးသည်။ ၁။ ပညာဓိကဗုဒ္ဓ ၂။ သဒ္ဓါဓိကဗုဒ္ဓ ၃။ ဝီရိယာ ဓိကဗုဒ္ဓတို့ပင်ဖြစ်ပါသည်။ အစဉ်အတိုင်း လေးသင်္ချေ ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေကမ္ဘာတစ်သိန်း၊ ဆယ့်ခြောက်သင်္ချေ ကမ္ဘာတစ်သိန်းစီ ပါရမီဖြည့်ကျင့်တော်မူကြရပါသည်။ ပညာ-သဒ္ဓါ-ဝီရိယ မိမိသန်ရာ ပါရမီဖြည့်ကြခြင်းပင်။ သုတဗုဒ္ဓဖြစ်သော မင်းကွန်းဆရာတော်ဘုရားကြီးသည်ကား ၎င်းသုံးမျိုးလုံး ပြည့်စုံနေသောကြောင့် ထူးဆိုသော ဝိသေသနလေးကို မ,လိုက်ခြင်းပင် ဖြစ်ပါတော့သည်။

ကြီးမားသောပညာဖြင့်ပြည့်စုံပုံကို ပိဋကသုံးပုံ ပါဠိတော်တို့ကို သာမက အဋ္ဌကထာနှင့်ဋီကာအချို့တို့ကိုပင် အာဂုံဆောင်ထားနိုင်ခြင်းကို ထောက်ဆသောအားဖြင့် လက်ခံနိုင်လောက်ပေသည်။ ၆-တွဲ ၈-အုပ်ရှိသော မဟာဗုဒ္ဓဝင်ကျမ်းတော်ကြီး ပြုစုတော်မူနိုင်ပုံကို ထောက်သောအားဖြင့်လည်း ဆရာတော်ဘုရား၏ ပညာပါရမီပြီးပြည့်စုံတော်မူပုံကို သိရှိကြည်ညိုနိုင်ပါသည်။

ကြီးမားသောသဒ္ဓါတရားနှင့် ပြည့်စုံပုံကိုကား နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော တိပိဋကဘွဲ့တံဆိပ်တော်အတွက် ရရှိသော ဝတ္ထုငွေ . . .

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အတွက်ရရှိသော ဝတ္ထုငွေ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်အတွက် ရရှိသော ဝတ္ထုငွေအားလုံးကို နိကာယ်သာသနာတော်အတွက် လှူဒါန်းခြင်း။

မန္တလေးမြို့မှ မီးဘေးအသင့်ခံရသော ညီတော် နောင်တော်သံဃာတော်များအတွက် တစ်သိန်းခွဲဖိုးခန့်ရှိသော သက်န်း-ထီး

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ် စသော သံဃာ့အသုံးအဆောင်များကို လှူဒါန်းတော်မူခြင်း၊ ဆရာတော်မွေးဖွားရာ ဇာတိဖြစ်သော မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကျည်းပင်ကျေးရွာနှင့် သဲဖြူဝရွာတို့တွင် ကျောင်းတိုက်ကြီးများ ဆောက်လုပ်လှူဒါန်းခြင်း။

ကျည်းပင်ရွာကျောင်းအနီးရှိ ဟင့်အင်း(ခ)ချောင်းရိုး၌ ရေကျသွားပါလျှင် နွားလှည်းများမရုန်းနိုင်အောင် နှစ်စဉ် ရွှံ့ဗွက်ကြီးဖြစ်နေသဖြင့် ၎င်းနေရာတွင် ကျောက်တံတား၊ ကျောက်လမ်းခင်းခြင်း၊ သဲဖြူဝရွာနှင့် သဘော်ာဆိပ်အကြား ချောင်းရိုးကိုဖြတ်၍ တံတားတစ်ခု ဆောက်လုပ်လှူဒါန်းခြင်း။

မင်းကွန်းတိုက်နယ်ဆေးရုံအတွက် နှစ်စဉ် (၁)နှစ်လျှင် ဆေးပစ္စည်းမျိုးစုံ သုံးသောင်းကျော်ဖိုးထိ လှူဒါန်းသည့်အပြင် ၎င်းဆေးရုံအတွက် ငွေပဒေသာပင်အနေနှင့် ငွေစုဘဏ်တွင် သုံးသိန်းကျော်အထိ ဒကာ ဒကာမများနှင့်စုပေါင်း၍ လှူဒါန်းထားခြင်း၊ မင်းကွန်းတိုက်နယ် အလယ်တန်းကျောင်းနှင့် တွဲဖက်အထက်တန်းကျောင်းဆောင်ကြီးကိုလည်း ဆောက်လုပ်လှူဒါန်းတော်မူခြင်း။

ဤကား ဆရာတော်၏ သဒ္ဓါတရားကို အားကျကြည်ညိုစေနိုင်ရန်အတွက် အနည်းငယ်မျှ ဖော်ပြခြင်းဖြစ်ပါသည်။

× × × × ×

## တုန့်နှင်းမရ ဝီရိယ

ဝီရိယပါရမီအနေဖြင့်ကား ဆရာတော်၏ ခန္ဓာကိုယ်အနံ့တွင် ဝီရိယတရားမရှိသော နေရာတစ်နေရာမှ မရှိဟုပင် ဆိုရပါမည်။ ဆရာတော်ကြီးသည် ရန်ကုန်-မန္တလေး သာသနာ့တက္ကသိုလ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



များအတွက်လည်းကောင်း၊ မင်းကွန်း မိုးမိတ်ကုန်းမြေမှ ၂၀၀ ကျော်သော နိကာယ်စာသင်သားများအတွက်လည်းကောင်း၊ ချမ်းသာကြီးနှင့် မလွန်ဆန်လှူအသင်းကြီးနှစ်သင်းအတွက်လည်းကောင်း၊ မြန်မာတစ်ပြည်လုံး နယ်လှည့်၍ ရေစက်ချ တရားများမနားရအောင် ဟောကြားတော်မူရရှာပါသည်။

တရားပွဲများကို ထိုမျှဟောကြားနေရသော်လည်း ပြီးပြီးရောဟူ၍ ဟောကြားထားသော တရားတစ်ပုဒ်မှ မရှိပါ။ ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့ကို အာဂုံရွတ်ဆို၍ ကိုးကားကာ ခံ့ခံ့ညားညား ဟောကြားသည်ချည်း ဖြစ်ပါသည်။ တရားတစ်ပွဲဟောချိန် အနည်းဆုံး သုံးနာရီကျော်ရှိပါသည်။ တစ်ခါတစ်ရံ လေးနာရီပင်ကျော်သွားတတ်ပါသည်။ ထိုအခါ ဆရာတော်၏ ကျန်းမာရေးကို စိုးရိမ်ကြသော ဒကာ၊ ဒကာ မများက ကျန်းမာရေးအတွက် တရားဟောချိန်ကိုလျော့ရန် လျှောက်ထားကြသောအခါ ဆရာတော်ရဟန်းခံကာနီးတွင် သာသနာ့မိခင်ကြီး ဒေါ်မမွစာရီ၏ ယောကျ်ားမြတ်တို့၏ လမ်းစဉ်ကို ညွှန်ပြသော အနဂ္ဃရတနာစာတမ်းလေးကို အထောက်အထားပြုကာ ယခုကဲ့သို့ ငြင်းပယ်တော်မူခဲ့ပါသည်။

ဘုန်းကြီး၏အရင်ဘဝက ရရှိခဲ့သော လျှာနှင့်အသံတို့ကို လိမ်ညာပြောခြင်း၊ အပြိန်အဖျင်းပြောခြင်းတို့ဖြင့်သာ အသုံးချခဲ့ရသည်။ ယခုဘဝရရှိသည့်လျှာနှင့်အသံတို့ကို (ဗုဒ္ဓပါဝစန) ဘုရားရှင်၏ စကားတော်တို့ကို ရွတ်အံသရဇ္ဈာယ်ခြင်းဖြင့်သာ အသုံးပြုတော့မည်။

မိမိအသက်နှင့်ခန္ဓာကိုယ်ကို သုံးဖြာသော သာသနာတော်မြတ်ကြီးအား အပ်နှင်းပြီးဖြစ်၍ တရားဟောကြားနေစဉ် တရား

www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်ပေါ်၌ သေရသော်လည်း သံယုတ်ပါဠိတော်လာ သမဏာ နတ်သားကို စံနမူထားပြီး သာသနာ့အလုပ်ခွင် ၌ သေရသည်ဖြစ်၍ ဝမ်းနည်းစရာမဟုတ်ပါဟု မိန့်ကြားတော်မူသဖြင့် နောက်ထပ် ဘယ်သူမှ မလျှောက်ထားရဲကြတော့ပါ။

(ရဟန်းခံကာနီး ရှင်ဝိစိတ္တကို ဆုံးမခဲ့သော အနဂ္ဃ ရတနာ စာတမ်းလွှာ)

အတိပိယံ မိမံကာယံ၊ သုတ္တမင်္ဂသဇီဝိတံ။

နိယျာတယာမိယော ဇဿ၊ ဇိနာသဝိဇိတာဝိနော။

ဘန္တေ၊ ရွှေဘုန်းတော်နေလထိန်ထိန်ပတော်မူပါသောမြတ်စွာ ဘုရား။

အတိပိယံ၊ အလွန်လျှင်ချစ်အပ်စွာသော။

သုတ္တမင်္ဂ၊ မြတ်သောဦးခေါင်းနှင့်တကွသော။

သဇီဝိတံ၊ အသက်နှင့်တကွသော။

ဣမံကာယံ၊ ဤခန္ဓာကိုယ်ကို။

ဝိဇိတာဝိနော၊ မကြွင်းလုံးစုံ အကုန်အောင်အပ်ပြီးသော စစ်မြေပြင်ရှိတော်မူသော။

ယောဇဿ၊ သုံးဆူလောက ဟူသမျှ၌ တုပမည့်သူ မပြုမရှိ အဓိပတိ သူရဲကောင်း ဗိုလ်မှူးကြီးဖြစ်တော်မူသော။

ဇိနဿ၊ မြတ်စွာဘုရားအား။

နိယျာတယာမိ၊ အပ်နှင်းစွန့်လှူပူဇော်ပါ၏ဘုရား။

ကိုရင် ရှေးကမြတ်စွာဘုရားသာသနာတော်၌ လွန်စွာ သက်ဝင်ကြည်ညိုကြသော သြကပ္ပနသဒ္ဓါရှိကြကုန်သော အဖိုး ထိုက်တန် အမျိုးမှန်သည်လည်းဖြစ်ကုန်သော ဇာတိ ကုလပုတ္တ

www.burmeseclassic.com

www.burmeseclassic.com



အာစာရကုလပုတ္တ၊ ရာဇကုမာရစသောပုဂ္ဂိုလ်တို့သည် ဤ အထက်ပါ ဂါထာ၏ အဓိပ္ပါယ်အတိုင်း ဘုရားရှင်အား အထူးညွှတ်ကိုင်း ရှိုင်းသမှု ဥဒ္ဒိဿပြုလျက် အသက်နှင့်ခန္ဓာကို အပ်နှင်းစွန့်လှူပူဇော်၍ သာသနာတော်ထမ်း ရဟန်းတော်အဖြစ်သို့ ကမ်းတစ်ဖက်အရဟတ္တဖိုလ်တိုင် ပေါက်မြောက်တော်မူကြသတဲ့။

ထို့အတူ ကိုရင်လည်း ရှေးသူတော်များနည်းတူ သဘောထားပြီး ရဟန်းတက်ခါလုနီးမှာ သဒ္ဓါတရား တဖွားဖွားဖြစ်စေလျက် ဤဂါထာကို အလွတ်ကျက်လျက် အသက်နှင့်ခန္ဓာကိုယ်ကို တစ်ခါတည်း အပ်နှင်းစွန့်လှူပူဇော်၍ သာသနာတော်ကို လှူလိုက်စေလိုကြောင်း ရှိသေစွာစာရေး၍ လျှောက်ထားပါသည်ကိုရင်။

ဆရာကြီးဒေါ်ဓမ္မစာရီ၏ ဤစာတမ်းလေးသည် မင်းကွန်းဆရာတော်အတွက် မိမိအသက်နှင့်ခန္ဓာကိုယ်ကို သာသနာအတွက် အပြည့်အဝအသုံးချရန် အဓိဋ္ဌာန်ပြုခြင်း၏ ကြီးမားသောအထောက်အပံ့တစ်ခုပင်။ မိမိ၏အသက် နှင့်ခန္ဓာကိုယ်ကို ကာမဂုဏ်အတွက် အသုံးချနေသောတပည့်သာဝကများအား အကောင်းဆုံး လက်တွေ့တရား တစ်ပုဒ်ကို အသံမထွက်ပဲ ဟောကြားလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

× × × × ×

## ခြေတော်ဦးခိုက်ရ ဝီရိယစွမ်းထားမ

တစ်ခါကလည်း အောက်ပြည်အောက်ရပ်မှ ဆရာတော်တစ်ပါးသည် မင်းကွန်းတိပိဋကဆရာတော်သည် ပိဋကသုံးပုံ ပါဠိတော်နှင့်တကွ အဋ္ဌကထာပါဠိတော်အချို့ကို အမြဲတမ်း အာဂုံဆောင်ထားသည်ဟူသော စကားကို မယုံ ကြည်နိုင်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကွန်းဆရာတော်လည်း စာမေးပွဲသမားပဲ စာမေးပွဲသမားဆိုတာ စာမေးပွဲဖြေလို့ အောင်ပြီးရင် ရပြီးသားစာ အကုန်မေ့တာဘဲဟု မိမိစိတ်နှင့်နှိုင်းကာ မကြာခဏပြောဆိုလေသည်။ ဥတ္တမပုရိသ ပညာရှိ သူတော်ကောင်းကြီးများကို မိမိစိတ်နှင့် အမြဲတမ်းနှိုင်းယှဉ်၍ မကြည့်သင့်ရန် ဖော်ပြလတ့်သောဖြစ်ရပ်က သက်သေခံနေပါလိမ့်မည်။

တစ်နေ့တွင် ထိုဆရာတော်နေသောအရပ်သို့ မင်းကွန်း ဆရာတော်တရားဟောကြွတော်မူရပါသည်။ တရားပွဲ သုံးညစီစဉ်ထားရာ သုံးညစလုံးမင်းကွန်းဆရာတော်တရားဟော ပလ္လင်ပေါ်ထိုင်ပြီးသောအခါတွင်မှ ပိဋကသုံးပုံ နိကာယ်ငါးရပ်မှ မိမိစိတ်ပေါ်ရာ သုတ်တစ်ခုခုကို ဟောကြားခိုင်းပြီးလျှင် ပါဠိတော် အဋ္ဌကထာ ဋီကာ သုံးအုပ်လုံးလှန် ထားပြီးသေချာကြည့်ကာ ကျောင်းပေါ်မှ နာပါတော့သည်။ မင်းကွန်းဆရာတော်ကလည်း ခိုင်းသည့်တရားတော်ကိုပင် ပါဠိတော် အဋ္ဌကထာ ဋီကာလာသည့်အတိုင်းပင် ပါဠိတော်များကို ရွတ်ဆို၍ တစ်လုံးမကျန်ဟောကြားတော်မူလိုက်ပါသည်။ သုံးညမြောက်တရားပွဲပြီးသောအခါ၌ကား ၎င်းဆရာတော်သည် မင်းကွန်းဆရာတော်၏ ခြေတော်ကို ဦးခိုက်ကာ စိတ်မှ ကျူးလွန်မိသမျှကို ဝန်ချတောင်းပန်ရှာပါသည်။

ဆရာတော်ဘုရား၏ အသက်နှင့်ခန္ဓာကိုယ်ကိုပင် ငဲ့ကွက်မှုမရှိဘဲ သာသနာတော်အတွက် ပင်ပင်ပန်းပန်း အလုပ်လုပ်မှုနှင့်ပတ်သက်၍ လူသိနည်းလှသော တကယ့်ဖြစ်ရပ်တစ်ခုကို တင်ပြပါဦးမည်။ ပြောပြသူမှာ ယခုအချိန်ထိ မင်းကွန်းမိုးမိတ်ကုန်းမြေတွင စာသင်ကြားလျက် ရှိနေပါ သေးသည်။ ဥဘတောဝိဘင်္ဂရေပင်

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ပြီးသွားပေပြီ။ ထိုကိုယ်တော်လေးက မင်းကွန်းဆရာတော်ကို အရင်တုန်းက တပည့်တော်တို့ ကြည်ညိုတယ်ဆိုတာ အဝေးကဆိုတော့ တကယ်ကြည်ညိုရာ မရောက်သေးပါဘူးဘုရား၊ အခု ဆရာတော့်ဆီမှာ ပိဋကတ်စာပေတွေ ကျက်မှတ်ရတော့မှဘဲ ဆရာတော်ကို တကယ်ကြည်ညိုမိတတ်သွားတယ်ဘုရား၊ ပိဋကတ်သုံးပုံလုံးမပြောနဲ့ ဝိနည်းငါးကျမ်းထဲက ရှေ့နှစ်ကျမ်းလေးကိုပဲ ကျက်လိုက်ရတာ မသက်သာပါဘူး ဘုရား . . .၊ ကျက်ပြီးသားကို မမေ့အောင်ပြန်ရတဲ့ အလုပ်ကလည်း ပိုပြီးတောင် ပင်ပန်းပါသေးတယ်။

ဆရာတော်တို့တုန်းက တို့ထက်အဆပေါင်းများစွာ ပိုပြီး ပင်ပန်းရှာမှာပဲလို့တွေးပြီး တကယ့်ကိုကြည်ညိုမိပါတယ်။ ဆရာတော်ဝီရိယလုံ့လအား ကြီးမားပုံကတော့ သူမတူအောင်ပါဘဲဘုရား။ **တပည့်တော်တို့ မြို့က ဥပဇ္ဈာယ် ဆရာတော်က သက်တော် ၆၀-ကျော်ဘဲရှိသေးတယ်။ အသက်ကြီးပြီ၊ ပင်ပင်ပန်းပန်း မလုပ်နိုင်တော့ဘူးဆိုပြီး ရိုက်နေကြ လက်နှိပ်စက်တောင်မရိုက်တော့ဘူး။**

**မိုးမိတ်ကုန်းမြေရောက်တော့ သက်တော် ၈၀ကျော် ရှိနေပြီဖြစ်တဲ့ မင်းကွန်းဆရာတော်က ညဥ့်နက်သန်းခေါင်ထိ လက်နှိပ်စက်ရိုက်နေတုန်းဘဲရှိသေးတယ်"** ဟု ပြောပြတော်မူဖူးပါသည်။ ဖော်ပြပါအချက်ကို ထောက်သဖြင့်လည်း ဆရာတော်၏ ဝီရိယလုံ့လကြီးမားပုံကို ကြည်ညိုနိုင်လောက်ပါပြီ။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ဆရာတော်နှင့်ဂါ၀ရတရား

ရိုသေထိုက်သူကို ရိုသေသော ဂါရ၀တရားကား လူတိုင်းတွင်မရှိပါ။ အထူးသဖြင့် မာန်မာနတက်ကြွနေသူတို့၌ ဂါရ၀တရားမရှိနိုင်ဟု လေ့လာတွေ့ရှိရသည်။ ဓကနိပါတ် တိတ္တိရဇာတ်၌ ဂါရ၀တရားရှိသောသူသည် (၁) ယခုဘ၀၌ပင် ပညာရှိများ၏ အချီးအမွမ်းကိုခံရခြင်း၊ (၂) နောက်ဘ၀၌ လည်း သုဂတိဘ၀သို့ရောက်ရခြင်း၊ ဓမ္မပဒ ၂၉ ၌ ရိုသေထိုက်သောသူကို ရိုသေခြင်း၊ ဂါရ၀တရားရှိသောသူသည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးများရရှိကြောင်း ဟောကြားထားပါသည်။

ဂါရ၀၏ဆန့်ကျင် မာန၏ ဆိုးကျိုးနှစ်ခုမှာ သေပြီးနောက်ငရဲသို့ကျရောက်ရခြင်း၊ ငရဲမှလွတ်၍ လူဖြစ်ရလျှင်လည်း နိမ့်ကျသိမ်ငယ်သော အမျိုး၌သာဖြစ်ရခြင်းတို့ဖြစ်ပေသည်။

(ဥပရိပဏ္ဏာသ၊ စူဠကမ္မဝိဘင်္ဂသုတ် - ၂၇၇)

၄င်းသုတ်၌ ဂါရ၀နှင့်မိမိကိုယ်ကို နှိမ်ချခြင်း၊ နိဝါတတရားကိုတွဲ၍ဟောထားသည်မှာ မကင်းသောကြောင့်ပင် ဖြစ်ပါသည်။ နိဝါတရှိမှသာလျှင် ဂါရ၀တရားရှိနိုင်ပါသည်။ ဆရာတော်၏ဂါရ၀နိဝါတတရားရှိပုံတို့မှာ မိမိထက်အသက် ဂုဏ်သိက္ခာကြီးမားသောပုဂ္ဂိုလ်များကို မဆိုထားဘိ၊ မိမိထက် အသက်ဂုဏ်သိက္ခာအားဖြင့်ငယ်သောပုဂ္ဂိုလ်တို့၌ပင်လျှင် ဂါရ၀တရားထားနိုင်မှုကား အစ္ဆရိယံဝတဘော အံ့ဖွယ်ဖြစ်ပေစွ၊ အဗ္ဘုတံဝတဘော မဖြစ်ဘူး မြဖြစ်ပေစွဟုပင် ဥဒါန်းကျူးသင့်လှပါသည်။

ဆရာတော်သာသနာရေးကိစ္စတစ်ခုဖြင့် တောင်ငူမြို့ မြစည်းခုံ စာသင်တိုက်တွင် တည်းခိုနေချိန်ပင်ဖြစ်သည်။ တစ်နေ့ အခြေပြု

www.burmeseclassic.com

www.burmeseclassic.com



မူလတန်းကိုရင်လေးများ စာတက်မှပြန်အလာတွင် ဆရာတော် နှင့်လမ်းခုလတ်တွင် ဆုံမိကြပါသည်။ ထိုအခါ ဆရာတော်က ကိုရင်လေးများဘက်သို့ လက်အုပ်ချီကာ-

"ကိုရင်တို့ ဘာစာဝါတွေများ တက်လာခဲ့ကြပါသလဲ ဘုရား" ဟု မေးမြန်းတော်မူခဲ့ပါသည်။ ကိုရင်လေးများ၏ သင်္ကန်း၌ရှိသော ဓမ္မကို အရိုအသေပေးခြင်းဟူ၍လည်း ယူဆနိုင်ပါသည်။ သင်္ကန်း ဝတ်ပုံ မညီမညွတ်ဖြစ်သည်ကို သတိပေးသော ၇-နှစ် အရွယ် ကိုရင်လေး၏ စကားကိုပင် လေးလေးစားစားခံယူလျက် သင်္ကန်းကို ညီညွတ်အောင် ပြန်ဝတ်ပြီးနောက် ကိုရင်လေးထံသို့ ပြန်လာကာ လက်အုပ်ချီပြီးလျှင်

"သည်လောက်ဆိုလျှင်သင့်တော်ပါပြီလားဆရာ"ဟု ရိုရို သေသေ မိန့်ကြားတော်မူသော အရှင်သာရိပုတ္တရာ မထေရ် မြတ်ကြီး၏ နိဝါတတရားကို သတိရစရာပင် ဖြစ်ပါတော့သည်။

(မိလိန္ဒ -၃၈၊ သံ-၄၊ ၁-၁၁၄)

× × × × ×

## ဆရာတော်နှင့်ခန္တီတရား

ပဥ္စဂုတ္တရပါဠိတော်တွင် သည်းခံခြင်းအကျိုးငါးပါးကို ဤကဲ့သို့ ဟောကြားထားပါသည်။

၁။ လူအများချစ်ခင်နှစ်သက်မှုကိုခံရခြင်း

၂။ ပုဂ္ဂိုလ်ရန်သူနှင့်အကုသိုလ်ဘေးရန်မတိုးပွားခြင်း

၃။ အပြစ်အမျိုးမျိုးမဖြစ်ပွားခြင်း

၄။ မတွေမဝေသတိတရားရှိရှိသေရခြင်း

www.burmeseclassic.com

www.burmeseclassic.com



၅။ သေပြီးနောက်နတ်ရွာသုဂတိသို့ လားရောက်ရခြင်း။

ဖော်ပြပါအကျိုးငါးမျိုးကို ဆရာတော်ကား အပြည့်အဝ အရ ယူသွားသော ယောက်ျားမြတ်အာဇာနည် ဖြစ်ပါသည်။

မပြည့်ဝသော ပုဂ္ဂိုလ်အချို့က မင်းကွန်းဆရာတော် ပျော့တယ်ဟု ဝေဖန်လေ့ရှိသည်ကို တွေ့ရဖူးသည်။ ခန္တီပါရမီတရားဖြင့် ပျော့ပြောင်းသူဖြစ်အောင်ပဲ အရင်ကြိုးစား ကြည့်ကြပါဟု ထိုပုဂ္ဂိုလ်များကို ပြောကြားချင်ပေသည်။ အဘယ်ကြောင့်နည်း။ ခန္တီတရားကို လူတိုင်းမကျင့်သုံးနိုင်ဘဲ ထက်မြက်ရဲရင့်သော ပညာရှိသူတော်ကောင်းများသာ ကျင့်သုံးနိုင်သောကြောင့် ဖြစ်ပါသည်။

ဘုရားလောင်းများ ဖြည့်ကျင့်ရသော ပါရမီ ၁၀ ပါးတွင် ခန္တီပါရမီ ပါနေသည်ကို ထောက်သောအားဖြင့် အထက်ပါ စကားရပ်ကို လက်ခံနိုင်လောက်ပေသည်။

ဓမ္မပဒပါဠိတော်၌ ပညာရှိသူတော်ကောင်းတို့၏ အနိုင် ယူနည်းလေးမျိုးကို ဗုဒ္ဓက ဤကဲ့သို့ ဟောကြားတော်မူခဲ့သည်။

၁။ အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် အနိုင်ယူရမည်။

၂။ အကျင့်မကောင်းသူကို အကျင့်ကောင်းဖြင့် အနိုင်ယူရမည်။

၃။ နှမြောစေးနှဲသူကို ပေးကမ်းခြင်းဖြင့် အနိုင် ယူရမည်။

၄။ လိမ်ညာပြောသူကိုအမှန်ပြောခြင်းဖြင့်အနိုင်ယူရမည်။

ဗုဒ္ဓ၏ဟောကြားချက် မည်မျှမှန်ကန်တော်မူကြောင်းကို မင်းကွန်းဆရာတော်က ဤကဲ့သို့ သက်သေပြတော်မူခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပြီးနောက် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို လည်း ပြုစုပြီးသောအခါ မင်းကွန်းဆရာတော်မှာ မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



သာမက ကမ္ဘာတွင် နေလို လလို ထင်ရှားနေသော အချိန်ပင်ဖြစ်ပါသည်။ ထိုအချိန်မှာပင် မနာလိုခြင်း၊ ဣဿာ၏ အနှိပ်အစက်ကို ခံရရှာသော ဆရာတော်တစ်ပါးသည် ဣဿာ၏ ခိုင်းစေချက်အတိုင်း မင်းကွန်းဆရာတော်ကို မဟုတ်တရားစကားတို့ဖြင့် ပြစ်မှားစော်ကားမိရှာလေသည်။

သံဃာ့နာယကအဖွဲ့အစည်းတွင် ပါဝင်ပြီးဖြစ်သော မင်းကွန်းဆရာတော်အနေနှင့် ၎င်းဆရာတော်ကို လိုအပ်သလို တုန့်ပြန်အရေးယူနိုင်ပါသည်။ စာရှုသူအနေဖြင့် မင်း ကွန်းဆရာတော်နေရာတွင်ရှိမည်ဆိုလျှင်လည်း မည်ကဲ့သို့ တုန့်ပြန်မိမည်ကို စိတ်ကူးကြည့်ပါ။ မင်းကွန်းဆရာတော်ကား ထိုကဲ့သို့ ပြစ်မှားစော်ကားသောသတင်းစကားကို ကြားရသည်နှင့် ကန်တော့ပွဲအစုံယူကာ ထိုဆရာတော်ကျောင်းသို့ ရောက်အောင်သွားခဲ့ပါသည်။

ရောက်သည်နှင့် ၎င်းဆရာတော်ကို ရိုသေစွာ ဦးတိုက်ပြီးလျှင် "ဆရာတော်ဘုရား သာသနာတော်နဲ့ မလျော်ကန်တဲ့ အပြစ်များရှိခဲ့ရင် တပည့်တော်ကို ဆရာတော့်ခြေရင်းခေါ်ပြီး ဆုံးမနိုင်ရန်အတွက် တပည့်တော်ကိုယ်တပည့်တော် ဆရာတော်အား အပ်နှံပါတယ်ဘုရား"

ထိုသို့ရှိခိုးပြီး လျှောက်လိုက်သည်နှင့် ၎င်းဆရာတော်မှာ အံ့အားသင့်လွန်းမကသင့်ပြီး ဘာမှ မပြောနိုင်ရှာဘဲ ရှိလေသည်။ နောက်၌လည်း မင်းကွန်းဆရာတော်က စားဦး စားဖျားများကို ပို့ပေးခြင်း၊ ပိဋကတ်၌ သိမှတ်ဖွယ်ရာအချို့ကို မိမိသိပြီး ဖြစ်သော်လည်း ၎င်းဆရာတော်အား သွားရောက်မေးလျှောက်ခြင်းအားဖြင့် သူ၏ဂုဏ်ကို မြှင့်တင်ပေးလေရာ နောင်၌ အသက်ထက်ဆုံး မင်းကွန်းဆရာတော်၏ မိတ်ဆွေ ကောင်းဆရာတော်တစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ ဘုရားပေးသော အနိုင်ယူနည်းတို့ကား မှန်ကန်တိကျလှပေစွ။

"တစ်ခါကလည်း မန္တလေးမြို့မှ ညတရားပွဲတစ်ပွဲ ဆရာတော်ကိုပင့်လျှောက်ထားသည်။ အချိန်ကျသည်နှင့် ဆရာတော်သည် မင်းကွန်းဘက်ကမ်းမှ စက်လှေစီး၍ မန္တလေးဘက်သို့ ရောက်လာသည်။ တရားပွဲကျင်းပရေးအဖွဲ့ ဒကာများက ကားဖြင့် အသင့်စောင့်နေမည်ဟု လျှောက်ထားခဲ့သော်လည်း ကားတစ်စီးမျှ မတွေ့ရ။

ဖြစ်ရပုံကား နာမည်ကြီးဆရာတော်ကြီးတစ်ပါး ဖြစ်သောကြောင့် ကိုယ်ပိုင်ကားဖြင့်ပင့်ချင်သူ ဒကာတွေက အင်မတန်မှများသည်။ ထို့ကြောင့် အကျိုးဆောင်ဒကာများ က ဆရာတော်ကားနဲ့ပင့်ဘို့ကိစ္စလောက်ကတော့ တို့ တစ်တွေအာရုံစိုက်စရာမလိုလောက်ပါဘူး။ ပင့်ချင်သူတွေ အများကြီးဘဲဆိုပြီး အေးအေးနေလိုက်ဟန်တူသည်။

ဒကာရင်းများလည်း ပင့်ချင်သူတွေအများကြီးပါဘဲဆိုပြီး ပေါ့ပေါ့နေလိုက်ကြပြန်ရာ စိတ်ကူးခြင်း တိုက်တိုက်ဆိုင်ဆိုင် တူကုန်ကြသဖြင့် မည်သူမှ လာမကြိုဖြစ်ကြတော့ပေ။ ဆရာတော်က အကြောင်းမသင့်လို့ နောက်ကျတာနေမှာဆိုပြီး အချိန်အတော်ကြာစောင့်ရှာသေးသည်။

တရားပွဲစချိန်နီးသည်အထိ မည်သည့်ကားမှ ရောက်မလာတော့မှ ဆိုက်ကားတစ်စီးငှားပြီး တရားပွဲရှိရာ ကြွခဲ့လေသည်။ တရားပွဲမဏ္ဍပ်ကြီးအတွင်းတွင်ကား ပရိသတ်များ ပြည့်ကျပ်လျှက်ရှိလေပြီ။ တရားပွဲနားရောက်သည်နှင့် ဆရာတော်က မှောင်ရိပ်တွင် ဆိုက်ကားကိုရပ်ခိုင်းကာ တရားပွဲပြီးချိန်ထိ စောင့်ရန်မှာပြီး

www.burmeseclassic.com

www.burmeseclassic.com



အေးဆေးငြိမ်သက်စွာပင် ပလ္လင်ပေါ်တက်ပြီး တရားဟောတော်မူလေသည်။

တရားပွဲပြီးပြန်တော့လည်း ပြန်ပို့ဘို့ မည်သူမှ သတိမရကြ။ ဒကာရင်းတစ်ယောက်အိမ်မှကားနှင့် ဆရာတော် ကြွလာသည်ဟုပင် ထင်နေကြသည်။ ဆရာတော်ကား အသင့်စောင့်နေသော မှောင်ရိပ်ထဲမှ ဆိုက်ကားနှင့်ပင် လောဝိန်ဆိပ်ရောက်အောင် ပြန်ကြွသွားခဲ့ပါသည်။

ဒကာများအား ဒေါသဖြစ်ပြီး ငေါက်ငမ်းဘို့နေနေသာသာ အဖြစ်မှန်သိသွားလျှင် သက်ဆိုင်ရာ ဒကာများ စိတ်ဆင်းရဲမည်စိုးသောကြောင့် မည်သူ့ကိုမျှ ပြောပြတော်မမူပေ။ အနီးနေ တပည့်များ ပြောပြသောကြောင့်သာ အချိန်အတော်ကြာမှ သိကြရခြင်းဖြစ်သည်။ ထစ်ကနဲရှိ ဒကာများအား အော်ချင်ငေါက်ချင်သော ခန္တီတရားနည်းပါးသည့် ဆရာတော်အချို့ကို လက်တွေ့အလုပ်ဖြင့် ဩဝါဒပေးလိုက်သကဲ့သို့ပင် ရှိပါသည်။

အကြင်သူသည် ဒေါသထွက်နေသူကို တစ်ဖန်ပြန်ပြီး ဒေါသထွက်၏။ ထိုသူသည် ပထမဒေါသထွက်နေသူထက် မိုက်မဲသူ ယုတ်မာသူဖြစ်၏။

(ကေပဏ္ဏသဇာတကဋ္ဌကထာ)

ဤလောက၌ ရန်ပြုသူကို ရန်တုန့်မူခြင်းအားဖြင့် ရန်ငြိမ်းသွားသည်ဟု တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဖူးချေ။ ရန် တုန့်မမူခြင်းအားဖြင့်သာ ရန်ငြိမ်းသွားလေသည်။ ဤကား ရှေးအစဉ်အလာဖြစ်သော သဘောတရားပင်ဖြစ်၏။

(ဓမ္မ ပဒ၊ ယမကဝဂ်)

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## မစ္ဆရိယကင်းကွာ ထေရ်ဆရာ

မစ္ဆရိယသည် လာဘ်လာဘကို ဝန်တိုခြင်း၊ လာဘမစ္ဆ ရိယ-ကျောင်းနေရာကို ဝန်တိုခြင်း၊ အာဝါသမစ္ဆရိယ -အမျိုး ဒါယကာကို ဝန်တိုခြင်း၊ ကုလမစ္ဆရိယ - တရားအသိပညာကို ဝန်တိုခြင်း၊ ဓမ္မမစ္ဆရိယ- သူတစ်ပါး၏ ဂုဏ်သတင်းကို ဝန်တိုခြင်း၊ ဝဏ္ဏမစ္ဆရိယ ဟုငါးမျိုးရှိသည်။ ထိုမစ္ဆရိယငါးမျိုး တစ်မျိုးမျိုးရှိသောသူသည် ဘဝဆက်တိုင်းပစ္စည်း လာဘ်လာဘ အခြေအရံနည်းပါးလေ့ရှိပါသည်။

၎င်းမစ္ဆရိယငါးမျိုးလုံးကင်းသောသူသည် ဘဝဆက်တိုင်း၊ ပစ္စည်းလာဘ်လာဘ အခြေအရံ ပေါများလေ့ရှိပါသည်။ ဆရာတော်ကား ၎င်းမစ္ဆရိယငါးမျိုးလုံး ကင်းရှင်းသူပင် ဖြစ်ပါသည်။ သာစကေပြပါအံ့ ဗန္ဓုလဦးဆိုင်နှင့် ဒေါ်စောတင်တို့သည် ဆရာတော်တရားတိပ်ခွေများကို နာရ-ရာမှ သဒ္ဓါတရားဖြစ်ပြီး ဆရာတော်၏ မင်းကွန်းဓမ္မနာဒကျောင်းတိုက်သို့ အရောက်လာကာ အောက်ပါအတိုင်း လျှောက်ထားပါသည်။

ကြီးကျယ်မြင့်မားခမ်းနားလှပစွာ ခေတ်မီတိုက်ကျောင်းကြီး တစ်ဆောင်ဆောက်လုပ်လှူဒါန်းလိုပါသည်။ သိန်းပေါင်းမည်မျှကုန်သည်ဖြစ်စေ၊ ဆရာတော်၏သဘောကျအလို ဆန္ဒအတိုင်းသာ စီစဉ်မိန့်ကြားတော်မူပါ။ ထိုအခါ ဆရာတော်က မိမိတစ်ပါးတည်းကို ပုဂ္ဂလိက လှူဒါန်းသည်ထက် သာသနာတော်၌ သံဃာတော်အများအား သံဃိကလှူဒါန်း ခြင်းက အကျိုးကြီးမြတ်ပုံနှင့် မိမိဓမ္မနာဒကျောင်းတိုက်ရှိ သံဃာတော်များသည် လက်ရှိကျောင်းများနှင့် ပြည့်စုံလုံလောက်ပုံ၊ မန္တလေးမြို့ကြီးသည် သံဃာ့တက္ကသိုလ်ကြီး ဖြစ်ပုံ၊ ကမ္ဘာစစ်ဘေးဒဏ်ကြောင့် ယခုအခါ မန္တလေးမြို့၌ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်တာကြီးများ ပျက်စီးကုန်ကြသဖြင့် ဆရာတော်ဘုရားကြီးများနှင့်တကွ အမြို့မြို့အနယ်နယ်မှ ပညာသင်လာရောက်ကြသည့် စာသင်သားရဟန်းတော်များနေထိုင်ရေးအတွက် ဆင်းရဲဒုက္ခရောက်နေကြရ၍ ပရိယတ္တိသာသနာတော်ကြီးအတွက် အခက်အခဲနှင့်ကြုံတွေ့ရပုံတို့ကို အကျယ်တဝင့်ရှင်းပြပြီးလျှင် မန္တလေးမြို့တောင်ပြင်ရွှေရေးဆောင် ကျောင်းတိုက်အလယ်တိုက်ကြီးကို ပြန်လည်ပြုပြင်၍ တည်ဆောက်ခိုင်းခဲ့ပါသည်။

ဒကာကောင်းပီသသော ဗန္ဓုလဦးဆိုင်တို့ မိသားစုကလည်း ဆရာတော်လမ်းညွှန်ချက်အတိုင်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ထို့မှတစ်ပါး ၁၃၃၃ ခုနှစ်၌ မိုးကုတ်မြို့၊ မြို့မရပ် (ကွယ်လွန်သူ) ကျောင်းအစ်မကြီးဒေါ်မျှင်၏ မူလ စေတနာဒါနကို ဝတ္ထုဒါန ဖြစ်မြောက်အောင် ဆောင်ရွက်လိုကြသော ကျောင်းဒကာကြီး ဦးဘရှင်နှင့် သားသမီးတစ်ခုတို့က ဓမ္မနာဒကျောင်းတိုက်တော်ကြီး အတွင်း၌ သိန်းကျော်တန် ခေတ်မီဓမ္မာရုံကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းလိုပါသည်ဟု လျှောက်ထားသောအခါ၌လည်း ဆရာတော်က တကယ်လိုအပ်နေသော မင်းကွန်းတိုက်နယ်ဆေးရုံကြီး ဆောက်လုပ်လှူဒါန်းရန် လမ်းညွှန်ပြန်သဖြင့် အနှစ်နှစ် အလလ တောင့်တခဲ့ရသော မင်းကွန်းတိုက်နယ်ဆေးရုံကြီးမှာ ပြီးစီးအောင်မြင်ခဲ့ရပြန်ပါသည်။

ဆရာတော်ကြီး၏ အတုယူဖွယ် ကြည်ညိုဖွယ်ရာ ဖြစ်ရပ်တို့ကားရေး၍ ကုန်နိုင်ဖွယ်မရှိသည့်အတွက် ဤမျှ ရေးသားပူဇော်ရင်းဖြင့် နိဂုံးချုပ်ပါတော့မည်။ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူသော ဂေါတမရှင်တော်မြတ်ဘုရားက ငါဘုရားကို အာမိသဖြင့်ပူဇော်ခြင်းထက် ငါဘုရားဟောကြားသည့်အတိုင်း လိုက်နာကျင့်ကြံသော

www.burmeseclassic.com

www.burmeseclassic.com



အကျင့်ဖြင့် ပူဇော်ခြင်းက တကယ်ပူဇော်ရာရောက်ကြောင်း ဟော ကြားတော်မူခဲ့ပါသည်။

သုတဗုဒ္ဓဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီး၏ စိတ်အလိုဆန္ဒသည်လည်း ထို့အတူဖြစ်မှာ သေချာလှပါသည်။ ထို့ကြောင့် မင်းကွန်းဆရာတော်ဘုရားကြီးကို တကယ်ကြည်ညို လေးစား၍ ပူဇော်လိုလျှင် ဆရာတော်ကြီးကျင့်ခဲ့သည့်အတိုင်း -

၁။ အသက်နှင့်ခန္ဓာကိုယ်ကို သာသနာအတွက်လှူဒါန်းပြီး သာသနာအကျိုးကို အချိန်ရှိသရွေ့ ဆောင်ရွက်ရန်။

၂။ ဆရာတော်ကဲ့သို့ စံပြလံ့လဝီရိယမျိုးရှိအောင် ကြိုးစား ကြရန်။

၃။ ဂါရဝတရားကို အသက်ထက်ဆုံးကျင့်ကြရန်။

၄။ တစ်သက်ပတ်လုံး ခန္တီတရားကို လက်ကိုင်ထားရန်။

၅။ မစ္ဆရိယငါးမျိုးကို ပယ်သတ်ကြရန် တိုက်တွန်းရင်း ဤ ဆောင်းပါးကို နိဂုံးချုပ်လိုက်ရပါသည်။

ဆရာတော်တိပိဋကဖြေစဉ် အလှည့်ကျ စာမှတ်ဆရာ ပါဠိ ပညာရှိ ဓမ္မာစရိယ ဦးညွှန့်မောင် တာဝန်ထမ်းဆောင်နေစဉ် ရေး သားသည့် မှတ်တမ်းမှကောက်နုတ်ချက် . . .

အရှင်ဝိစိတ္တသာရာဘိဝံသသည်ကား ကျက်ညာဏ်လည်း ကောင်းသည်။ လုံးထွေးထစ်ငေါ့ခြင်းကင်း၍ နှုတ်ထွက်လည်းရှင်း သည်။ လိင်-ဝုစ်-ပုဒ်ပါဌ်အထားအသို အပိုအလိုကိုလည်း ပြင်ဆင် နိုင်သည်။ သင်္ဂါယနာတင် အရှင်ကောင်း အရှင်မြတ်တစ်ဆူ ဖြစ် တော်မူထိုက်သည်ဟု ဆိုထိုက်ပေသည်။ 'တစ်ဦးကောင်း တစ်ပညာ' ဆိုသည့်အတိုင်း ပုဂ္ဂိုလ်တစ်ဦးဦးမှာ ဂုဏ်ထူးတစ်ခုတစ်ခုစီ ရရှိကြ စမြဲသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာအရှင်မြတ်များစဉ်လျက် ဘုရားရှင်လက်ထက်တော်ဒေါက်ဘွဲ့ထူးတစ်ခုစီသာ အရမျှားကြပါသည်။ အရှင်မြတ်ကား သဘာဝစည်းကမ်းထက်ကျော်လွန်ကာ 'တစ်မိုးလုံးဖျောက်စိပ်' လုပ်၍ ဂုဏ်ပုဒ်တွေကို လက်ဝါးကြီးအုပ်ထားသည်ဟုဆိုချင်ပါသည်။

ဝင်းပြင် လျှောက်ထားချင်ပါသေးသည်။ အရှင်ဘုရားကား လူသားစင်စစ် ရဟန်းဖြစ်ပါလျက် မထစ်မကြောက် ခြသေ့်စိတ်ပေါက်လျက် ပိဋကတ်တော်အတွင်းဝယ် ရဲတင်းစွာဟောက်၍ နေခြင်းသည် ကြောက်ဖွယ်လိလိ ကြက်သီးထမိပါသည်ဘုရား။

**ကေကော ကေကဲဂုဏ်၊**

**လဒ္ဓုံ သက္ကောသိပါယာသော။**

**ကောဝ ဗဟုလံတုဝံ၊ ဝိစိတ္တော ဝိစိတ္တော အဟော။**

ဘန္တေ၊ တိပိဋက ဝိနယဓရ ဝိသိဋ္ဌဓရ နာမဂုဏ်ထူးတို့ဖြင့် ချီးကျူးပူဇော်ထိုက်ပေသော အရှင်မြတ်ဘုရား။

ပါယာသော၊ များသောအားဖြင့်။

ကေကော၊ ပုဂ္ဂိုလ်တစ်ဦးဦးသည်။

ကေကဲဂုဏ်၊ ဂုဏ်ထူးတစ်ခုခုစီကိုသာ။

လဒ္ဓုံ၊ ရခြင်းငှာ။

သက္ကောသိ၊ စွမ်းနိုင်ရပါပေ၏။

တုဝံ၊ အရှင်ဘုရားကား။

ကောဝ၊ ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါလျက်။

ဗဟုလံ၊ ဂုဏ်တွင်အကုန် အလုံးစုံကို။

လဒ္ဓုံ၊ ရခြင်းငှာ။

သက္ကောသိ၊ သတိနယ်ချဲ့ စည်းကမ်းမဲ့၍ တကယ့်ကို စွမ်းနိုင်ပေ၏ဘုရား။ ဝိစိတ္တော၊ အရှင်ဝိစိတ္တသာရာဘိဝံသ ဝဋ်သကာ

www.burmeseclassic.com

www.burmeseclassic.com



နာမထင်ရှား လွန်ကျော်ကြားသည့်။ တုဝံ၊ အရှင် ဘုရားသည်-။

ဝိစိတ္တော၊ အဆန်းတကျယ်၊ အံ့ဖွယ်လိလိ၊ ထူးဆန်းလှပါပေသည်ဘုရား။ အဟော၊ သြော်-ပုဂ္ဂိုလ်ထူးမို့ ချီးကျူးတိုင်းပြန့်ပြောကျယ်သဖြင့် အံ့သြဖွယ်ကောင်းလှပါပေသည် ဘုရား။

မနုဿောတွံ သမာနောပိ၊ ဘိက္ခုဘူတောဝသ သာသနေ။

ဝိရော နဒသိ သီဟောဝ၊ ပိဋကတ္တယ ကာနနေ။

ဘန္တေ၊ အရှင်မြတ်ဘုရား။

တွံ၊ အရှင်ဘုရားသည်။

သာသနေ၊ ဘုရားသာသနာတော်အတွင်း၌။

ဘိက္ခုဘူတောဝ၊ ရဟန်းဖြစ်နေသည်သာလျှင်ဖြစ် သော။

မနုဿော၊ လူသားစင်စစ်သည်။

သမာနောပိ၊ ဖြစ်ပါလျက်လည်း။

သီဟောဝ၊ ခြင်္သေ့မင်းကဲ့သို့။

ပိဋကတ္တယကာနနေ၊ ပိဋကတ်သုံးသွယ် တောကြီးအုံလယ်၌။

ဝိရော၊ ရဲရဲဝံ့ဝံ့ မကြောက်ရွံ့ဘဲ။

နဒသိ၊ ဒိုးဒိုးဒေါက်ဒေါက် လူတွေကြောက်အောင် ဟောက်၍နေဘိသည်တကား။

ဝိစိတ္တော၊ အရှင်ဝိစိတ္တသာရာဘိဝံသ နာမကျော်ကြားသော။

တုဝံ၊ အရှင်ဘုရားသည်။

ဝိစိတ္တော၊ အထူးထူးအပြားပြား အံ့အားသင့်မခန်း ထူးဆန်းလှပါပေ၏။

အဟော၊ သြော်၊ ပုဂ္ဂိုလ်ထူးမို့ ချီးကျူးတိုင်းတင့်တယ်၍ အံ့သြဖွယ်ကောင်းလှပါပေ၏ဘုရား။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com



## ၁၃။ ထူး တဲ့ သား

သည်အကြောင်းအရာမှာ စာရေးသူ၏ ဆွမ်းခံအိမ်မှ ရဟန်းဘောင်သို့ ဝင်ရောက်လာသော လူငယ်တစ်ယောက်၏ ရှာမှရှားသည့် ဖြစ်ရပ်လေးတစ်ခုပင် ဖြစ်ပါ၏။ ထိုလူငယ်မှာ ဘာသာရေးနှင့်ပတ်သက်သည့် စာကောင်းပေမွန်များကို အတော်လေ့လာပြီးဖြစ်ဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် သိမ်မွေ့နက်နဲသော ဘာသာရေးမေးခွန်းများကိုပင် စာရေးသူ ဆွမ်းခံကြွလာတိုင်း မကြာခဏမေးလေ့ရှိသောကြောင့်ပင်။

စာရေးသူ ဆွမ်းခံကြွပြီး လေးငါးလအကြာမှာပင် လူ့ဘောင်မှာ ဘယ်လိုမှနေလို့မရတော့ပါ။ ရဟန်းဘောင်သို့ အပြီးတက်ပေးပါဟု မိဘများထံခွင့်တောင်းပြီး ရဟန်းပြုလိုက်ပါတော့သည်။ ရဟန်းပြုပြီးတော့လည်း သက်ဆိုင်ရာ စာဝါ၊ စာအံကျောင်း၊ စာပြန်ကျောင်းအချိန်များကို မည်သည့်အခါမျှမပျက်။ ဥပုသ်နေ့ကဲ့သို့ စာဝါနားချိန်များတွင် စာရေးသူထံ ဘာသာရေးသိဖွယ်များကို ဆွေးနွေးမေးမြန်းပြီး စာအုပ်ကောင်းများကို ငှား၍ဖတ်ကြသည်။

ညကျိန်းစက်ခါနီးအချိန်တွင် ဝိပဿနာကုသိုလ်ထူးကြီးကို အရယူသေးသည်။ ဝစီဒုစရိုက်လေးပါးကို စာရေးသူထံ မေးမြန်းဆွေးနွေးပြီးကတည်းက အပိုစကား လုံးလုံးမပြောတော့။ တစ်ခြားစာသင်သားများကို မဆိုထားဘိ။ စာရေးသူကိုပင်လျှင် ဘာသာရေးအကြောင်းများ ဆွေးနွေးစဉ် တစ်ချိန်သာ စကားပြောသည်။ သမ္ဖပ္ပလာပ = အကျိုးမရှိ သိမ် (ပြိန်) ဖျင်းသောစကားတို့ကို ပြောမိမှာစိုးရိမ်ဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



အဏုမတ္တေသု ဝဇ္ဇေသုဘယဒဿာဝီ = အနည်းငယ်သော အပြစ်တို့၌လည်းသော်လည်း ဘေးဟု ရှုလေ့ရှိသည်ဟူသော ပညာရှိသူတော်ကောင်းတို့၏ ကျင့်စဉ်သည် ရဟန်းသစ် ဦးအာဠာ ရ၏သန္တာန်၌ ခိုင်ခိုင်မာမာ ရှိနေပေလိမ့်မည်။ လူ့ဘဝကတည်းက အလုပ်သွားအလုပ်ပြန်။ လမ်းသွားသောအခါတို့တွင် ဘေးဘီကို လုံးလုံးမကြည့်ဘဲ အောက်တည့်တည့်ကိုသာ ကြည့်၍သွားတတ် သော သူ၏အကျင့်သည် ရဟန်းဘဝ၌ အံကိုက်ဖြစ်နေတော့သည်။

ဦးအာဠာရ ရဟန်းပြုပြီး၍ နှစ်လခန့်အကြာတွင် စာရေးသူ တို့ ကမာရွတ်မှ ရွှေပြည်သာသို့ စာသင်တိုက်ခွဲ ထောင်ဖြစ်သဖြင့် ဦးအာဠာရနှင့်မတွေ့ရသည်မှာ ငါးလခန့်ကြာသွားသည်။ မူလ တန်းနှင့် နိကာယ်စာမေးပွဲနှစ်ခုလုံး ဝင် နိုင်အောင် ကြိုးစား နေကြောင်း သိတင်းကြားရသဖြင့်လည်း များစွာ ဝမ်းမြောက်ခဲ့ရ သည်။ တစ်နေ့တွင် ဆွမ်းအလှူကိစ္စနှင့်ပတ်သက်၍ ဦးအာဠာရ၏ မိဘများနေသော လမ်းထဲသို့ စာရေးသူရောက်သွားခဲ့သည်။

ရောက်မဆိုက်မှာပင် မျက်နှာမသာမယာနှင့်ဖြစ်နေသော ဦးအာဠာရ၏မယ်တော်က ဖော်ပြပါစကားရပ်တို့ကို ဝမ်းနည်းစွာနှင့် လျှောက်ပါတော့သည်။

"တပည့်တော်မရဲ့သား ပဉ္စင်းလေး ဘယ်လိုဖြစ်သွားတယ် မသိဘူးဘုရား။ လမ်းထဲကို နေ့တိုင်းသာ ဆွမ်းခံကြွနေတယ်၊ ဘယ် ဆွမ်းဒကာ၊ ဒကာမကိုမှ စကားမပြောတော့ဘူးဘုရား။ တခြား ဆွမ်းဒကာ၊ ဒကာမတွေကို မပြောချင်နေပါစေတော့ မိခင်ဖြစ်တဲ့ တပည့်တော်မကိုတောင် မေးမှပြောတယ်ဆိုတာကတော့ သိပ်ပြီး သဘာဝမကျပါဘူးဘုရား။ အရှင်ဘုရားရဲ့တပည့်ဟာ နေနိုင်လွန်း တယ်ဘုရား။"

www.burmeseclassic.com

www.burmeseclassic.com



ဒကာမကြီးအပြောကြောင့် စာရေးသူပင် တွေဝေသွားမိပါသည်။ သို့သော် အဖြေပေးရမည်က ရှင်းနေသောကြောင့် တစ်စုံတစ်ရာ အခက်အခဲမရှိပေ။ **"အင်း ဒါယိကာမကြီးက သာသနာအတွင်းရောက်နေတဲ့ ရဟန်းတစ်ပါးကို လောကုတ္တရာပေတံနဲ့ မတိုင်းဘဲ လောကီပေတံနဲ့ တိုင်းနေမိတာကိုး။ သာသနာအလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်ကို လူမှုရေးအမြင်နဲ့ သွားကြည့်ရင်တော့ ဒါယိကာမကြီးတို့မျက်စိထဲမှာ အမြဲတမ်း ကိုးလို့ကန်းလန့် ဖြစ်နေမှာပဲ။** ဒါယိကာမကြီးရဲ့သားကို ဦးပဥ္စင်းတို့တစ်ကျောင်းလုံးက လေးစားကြည်ညိုနေကြပါတယ်။ အဲဒါက ဘာကြောင့်လဲဆိုတော့ သာသနာတော်အတွင်းရောက်နေတဲ့ရဟန်းတစ်ပါးကို လောကုတ္တရာ ပေတံနဲ့တိုင်းကြည့်ကြလို့ပဲပေါ့"

"တပည့်တော်မတို့ကတော့ ရဟန်းဆိုတာ ဒကာ၊ ဒကာမတွေနဲ့မှ အထိုက်အလျောက် စကားပြောဖော်မရရင် အဲဒီကိုယ်တော်ကို မာနကြီးတယ်လို့ထင်ကြတာပဲဘုရား"

× × × × ×

## ကိုယ့်ထမင်းကိုယ် မစားနိုင်သူများ

**ရဟန်းဆိုတာ ပရပဋိဗဒ္ဓ-သူတစ်ပါးကိုမှီပြီး အသက် မွေးကြရတဲ့ပုဂ္ဂိုလ်တွေပဲ ဒါယိကာမကြီးရဲ့။ မာနကြီးစရာ အကြောင်းမရှိပါဘူး။ ကိုယ့်ထမင်းကို စားနေတာ ဘယ်ကောင်မှ ဂရုစိုက်စရာမလိုဘူးဆိုတဲ့စကားဟာ ဦးပဥ္စင်းတို့ ရဟန်းတော်တွေသုံးလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရဟန်းဆိုတာ သူများလှူဒါန်းထားတဲ့ပစ္စည်းလေးပါးကို အမြဲခံယူမှီဝဲနေရလို့ပဲပေါ့။**

"ဒါဆိုရင် တပည့်တော်မရဲ့သား ဦးပဥ္စင်းလေး လူတွေနဲ့ စကားမပြောဘဲနေတာဟာ မာန်ကြီးလို့မဟုတ်ဘူးပေါ့နော်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒါယိကာမကြီးက သူ့သားရဟန်းအား နားလည်လာဟန်နှင့် ပြော၏။

"မှန်တာပေါ့ ဒါယိကာမကြီး၊ မာနကြီးလို့ စကားမပြောဘဲ နေတာမဟုတ်ပါဘူး။ တိုတောင်းလှတဲ့ လူ့ဘဝရဲ့သက်တမ်းလေးကို သာသနာ့အတွက် အပြည့်အဝ အသုံးချနေခြင်းပဲဖြစ်ပါတယ်။"

"ဒီတော့ တပည့်တော်မရဲ့သားလို ရဟန်းတော်တွေ ရှေးယခင်ကရော သာသနာတော်မှာ ရှိခဲ့ဖူးလားဘုရား။"

"ရှိခဲ့ဖူးပါတယ်။ လက်လှမ်းမှီသလောက်ကိုပြောရရင် အင်းဝခေတ်က စစ်ကိုင်းဘက်မှာ ရေငုံဆရာတော်ဆိုတဲ့ ရဟန်းတစ်ပါး ပေါ်ခဲ့ဖူးတယ်။ အပိုစကားတွေပြောဆိုမိရင် အကုသိုလ်ဖြစ်မှာစိုးလို့ ပါးစပ်ထဲ ရေအမြဲငုံထားတယ်တဲ့။ ဒီနေရာမှာတော့ ဒါယိကာမကြီးတို့ကို အလွန်မှတ်သားနည်းယူဖွယ်ရာ၊ ကြည်ညိုဖွယ်ရာကောင်းတဲ့ ဆရာတော် ဦးဗုမ်အကြောင်းကို ပြောပြမယ်။"

"ဦးပဥ္စင်းတို့ သာသနာမှာ ကျေးဇူးအကြီးဆုံးပုဂ္ဂိုလ် များကို အကျဉ်းချုပ်မှတ်မိအောင် ဗုမ်အစ၊ ဗုမ်အလယ်၊ ဗုမ်အဆုံးဆိုပြီး စကားတစ်ခုထားခဲ့တယ်။ ဗုမ်အစဆိုတာကတော့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို ပြောတာဖြစ်တယ်။ ဗုမ်အလယ်ဆိုတာကတော့ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာကျမ်း ပေါင်းများစွာကို ရေးသားပြုစုတော်မူသွားတဲ့ အိန္ဒိယတောင်ပိုင်းသား အရှင်မဟာ ဗုဒ္ဓဃောသကို ပြောခြင်းဖြစ်ပါတယ်"။

"ဗုမ်အဆုံး ဆိုတာကတော့ နေသွားရတဲ့ နှစ်အရေအတွက် ထက်ပိုအောင် ကျမ်းပေါင်းများစွာကို ရေးသားပြုစုတော်မူသွားတဲ့ ညောင်ကန်ဆရာတော် ဦးဗုမ်ပဲဖြစ်ပါတယ်။ ဆရာတော်ဟာ မိမိရဲ့ အသက်နဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို သာသနာတော်အတွက် အပြည့်

www.burmeseclassic.com

www.burmeseclassic.com



အဝ အသုံးချပြခဲ့ပါတယ်။ ဆရာတော်ရဲ့ နေရတဲ့အချိန်မှန်သမျှ စာကြည့်ခြင်းနဲ့ စာရေး (ကျမ်းပြု)ခြင်းပဲဖြစ်ပါတယ်။

"အပိုစကား လုံးလုံးမပြောဘူး။ တခြားသူတွေကို မဆိုထားနဲ့ ကျောင်းဆောက်လှူထားတဲ့ နန်းမတော်မယ်နုကိုတောင်မှ တစ်ခါပဲ စကားပြောဖူးတယ်တဲ့။ ဘယ်အချိန်လည်းဆိုတော့ နောက် နန်းတက်တဲ့ဘုရင်ကို လုပ်ကြံမှုထဲမှာ နန်း မတော်မယ်နုပါတယ် ဆိုပြီး စွပ်စွဲခံရတယ်။ စွပ်စွဲချက်အတိုင်းပဲ နန်းမတော်မယ်နုကို ကတ္တီပါအိတ်နဲ့စွပ်ပြီး ရေချသတ်ဖို့ အမိန့်ချခံရတယ်"

"အသတ်ခံရခါနီးအချိန်မှာ နောက်ဆုံးဖူးမြော်ခြင်း အနေနဲ့ ဆရာတော်ဆီကို ရောက်လာတယ်။ နန်းမတော်မယ်နုကသာ မျက်ရည်စက်လက်နဲ့ ဦးချပြီးထိုင်နေတယ်။ ဆရာတော်ကတော့ ပေစာက မျက်စိမခွာဘူးတဲ့။ စကား ပြောဖို့ဝေးရောပဲ။ လူမှုရေး အမြင်နဲ့ကြည့်မယ်။ လောကီပေတံနဲ့တိုင်းမယ်ဆိုရင်တော့ ရိုင်း တယ်လို့ ထင်စရာပေါ့။"

**"တကယ်တော့ ဆရာတော်အနေနဲ့ အလ္လာပ၊ သလ္လာပ စကားလေးပြောဖို့တောင် အချိန်မရနိုင်အောင် ဘုရားသာသနာ တော်အတွက် အချိန်ကိုပေးအပ်နေခြင်း ဖြစ်ပါတယ်။ ဗုဒ္ဓ ဘာသာဝင်အားလုံးတို့အတွက်ဆိုတဲ့ ပရဟိတဘက် အချိန်ပေး နေရတော့ မိမိကိုခင်မင်ဖို့၊ ကြည်ညိုဖို့ဆိုတဲ့ အတ္တဟိတဘက်ပါတဲ့ အပိုစကားပြောခြင်းအလုပ်တွေကို မလုပ်ဘဲနေခြင်းပဲဖြစ်ပါတယ်။**

**ဘာပဲပြောပြော နောက်ဆုံးတော့ ရာဇဝင်မှာ မော်ကွန်းထိုး ပြီး နာမည်မသေတဲ့ ပုဂ္ဂိုလ်မှန်သမျှဟာ ပရဟိတသမားတွေချည်း ပါပဲ။ အဲဒီတော့ ဒါယိကာမကြီးတို့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစား ကြည့်စမ်းပါ။ အတ္တဟိတသမားနဲ့ ပရဟိတသမား ဘယ်သူ့ကို**

www.burmeseclassic.com

www.burmeseclassic.com



ချီးကျူးသင့်သလဲ။

"ပရဟိတသမားကိုပဲ ချီးကျူးရမှာပေါ့ဘုရား။"

"ဒီလိုဆိုရင် ဆက်ပြောတော့မယ့် ဆရာတော်ဦးဗုဓ်ရဲ့ ပရဟိတဆန့်လွန်းတဲ့ အပြုအမူတွေကို ချီးကျူးဖို့ပဲပြင်ဆင်ထားပေရော့။ ဆက်ပြီးပြောစရာရှိတာလေးတွေကို ပြောပြဦးမယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဆရာတော်ရဲ့ အပြုအမူတွေဟာ လူသာမန်တွေ ကိုယ်ချင်းစာကြည့်လို့ မရနိုင်လောက်အောင် ထက်မြတ်လွန်းအားကြီးတော့ အခုလို ကြိုပြောမထားရင် အပြစ်မြင်နေမှာစိုးလို့ပါ။"

"စောစောကအကြောင်းလေး ဆက်လိုက်ကြရအောင်၊ ဆရာတော်က လှည့်ကြည့်ဖော်မရတော့မှ နန်းမတော် မယ်နုလည်း ဆရာတော်ရဲ့အမေးကို စောင့်မနေနိုင်တော့ပဲ အားငယ်ငယ်နဲ့ သူရဲ့အဖြစ်အပျက်တွေကို လျှောက်ထားရှာတယ်။ ဖြစ်ပျက်ပုံအကြောင်း အရာအားလုံးကို လျှောက်ထားပြီးတဲ့ အခါကျတော့မှ၊ အခု တပည့်တော်မ ဆရာတော်ကို နောက်ဆုံးဖူးမြော်ခြင်း၊ လျှောက်ထားခြင်းပါဘုရား . . .။ ဒီကျောင်းက အပြန်မှာဘဲ တပည့်တော်မဟာ ရေချပြီး အသတ်ခံရတော့မှာပါဘုရား"

"အဲလိုလျှောက်ထားလိုက်တဲ့အခါကျမှ ဆရာတော်က ကြည့်နေဆဲ ပေရွက်ကလေးကို မျက်နှာနဲ့နည်းနည်းခွာလိုက်ပြီး "မယ်နုသူ့ဝဋ်ကြွေးရှိရင်ဆပ်လိုက်ပေါ့"တဲ့။ အဲဒီစကား တစ်ခွန်းပြောပြီးတာနဲ့ ပေစာကိုကြည့်မြဲ ဆက်ကြည့်နေတော့တယ်။ ဘာမှလဲမပြောတော့ဘူး။ အသတ်ခံရမယ့် ကျောင်းအစ်မတစ်ယောက်ကို ဆရာတော်က နောက်ဆုံးပေးလိုက်တဲ့ ဩဝါဒတရားက ဒါပဲလေ။"

"ဒါပေမယ့် ပညာရှိတဲ့ နန်းမတော်မယ်နုက ဆရာတော်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြုစုစောင့်ရှောက်လာတာကြာပြီ၊ အခုမှပဲ တရားစကားပြောဖော် ရပါပေတယ်ဆိုပြီး ဝမ်းပန်းတသာနဲ့ပြန်သွားရှာတယ်။ ကျောင်း အစ်မတစ်ယောက်ကိုမပြောနဲ့ အမေအရင်းဖြစ်တဲ့ မယ်တော် အပေါ်မှာ ပြုမူပုံကိုလည်း ကြည့်ပါဦး။ တစ်နေ့မှာတော့ မယ်တော် ကြီး သိပ်ပြီးနေမကောင်းလို့ ဆရာတော်ရွတ်တဲ့ ပရိတ်ကိုနာချင်လို့ အိမ်ကိုကြွပါဆိုပြီး သွားပင့်ကြသတဲ့"

"ဆရာတော်က ဘာပြန်ပြောလိုက်တယ်မှတ်သလည်း ပရိတ် ဆိုတာ ဘယ်ကိုယ်တော်ရွတ်ရွတ် ဒီပရိတ်ချည်းပဲ၊ တခြားကိုယ်တော် တစ်ပါးပင့်သွား။ ငါ့မှာ အချိန်မရဘူးတဲ့။ ဒါနဲ့ လာလျှောက်တဲ့ ဒကာဟာလည်း ကိုယ်တော်တစ်ပါးပင့်ပြီး ပြန်သွားတယ်။ နောက် ရက် အတော်ကြာတော့ မယ်တော်ကြီး အသည်းအသန် ဖြစ်နေပါတယ်။ ဆရာတော်ကိုလည်း နောက်ဆုံးအနေနဲ့ ဖူးသွားချင် ပါတယ်တဲ့ဘုရားလို့ လျှောက်ထားကြပြန်တယ်"

"ဒီတော့ ဆရာတော်ပြောလိုက်တာက ရောဂါသည်းနေတဲ့ လူနာဆီကို ဘုန်းကြီးပင့်သွားလို့ ဘာအကျိုးထူးမှာလည်း ဆေးဆရာ ပင့်သွားတဲ့။ နောက်တော့ မယ်တော်ကြီး ဆုံးပါပြီဘုရား။ အသုဘရှု ကြွပါလို့ ပင့်ကြပြန်တော့ ဆရာတော် ပြောလိုက်ပုံကိုကြည့်ပါဦး"

"သေပြီးမှလာပင့်နေလို့ ဘာထူးတော့မှာလဲတဲ့။ ပညာရှိ သူတော်ကောင်း အာဇာနည်ပုဂ္ဂိုလ်ထူးကြီးရဲ့ အပြုအမူတွေကို သာမန်လူသားတွေအနေနဲ့ ဘယ်လိုမှ နားမလည်နိုင်ပါဘူး"

"မယ်တော်ကြီး အသုဘချတဲ့အခါကျတော့ ဘယ်သူမှ လာ မပင့်ရဲကြတော့ဘူး။ ဆရာတော်ကြည့်ချင်ရင်လည်း ကြည့်ရအောင် ဆိုပြီး ကျောင်းဘေးလမ်းမကပဲ အသုဘချလာကြတယ်။ ဒီ အကြောင်းကိုလဲ ဘယ်သူမှ လာမပြောရဲကြဘူး။ ဒီအထဲ မနေနိုင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ တပည့်ရဟန်းတစ်ပါးက ဆရာတော် . . . မယ်တော်ကြီး အသုဘချလာပါတယ် ဘုရားဆိုပြီး မရဲတရဲ သွားလျှောက်လိုက်တော့မှ"

"ကြည့်လက်စ ပေစာရွက်ကလေးကိုကိုင်ရင်း ပြူတင်းပေါက်နား ကပ်ရပ်ပြီး မယ်တော်ကြီးကို နောက်ဆုံးစကားပြောလိုက်တာက သွားနှင့်ပေရော့ မယ်တော်ကြီးရေ သားက ငယ်တဲ့သူတယ်ဆိုတော့ နောက်ကလိုက်မှာပေါ့တဲ့။ အဲဒီ စကားဟာ မယ်တော်ကြီးအတွက် မွေးကျေးဇူးဆပ်လိုက်တဲ့ သံဝေဂရဘွယ် နောက်ဆုံးစကားပဲပေါ့။

"ဆရာတော်ဟာ အချိန်ကို သာသနာတော်အတွက် ဘယ်လောက်အထိ အသုံးချသွားခဲ့သလဲဆိုရင် တနေ့ ဆရာတော် ရောဂါဖြစ်လို့ ကုဋီကို ခဏခဏတက်နေရတယ်။ ကုဋီတက်နေရတဲ့အချိန်ကို နှမြောလွန်းလို့ဆိုပြီး ကုဋီနံရံမှာ မီးသွေးမှုန့်မန်ပြီး သင်ပုန်းလုပ်ခိုင်းတယ်။ ပြီးတော့ ကုဋီ တက်ရင်းနဲ့ ကျမ်းပြုလိုက်တော့ အခု ဦးပဥ္စင်းတို့ စာသင်သားတွေ လက်ကိုင်ပြုနေရတဲ့ ခုဒ္ဒသိက္ခာနိဿယဆိုတာ ဖြစ်လာတော့တာပေါ့။

ကဲကဲ ဒီလောက်ပြောပြလိုက်ရင် ဒါယိကာမကြီးလည်း ကိုယ့်ဦးပဥ္စင်းကို ချီးကျူးစရာပုဂ္ဂိုလ်တစ်ပါးလို့ သိလောက် ပါပြီ။ ဒါယိကာမကြီးရဲ့ ဦးပဥ္စင်းလည်း သာသနာ့အာဇာနည် ပုဂ္ဂိုလ်တစ်ပါးဖြစ်ပါစေလို့ ဆုတောင်းပါတယ်ဟု ပြောပြရင်း စာရေးသူလည်း စကားလက်စသတ်လိုက်၏။ ဒါယိကာမကြီးလည်း အတော်လေးပင် ကျေနပ်သွားဟန်နှင့်တူပါသည်။

'ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ဘုရား"

× × × × ×

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com